ဂျပန်နိုင်ငံ ပညာသင် အတွေ့အကြုံများ

Three-Year Experiences in Education, Culture, and Lifestyle in Japan

ဒေါက်တာ ကျော်စိုးလွင်

[*B.E. (MTU), M.E. (YTU), Ph.D. (MTU), Ph.D. (Okayama University, Japan)*]

အဆင့်မြင့် ပညာရေး၊ သုတေသန၊ တက္ကသိုလ် ပတ်ဝန်းကျင် နှင့်

အတုယူစရာ အလေ့အကျင့်ကောင်းများအကြောင်း

စာရေးသူ၏ အမှာစာ

****

အတွေ့အကြုံများ လက်ဆင့်ကမ်းခြင်းဖြင့် ပိုမို ကောင်းမွန်သော လူ့အဖွဲ့အစည်း တစ်ခုကို တည်ဆောက်နိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ အတွက် ကိုယ့်ထက် ရှေ့ရောက်နေတဲ့ နိုင်ငံတွေဆီက အတွေ့အကြုံကောင်းများကို လေ့လာ၊ အတုယူ၊ ဆန်းစစ်ပြီး နည်းမှန်လမ်းမှန် အရှိန်အဟုန်ကောင်းကောင်းနှင့် နောက်က လိုက်နိုင်ပါမှ တော်ကာကြမည်။ ထို့ကြောင့် ကျွန်တော်တို့ ဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာအရပ်ရပ်မှ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဆီသို့ ကဏ္ဍစုံမှ အသိပညာ၊ အတတ်ပညာများ လေ့လာသင်ယူ ဖြန့်ဝေ နိုင်ရေးအလို့ငှာ ပညာတော်သင်များ စေလွှတ်၍ အပြိုင်အဆိုင် ကြိုးပမ်း နေကြလေသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ဂဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူး ကြိုးပမ်းလျက်ရှိရာ ၂၀၁၈ ခုနှစ်အထိ ဂျပန်နိုင်ငံ Okayama University တစ်ခုတည်းမှာပင် Ph.D. ဘွဲ့ရ (၉) ဦး၊ Master ဘွဲ့ရ (၂) ဦးနှင့်၊ လက်ရှိ (၂၃) ဦး ပညာသင်ယူလျက်ရှိပြီး၊ ကာလတို လာရောက်လေ့လာခဲ့ပြီးသူများလည်း အများအပြားရှိသည်။ ယခုနှစ်မှ စတင်ပညာသင်ယူမည့် ကျောင်းသားများလည်း မကြာမီ ထပ်မံလာရောက်ကြတော့မည် ဖြစ်သည်။ ထို့အတူ အခြားသော ဂျပန်နိုင်ငံရှိ တက္ကသိုလ်များနှင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှ နာမည်ကြီး တက္ကသိုလ်များမှာ ပညာသင်ယူ လျက်ရှိသော မြန်မာကျောင်းသားများလည်း အမြောက်အများရှိသည်။

ထိုသူများထဲတွင် ကျွန်တော်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။ ကျောင်းဆရာ တစ်ယောက်အဖြစ် ၂၀၀၃ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ ကျွန်တော့်အတွက် သုံးနှစ်ခွဲ ဆိုသော ဂျပန်နိုင်ငံ ပညာသင်ကာလအတွင်း လေ့လာသင်ယူ စရာများ များစွာရှိခဲ့သည်။ မိမိ၏ ပညာရေး ရည်မှန်းချက် ပန်းတိုင် အရောက်နှင် နိုင်ရေးအတွက် ကြိုးပမ်းရင်း တစ်ဖက်မှာလည်း ပညာရေး၊ သုတေသန၊ တက္ကသိုလ်ပတ်ဝန်းကျင် နှင့် အတုယူယူစရာ အလေ့အကျင့်ကောင်းများကိုပါ လေ့လာမှတ်သားမိသည်။ နှစ်နှစ်နည်းပါး အကြာလေ့လာ အကဲခတ် ဆန်းစစ်ပြီးချိန်မှာတော့ ကောင်းနိုးရာရာလေးများကို Facebook စာမျက်နှာများပေါ်မှာ စတင်ရေးသား တင်ပြခဲ့သည်။

မိမိ တင်ပြချင်တဲ့ အကြောင်းအရာ တစ်ခုခုကို အကြိမ်ကြိမ်စဉ်းစားပြီး ရထားပေါ်မှာလည်းရေး သည်၊ ကားပေါ်မှာလည်း ရေးသည်။ အကြိမ်ကြိမ်လည်း တည်းဖြတ်ရသည်။ မိမိ၏ ရေးသားတင်ပြချက်များ အပေါ် comments များပေးခြင်း၊ Share များလုပ်ခြင်းဖြင့် အားပေးခဲ့ကြသည့်အတွက်လည်း ပိုမိုရေးသားဖြစ်ခဲ့ရာ အကြောင်းအရာပေါင်း ၈၀ ကျော်ထိရှိလာခဲ့သည်။ အကြောင်းအရာများ အားလုံးနည်းပါသည် ဂျပန်နိုင်ငံ ပညာသင်အတွေ့အကြုံ များဖြစ်သည့်အတွက် လက်ရှိ ဂျပန်နိုင်ငံမှာ ပညာသင်ယူလျက်ရှိသူများ၏ အားပေး ထောက်ခံချက်များနှင့် Proofreading

လုပ်ပေးခဲ့ကြသည်များကြောင့်လည်း ရေးသားတင်ပြချက်များအပေါ် ယုံကြည်မှုကို
ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။

သို့သော် တစ်ကွဲတပြားစီဖြစ်နေသည့် ၎င်း အကြောင်းအရာများကို တစုတစည်းတည်း
တင်ပြချင်တာရယ်၊ နောက်တဆင့်တက်ပြီး မှတ်တမ်းဓါတ်ပုံများဖြင့် ဝေဝေ ဆာဆာ ပုံနှိပ်ထုတ်ဝေ ချင်တဲ့
စိတ်ရယ်၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် တပည့်များ၏ အားပေးမှုရယ်ကြောင့် စာအုပ်အဖြစ်
ထုတ်ဝေဖို့အထိ စိတ်အားထက်သန်လျက်ရှိပါသည်။ သို့သော် မိမိမျှော်မှန်းထားသော အကျိုးအမြတ်ဆို
သည်မှာ စာဖတ်သူတို့အတွက် ပညာရေးဆိုင်ရာ အတွေ့အကြုံကောင်းများ ရရှိပြီး၊ အတွေးအမြင်
အသစ်များနှင့် ဆက်လက် လျှောက်လှမ်းကြမည့် ပညာရေးခရီးလမ်းမှာ
အထောက်အကူပြုနိုင်ရေးဖြစ်သည်။ ထို့အတွက် စာအုပ်အဖြစ် အပြီးသတ် ထုတ်ဝေနိုင်ရေးအထိ
မစောင့်နိုင်တော့ပဲ ပထမအဆင့်နေဖြင့် e-Book အဖြစ် ဖြန့်ဝေသွားမည်။ နောက်များမှ ထပ်မံ ဖြည့်စွက်
တည်းဖြတ်ပြီး စာအုပ်အဖြစ် ထုတ်ဝေပါမည်။

ယနေ့ အချိန်အခါတွင် ဖွံ့ဖြိုးပြီး နိုင်ငံအသီးသီးမှာ ပညာရေးကို ပုံစံ အမျိုးမျိုးနှင့်
လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယခုဤစာစုတွင်တင်ပြထားသည်များကတော့ ၂၀၁၅-၂၀၁၈
ကာလအတွင်း ဂျပန်နိုင်ငံ Okayama University မှာ ပညာသင်ယူခဲ့တဲ့ မြန်မာကျောင်းသား
တစ်ယောက်ရဲ့ ကိုယ်တွေ့ အတွေ့အကြုံ မျှသာ ဖြစ်သည်။ စာအုပ်တွင် စုစုပေါင်း အပိုင်း (၆)ပိုင်းပါဝင်ပြီး
အပိုင်း (၁)-(၃) ကို ပညာရေးဆိုင်ရာ အတွေ့အကြုံများ၊ သုတေသန ပြုလုပ်ခြင်း၊ စာတမ်းရေးသားခြင်း
နှင့် စာတမ်းဖတ်ကြားပုံ နည်းလမ်းများ ကိုတင်ပြထားသည်။ အပိုင်း (၄) တွင် ဂျပန်နိုင်ငံရဲ့
အလေ့အကျင့် ကောင်းများကို တင်ပြထားပြီး၊ အပိုင်း(၅)-(၆) မှာတော့ မိမိကြုံတွေ့ခဲ့ရသည့်
အထွေအထွေ အတွေ့အကြုံများနှင့် စိတ်ခွန်အားဖြည့် အကြောင်းအရာ တချို့ကို တင်ပြထားသည်။

ကျွန်တော်တို့တွေ အိမ်ကနေ တစ်နေရာရာကို သွားပြီး ပြန်လာကြသည့်အခါ
အိမ်ပြန်လက်ဆောင် လေးတွေ ပါလာတတ်ကြသည်။ ဂျပန်မှာလည်း ထိုယဉ်ကျေးမှုလေး
အရုထိရှင်သန်နေဆဲ ဖြစ်ပြီး ဂျပန်လို "အိုမိယာဂဲ့" お土産 [おみやげ (omiyage)] ဟုခေါ်သည်။
ကျွန်တော် ဂျပန်နိုင်ငံမှာ ပညာသင်ယူခဲ့ပြီး အမိတိုင်းပြည်ကို ပြန်လာတော့မည်။ ဤစာအုပ်ကလေးကို
ကျွန်တော့်ရဲ့ အိမ်ပြန်လက်ဆောင် "အိုမိယာဂဲ့" လေးအဖြစ် ပေးပါရစေ။

အားလုံး စိတ္တသုခ၊ ကာယ သုခနှင့်ပြည့်စုံ ပြီး ကောင်းမွန်မှန်ကန်တဲ့ ပညာရေးခရီးလမ်းကို
အတူတကွ လျှောက်လှမ်းနိုင်ကြပါစေ။

မေတ္တာဖြင့်
ကျော်စိုးလွင်
၁၅.၉.၂၀၁၈

မာတိကာ

အပိုင်း (၁)

အဆင့်မြင့် ပညာရေးနှင့် သုတေသန

1. အဆင့်မြင့် ပညာရေးဆိုတာ
2. သုတေသနဟု ဆိုကြရာဝယ်
3. Group Study အားသာချက် အားနည်းချက်
4. ပညာရေးအတွက် Specialist တွေဖြစ်ဖို့လို
5. ဌာနမှူး တာဝန် ဆိုတာ
6. Lab ခန်းအတွေ့အကြုံများ(၁)
7. Lab ခန်းအတွေ့အကြုံများ(၂)
8. Lab ခန်းအတွေ့အကြုံများ(၃)
9. Lab ခန်းအတွေ့အကြုံများ(၄)
10. Lab ခန်းအတွေ့အကြုံများ(၅)
11. B.E. ဘွဲ့ရပြီးရင် M.E. ဆက်တက်မလား
12. Industrial Collaboration and Internship Program (၁)
13. Industrial Collaboration and Internship Program (၂)
14. Research Collaboration Programs
15. သူတို့ဆီက ပညာရေး
16. အင်ဒိုနီးရှား တက္ကသိုလ်ဆရာပြောတဲ့ သူတို့ အခြေအနေ
17. အဆင့်မှီချင်တယ်ဆိုရင်
18. Knowledge Sharing တွေလုပ်ကြမယ်

အပိုင်း (၂)

သုတေသန စာတမ်းရေးသားခြင်းနှင့် ဖတ်ကြားခြင်း

19. Literature Review or Research Paper Reading ဆိုသည်မှာ
20. Research Paper ဘယ်လိုရေး
21. Title နဲ့ Abstract ရေးတဲ့အခါ
22. Thesis ရေးခြင်း နှင့် Supervisor ရဲ့ အခန်း ဂဏ္ဍာ
23. Copy ယဉ်ကျေးမှု
24. ဆရာ Google ကိုမေးပါ

25. International Conference နှင့်ပက်သက်၍ သတိပြုစရာအချက်များ (၁)
26. International Conference နှင့်ပက်သက်၍ သတိပြုစရာအချက်များ (၂)
27. Presentation ပေးကြရာဝယ်
28. LaTeX အသုံးပြု၍ သုတေသန စာတမ်းများရေးသားခြင်း
29. အင်တာဗျူး

အပိုင်း (၃)

တက္ကသိုလ် စာသင်ခန်း နှင့် ပညာရေး ပတ်ဝန်းကျင်

30. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၁)
31. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၂)
32. ကျောင်းတက်ချိန်
33. စာသင်ခန်း ရဲ့တန်ဖိုး
34. Blue Sky Classroom in the Ruins
35. ဂျပန်က ဆရာတွေ ကျင့်နေတဲ့ကိုယ်ကျင့် တရား
36. အိုကာယာမ တက္ကသိုလ်မှာ ဒါတွေလုပ်တယ်
37. ကျောင်းနေပျော်၍ စာတော်ကြသည်
38. အိုကာယာမ တက္ကသိုလ် စာကြည့်တိုက်
39. Konko Gakuen Junior & Senior High School ကပြိုင်ပွဲ
40. Korakukan high school သို့ အလည်တစ်ခေါက်
41. ဂျပန်ပြည်ရဲ့ အရည်အသွေး ဆန်းစစ်အကဲဖြတ်ခြင်း အလေ့အထ
42. အိုကာယာမ တက္ကသိုလ်ရဲ့ Student Union ဘာတွေ လုပ်သလဲ
43. Myanmar Students' Association-Okayama University, Japan
44. အိုကာယာမ တက္ကသိုလ်ရဲ့ Super Global Home Coming Day
45. အိုကာယာမ တက္ကသိုလ် ရဲ့ ဆုနှင်း သဘင်
46. ဂျပန်ပြည်က ဘွဲ့နှင်းသဘင်

အပိုင်း (၄)

အတုယူစရာအလေ့အကျင့်ကောင်းများ

47. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၁)
48. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၂)
49. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၃)

50. ဂျပန်နိုင်ငံရဲ့ ဝန်ဆောင်မှု
51. သန့်ရှင်းသပ်ရပ်တဲ့ ဂျပန်ပြည်
52. သတင်းအချက်အလက်နဲ့ ညွှန်ကြားချက်တို့ စီးဆင်းဖို့
53. အခြေခံ အတတ်ပညာ
54. ဂျပန်နိုင်ငံရဲ့ မျိုးဆက်သစ်
55. တိုးတက်သောဂျပန်ပြည်နှင့် ဂျပန့် ယဉ်ကျေးမှု
56. ဂျပန်ပြည်က Taxi
57. ဂျပန်ပြည်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှု
58. ဂျပန်နိုင်ငံရဲ့ ဆေးရုံ၊ ဆေးခန်း၊ဆေးအရောင်းဆိုင်များ
59. အသံပါတါ ကောင်းကောင်းဖြင့်
60. ဂျပန်ပြည်က Valentine's Day
61. ဂျပန်ခွေးလေးတွေ
62. လမ်းပြ ခွေးကလေး
63. Stone/Scissor/Paper ကစားကြမယ်
64. တောင်သူလယ်သမားနေ့
65. စက်ဘီး

အပိုင်း (၅)

ကြုံဆုံခဲ့ရလေသမျှ

66. နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် အမေဒေါ် အောင်ဆန်းစုကြည် တွေ့ဆုံပွဲ
67. ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်း
68. ဂျပန်လူမျိုး မိတ်ဆွေ (၁)
69. ဂျပန်လူမျိုး မိတ်ဆွေ (၂)
70. နိုင်ငံခြားသား ကျွန်တော့် မိတ်ဆွေများ
71. ဖွံ့ဖြိုးဆဲ နိုင်ငံက ကျောင်းဆရာ/ဝန်ထမ်းတွေ
72. နိုင်ငံတကာ ဘောလုံးပွဲ
73. အရှေ့နဲ့အနောက်
74. ဂျပန် အိမ်သာ
75. အရောင်းစက် (Vending Machine)

အပိုင်း (၆)

စိတ်အားဖြည့် ဘဝအတွေ့အကြုံများ

76. မြန်မာတွေ မည့်ကြပါ သို့သော်
77. ကျွန်တော့်ရဲ့စာပေ သူရဲကောင်းကြီး ဦးအောင်သင်း
78. ကိုယ့်အိမ် ကိုယ်ပြန်ကြတဲ့အခါ
79. အပြေးပြိုင်ပွဲ
80. ဟာ့ ဒီကောင်လေး ထူးပြီ
81. စိတ်ဖိစီးမှုများနဲ့ အတူ နေထိုင်ခြင်း
82. ဖိအားများကို ရင်ဆိုင်မယ်
83. နိုင်ငံခြား ပညာတော်သင် အိပ်မက်

ဂျပန်နိုင်ငံ ပညာသင် အတွေ့အကြုံများ

အပိုင်း (၁)

အဆင့်မြင့် ပညာရေးနှင့် သုတေသန

1. အဆင့်မြင့် ပညာရေးဆိုတာ

****

အဆင့်မြင့် ပညာရေးဆိုတာ ဆရာနဲ့ကျောင်းသား အတူတူလေ့လာကြတာပါ။ ဆရာ့မှာ အတွေ့အကြုံတွေ၊ ပညာရပ်ဆိုင်ရာ ကွန်ယက်တွေ အချိတ်အဆက်တွေရှိတယ်။ ကျောင်းသားက လတ်ဆတ်တဲ့ ခွန်အား၊ ဦးနှောက်နဲ့ မှတ်ဉာဏ်တွေ ကိုပိုင်ဆိုင်ထားတယ်။ သူတို့နှစ်ယောက် ပေါင်းပြီးအားထုတ်လိုက်တော့ Innovative idea တွေ၊ New knowledge တွေရလာမယ်။ ဆရာ့ အတွက် အတွေ့အကြုံအသစ်တွေထပ်ရလာပြီး ကျောင်းသားအတွက် အနာဂတ်ကို ရင်ဆိုင်ဖို့ လိုအပ်တဲ့ Skill တွေရလာမယ်။ဒါ ဆရာနဲ့ ကျောင်းသား တစ်ယောက်ကို တစ်ယောက် အကျိုးပြုရင်းရလာတဲ့ Mutual development ပါ။ သူတို့နှစ်ဦး အတူတကွ လျှောက်လှမ်းကြရမယ့် လမ်းကတော့ Research ပါပဲ။

22.5.2018

2. သုတေသနဟု ဆိုကြရာဝယ်

****

ယနေ့ နိုင်ငံတကာ ပညာရေး ရပ်ဝန်းမှာ တက္ကသိုလ် တစ်ခုရဲ့ အဆင့်အတန်းကို သုတေသန ပေတံတွေနဲ့ တိုင်းကြပါတယ်။ တက္ကသိုလ်တစ်ခုရဲ့ အသက်သွေးကြော ဆိုတာကိုလည်း လက်ခံကျင့်သုံးနေကြပါတယ်။ ဒီလိုသုတေသန လုပ်နိုင်ဖို့အတွက် ငွေကြေးထောက်ပံ့မှုဆိုတာကလည်း နည်းနည်းနောနော မဟုတ်။ ကျို့တို့ တက္ကသိုလ်ရဲ့ တစ်နှစ်စာ ဘက်ဂျက်ဟာ ရန်ကုန်မြို့တော်အတွက်ချထားပေးနိုင်တဲ့ ဘက်ဂျက်ထက် တောင်များနေပါတယ်တဲ့။ သို့သော် သူ့အဆင့်နဲ့သူ တက္ကသိုလ်တိုင်းကတော့ သုတေသန တွေလုပ်နေကြပါတယ်။

သုတေသန အခြေပြု သင်ကြားခြင်း

ဖွံ့ဖြိုးဆဲ နိုင်ငံတွေရဲ့ တက္ကသိုလ်တွေမှာလည်း သင်ကြားရေးသက်သက်သာ မဟုတ်တော့ပဲ Research-based teaching (သုတေသန အခြေပြု သင်ကြားရေး) ဘက်ကို သွားနေကြပါပြီ။
ဂျပန်တက္ကသိုလ်တွေမှာတော့ နောက်ဆုံးနှစ် ရောက်တာနဲ့ Professor တွေရဲ့ Lab တွေကိုအသီးသီး ဝင်ရောက်ကြရပြီး တစ်နှစ်ပတ်လုံး သုတေသန လုပ်ကြရပါတယ်။

Professor တစ်ယောက်ရဲ့ ကိုယ်ပိုင် Lab

တက္ကသိုလ် တစ်ခုမှာ Professor တွေရဲ့ အခန်းကဏ္ဍက သိပ်အရေးကြီးပါတယ်။ ပညာရေးရဲ့ အဓိက မောင်းနှင်အားတွေ ဆိုရင်လည်း မမှားပါဘူး။ ဂျပန်မှာ Professor တစ်ယောက်ဖြစ်ရင် Lab တစ်ခုကို ကိုယ်ပိုင်တည်ဆောက်ရပါတယ်။ ဆိုလိုတာက ကိုယ်ပိုင် သုတေသန ရှိရပါတယ်။ Professor တစ်ယောက်ကို Research field နှစ်ခုသုံးခုအထိလည်းရှိတတ်ပါတယ်။ Internet webpage ပေါ်မှာ Professor လုပ်နေတဲ့ သုတေသနတွေ၊ Project တွေ၊ Publication တွေကို အချိန်နဲ့ အမျှ Update လုပ်ပေးထားကြပြီး အဲ့ဒီ Professor ရဲ့ သုတေသန တွေဟာ အောင်မြင်မှု ဘယ်အတိုင်းအတာထိရှိတယ် ဘယ်လောက်ထိ ဖွံ့ဖြိုး တိုးတက်မှုရှိတယ် ဆိုတာ သိနိုင်ပါတယ်။

Research လမ်းကြောင်း

ဂျပန်မှာတော့ Research လမ်းကြောင်းကို Professor ကပဲ ဆုံးဖြတ်ပေးတယ်။ စတုတ္ထနှစ်မှာ Lab တွေကို ဝင်ကြမယ့် တတိယနှစ် ကျောင်းသားတွေက ဌာနမှာရှိတဲ့ Professor တွေရဲ့ Research field တွေထဲက မိမိနှစ်သက်ရာ ကိုရွေးချယ်ကြရတယ်။ ဒီတော့ Professor ကမိမိ Lab မှာ ဘယ်လို သုတေသနတွေ လုပ်နေကြောင်းရှင်းပြရသလို Ph.D. နဲ့ Master ကျောင်းသားတွေကလည်း သူတို့လုပ်နေတဲ့ သုတေသနတွေကို Presentation ပေးကြရတယ်။ ပြောရရင်တော့ စည်းရုံးရေးဆင်းကြရတာပေါ့။ နောက်နှစ် စတုတ္ထတန်းရောက်လို့ Lab တွေကို ရောက်လာပြီဆိုရင်တော့ Professor နဲ့ ဆွေးနွေးပြီး ကျောင်းသားလေးတွေ လုပ်ရမယ့် သုတေသန အလုပ်တွေကို ချပေးလိုက်ပါတော့တယ်။

နိုင်ငံတကာက Ph.D. နဲ့ Master တက်ရောက်ဖို့ Scholarship လျှောက်ထားပြီး ဆက်သွယ်လာတဲ့ ကျောင်းသားတွေအနေနဲ့ ကတော့ Professor ရဲ့ Webpage ပေါ်ကသတင်းအချက်အလက်တွေကို ကြည့်ပြီး အဓိက သူလုပ်နေတဲ့ သုတေသန တွေထဲက မိမိစိတ်ဝင်စားတာကို ရွေးပြီး Professor နဲ့ ဆက်သွယ်ရပါတယ်။ တကယ်လို့ Lab ကိုရောက်လာပြီ ဆိုရင်တော့ ကိုယ်လုပ်မယ့် Research field ထဲက ကိုယ်လုပ်မယ့်အပိုင်းကို Professor နဲ့ အသေးစိတ်ဆွေးနွေးပြီး Professor ရဲ့ Guidelines အတိုင်း သုတေသန အလုပ်တွေကို စတင်ကြရပါတယ်။

Group Study ဆိုတာ

ဂျပန်ရဲ့ Lab တွေမှာတော့ Group study လုပ်ရတာ များပါတယ်။ Research field တစ်ခုထဲမှာ Ph.D./Master နဲ့ နောက်ဆုံး နှစ်ကျောင်းသားတွေ အုပ်စုလိုက် လေ့လာကြတာ ဖြစ်ပါတယ်။ အဲ့ဒီလို Group study လုပ်တဲ့အတွက် သုတေသန လုပ်ရာမှာ ပိုပြီး အားကောင်းစေပါတယ်။ တစ်ယောက်ကို တစ်ယောက် အထောက်အပံ့ပေးနိုင်သလို၊ တစ်ဦးကို တစ်ဦး အပြန်အလှန် သင်ပြပေးနိုင်တာ၊ ဆွေးနွေးအဖြေရှာရာမှာ ထောင့်စုံဘက်စုံကနေ လေ့လာအားကောင်းကောင်းနဲ့ ဖြေရှင်းနိုင်တာ တွေ့ရပါတယ်။ ကျောင်းသား သစ်ရောက်လာပြီဆိုရင်လည်း Professor က အစအဆုံး သင်ပြပေးနေစရာမလိုဘဲ Senior ကျောင်းသားကြီးတွေက ဆင့်ကဲ ဆင့်ကဲ သင်ပြပေးခြင်းဖြင့် အချိန်တိုအတွင်း ကိုယ့်အဖွဲ့ လုပ်နေတဲ့ Research လမ်းကြောင်းပေါ်ကို ရောက်နိုင်ပြီး ကျောင်းသားရဲ့ ကိုယ်ပိုင် Contribution အတွက်လည်း ဝိုင်းပြီး ကူညီပေးကြတာတွေ့ရပါတယ်။ သုတေသနက

ထွက်လာတဲ့ Result တွေကိုတော့ Professor ကအကဲဖြတ်ပေးပြီး ရှေ့ဆက်သွားမယ့် လမ်းကြောင်းကိုလည်းအတူတကွ စဉ်းစား ဆုံးဖြတ်ကြပါတယ်။

Lab ပစ္စည်းများ

သုတေသနလုပ်ဖို့အတွက် အရေးအကြီးဆုံးကတော့ Lab ပစ္စည်းတွေ၊ Software တွေ၊ Tool တွေ မရှိမဖြစ်လိုအပ်ပါတယ်။ ဂျပန်တက္ကသိုလ်တွေမှာတော့ Professor တွေက သုတေသနအတွက် လိုအပ်တဲ့ Lab ပစ္စည်းတွေကို သူတို့ လုပ်နေတဲ့ သုတေသန အပေါ်မှာ အခြေပြုပြီး ဝယ်ယူဖြည့်တင်း တည်ဆောက်ကြပါတယ်။ ဘုံသုံးလို့ရတဲ့ ဒေါ်လာသန်းချီတန် စက်ပစ္စည်းတွေဆိုရင်လည်း အသုံးပြုမယ့် ကျောင်းသားကို သင်တန်းတွေပေးပြီးမှ စနစ်တကျ အသုံးပြုစေပါတယ်။ ဒီနေရာမှာ သုတေသနပေါ် အခြေပြုပြီး ဝယ်ယူဖြည့်တင်း တည်ဆောက်ထားတဲ့ Lab ပစ္စည်းတွေနဲ့ အဆင်သင့် အသုံးပြုနိုင်တဲ့ Teaching aids အဖြစ်အသုံးပြုတဲ့ ပစ္စည်းတွေကိုတော့ ကွဲကွဲပြားပြားသိဖို့ အင်မတန်အရေးကြီးပါတယ်။ Trainer kits တွေလို Teaching aids တွေကတော့ သင်ကြားလိုက်တဲ့ Theory တွေကို ထင်သာမြင်သာရှိအောင် ပြသ လေ့ကျင့် ပေးဖို့ပါ။ ဒီလို Teaching aids တွေကို တစ်နိုင်ငံလုံးက ကျောင်းတွေကို ပုံစံတူ ဝယ်ပေးလို့ရပေမယ့်၊ သုတေသန လုပ်ဖို့ Lab ပစ္စည်းတွေကိုတော့ ကိုယ်လုပ်မယ့် သုတေသန ပေါ်မှာအခြေပြုပြီး ဝယ်ယူ တည်ဆောက်ယူကြရမှာပါ။

ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ သုတေသန

သုတေသန ဆိုတာ ရေရှည်ဖွံ့ဖြိုးတိုးတက်နေဖို့ အရေးကြီးပါတယ်။ ဒီလိုဖြစ်ဖို့ဆိုရင် Professor ကအဓိက Focal point ပါ။ သူတည်ဆောက်ထားတဲ့ သုတေသန လမ်းကြောင်း ပေါ်မှာ တပည့်တွေက လျှောက်လှမ်းရင်း တစ်ဆင့်ပြီး တစ်ဆင့် ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းရင်း တိုးတက်မှု့ကို ရပ်တန့်မသွားအောင် ကြိုးစားကြရမှာပါ။ ကျောင်းသား တစ်ယောက်လာလိုက် ခေါင်းစဉ်တစ်ခု လုပ်လိုက်၊ နောက်တစ်ယောက်လာလိုက် နောက်တစ်ခုလုပ်လိုက်ဆိုရင်တော့ Sustainable development ဆိုတာ ဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် အထက်က ခေါင်းစဉ်ချပေးတဲ့ စနစ်ကနေ Professor တွေက ဦးစီးတာဝန်ယူတဲ့ သုတေသနတွေလုပ်ဖို့ အရေးကြီးပါတယ်။

နောက်တစ်ခုက အမြဲတမ်း ဆန်းသစ်နေတဲ့ခေတ်နဲ့အညီ Up to date ဖြစ်တဲ့ သုတေသန လမ်းကြောင်းတွေကိုလည်း အတူတကွ ပူးပေါင်းရှာဖွေ ကြရပါမယ်။ ဒီနေရာမှာ ကိုယ်လက်လှမ်းမီတဲ့ လက်တွေ့အကျိုးပြုနိုင်တဲ့ သုတေသနတွေကိုသာ ရွေးချယ်ကြဖို့ အရေးကြီးပါတယ်။ သာမာန် တက္ကသိုလ် အဆင့်လောက်နဲ့ ငြိုလ်တု လွှတ်တင်မယ့် သုတေသန ခေါင်းစဉ်လိုမျိုး စိတ်ကူးယဉ် ဆန်ဆန် ခေါင်းစဉ် သက်သက်လှအောင် ပေးပြီးလုပ်နေတဲ့ သုတေသန အတုအယောင်တွေကိုတော့ ရှောင်ရှားသင့်ပါတယ်။ တကယ့်လက်တွေ့မှာ အကျိုးပြုမယ့် သုတေသန တွေကိုသာ ရွေးချယ်လုပ်ဆောင်ကြဖို့ အရေးကြီးပါတယ်။

အချုပ်အားဖြင့် ဆိုရရင်တော့ သုတေသနဆိုတာ တက္ကသိုလ်တစ်ခုရဲ့ အသက်သွေးကြောပါဆိုခဲ့လျှင် သုတေသန မရှိသော အသက်သွေးကြောမရှိသော တက္ကသိုလ်များ သည် မည်သို့သော တက္ကသိုလ် ဖြစ်မည်ဆိုတာကို ပြောပြဖို့ လိုမည် မဟုတ်တော့ပါကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျာ။

(မိမိ၏ မဆိုသလောက်သော အတွေ့အကြုံပေါ် အခြေခံ၍
စိတ်စေတနာဖြင့် ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။ လိုအပ်သည်များကို
ကူညီဖြည့်ဆည်းပေးကြစေလိုပါသည်)
13.20.2017

3. Group Study အားသာချက် အားနည်းချက်

****

ဂျပန် တက္ကသိုလ်တွေမှာ သုတေသန တစ်ခုကို အဖွဲ့လိုက်လုပ်ကြတာများတယ်။ အဖွဲ့ထဲမှာ Ph.D., M.E နဲ့ နောက်ဆုံးနှစ်ကျောင်းသားတွေပါဝင်ဖွဲ့စည်းထားတယ်။ Associate Professor ကတော့ ကိုယ်ပိုင် သုတေသနရှိရင် ကိုယ်တိုင်လုပ်၊ ကျောင်းသားလည်း ကိုယ်ပိုင်ရတယ်။ ကိုယ်ပိုင် သုတေသန မရှိရင်တော့ Professor ရဲ့အောက်မှာပဲ ဝင်လုပ်ကြရတယ်။ အများသောအားဖြင့်တော့ Project ရှိတဲ့ Professor တွေက Group study မဖြစ်မနေ လုပ်ခိုင်းပါတယ်။ Project မရှိတဲ့ Professor တွေလည်း Group study လုပ်ခိုင်းပေမယ့် တစ်ချို့ကတော့ Individual research လုပ်ကြရပါတယ်။

အားသာချက်

Group Study ရဲ့အားသာချက်ကတော့ အတူတကွလေ့လာကြတဲ့အတွက် သုတေသန ပိုမိုအားကောင်းတယ်။ ထောင့်စုံ ဘက်စုံကနေ ပိုပြီး စဉ်းစားလုပ်ဆောင်နိုင်တယ်။ တစ်ယောက်တည်း လုပ်လို့ မလွယ်ကူတဲ့ Experiment တွေလုပ်ဆောင်တဲ့နေရာမှာ အဆင်ပြေတယ်။ Professor အနေနဲ့လည်း ကျောင်းသားကို အစအဆုံး သင်ပေးစရာမလိုအပ်ပဲ၊ ဒီအဖွဲ့ Publish လုပ်ထားတဲ့ စာတမ်းတွေ လေ့လာခိုင်းပြီး၊ အဖွဲ့ထဲကို ထည့်ပေးလိုက်တာနဲ့ Senior ကျောင်းသားကြီးတွေက ကူညီသင်ပြပေးရင်း အတွေ့အကြုံတွေ လက်ဆင့်ကမ်းကြတယ်။

တကယ်လို့ ကျောင်းသားသစ်ဟာ လေ့လာလို့ အတော်အတန် ကိုယ်တိုင် လုပ်တတ် ကိုင်တတ်လာပြီဆိုရင် သူ့ရဲ့ စာတမ်းအတွက် ကိုယ်ပိုင် Contribution ကိုစတင်စဉ်းစားရပါတယ်။ ဒီလို စဉ်းစားထားတဲ့ Idea ကို အဖွဲ့နဲ့အတူ ဆွေးနွေးပြီးရင်တော့ Lab meeting မှာ ချပြဆွေးနွေးပြီး Professor ရဲ့ ခွင့်ပြုချက်ရယ်၊ Comment တွေ Suggestion တွေကိုရယူရပါတယ်။ Result တွေရလာတဲ့အခါမှာလည်း ဝိုင်းပြီး သုံးသပ် အကြံပြုကြတာဖြစ်လို့ ပိုမိုကောင်းမွန်တဲ့ သုံးသပ်ချက်နဲ့အတူ ရှေ့ဘာဆက်လုပ်သင့်တယ်ဆိုတဲ့ Idea ပါရနိုင်ပါတယ်။ဒီလိုနည်းအားဖြင့် Research တစ်ခုကို Sustainable development ဖြစ်အောင် တနည်း အသက်ဆက်လက်ရှင်သန်ကြီးထွား အားကောင်းလာအောင် လုပ်ဆောင်နေကြတာတွေ့ရပါတယ်။

အားနည်းချက်

အားနည်းချက်အနေနဲ့ကတော့ အဖွဲ့ထဲမှာ ရှိတဲ့ ကျောင်းသားတွေရဲ့ Contribution ခွဲဝေပေးရမှုပါပဲ။ ဆိုလိုတာက Senior ကျောင်းသားက ဒီ Contribution ကိုစတင်ခဲ့တယ်ဆိုပါစို့။ အစဆိုတော့ အားနည်းချက်တွေ အများကြီးရှိနိုင်တယ်။ လုပ်ရင်းလုပ်ရင်းနဲ့မှ သူကတွေ့လာပြီ၊

ပိုကောင်းအောင်ဘယ်လိုလုပ်မလဲ ဆိုတာကို။ ဒါပေမယ့်လည်း သူက Journal paper က Publish လုပ်ပြီးလို့ Requirement က သူ့အတွက် Save ဖြစ်သွားပြီဆိုပါစို့၊ အဖွဲ့ထဲက Junior ရဲ့ Contribution က လည်း Result မကောင်းဘူးဆိုရင်၊ Junior ကို လွှဲပေးရပြီး Senior ကျောင်းသားက Idea အသစ်ထပ်ရှာရပါတော့တယ်။ ဒါက Senior ကျောင်းသားအတွက် တော့ Study motivation ကို လျော့ကျစေတဲ့ အချက်ပါ။

တစ်ဖက်မှာကျတော့ Professor က ဆွေးနွေးရင် Senior ကိုတည်ပြီး ဆွေးနွေးတာဆိုတော့ Senior က စိတ်ဓာတ်မကောင်းရင် Junior အတွက်ကတော့ ငရဲတွင်းပါပဲ။ Professor တွေကို Senior နဲ့ပက်သက်ပြီး Complaint တတ်ဖို့အတော်ခက်တော့ ဖိအထောင်းခံရတော့တာပါပဲ။

ဒါတွေကတော့ Group study ရဲ့ အားနည်းချက် အားသာချက်တွေပါပဲ။ ခြုံငုံသုံးသပ်ရရင်တော့ Group study လုပ်တာ Research တစ်ခုကို Sustainable development ဖြစ်ဖို့ အကောင်းဆုံး ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။
23.12.2017

4. ပညာရေးအတွက် Specialist တွေဖြစ်ဖို့လို

****

ဘယ်အလုပ်မဆို အောင်မြင်ချင်တယ်ဆိုရင် Professional တစ်ယောက်ဖြစ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ အခွဲခဲအလုပ်မှာ ထူးထူးချွန်ချွန်လုပ်နိုင်မှာပါ။ ဒါပေသည့် Professional ဘောလုံးသမား တစ်ယောက်ဟာ၊ တစ်ချိန်တည်းမှာပဲ Professional ရေကူးသမား တစ်ယောက်ဖြစ်ဖို့ဆိုတာတော့ အတော်မလွယ်တဲ့ ကိစ္စပါ။ ဒီတော့ ကိုယ်လုပ်နေတဲ့အလုပ်မှာကိုယ်ဟာ Specialist တစ်ယောက်ဖြစ်ဖို့ အလွန်ပဲအရေးကြီးပါတယ်။

ကျွန်တော်တို့လို ပညာရေး ပြုပြင်ပြောင်းလဲဖို့ ကြိုးစားနေတဲ့နိုင်ငံမှာ Specialist တွေ အများကြီးရှိဖို့လိုပါတယ်။ မရှိဘူးဆိုရင် ရှိအောင် မွေးထုတ်ဖို့လိုပါတယ်။ ဥပမာ မူကြိုတန်းကို သင်တဲ့ ဆရာဟာ ကလေးတွေကို ဘယ်လို ပြုစုပျိုးထောင် သင်ကြားပေးရမယ်ဆိုတာကို Specialist တစ်ယောက်ဖြစ်နေရမှာဖြစ်ပြီး၊ တက္ကသိုလ်က ဆရာတွေကလည်း ကိုယ့်ရဲ့ သုတေသနနဲ့ ကိုယ်သင်ကြားနေတဲ့ ဘာသာရပ်အပေါ်မှာ Specialist ဖြစ်ဖို့လိုပါတယ်။ အထူးသဖြင့် အဆင့်မြင့်ပညာရေးအတွက် အသက်တမျှအရေးကြီးတဲ့ သုတေသန ကိုဆောင်ရွက်ကြမယ့် ဆရာတွေအတွက် ကိုယ့် Field မှာတော့ In-depth study နက်နက်နဲနဲ လေ့လာထားဖို့သိပ်ကို အရေးကြီးပါတယ်။ ဒါ့အပြင် လက်ရှိ ဖွံ့ဖြိုး တိုးတက်နေတဲ့ ဘာသာရပ်ဆိုင်ရာ အသိပညာတွေ (the state of the art) ကိုလည်း မျက်ခြေမပြတ် လေ့လာနေကြရမှာပါ။

ကျွန်တော် ဂျပန်ကိုရောက်ခါစက Professor က ကျွန်တော် လုပ်မယ့် Field နဲ့ သက်ဆိုင်တဲ့ စာအုပ်တစ်အုပ်ပေးတယ်။ Chapters (၃) ခုမှတ်ပေးလိုက်ပြီး သေသေချာချာ လေ့လာဖို့ မှာလိုက်ပါတယ်။ နောက်တစ်ပတ်မှာ ဖတ်ပြီးကြောင်းပြောတော့ Professor ကပြုံးပြီး တစ်ခွန်းတည်းမေးတယ် ... နားလည်ပါသလားတဲ့။ ဟုတ်တယ် ကျွန်တော် ကောင်းကောင်းနားမလည်ပါ။ ကျွန်တော်တို့တွေ ဘယ်အရာမှ နက်နက်နဲနဲ အသေးစိတ် မတွေးခဲ့ပါ။ ကျွန်တော်တို့ အသိတွေ ဟာ အပေါ်ယံအသိ၊

နက်နက် နဲနဲသိအောင် ဘယ်တုန်းကမှ မကြိုးစားခဲ့။ Overview လောက်ဖတ်ပြီး ဆရာကြီးလုပ်ချင်နေတာက ခပ်များများ။ သချာ် Equation တစ်ကြောင်းရဲ့ သဘောကိုတောင် လုံးစေ့ပတ်စေ့ နားမလည်ရင် အဆိုးအကောင်း အကျိုးအကြောင်းကို ဘယ်လို Analysis လုပ်ကြမလဲ? ဘယ်လို Design လုပ်ပြီး Model ထုတ်ကြမလဲ?

နောက်တစ်ခုက သုတေသနလုပ်တဲ့အခါမှာ ရိုးသားဖို့သိပ်အရေးကြီးပါတယ်။ ဂျပန် Professor တွေက မသိရင်မသိဘူးပြောတယ်။သူ့အလုပ်နဲ့ ဆက်စပ်နေတယ်ဆိုရင် သိအောင်လုပ်တယ်။ လုပ်ပြီဟော့ဆိုရင် အသေးစိတ်၊ အနုစိတ်။ သူ့ Field နဲ့ မသက်ဆိုင်တာဆိုရင် အချိန်ကုန်ခံပြီး လိုက်မလုပ်ကြ။ အကုန်သိ အကုန်တတ် Professor တွေမရှိ။ ဒါကြောင့် ပညာရေးကို အဆင့်မြှင့်တင်ဖို့ဆိုရင် Player တွေအနေနဲ့ သက်ဆိုင်ရာ Field အလိုက် Specialist တွေဖြစ်ဖို့ လွန်စွာ အရေးကြီးပါကြောင်းတင်ပြလိုက်ရပါတယ်ခင်ဗျာ။
4.1.2018

5. ဌာနမှူး တာဝန် ဆိုတာ
****

ဂျပန်မှာ Professor တွေက ကိုယ်ပိုင် Lab၊ ကိုယ်ပိုင် သုတေသန နဲ့ ကိုယ်ပိုင် အချိတ်အဆက်၊ Funding တွေ Research grant တွေနဲ့ သွားနေကြတယ်။ ဥပမာ ကျွန်တော်တို့ ဌာန ဖြစ်တဲ့ Department of Electrical and Communication Engineering မှာ Professor တွေမှ အများကြီး။ ဌာနမှူး အလုပ်တာဝန်ကိုတော့ Semester လိုက် အလှည့်ကျ လုပ်ကြရတယ်။ သူ့ထက် ကြီးတဲ့ Dean တို့ President နဲ့ Vice President တို့ကိုတော့ မဲနဲ့ ရွေးချယ်ကြတယ်။

ဌာနမှူးတာဝန် ယူရတိုင်း Professor တွေက တာဝန် အပိုတွေယူရ၊ အစည်းအဝေးတွေ တက်ကြရလို့ မကြိုက်လို့ မလုပ်ချင်တဲ့သူတွေရှိတယ်။ အဲ့ဒီ ဌာနမှူးကလည်း Professor တွေရဲ့ သုတေသန ဆိုင်ရာနဲ့ပက်သက်ပြီး ဘာမှ ဝင်ပြော၊ ဝင်စီမံလို့ရတာမဟုတ်ဘူး။ ပြောရရင် Academic freedom ကို ပြည့်ပြည့် ဝဝပေးထားတယ်။ ဌာနမှူး တာဝန်ဆိုတာ လုပ်စားခွင့်၊ အာဏာပြခွင့် ပေးထားတဲ့ ရာထူး နေရာမဟုတ်ပဲ ပိုအလုပ်လုပ်ဖို့ ပေးထားတဲ့ တာဝန် မျှသာ ဖြစ်ပါတယ်တဲ့။ ပညာရေး တိုးတက်ချင်တယ် ပြောင်းလဲ ချင်တယ်ဆိုရင် အဲ့ဒီလို Academic freedom ပေးဖို့လိုပါတယ်။ ဒါဟာ အင်မတန် ကောင်းမွန်တဲ့ စနစ်တစ်ခုပါ။ ဒီစနစ်က Corruption ဖြစ်ဖို့ ဟန့်တားထားပြီးသားဖြစ်သလို Academic freedom ရလို့ ပိုပြီးတိုးတက်နိုင်တယ်၊ လုပ်ပိုင်ခွင့်အာဏာ ကို အလွဲသုံးစား လုပ်လို့မရတော့ဘူးဆိုတော့ ပိုကောင်းပါတယ်။

နောက်တစ်ခုက တိကျခိုင်မာတဲ့မူနဲ့ သွားပါတယ်။ လူပြောင်းလို့ Implementation နဲ့ Approach ကွာကောင်း ကွာနိုင်ပေမယ့် ချမှတ်ထားတဲ့ မူအတိုင်းပဲ သွားတယ်။ ဌာနမှူးပြောင်းသွားလို့ Lab တွေရဲ့ လုပ်ဆောင်ချက်တွေ ထူးပြီးတော့ ပြောင်းလဲမသွားပါဘူး။ Lab တစ်ခုရဲ့ သုတေသန စွမ်းဆောင်ရည်ဟာ အဲ့ဒီ Labရဲ့ Professor နဲ့ပဲ သက်ဆိုင်ပါတယ်။ ဒီတော့ ဌာနမှူးတာဝန်ဟာ အုပ်ချုပ်သူ အာဏာရှိသူ

တစ်ယောက် ဖြစ်လာတာ မဟုတ်ပါဘူး။ ပိုမိုတဲ့ တာဝန်တွေကို ထမ်းဆောင်ရတာပါ။ နောက်တစ်ခုက သတင်းအချက်အလက် စီးဆင်းမှုဟာ အပေါ်ကနေ အောက်အထိ မြန်ဆန် တိကျမှုရှိတယ်၊ ပွင့်လင်း မြင်သာမှုရှိတယ်။ ဒါကြောင့် ပညာရေး ရပ်ဝန်းမှာလည်း ပွင့်လင်းမြင်သာမှုရှိမယ်၊ ခိုင်မာတိကျတဲ့ မူအတိုင်းဆောင်ရွက်မှုရှိမယ်...ထင်ရာလုပ်နေတာမျိုးမဟုတ်ပဲ...ညှိနှိုင်းဆောင်ရွက်မယ်...ပါဝင်ပက်သက် သူတိုင်းရဲ့ အသံကို နားထောင်တတ်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ ပညာရေး ပတ်ဝန်းကျင်ကောင်းတွေ ဖြစ်လာမှာ ဖြစ်ကြောင်းပါ ခင်ဗျာ။
5.7.2018

6. Lab ခန်းအတွေ့အကြုံများ(၁)

****

ဂျပန်နိုင်ငံ Okayama University(OU) ရဲ့ Lab ခန်းအတွေ့အကြုံလေးတွေပြောပြချင်ပါတယ်။ OU က ဌာနတိုင်းရဲ့ Professor တိုင်းမှာ ကိုယ်ပိုင် Labခန်းတွေရှိကြပါတယ်။ ကျွန်တော်တို့ရဲ့ Department of Electrical and Communication Engineering အောက်မှာ ရှိကြတဲ့ Professor တိုင်းလည်း ကိုယ်ပိုင် Labခန်းတွေနဲ့ သုတေသနလုပ်နေကြပါတယ်။ Lab တစ်ခုလုံးကို Professor က စီမံအုပ်ချုပ်ပါတယ်။ Professor တွေရဲ့ စီမံအုပ်ချုပ်ပုံတွေ ကျောင်းသားကို လေ့ကျင့်သင်ကြားပေးပုံတွေကတော့ တစ်ယောက်နဲ့တစ်ယောက်မတူကြပါဘူး။

ကျွန်တော်တို့ ရဲ့ Distrusted System Design Lab မှာ Professor တစ်ယောက်၊ Associate Professor တစ်ယောက်၊ Secretary အမျိုးသမီးတစ်ယောက်နဲ့ ကျောင်းသားတွေကတော့ မြန်မာ၊အင်ဒို၊ ဘင်္ဂလားဒေရှ်၊ ကင်ညာ၊ တရုတ်၊ ထိုင်ဝမ်၊ ဂျပန် ....စုစုပေါင်း အယောက် ၂၀ကျော်ရှိပါတယ်။ ကျောင်းသားတွေ အတွက် စားပွဲ တစ်လုံး Computer တစ်စုံ၊အပြင် အခြားFacilities တွေဖြစ်တဲ့ Printer, Refrigerator, Microwave, Coffee maker စတာတွေလည်း အသုံးပြုနိုင်အောင် စီစဉ်ပေးထားပါတယ်။Professor, Associate Professor နဲ့ Secretary တို့အတွက် ရုံးခန်းတစ်ခန်းစီ၊ကျောင်းသားတွေအတွက် နှစ်ခန်း နဲ့ Seminar ခန်းတစ်ခန်း ရှိပါတယ်။ Secretary ကတော့ Professor ကအလုပ်ခန့်ထားတာဖြစ်ပြီး ဌာနရဲ့ ရုံးခန်းကသီးသန့်ရှိပါတယ်။ ဝန်ထမ်းအမျိုးသမီး ၃ယောက်ရှိပါတယ်။ ကျောင်းပိတ်ရက်လည်း ကျောင်းမှာလာပြီး စာလုပ်လို့ရအောင် ကျောင်းသားကဒ်တွေကို Lab ထဲဝင်ဖို့ Register လုပ်ထားကြရပါတယ်။ အတွင်းခန်းသော့တွေကိုတော့ Electronic key ရှိတဲ့ အခန်းထဲမှာ ထားတဲ့အတွက် ကြိုက်တဲ့အချိန် ပြန်ကြိုက်တဲ့အချိန်လာလို့ရပါတယ်။ မအိပ်မနေလုပ်ရမယ်ဆိုရင်လည်း လုပ်နိုင်အောင် Sofa ထိုင်ခုံကြီးတွေထားပေးထားပါတယ်။

စာသင်နှစ်တစ်နှစ် စပြီဆိုတာနဲ့ Final year ကျောင်းသားတွေဟာ သက်ဆိုင်ရာ Lab ခန်းတွေကိုစတင် ဝင်ရောက်ကြရတယ်။ သက်မှတ်ထားတဲ့ Credits ရဖို့အတန်းတွေတက်ရတဲ့အချိန်ကလွဲလို့ မနက် ၉:၀၀-ညနေ ၅:၀၀ ကတော့ Lab မှာပဲ Professor ပေးထားတဲ့ အလုပ်တွေကိုလုပ်ကြရတယ်။ ပထမဆုံး Lab ကိုဝင်တဲ့နေ့မှာတော့ Professor က လက်ရှိ Lab မှာ လုပ်နေတဲ့ Research အကြောင်းအရာ တွေကို Presentation လုပ်ပါတယ်။ Lab ရဲ့ဖွဲ့စည်းပုံ၊ ချိတ်ဆက်ဆောင်ရွက်နေတဲ့ Universities, Industries နဲ့ Companies တွေအကြောင်း ကို ရှင်းပြတယ်။ Presentation ပြီးတာနဲ့ Lab members တွေနဲ့ မိတ်ဆက်ပေးပါတယ်။ အဲ့ဒီနောက်မှာတော့ အသစ်ရောက်လာတဲ့ ကျောင်းသားတွေဟာ

ကိုယ်စိတ်ဝင်စားတဲ့ Research field ကိုရွေးချယ်ကြရပြီး Research လမ်းကြောင်းပေါ်ကို စတင်တက်လှမ်းကြရပါတော့တယ်။ (20.6.2017)

7. Lab ခန်းအတွေ့အကြုံများ(၂)

****

Lab ထဲကိုအသစ်ရောက်လာတဲ့ ကျောင်းသားတိုင်း လက်ရှိသွားနေတဲ့ လမ်းကြောင်းထဲက မိမိစိတ်ဝင်စားတဲ့ Research Field ကိုရွေးရပါတယ်။ Ph.D. , M.E. စတဲ့ Scholarship ကျောင်းသားတွေကတော့ မလာခင်ကတည်း Professor နဲ့ကြိုတင် ဆွေးနွေးထားရပါတယ်။ တကယ်လို့ လက်ရှိလုပ်နေတဲ့ Research လမ်းကြောင်းဟာ ကျောင်းသားအတွက် အဆင်မပြေဘူးဆိုရင် Professor က အနီးစပ်ဆုံး လမ်းကြောင်း အသစ်တစ်ခုကို သွားနိုင်ဖို့ ကူညီစဉ်းစားပေးပါတယ်။ Research ဆိုတာမျိုးကတော့ အောင်မြင်တာရှိသလို မအောင်မြင်တာလည်းရှိတတ်ပါတယ်။သို့ပေမယ့် ကျောင်းသားတွေအတွက်ကလည်း အချိန်ကန့်သတ်ချက်ကြီးကရှိနေတော့ သင့်တော်ပြီး အဆင်ပြေမယ့် လမ်းကြောင်းကို ဝိုင်းပြီးကူပေးကြတယ်။ Ph.D. ဆိုတာ ကိုယ့်ဟာကိုယ်လုပ်ရတာ လုပ်ဆိုတဲ့ Professor မျိုးတွေလည်းရှိပါတယ်။ နောက်မှ အကျယ်တဝင့်ရေးပါ့မယ်။

Lab တစ်ခုလုံးကို ဦးဆောင်နေတဲ့ Professor ဟာ Research field တစ်ခုတည်းနဲ့ သွားနေတာမျိုးမဟုတ်ပဲ နှစ်ခုသုံးခုကို တစ်ပြိုင်တည်းသွားနေကြတာပါ။ ကျောင်းသား ၂၀ ကျော်က လမ်းကြောင်းတစ်ခုတည်းသွားဖို့ အင်မတန်ခက်ခဲပါတယ်။ နောက်တစ်ခု Lab မှာ Associate Professor ရှိတယ်ဆိုရင်လည်း သူက ကိုယ်ပိုင် Research လမ်းကြောင်းနဲ့ ကိုယ်ပိုင်ကျောင်းသားနဲ့ လုပ်ကြတာပါ။ ကျွန်တော်တို့ Lab မှာ အသက်ဝင်နေတဲ့ Research တွေကတော့ Java Programming Learning Assistant System (JPLAS) , Elastic Wireless LAN System နဲ့ Associate Professor ရဲ့ License Number Plate Recognition System တွေပါ။ ကျွန်တော့်ရဲ့ Research ကတော့ Elastic WLAN System ပါ။

သက်ဆိုင်ရာ Research အလိုက် Group တွေရှိပါတယ်။ ဆိုပါဆို့ Elastic WLAN System ကိုရွေးလိုက်တယ်ဆိုရင် အဲ့ဒီ Research နဲ့ ပက်သက်သမျှ အခြေခံ Unit တွေကို Senior တွေက လက်ဆင့်ကမ်းသင်ပေးရင်း အတူတကွလေ့လာရင်းနဲ့သွားရပါတယ်။ Professor က Research idea နဲ့ suggestions တွေပေးတယ်၊ ထွက်လာတဲ့ Result တွေကို အကဲဖြတ်ပေးတယ်။ Implementation ကတော့ ကိုယ်တိုင်လုပ်ရတာရှိသလို အဖွဲ့ကဝိုင်းကူတာလည်းရှိပါတယ်။ ကျွန်တော်ရောက်ခါစက ဘင်္ဂလားဒေ့ရှ် နဲ့ မလေးရှားက ကျောင်းသားတွေက သိချင်သမျှ မေးသမျှကို ကြိုးစားပြီး အဖြေရှာပေးသလို D3 ရောက်နေပြီဖြစ်တဲ့ ကျွန်တော့်အလှည့်မှာလဲ ဘင်္ဂလားဒေ့ရှ်၊ ကင်ညာနဲ့ ထိုင်ဝမ်ကျောင်းသားတွေကို ပြန်ပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ ဒီနည်းနဲ့ Group လိုက် ဆွေးနွေးအဖြေရှာ လက်ဆင့်ကမ်းသွားတဲ့အတွက် Research လမ်းကြောင်းဟာ ရှင်သန်အားကောင်းလာပါတယ်။ ကိုယ်လုပ်ခဲ့ပြီး နောက်လူက ဘာမှဆက်လုပ်လို့မရတော့ရင်တော့ အဲ့ဒီ Research လမ်းကြောင်းဟာ ဖွံ့ဖြိုးတိုးတတ်လာမှာ မဟုတ်သလို လူသားတွေအတွက် အမှန်တကယ်အကျိုးပြုရေးဆိုတဲ့ ပညာရေး ဦးတည်ချက်တွေနဲ့လည်း ဝေးကွာနေဦးမှာဖြစ်ကြောင်းပါခင်ဗျာ။ 21.6.2017

8. Lab ခန်းအတွေ့အကြုံများ(၃)

****

Japan က တက္ကသိုလ်တွေ April နဲ့ October မှာ Semester အတန်းတွေ စတင်ကြပါတယ်။ Academic Calendar တစ်နှစ်လုံးစာထုတ်ထားပြီးဖြစ်တဲ့အတွက် ကျောင်းသားတိုင်း ကိုယ့်ရဲ့ အချိန်ဇယားအားလုံးကို သိပြီးနေပါပြီ။ Semester စပြီဆိုတာနဲ့ Professor က Meeting ခေါ်ပြီး ကျောင်းသားအားလုံးနဲ့အတူ Semester တစ်ခုလုံးစာအတွက် Lab meeting တွေ Seminar တွေအတွက် Schedule ရေးဆွဲပါတော့တယ်။ ကျောင်းသားအားလုံး ကိုယ့်ရဲ့ အတန်းရှိတဲ့အချိန်တွေကို Whiteboard ပေါ်အချိန်ဇယားမှာ ထွက်ရေးကြရပြီး အားလုံးအဆင်ပြေမယ့် အချိန်ကို Lab meeting နဲ့ seminar လုပ်ဖို့ Professor ကဆုံးဖြတ်ပေးပါတယ်။

Lab meeting နဲ့ seminar တွေကို တစ်ပတ်တစ်ကြိမ်လုပ်ပြီး Professor မအားလို့ ဒါမှမဟုတ် နိုင်ငံရပ်ခြား သွားနေတယ်ဆိုရင်တော့ နားပါတယ်။ Weekly seminar တွေကိုတော့ Research field အလိုက်အုပ်စုခွဲပြီးလုပ်တယ်။ ကျွန်တော်တို့ Lab ကတော့ Power Point နဲ့ Last week မှာ ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေပြီးမြောက်အောင်မြင်တယ်၊ ဘာတွေကတော့ မရသေးဘူး၊ Next week မှာ ဘာတွေဆက်လုပ်မယ် စသဖြင့် အသေးစိတ် တစ်ယောက်ချင်း ဆွေးနွေးရပါတယ်။ ကျောင်းသားရဲ့ တင်ပြလာမှုပေါ် အခြေခံပြီး Professor က ဘာဆက်လုပ်သင့်တယ်ဆိုတဲ့ Comment တွေပေးပါတယ်။ Professor ရဲ့ အကြံပြုချက်အတိုင်း ခရီးဆက်ကြရပါတယ်။ Weekly seminar မှာ ကျောင်းသားက ကိုယ့်ရဲ့ Progress ကိုတင်ပြဆွေးနွေးရတာဖြစ်တဲ့အတွက် ကျောင်းသားတိုင်းအတွက် အလွန်အရေးကြီးသလို အတော် ဦးနှောက်ခြောက်ရတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ တင်ပြပုံ မကောင်းရင်လည်း အဆူခံရနိုင်တာမို့ သတိထားရပါတယ်။

နောက်တစ်ခုက Final ကျောင်းသားတွေရဲ့ Seminar ပါ။ Final ကျောင်းသားတွေက ဘွဲ့အတွက် စာတမ်းရေးရပါတယ်။ သူတို့ရဲ့လေ့လာမှုနဲ့ပက်သက်ပြီး Power Point နဲ့ တစ်ပတ်တစ်ယောက် Presentations လုပ်ရတယ်။ အချိန်သိပ်မကြာပါဘူး အလွန်ဆုံး မိနစ် ၃၀ ပါပဲ။ Ph.D. နဲ့ M.E. ကျောင်းသားတွေကတော့ Journal and Conference Paper တွေကို Survey လုပ်ပြီး Presentation လုပ်ရတယ်။ Paper ရွေးတဲ့အခါမှာ ကိုယ့်ရဲ့ Research field နဲ့ ပက်သက်တဲ့ Up-to-date ဖြစ်တဲ့ Idea လည်းရနိုင်တဲ့ Paperကို ရွေးရတယ်။ အချိန် တစ်နာရီပေးထားတာမို့ Professor နဲ့အဖွဲ့က အကြိတ်အနယ်ဆွေးနွေးတယ်။ ကိုယ့်ဘက်က ပြင်ဆင်မှုရော့လို့မရသလို Paper က Reference ယူထားတဲ့အပိုင်းတွေကိုပါ လိုအပ်ရင် လိုက်ဖတ်ရပါတယ်။ Paper ကနေ Presentation ပုံစံပြောင်းပြီး Idea ထုတ်ရတာလည်း အတော် စဉ်းစားရတယ်။ ဒါတွေလုပ်ခြင်းအားဖြင့် ကျောင်းသားတွေရဲ့ Paper Survey နဲ့ Review လုပ်တတ်တဲ့ Skill တွေနဲ့ Presentation skill တွေကို လေ့ကျင့်ပေးနေတာဖြစ်ပါတယ်။

နောက်တစ်ခုက Lab ကကျောင်းသားတစ်ယောက်ယောက် Conference သွားတက်မယ်ဆိုရင်ပေးရတဲ့ Practice seminar ပါ။ ကျောင်းသားတွေ အချိန်ကိုက်လေ့ကျင့်ရပါတယ် ၁၅မိနစ်ဆို ၁၅မိနစ် အတိအကျပြောနိုင်အောင်ကျင့်ရပါတယ်။ Professor ကမကြိုက်ရင်တော့ နောက်တစ်ကြိမ် ပြန်ပေးရပါတယ်။ နောက်ဆုံး Lab meeting မှာတော့ Professor ကအစ အားလုံးပါဝင်ပြီး ကိုယ့်ရဲ့ တစ်ပတ်တာ လုပ်နေတာနဲ့ လုပ်မယ့် Plan တွေကို

အကျဉ်း ပြောပြကြရပါတယ်။ ဒီလိုနဲ့ ကျောင်းသားအချင်းချင်း ဘာလုပ်နေတယ်ဆိုတာကိုသိနိုင်သလို Professor ရဲ့ အချိန်ဇယားကိုပါ သိခွင့်ရပါတယ်။ဒီလို မရပ်မနား လည်ပတ်နေတဲ့ စနစ်ထဲလိုက်ပါနိုင်အောင် ရှင်သန်နိုင်အောင် ကြိုးစား ရုန်းကန်နေကြရကြောင်းပါခင်ဗျာ။
23.6.2017

9. Lab ခန်းအတွေ့အကြုံများ(၄)

****

ဂျပန်မှာ Professor ကနေ ပထမနှစ်ကျောင်းသား အထိ အချိန်ဇယား ရေးဆွဲဖို့ Note book လေးတွေသုံးလေ့ရှိတယ်။ Professor ကလည်း သူ့အချိန်ဇယားနဲ့ သူဖြစ်သလို ကျောင်းသားတိုင်းကလည်း ကိုယ့်အချိန်ဇယားနဲ့ကိုယ်ပါ။ ကျောင်းသားတွေအတွက် အရေးကြီးတဲ့ အချိန်ဇယားတွေထဲက တစ်ခုကတော့ Part-time Job ပါပဲ။ Full Scholarship မရတဲ့ကျောင်းသားတိုင်းနီးပါး အချိန်ပိုင်းအလုပ်လုပ်ကြတယ်။ တစ်ပတ်ကို ၂၈ နာရီအများဆုံး လုပ်ခွင့်ရှိပြီး တစ်နာရီကို ¥800-1000 ကြားရကြတယ်။ အဲ့ဒီအလုပ်ချိန်အတွက်လည်း အချိန်ဇယားဆွဲထားကြတယ်။

ကျောင်းချိန်ပြီးပြီဆိုတာနဲ့ 7/11, Family Mart စတဲ့ ဆိုင်တွေအပြင် စားသောက်ဆိုင် ဘီယာဆိုင် တွေမှာလည်း ၅နာရီနောက်ပိုင်းဆိုရင် ကျောင်းသား ကျောင်းသူတွေပဲ အများစုတွေ့ရတယ်။ အဲ့လို အချိန်ပိုင်းအလုပ်လုပ်လို့ ကျောင်းစာမှာ လျော့မသွားရအောင်လည်း ကြိုးစားကြတယ်။ တစ်ချို့ အလုပ်တွေဆို ည၁၂နာရီ အထိ ၅နာရီ ဆက်တိုက်လုပ်ကြရတယ်။ ရောက်ခါစက ကိုယ်နဲ့သိတဲ့ ကျောင်းသူ ကျောင်းသားလေးတွေ ဘီယာဆိုင် စတိုးဆိုင်တွေမှာ အလုပ်လုပ်နေတာတွေ့ရင် ရင်ထဲမကောင်းဘူး။ တစ်ချို့ကလေးတွေဆို Lab မှာ သန့်ရှင်းရေးလုပ်ရင် " ပေးပါ ကျွန်တော်လုပ်မယ် သန့်ရှင်းရေးက ကျွန်တော် လုပ်နေကျ..."ဆိုတဲ့သူကရှိသေးတယ်။ သူတို့က အဲ့ဒီလို အလုပ်ဆိုတာကို...တန်ဖိုးထားတယ်။ အလုပ်လုပ်ရတာကို ဂုဏ်ယူတယ်။ တစ်ချို့ဆို မိဘတွေ ချမ်းသာကြပေမယ့် အချိန်ပိုင်းအလုပ်လုပ်တယ် ငွေစုတယ်။
အချိန်ပိုင်းအလုပ်က ကျောင်းစရိတ်အတွက်လည်း အထောက်အကူပြုတယ်။

တစ်ချို့ကျောင်းသားတွေကိုတော့ Professor က RA (Research Assistant) နဲ့ TA (Teaching Assistant) စတဲ့ ကျောင်းကပေးတဲ့ အလုပ်တွေကိုပေးပါတယ်။ တစ်နာရီ ယမ်း ၁၀၀၀ရတာပါ။ Lab ရဲ့သန့်ရှင်းရေးကိုတော့ အငယ်ဆုံးတွေဖြစ်တဲ့ Final year ကျောင်းသားတွေပဲ အလှည့်ကျ လုပ်ကြရတယ်။ အခါအားလျော်စွာ လုပ်တဲ့ Lab ပါတီမှာလည်း ဈေးဝယ်တာ ပြင်ဆင်တာကနေ သန့်ရှင်းရေးအထိ အစအဆုံး သူတို့ပဲလုပ်ကြတယ်။ အချိန်နဲ့ပက်သက်ရင် အတိအကျပဲ၊ အချိန်ကိုက်ပဲ လုပ်ဆောင်တတ်တဲ့အကျင့်ကတော့ Professor ကနေ ကျောင်းသား အငယ်လေးတွေအထိပါပဲ။ Seminar အချိန်မှာပဲဖြစ်စေ Lecture အချိန်မှာပဲဖြစ်စေ အချိန်တိကျတယ်။ Professor ကတွေ့ဖို့ခေါ်ရင်တော့ ၅မိနစ် ကြိုရောက်အောင်သွားရပြီး အချိန်ကျပြီ ဆိုမှ အခန်းတံခါးကို ခေါက်ရပါတယ်။အချိန်နဲ့ပက်သက်ရင် နောက်ကျတာဟာ ရှက်စရာလို့ခံယူထားကြပြီး၊ အများနဲ့လုပ်တဲ့ကိစ္စတွေမှာ ကိုယ့်ကိုစောင့်နေရတယ်ဆိုရင် ကျန်တဲ့သူတွေရဲ့ အချိန်ကိုပါ

ဖြန်းတီးပစ်တယ်လို့ ဆိုကြကြောင်းပါခင်ဗျာ။
25.6.2017

10. Lab ခန်းအတွေ့အကြုံများ(၅)

****

Japan ကျောင်းသားတွေရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်တစ်ချက်ကတော့ Presentation Skill ပါပဲ။ သူတို့တွေရဲ့ အဓိက အားသာချက်ကတော့ သိတဲ့ပညာရပ်ကို အသေးစိတ်သိအောင်လုပ်တယ် (သူ့ Level အလိုက်ပေါ့)၊ Power Points ပြုလုပ်တဲ့နေရာမှာဖြစ်ဖြစ်၊ Poster ပြုလုပ်တဲ့နေရာမှာဖြစ်ဖြစ် ကိုယ်ပိုင် Idea တွေနဲ့ ရှင်းရှင်းလင်းလင်း ထင်သာမြင်သာရှိအောင် ပုံဖော်လေ့ရှိတယ်။ စာသားတွေအစား Graph တွေ၊ Chartတွေ၊ Block diagram
တွေနဲ့ ဝေဝေဆာဆာပုံဖော်လေ့ရှိတယ်။ နောက်တစ်ခုက ပြင်ဆင်အား လေ့ကျင့်အားအရမ်းကောင်းတယ်။ ၁၅မိနစ် Presentation ဆိုရင် ၁၅မိနစ်အတွင်း ပြောနိုင်အောင် Slide နဲ့ အပြောကို သေချာချိန်ပြီး Timer နဲ့လေ့ကျင့်တယ်။ အဲ့ဒီအလေ့ကျင့်တွေက တက္ကသိုလ် မရောက်ခင်ကတည်းက ကျင့်သားရနေကြတာ တွေ့ရတယ်။

နောက်ပြီး High school students တွေ University ထဲ လေ့လာရေးအတွက် မကြာခဏလာတာတွေ့ရတယ်။ Open Campus ဆိုပြီး တစ်နှစ်တစ်ခါလုပ်ပေးတယ်။ အဲ့ဒီ Event မှာ High School တွေက ကျောင်းသား၊ဆရာနဲ့ University ဘက်က Volunteers ကျောင်းသားတွေနဲ့ ဖွဲ့ပေးထားတဲ့အဖွဲ့အလိုက် Lab တွေထဲအထိ လိုက်လေ့လာကြတယ်။ ကျောင်းသား/သူလေးတွေက စာအုပ်ကလေးတွေကိုင်ပြီး မေးခွန်းတွေမေး အဖြေတွေရေးမှတ်ကြတယ်။ ဘာလို့လဲဆိုတော့ ဒီမှာဘာပဲလုပ်လုပ် Report ရေးတင်ရတော့ ကြည့်ပြီး ပြီးရောလုပ်လို့မရဘူး။ အဲ့ဒီ Event မှာ ပါဝင်ပြသရမယ့် Lab တွေရဲ့ စာရင်းနဲ့ ဘယ်အချိန် ဘယ်ကျောင်းသားတွေလာမယ်ဆိုတာလည်း ကြိုပြီးအကြောင်းကြားထားတော့ ကြိုတင်ပြင်ဆင်ချိန်ရကြတယ်။ ပြင်ဆင်တာတော့ ကိုယ့် Labမှာပဲ ကိုယ်ပြင်ထားရပြီး ကျောင်းသားတွေက Lab ကိုလာလေ့လာကြတယ်။

ဒဲ့အပြင် Ph.D. နဲ့ M.E. ကျောင်းသားတွေကို Research Grant for Encouragement of Students ဆိုတဲ့ခေါင်းစဉ်နဲ့ Research fund ထောက်ပံ့ပေးတယ်။ အဲ့ဒီကရတဲ့ငွေနဲ့ Research အတွက်လိုတာသုံးလို့ရသလို Conference တွေလည်းတက်လို့ရတယ်။
သတ်မှတ်ထားတဲ့အချိန်ရောက်ရင်တော့ Poster presentation ပြန်ပေးရတယ်။ အဲ့ဒီအချိန်ကြရင် University က M.E., Ph.D. ကျောင်းသားတွေရယ် High school ကကျောင်းသားအဖွဲ့တွေနဲ့အတူ Poster presentations ကိုလုပ်ကြရတယ်။ Poster Board တွေကို ဘေးချင်းကပ် တစ်ခုခြားနေရာချပေးထားတယ်။ အဲ့လိုလုပ်တဲ့နေရာမှာ မိနစ် ၃၀စီအလှည့်ကျ Presentation နှစ်ကြိမ်လုပ်ကြရတယ်။ ကိုယ့်အလှည့်ရောက်ရင် ကိုယ်ကပြော ကျောင်းသားလေးတွေအလှည့်ရောက်ရင် ကိုယ်ကလိုက်မေး ပေါ့။ Poster ပေါင်း တစ်ရာကျော်လောက်ဆိုတော့ ပွဲတော်ကြီးအတိုင်းပါပဲ။

High School ကျောင်းသားလေးတွေက သူတို့ဆရာတွေရှေ့မှာ သူတို့ရဲ့ကြိုးစားအားထုတ်မှုကို ထုတ်ပြဖို့ တာဆူနေကြပြီး University က ပါမောက္ခ ကြီးများ လိုက်မေးတာကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကြိုးစားပြီး ရှင်းပြနေတာတွေ့ရတယ်။မေးရမယ့်အလှည့်ရောက်တော့လည်း လိုက်မေးလိုက် မှတ်လိုက်နဲ့

ပညာရေးလမ်းကြောင်းပေါ် အားပြည့်မာန်ပြည့် တက်တက်ကြွကြွ ပျော်ရွှင်ရယ်မောလျက်
လျှောက်လှမ်းနေကြကြောင်းပါခင်ဗျာ။
6.7.2017

11. B.E. ဘွဲ့ရပြီးရင် M.E. ဆက်တက်မလား

****

မြန်မာနိုင်ငံမှာ အင်ဂျင်နီယာ ကျောင်းသား တစ်ချို့ B.E. ဘွဲ့ရပြီးရင် M.E. ဆက်တက်မလား၊ လုပ်ငန်းခွင်သွားမလားဆိုတဲ့ ဆုံးဖြတ်ချက် အတွက် အတော်လေး ဝေခွဲရခက်နေတာတွေ့ရတယ်။ Japan နိုင်ငံ Okayama University (OU) မှာ M.E. တတ်နေတဲ့ ကျောင်းသားတွေကတော့ အလုပ်ကောင်းကောင်းရဖို့အတွက် ဆက်တက်ကြတယ်လို့ဆိုတယ်။ ဘာလို့လဲဆိုတော့ Research အတွက်က သူတို့အနေနဲ့ ဘာမှစိတ်ပူစရာမရှိလှပါဘူး။ Final year ရောက်ပြီဆိုတာနဲ့ သက်ဆိုင်ရာ Professor တွေရဲ့ Lab တွေကို ဝင်ကြရတယ်။ Ph.D., M.E. ကျောင်းသားတွေနဲ့ တန်းတူ စားပွဲတစ်လုံး ကွန်ပြူတာတစ်စုံနဲ့ Lab facilities အားလုံးသုံးခွင့်ရှိတယ်။ လိုအပ်တဲ့ Credit အတွက်တက်ရတဲ့ အတန်းချိန်က လွဲရင် 9:00am-5:00pm အတွင်း Lab မှာ Professor ရဲ့ Guide line အတိုင်း Research လမ်းကြောင်းကိုစတက်ကြတယ်။ နှစ်ကုန်လို့ ဘွဲ့အတွက် စာတမ်းရေးတဲ့အခါ အတော်လေးခရီးရောက်နေပြီလို့ဆိုရမယ်။ တကယ်လို့ M.E. ဆက်တက်မယ်ဆိုရင် နောက်ထပ်လအနည်းငယ် ရုန်းကန်လိုက်ယုံနဲ့ တစ်ချို့ဆို Journal အထိတက်လှမ်းနိုင်နေကြပြီ။

ဒီတော့ Final year တစ်နှစ်လုံး Research-based teaching နဲ့သွား ခဲ့တာမို့ Research ကိုလည်းမကြောက်တော့ဘူး။ Presentation ပေးရမှာကိုလည်း မကြောက်တော့ဘူး။ အားလုံးက အသားကျနေပြီ။ ဒီတော့ M.E. ပထမနှစ်မှာပဲ ထပ်ရုန်းကန်ပြီး M.E. ဒုတိယနှစ်ရောက်တာနဲ့ Job hunting ဆိုပြီး အလုပ်ရှာထွက်တော့တယ်။ ဒီနေရာမှာ Professor ရဲ့ အခန်းကဏ္ဍကအရေးကြီးလာတယ်။ တစ်ချို့ Professor တွေသိပ်ကို Strict ဖြစ်တယ်။ ဒါပေမယ့် အဆက်အသွယ်ကောင်းတွေရှိတယ် အလုပ်ကောင်းကောင်းရနိုင်တယ်ဆိုရင် ကျောင်းသားတွေ သူ့ဆီသွားကြတယ်။ Professor တစ်ယောက်ကို အနည်းဆုံး Company သုံးခုလောက်နဲ့ တော့ Research cooperation လုပ်နေကြတာကိုး။ တစ်ချို့လည်း ခပ်မြန်မြန်အလုပ်ရကြတယ်ဆိုရင်ဘဲ Company သွားလိုက် ကျောင်းလာလိုက်ပဲ။ Professor လုပ်ခိုင်းတဲ့ Research work တွေတော့ ပြီးအောင်လုပ်ကြရတာပေါ့။

OU မှာတော့ M.E. ကျောင်းသားတွေအတွက် 30 Credits လိုအပ်ပြီး ICT (Information, Communication and Technology) Modules ကိုတော့ မယူမနေရ ယူကြရတယ်။ ဒီဘာသာရပ်က စိတ်ဝင်စားစရာ အရမ်းကောင်းတယ်။ Industrial မှာ တကယ့်လက်တွေ့ အသုံးချနေတဲ့ နည်းပညာတွေကို Company က ကျွမ်းကျင်တဲ့ ပညာရှင်တွေ ကိုယ်တိုင် စာတွေ့လက်တွေ့ လာပို့ချပေးတာပါ။ တစ်ပတ်တစ်ကြိမ် ၆နာရီ ကြာ တက်ရတဲ့ Class ဖြစ်ပါတယ်။ ယခုနှစ်အတွက် သင်ပြီးသမျှတွေကတော့-

1. Project management
2. Staff training
3. Critical thinking

4. Software development
5. Risk management
စတဲ့ တကယ့်လုပ်ငန်းခွင်မှာ အသုံးချနိုင်မယ့် ဘာသာရပ်တွေကို သင်ကြားပေးခဲ့တာကိုတွေ့ရပါတယ်။
နောက်တစ်ခုကတော့ တကယ့် Industrial Training ရစေတဲ့ Internship Program ဖြစ်ပါတယ်။
ဒါကိုတော့ နောက်မှရေးပါ့မယ်။ အချုပ်ဆိုရရင်တော့ Japan မှာ M.E. ဘွဲ့ဟာ အလုပ်ကောင်းကောင်းရဖို့
အထောက်အကူပြုသလို လုပ်ငန်းခွင်ဝင်ဖို့အတွက် လိုအပ်တဲ့
အရည်အသွေးတွေကိုလည်းဖြည့်ဆည်း လေ့ကျင့်ပေးပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။
2.7.2017

12. Industrial Collaboration and Internship Program (၁)

****

တက္ကသိုလ် တစ်ခုအတွက် Industrial Collaboration ဟာ အလွန်ပဲ အရေးကြီးလှပါတယ်။
ကျောင်းသားတွေကိုပြုစုပျိုးထောင်ဖို့ Curriculum Design လုပ်တဲ့နေရာမှာ လက်ရှိခေတ်နဲ့လျော်ညီပြီး
Industries အတွက် အမှန်တကယ် အထောက်အကူပြုနိုင်ဖို့လိုပါတယ်။ တစ်ဖက်မှာလည်း Industries
ဘက်ကလုပ်နေတဲ့ Current Research တွေကို အတူတကွပူးပေါင်း
လုပ်ဆောင်နိုင်တဲ့အဆင့် ရောက်အောင် University တွေကလည်းကြိုးစားကြရမှာပါ။ ဒီမှာတော့
Professor နဲ့ ကျောင်းသားတွေ Research collaboration လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ Funding ပိုင်းကို
Company ဘက်ကထောက်ပံ့ပေးတယ်။ ဒါ့ကြောင့် Okayama University မှာတော့ Professor တွေဟာ
Company တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အထူးအလေးထား ကြိုးစားဆောင်ရွက်နေတာ
တွေ့ရတယ်။

ကျောင်းသားတွေအတွက်လည်း လုပ်ငန်းခွင် အတွေ့အကြုံရအောင် Professor တွေက သူတို့နဲ့
ချိတ်ဆက်ထားတဲ့ Company တွေရဲ့ စက်ရုံ အလုပ်ရုံတွေကို Industrial visit
ဆိုပြီးသွားရောက်လေ့လာနိုင်ဖို့ စီမံပေးတယ်။ ကျွန်တော်လည်း Professor နဲ့ Osaka မှာရှိတဲ့ Panasonic
စက်ရုံကို သွားရောက်လေ့လာခဲ့ရပါတယ်။ စက်ရုံရဲ့ Vice President ကိုယ်တိုင် သူတို့စက်ရုံရဲ့
လက်ရှိလုပ်နေတဲ့ သုတေသန လုပ်ငန်းတွေ၊ မကြာခင် ထုတ်လုပ်တော့မယ့် New Product
တွေကို သေသေချာချာ လိုက်လံရှင်းပြတယ်။ စက်ရုံတွင်း ဓါတ်ပုံရိုက်တာကိုတော့
လုံးဝတားမြစ်ထားပါတယ်။ Power Point နဲ့ လည်း presentation ပေးပါတယ်။ အဲ့ဒီမှာ Panasonic
ကပြောလိုက်တာကတော့ လက်ရှိပြောင်းလဲနေတဲ့ခေတ်နဲ့အညီ သူတို့ရဲ့ Company မှာ အလုပ်လုပ်နေတဲ့
ဝန်ထမ်းအနေအထားဟာ Software (70%) နဲ့ Hardware (30%) ရှိတယ်ဆိုတဲ့အချက်ပါပဲ။ ဒါ့ကြောင့်
သူတို့ Company မှာ အလုပ်လုပ်မယ်ဆိုရင် Programming ပိုင်နိုင်မယ့်သူတွေ အလုပ်ရဖို့
ရာခိုင်နှုန်းများတယ်လို့ဆိုပါတယ်။ တကယ်တော့ အဲ့ဒီ Company မှာ ကျွန်တော်တို့ Lab က M.E.
ကျောင်းသားတစ်ယောက် အလုပ်လျှောက်ဖို့အတွက် Professor ရဲ့ချိတ်ဆက်မှုနဲ့
သွားရောက်လေ့လာခြင်းလည်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ M.E. ကျောင်းသားများအတွက်ပဲစီစဉ်ပေးတဲ့ Internship Program ပါ။ အဲဒီ
Program အတွက် စက်ရုံတွေမှာ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ သွားပြီး သုတေသနလုပ်ကြရပါတယ်။

Internship Program ကို စီစဉ်ဆောင်ရွက်ပေးတဲ့ Professor က M.E. ကျောင်းသားတွေ သွားရောက်လေ့လာနိုင်မယ့် Company တွေရဲ့ စာရင်းကို ပေးပါတယ်။ မိမိစိတ်ဝင်စားတဲ့ Company ရဲ့ Research ကို Professor နဲ့တိုင်ပင်ပြီး ရွေးချယ်ရပါတယ်။ အဆင်ပြေရင် အလုပ်ပါရနိုင်တဲ့ အခွင့်အရေးမို့ သေသေချာချာရွေးချယ်ကြရပေမယ့် Professor နဲ့ တိုက်ရိုက်ချိတ်ထားတဲ့ Company တွေဆိုရင်ပိုကောင်းပါတယ်။ ကျွန်တော်တို့ Lab ကကျောင်းသားတွေတော့ ကိုယ့် Research နဲ့ကိုက်တဲ့ Company ကို Professor ကပဲ ရွေးပေးပါတယ်။ ကျွန်တော်နဲ့ ကျောင်းသားတစ်ချို့ကတော့ Sanyo Electronic Industries Co.,Ltd. ကို သွားရောက်ပြီး သုတေသန လုပ်ရပါတယ်။

3.6.2017

13. Industrial Collaboration and Internship Program (၂)

****

Internship program နဲ့ပက်သက်ပြီး ကျွန်တော်တို့ Lab က M.E. ကျောင်းသားတွေရဲ့ အတွေ့အကြုံကိုပြောပြချင်ပါတယ်။ Professor ရဲ့ခွင့်ပြုချက်နဲ့ Application Form တွေ Company ဘက်ကိုပေးပို့ပြီး အနည်းဆုံး နှစ်ပတ်စာရက်ညှိရတယ်။ အပြန်အလှန်ဆွေးနွေးပြီးလို့ အသေးစိတ် Schedule ထွက်လာပြီဆိုတာနဲ့ သက်ဆိုင်ရာ Company ရဲ့ စက်ရုံတွေရှိတဲ့နေရာတွေသွားကြရတယ်။ အများသောအားဖြင့် တက္ကသိုလ်နဲ့နီးတဲ့နေရာတွေ ညမအိပ်ရတဲ့နေရာတွေ ဆိုတော့ ကိုယ့်အိမ်/အဆောင်ကနေ ရထားစီးပြီးသွားကြရတယ်။ စက်ရုံက သက်မှတ်ထားတဲ့ အလုပ်ချိန်အတိုင်း 9:00am-5:00pm အတွင်း သက်မှတ်ပေးထားတဲ့ အလုပ်တွေ လုပ်ကြရတယ်။ အစားအသောက်အတွက် ကိုယ့်အစီအစဉ်နဲ့ကိုယ် ထမင်းဘူးတွေဝယ်သွားရတယ်။ ထမင်းစားချိန်က 12:00-1:00pm အထိပဲဆိုတော့ အပြင်ထွက်စားဖို့အချိန်မရပါဘူး။ တစ်ရက်တာ အလုပ်တွေပြီးပြီဆိုတာနဲ့ ညနေ 4:30 မှာ လုပ်လက်စတွေရပ်ပြီး Wrap-up discussion လုပ်တယ် ဒီနေ့ဘာတွေပြီးတယ် မနက်ဖြန်ဘာဆက်လုပ်ကြမလဲပေါ့။ Professor ကတော့ တစ်ကြိမ်လောက်လာကြည့်တယ် လုပ်နေတဲ့အခြေအနေဘယ်လိုလည်း လာ Check တာပေါ့။

နှစ်ပတ်ပြည့်တဲ့ နောက်ဆုံးရက်မှာတော့ Internship Program မှာ လေ့လာတွေ့ရှိချက်တွေကို တက္ကသိုလ်မှာ Presentation ပေးရမှာမို့ ကျောင်းသားကပြင်ဆင်ရတယ်။ အဲ့ဒီအခါ Company ဘက်ကလည်း ဝိုင်းပြီးကူပေးတယ်။ ပြီးတော့ Professor နဲ့ Final discussion မှာအသေးစိတ်ဆွေးနွေးပြီး Internship Program ကို အဆုံးသတ်လိုက်တယ်။ကျောင်းသား Presentation ပေးရမယ့်ရက်မှာ Company ဘက်က အင်ဂျင်နီယာတွေရော လာတက်ပေးတာတွေ့ရတယ်။
ပြောချင်တာက ကျောင်းသားဟာ တကယ်လုပ်ရတယ်ဆိုတာရယ် အလေးအနက်ထားဆောင်ရွက်တယ်ဆိုတာပါ။ ဒီ နှစ်ပတ်အတွင်း လုပ်ခဲ့တာတွေဟာ အဲ့ဒီကျောင်းသားရဲ့ Study နဲ့တော့ မသက်ဆိုင်ပါဘူး။ ဒါက Company ဘက်က လုပ်နေတဲ့ Research ပါ။ ဒါ့ကြောင့် Internship Program ပြီးတာနဲ့ မိမိရဲ့ Study ကိုဆက်လုပ်ကြရပါတယ်။

ကျွန်တော်တို့ Internship Program သွားခဲ့တဲ့ စက်ရုံကတော့ Okayama စက်မှုဇုံမှာရှိတဲ့ Sanyo Electronic Industries Co.,Ltd မှာပါ။ Product တွေအမျိုးမျိုးထုတ်လုပ်နေတာဖြစ်ပေမယ့်

ဒီစက်ရုံကတော့ Medical and Industrial Equipment တွေထုတ်လုပ်တဲ့ စက်ရုံပါ။ ကျွန်တော်ကဒီ Company နဲ့ လုပ်နေတဲ့ Research collaboration မှာပါဝင်ခွင့်ရထားတော့ စက်ရုံမှာ ၃ပတ် ထိလုပ်ရတယ်။ နောက်တော့ တစ်ပတ် ၂ရက် ၃ရက် စသဖြင့် တစ်နှစ်တိတိ လုပ်ခဲ့ရတယ်။ Experiment design လုပ်လိုက် Experiment လုပ်လိုက် ထွက်လာတဲ့ Data တွေ Analysis လုပ် Professor ၊ စက်ရုံက Engineer တွေနဲ့ ဆွေးနွေးပြီး Device ကို Modify ပြန်လုပ်နဲ့ အတော်လုပ်ရတယ်။ ဒါပေမယ့် အဲ့ဒီ Data တွေက Paper တွေရေးလို့မရသလို ကိုယ့်ရဲ့ ဘွဲ့ရဖို့လုပ်နေတဲ့ Study နဲ့လည်း မဆိုင်ပါဘူး။

Company ရဲ့ Product အဖြစ်နဲ့ ထုတ်လုပ်မှာဖြစ်တဲ့အတွက် အားလုံးကို ထိန်းသိမ်းထားရပါတယ်။ ပင်ပန်းတယ်ဆိုပေမယ့် ကျွန်တော်ကတော့ စိတ်လည်း ဝင်စားသလို ပျော်လည်းပျော်ပါတယ်။ ဘာလို့လည်းဆိုတော့ ကျောင်းတုန်းက သင်ခဲ့ရတဲ့ First Fourier Transform (FFT), Sampling Theorem , Propagation Theory တွေကို လက်တွေ့ အသုံးချခွင့်ရခဲ့တာကြောင့်ပါ။ 20.4.2017 နေ့ကတော့ ကျွန်တော်တို့ လုပ်နေတဲ့ Research ကို ရုပ်သံတစ်ခုက လာရောက်ရိုက်ကူးပြီး ထုတ်လွှင့်ပြသခဲ့ပါတယ်။ ဂျပန်သတင်းစာတွေမှာလည်း သတင်းထဲ့ပါတယ်။ ကိုယ်သင်ခဲ့ရတဲ့ ပညာတွေ တကယ်အသုံးချခွင့်ရပြီး လူသားအကျိုးပြု ပစ္စည်း ထုတ်လုပ်မှုမှာ ပါဝင်ခွင့်ရခဲ့တာကြောင့် အကျေနပ်ကြီး ကျေနပ်နေပါတယ်။ ပြီးတော့ ငါ အင်ဂျင်နီယာ တစ်ယောက်ဖြစ်ပြီ ဆိုတဲ့အတွေးနဲ့ အပျော်ကြီးပျော်နေပါတယ်။ အခုတော့ Company က နောက်ထပ် Project အသစ်တစ်ခု စတင်တော့မှာဖြစ်တဲ့အတွက် ပါဝင်ခွင့်ပေးဖို့ Professor ကိုပြောထားပါတယ်။ အဲ့ဒီကဲ့သို့ Japan နိုင်ငံမှာ University-Industrial Collaboration ဟာ အမှန်တကယ် သက်ဝင်လှုပ်ရှားနေပါကြောင်းတင်ပြလိုက်ရပါတယ်ခင်ဗျာ။

10.6.2017

14. Research Collaboration Programs

****

ကျွန်တော်တို့ Lab, Okayama University ကို မြန်မာတက္ကသိုလ် တစ်ခုဖြစ်တဲ့ TUYCC မှ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၀ဦး Sakura Science Exchange Program နဲ့ February 15-24 မှာလာရောက်ပြီးနောက် National Taiwan Normal University ထိုင်ဝမ်မှ Professorတွေ ဦးဆောင်ပြီး သူတို့ရဲ့ M.E. နဲ့ Ph.D. ကျောင်းသား ၁၀ဦး Research Exchange Program ဖြင့်ထပ်မံရောက်ရှိလာခဲ့ပြီး ၂ရက်တာ Workshop တစ်ခုကို ပြုလုပ်နေပါတယ်။ မြန်မာအဖွဲ့မှာ ယောကျ်ားလေး ဆရာတစ်ယောက်၊ ကျောင်းသားတစ်ယောက် ပါဝင်တဲ့အတွက် ကျား ၂၊ မ ၈ ပါ။ ထိုင်ဝမ်အဖွဲ့မှာတော့ ကျား ၉၊ မ ၁ ပါဝင်ပါတယ်။

ထိုင်ဝမ်တွေရဲ့ English Speaking နဲ့ သူတို့လုပ်နေတဲ့ Research Work တွေကတော့ အားရစရာပါပဲ။ သူတို့ရဲ့ ဓါတ်ပုံမှတ်တမ်းတွေအရ အနောက်နိုင်ငံက Professor တွေက သူတို့ရဲ့ Research Work တွေကို ဦးဆောင်လုပ်ပေးနေတာ တွေ့ရပါတယ်။ သူတို့ အသုံးပြုနေတဲ့ Lab ပစ္စည်းတွေကို ကြည့်ခြင်းအားဖြင့် သူတို့ရဲ့ ပညာရေးအပေါ် ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ မနည်းဘူးဆိုတာကို ခန့်မှန်းလို့ ရနိုင်ပါတယ်။

Workshop on Research Exchange Program ကို Okayama University မှ Funabiki Laboratory(Distributed System Design) နဲ့ National Taiwan Normal University မှ Department of Electrical Engineering တို့ပူးပေါင်းပြီး နှစ်ရက်တာ ကျင်းပခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်များအတိုင်း လက်ရှိလုပ်နေကြတဲ့ သုတေသနတွေ အပြန်အလှန် ဆွေးနွေးအကြံပေးခဲ့ကြပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြတာဖြစ်ပြီး၊ တစ်ဖွဲ့ကို တစ်ဖွဲ့ ယုံကြည်စွာနဲ့ မချွင်းမချန် ဆွေးနွေးအကြံပေးကြတာတွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် Professional Ethics ကို
ဘယ်လောက်တန်ဖိုးထားတယ်ဆိုတာကိုသိနိုင်ပါတယ်။ ပေါင်းလုပ်လို့ရတာကို ပေါင်းလုပ်မယ်၊ သူလုပ်နေတာတွေကို ပုံတူကူးချမယ်ဆိုတာ မျိုးမတွေ့ရပါဘူး။

အချုပ်အားဖြင့်တော့

(၁) ကိုယ်လုပ်နေတဲ့ သုတေသနတွေရဲ့ Research Goal တွေကို ရှင်းရှင်းလင်းလင်း ချမှတ်ထားရမယ်

(၂) သုတေသန မှာ ကိုယ်ပိုင် Contribution တွေရှိရမယ်

(၃) သုတေသနရဲ့ အဓိက ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ Application ကိုလည်း ချိတ်ဆက်ပေးနိုင်ရမယ်

(၄) သုတေသန လုပ်တဲ့အခါမှာ ရိုးသားမှုရှိရမယ်၊ တွေ့ရှိချက်တွေကို ကောင်းကောင်းဆိုးဆိုး အမှန်အတိုင်းတင်ပြရမယ်

(၅)ကိုယ့်ရဲ့ သုတေသန ကို ကိုယ်တိုင်ပဲဖြစ်စေ၊ နောက်လူတွေကဖြစ်စေ ဆက်လုပ်နိုင်ဖို့ Future Work တွေကိုလည်းစဉ်းစားပေးရမယ်

ဆိုတာပါပဲ။ အဲ့ဒီနောက်မှာတော့ Okayama University ရဲ့ နာမည်ကြီး Professor Watanabe ရဲ့ Lab ကိုသွားရောက်လေ့လာခဲ့ကြပါတယ်။

28.2.2018

15. သူတို့ဆီက ပညာရေး

****

ဂျပန်တက္ကသိုလ်တွေမှာ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေ၊ ဒေသတွင်းနိုင်ငံတွေ ဖြစ်တဲ့ တရုတ်၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စတဲ့ နိုင်ငံကကျောင်းသားတွေ များများစားစား ပညာသင်ယူနေကြပါတယ်။ ကျွန်တော်ရဲ့ Lab မှာကို တရုတ်က ၈ယောက်၊ ဘင်္ဂလားဒေ့ရှ်က ၃ယောက်၊အင်ဒိုက ၂ယောက်၊ ကင်ညာကဒ ယောက် ပညာသင်ယူနေကြပါတယ်။ အဲ့ဒီထဲမှာ ဘင်္ဂလားဒေ့ရှ် နဲ့ ကျွန်တော်တို့ကလွဲလို့ အများစုက သူတို့နိုင်ငံ အထောက်အပံ့ ဒါမှမဟုတ်၊ ကိုယ့်စရိတ်နဲ့ ကိုယ် တက်နေတဲ့သူတွေ ရှိပါတယ်။ ဥပမာ ဒေသတွင်းက အင်ဒို၊ မလေး ကျောင်းသားတွေ သူတို့နိုင်ငံက ထောက်ပံ့ကြေးနဲ့တက်နေတဲ့ သူတွေရှိပါတယ်။ ပြီးမှ အနှစ် ၃၀ အရစ်ကျ ပြန်ဆပ်ရတယ်လို့ ဆိုပါတယ်။ ဒါတောင် ဘွဲ့ရခဲ့ရင် အပြည့်ပြန်ပေးစရာမလိုပါဘူးတဲ့။ ပေးတဲ့ ထောက်ပံ့ကြေးကလည်း ကျွန်တော်တို့ကို ဂျပန်အစိုးရကထောက်ပံ့တာထက် ပိုများပါတယ်။

ဒီလို လာတက်တဲ့ ကျောင်းသားတွေဆိုတော့ Lab ထဲမှာ မျက်နှာမငယ်ရပါဘူး။ ကျောင်းသားတွေမပြောနဲ့ Professor တွေကတောင် အလွန် အမင်း ဖိတာ နှိပ်တာတွေမလုပ်ကြပါဘူး။ ဂျပန်ဆီက Scholarship ယူထားတဲ့ သူတွေကတော့ ဂျပန် ကျောင်းသားတွေကတောင် ငါတို့က အလုပ်လုပ်ရတယ် အခွန်ငွေတွေပေးရတယ်၊ အဲ့ဒီပိုက်ဆံတွေနဲ့ မင်းတို့သုံးနေကြတာလို့ပြောတာခံရတတ်ပါတယ်။ ကောင်းတဲ့ ကြင်နာတတ်တဲ့ Professor တွေအများကြီးရှိပေမယ့် Professor တစ်ချို့ကတော့ လုံးဝမျက်နှာသာမပေး ကျောင်းသားတွေကို ဖိတာတွန်းတာတွေ ရှိတတ်ပါတယ်။

အဲ့ဒီလို နိုင်ငံ တကာက ကျောင်းသားတွေနဲ့ ထိတွေ့ ဆက်ဆံ နေရတော့ သူတို့ရဲ့ပညာသင် ကျောင်းသား ကိစ္စတွေကိုလည်း သိခွင့်ရပါတယ်။ သူတို့နိုင်ငံတွေက ပညာရေး လွတ်လပ်ခွင့်ကို အပြည့်အဝ ပေးထားကြပါတယ်။ Passport သက်တမ်းတိုးတာလောက် ဂျပန်မှာရှိတဲ့ သံရုံးနဲ့တင် ပြီးသလို၊ ဆရာ၊ဆရာမ ဝန်ထမ်းဆိုရင် Extension ယူတာလောက်ကို သူတို့ တက္ကသိုလ်ရဲ့ President လောက်နဲ့တင် ပြီးပြတ်ပါတယ်။ အဲ့ဒီအတွက် ဘာမှ ဦးနှောက်အစားမခံရပါဘူး။

နောက်တစ်ခုက ဒီလို ပုံစံ အမျိုးမျိုးနဲ့ ကျောင်းလာတက်ကြတဲ့ခါမှာ တစ်ချို့လည်း ကိုယ့်ရဲ့ Professor နဲ့ချိတ်ဆက်ပြီး သုတေသနတွေကို ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်ကြပါတယ်။ Research Grant တွေ လျှောက်တယ်၊ အတူတကွ ပူးပေါင်းလုပ်ဆောင်ကြတယ်။ ဥပမာ ကျွန်တော့် Lab က ကျောင်းပြီးသွားတဲ့ အင်ဒို ကျောင်းသားက ကျွန်တော့် Professor ရယ်၊ Tokyo နဲ့ Osaka က Professor တွေနဲ့ ချိတ်ဆက်ပြီး IoT (Internet of Things) ခေါင်းစဉ်နဲ့ သုတေသန လုပ်နေကြတာပါ။ ဒီတော့ တစ်နှစ်ကို ၃ခေါက်ထက်မနည်း ဂျပန်ကို လာပါတယ်။ လာတိုင်းလည်း သူ့ရဲ့ လုပ်နေတာတွေကို Lab မှာ Seminar ပေးပြီးရှယ်ပါတယ်။ ပြီးတော့ သူ့ကျောင်းသားတွေကို By name နဲ့ပဲ ဂျပန်တက္ကသိုလ်တွေကိုပို့ပါတယ်။ Professor တွေကလည်း အဲ့ဒီ Project အတွက် ကျောင်းသားတွေကို သူတို့ရဲ့ ကိုယ်ပိုင် Fund ဒါမှမဟုတ်၊ Company ရဲ့ Fund နဲ့ Scholar ပေးခေါ်ပါတယ်။ ဒီတော့ ဒီလူတွေနဲ့ပဲ လုပ်နေတာဖြစ်တဲ့ သုတေသနကို ဒီလူတွေကိုပဲ By Name နဲ့ဖိတ်ပြီးတော့ပဲ လုပ်ရမှာ..အခြားလူက အစားဝင်ပြီးလုပ်လို့မရပါဘူး။

နောက်ပြီး Conference ဆိုတာ Research idea ရဖို့ အရေးကြီးတဲ့ Source တွေထဲက တစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်ချို့ Professor တွေဆိုရင် ကမ္ဘာ့အဆင့် Conference တွေကို ကမ္ဘာ့ဘယ်နေရာမှာပဲ

လုပ်လုပ် လိုက်တက်ပါတယ်။ ပြီးတော့ သူတို့မှာလည်း ဒီField နဲ့ပက်သက်ပြီး Research လုပ်နေတဲ့ ကျောင်းသားတွေရှိနေတယ်၊ သူတို့ကိုယ်တိုင်ကလည်း Editor တွေ Reviewer တွေဖြစ်နေတော့၊ By Name နဲ့ Conference တွေက ဖိတ်ရင်လည်း မပျက်မကွက် တက်ကြပါတယ်။ ဒါမှလည်း လက်ရှိသွားနေတဲ့ သုတေသန လမ်းကြောင်းကို မျက်ခြေမပျက်မှာဖြစ်ပါတယ်။ ကျွန်တော့် Professor ဆိုရင် တစ်နှစ်ကို Conference ကိစ္စ၊ Project ကိစ္စတွေနဲ့ နိုင်ငံခြားကို အနည်းဆုံး ၁၀ခေါက်မက ထွက်ပါတယ်။ အချုပ်အားဖြင့် လွတ်လွတ်လပ်လပ် သင်ယူခွင့်၊ လေ့လာခွင့်၊ နိုင်ငံတကာ ပညာရေးမိသားစုနဲ့ ချိတ်ဆက်ဆောင်ရွက်ခွင့် ပေးမှသာလျှင် အဆင့်အတန်းမှီတဲ့ သုတေသန လုပ်ငန်းများ ဆောင်ရွက်နိုင်မှာဖြစ်ပြီး ပညာရေးအဆင့်အတန်းလည်း မြင့်မားလာမှာ ဖြစ်ကြောင်းပါ ခင်ဗျာ။

22.12.2017

16. အင်ဒိုနီးရှား တက္ကသိုလ်ဆရာပြောတဲ့ သူတို့ အခြေအနေ

****

ရင်နှီးတဲ့ မိတ်ဆွေ သူငယ်ချင်းတွေနဲ့ မကြာခဏ ဆိုသလို ပညာရေးနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာလေးတွေ တီးခေါက်ကြည့်မိတယ်။ စာတွေပေတွေ လိုက်ပြီးဖတ်ရှု လေ့လာသုံးသပ်ဖို့ အချိန်မပေးနိုင်တာကြောင့် လက်ရှိ မြေပြင်အခြေအနေမှာ တကယ်အလုပ်လုပ်နေတဲ့ သူတွေရဲ့ ပကတိအခြေအနေလေးတွေကို မေးကြည့်မိတာပါ။ ဒီတစ်ခါတော့ ဒေသတွင်းက အင်ဒိုနီးရှား နိုင်ငံ Politeknik Elektronika Negeri Surabaya က Lecture ဆရာတစ်ယောက်ကို အလုပ်တာဝန်နဲ့လစာခံစားခွင့် နှင့်ပက်သက်ပြီး ဗဟုသုတအဖြစ်သိချင်တာလေးတွေ မေးကြည့်မိတယ်။

အစိုးရဝန်ထမ်းဖြစ်ဖို့

အင်ဒိုနီးရှားမှာ တက္ကသိုလ် ဆရာတစ်ယောက်ဖြစ်ဖို့ အလွန်ပဲခက်ခဲတယ်လို့ ဆိုပါတယ်။ သူဆိုရင် တက္ကသိုလ်က ခန့်တဲ့ ဝန်ထမ်းအဖြစ် ၆နှစ်လောက် လုပ်ကိုင်ခဲ့ပြီးမှ အစိုးရဝန်ထမ်း ဖြစ်လာတာပါတဲ့။ အစိုးရဝန်ထမ်း အဖြစ်ခန့်လိုက်ပြီဆိုတာနဲ့ ဝန်ထမ်းတိုင်း အထူးမွန်းမံ သင်တန်း ၂လကို တက်ကြရလို့ သူဆိုရင် ဂျပန်မှာ Ph.D. လာတက်နေတာတောင် ခွင့်ယူပြီး သင်တန်းပြန်တက်ခဲ့ရတဲ့ထိ တင်းကြပ်ပါတယ်။ နောင်လာမယ့် အစိုးရဝန်ထမ်းသစ်တွေဆိုရင် ၄လ မဖြစ်မနေ တက်ကြရမယ်လို့ ဆိုတယ်။

အလုပ်တာဝန်နဲ့ လစာခံစားခွင့်

လစာကတော့ Performance-based Salary ဖြစ်ပြီး အခြေခံ လစာက USD 200 လောက်ရတယ် စာသင်ချိန် တစ်ပတ် ၉ချိန်(အနည်းဆုံး မသင်မနေရ) တွက်ရတာရယ်ဆိုတော့ USD 400 လောက်ရပါတယ်တဲ့။ အဲ့ဒီမှာ သူ့ရဲ့ စွမ်းဆောင်ရည်ကို ကြိုက်လို့ အတန်းထပ်ပေးရင် ငွေပိုရတယ်လို့ဆိုပါတယ်။ အဲ့ဒီကနေ နိုင်ငံခြား Ph.D. ဘွဲ့ တို့၊ Research Publications တို့၊ လုပ်သက်နဲ့ လုပ်ငန်းစွမ်းဆောင်ရည် စတဲ့ သက်မှတ်ချက်နဲ့ ကိုက်ညီလို့ရှိရင် Lecture

Certificate (အင်ဒိုဘာသာမှ အနီးစပ်ဆုံး ဘာသာ ပြန်ယူထား) ကို အစိုးရထံ လျှောက်ထားနိုင်ပြီး ရရှိတယ်ဆိုရင်တော့ အခြေခံလစာ ရဲ့ ၂ဆနဲ့ စာသင်ချိန် တစ်ပတ် ၁၂ချိန်(အနည်းဆုံး မသင်မနေရ) ရရှိတယ်လို့ဆိုပါတယ်။ သူ့ရဲ့စွမ်းဆောင်ရည် ကောင်းလို့ အတန်းချိန်ထပ်ရရင်လည်း အခဲ့ဒီအတွက် ခံစားခွင့်ရှိတာမို့ အနည်းဆုံး USD 600 လောက်ရကြတယ်တဲ့။ ရုံးချိန် ကျောင်းချိန်ဖြစ်တဲ့ မနက် ၈-ညနေ ၅ နာရီ ပြီးရင်တော့ ကိုယ်ပိုင် အချိန်မှာ သင်တန်းတွေမှာ စာပြတာတို့ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းလုပ်တာတို့ စတဲ့ အပိုဝင်ငွေရအောင် လုပ်လို့ရတယ်လို့ဆိုပါတယ်။ အခြေခံပညာရေးမှာတော့ ကျူရှင်ဆိုတာမျိုး ရှိတတ်ပြီး သူတာဝန်ထမ်းဆောင်ခဲ့တာရော ကျောင်းတက်ခဲ့တဲ့ သက်တမ်းတလျှောက်မှာရော တက္ကသိုလ်မှာ ကျူရှင်ဆိုတာ မရှိဘူးလို့ ဆိုပါတယ်။

ဝန်ထမ်းအိမ်ယာ ကိစ္စ

ဝန်ထမ်း အိမ်ယာအနေနဲ့ ပေးထားတာမျိုးမရှိဘဲ တစ်လ USD 300 လောက်သွင်းပြီး installment နဲ့ ကိုယ်ပိုင် တိုက်ခန်းကို အလွယ်တကူ ဝယ်ယူရရှိနိုင်တယ်တဲ့။ ဝန်ထမ်းတွေကလည်း ကိုယ့်ဒေသမှာရှိတဲ့ တက္ကသိုလ်မှာပဲ အလုပ်ဝင်ကြလို့ အပြောင်းအရွှေ့တွေလည်း သိပ်မရှိဘူးလို့ ဆိုပါတယ်။ အဲ့ဒါကြောင့် ဝန်ထမ်းအိမ်ယာ အခက်အခဲမရှိဘူးလို့ပြောပါတယ်။ တကယ်လို့ ဂျကာတာလို နေထိုင်စရိတ်မြင့်မားတဲ့ မြို့ကြီးတွေမှာဆိုရင်တော့ အိမ်ထောင်သည်တွေအတွက် ကလေးစရိတ်အပါအဝင် အပိုလစာခံစားခွင့်တွေရှိပါတယ်တဲ့။

ပါမောက္ခရာထူး

ပါမောက္ခရာထူး ရဖို့ကတော့ အလွန်ပဲခက်ခဲပါတယ်တဲ့။ အခု ဂျပန်ကနေ 2010 နဲ့ 2013 က Ph.D. ဘွဲ့ရသွားတဲ့ Lab က Senior တွေတောင် အခုထိ Assistant Professor မဖြစ်ကြသေးပါဘူး။ အခဲ့ဒီအတွက်လည်း သူတို့ အများကြီး ကြိုးစားရဦးမယ်လို့ ဆိုပါတယ်။ ဒါပေမယ့် သူတို့အစိုးရက သုတေသန ရံပုံငွေတွေ ချပေးလို့ Research တွေတော့ စလုပ်နိုင်နေကြတယ်လို့ ဆိုပါတယ်။ အခဲ့ဒီ Senior နှစ်ယောက်ထဲက တစ်ယောက်ကတော့ IoT (Internet of Things) Project ကို လုပ်နေတာဖြစ်ပြီး ဂျပန်ကို ခဏခဏ လာပါတယ်။ လာတိုင်း ကျွန်တော်တို့ Lab မှာ Knowledge Sharing လုပ်လေ့ရှိပါတယ်။ သူလည်း အခုထိတော့ ရာထူးမတိုးသေးပါဘူး။

အာဆီယံ ဒေသတွင်း နိုင်ငံတစ်ခုရဲ့ တက္ကသလိုလ် ဆရာ ဝန်ထမ်းဘဝ မြေပြင်အခြေအနေကို ဗဟုသုတ အလို့ငှာအလွတ်သဘော မေးမြန်းထားခြင်းမျှသာ ဖြစ်ပါတယ် ခင်ဗျာ။
15.7.2018

17. အဆင့်မှီချင်တယ်ဆိုရင်

****

အရင်က Ph.D. (2007)ဘွဲ့ ရတစ်ယောက်ဖြစ်ပေမယ့် ဘယ်နိုင်ငံကိုမှ သွားရောက်လေ့လာခွင့်၊ သင်တန်းများသင်ယူလေ့လာခွင့် မရခဲ့လေတော့ ကိုယ့်တိုင်းပြည်ရဲ့ အပြင်ဘက်ဆိုတာကို သတင်းတွေ ရုပ်ရှင်တွေထဲက ပဲမြင်ခွင့်ရခဲ့တယ်။ ပညာရေး ဝန်ထမ်းတစ်ယောက် ဖြစ်ပေမယ့် နိုင်ငံတကာပညာရေးဆိုတာကို ကိုယ်တိုင်ထိတွေ့ခွင့်မရလေတော့ တပည့်လေးတွေကိုလည်း မျှဝေမပေးနိုင်ခဲ့ဘူး။ ဒေသတွင်းနိုင်ငံတွေမှာ အဆင်းရဲဆုံးထဲပါနေတယ်ဆိုတာတောင် ငပိရည် တို့စရာလေးလောက်နဲ့သာ ခုံမင်တတ်တဲ့ ကျွန်တော့်အတွက်တော့ သိပ်ထူးပြီး ဆင်းရဲနေတယ်လို့မခံစားခဲ့ရဘူး။

ဒီတော့ နိုင်ငံခြားရောက်နေတဲ့ သူတွေ အကြောင်းအမျိုးမျိုးနဲ့ ပြည်တော်ပြန်လာလို့ စကားလက်စုံကျဖြစ်တဲ့အခါတိုင်း သူတို့ပြောစကားတွေ နားထဲတော့ နည်းနည်း ကလော့နေတယ်။ သူငယ်ချင်းတစ်ယောက်ကဆို မင်းတို့အဲ့ဒီမှာနေတဲ့ သူတွေ အလုပ်တွေသိပ်လုပ်နေကြတော့ အီးအီးပါဖို့ သေးပေါက်ဖို့အချိန်ရော ရှိကြသေးရဲ့လားကွာလို့တောင် ထအော်ဖူးတယ်။ ဟုတ်ပါတယ် တကယ်တော့ ကျွန်တော်တို့တွေ အပြင် ကမ္ဘာကြီးနဲ့ အဆက်ဖြတ်ခံထားခဲ့ရတဲ့သူတွေပါ။ အပြင်မှာဘယ်လောက် တိုးတတ်နေပြီ၊ ဘာတွေ လုပ်နေကြပြီဆိုတာကို မြင်ခွင့်တွေ့ခွင့်မရခဲ့လေတော့ သူတို့နိုင်ငံက လူတွေလုပ်နေတာတွေ ဟုတ်မှဟုတ်ပါလေစ အဝိုတွေပါကွာလို့တောင်ထင်မိနေကြတယ်။

ကျွန်တော် Okayama University (OU), Japan ကိုရောက်တော့ ဒီမှာ ကိုယ့်အရင်ရောက်နှင့်နေတာဆိုလို့ ဆေးဘက်က ဆရာဝန်တစ်ယောက်ရယ်၊ EEHE Program နဲ့ရောက်နေတဲ့ ဆရာဆရာမအချို့ရယ် အားလုံးပေါင်းမှ ၆ယောက်လောက်ပဲရှိတယ်။ ကျွန်တော်တို့ရောက်လာပြီး အခုဆိုရင် မြန်မာပညာသင်ကျောင်းသား(ဌာနစုံ) ၃၂ယောက်ရှိတယ်။ ၂၀၁၄-၁၇ အတွင်းမှာအတော်တိုးတက်လာတယ်လို့ဆိုရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့မတိုင်ခင်ကတည်း OUမှာ တရုတ်၊ မလေး၊ ဗီယက်နမ် ကျောင်းသားတွေဆိုတာ အများကြီး။ ကျွန်တော် ဗီယက်နမ် ကျောင်းသားတွေနဲ့ ရင်းနှီးတော့ မင်းတို့ဗီယက်နမ်တွေ ဒီမြို့မှာဘယ်လောက်ရှိသလဲလို့မေးတော့ သုံးထောင်လောက်ရှိတယ်တဲ့...ဟာများလှကြီးလားလို့ဆိုတော့...အထက်တန်းကျောင်းတက်နေတာကိုက ...၄၀၀လောက်ရှိတယ်ဆိုတော့ သဘောပေါက်လိုက်ပြီ။ဒါ Okayama တစ်မြို့ပဲ ရှိသေးတာ အခြားမြို့တွေ နိုင်ငံတွေမှာလည်း ဗီယက်နမ်တွေအများကြီး ပညာသင်ယူ အလုပ်လုပ်နေကြတာ။ Ph.D. ကျောင်းသားဆိုရင် Master ဘယ်ကပြီးလဲမေးလိုက်တာနဲ့ ဥရောပနိုင်ငံတွေရွတ်ပြကြတယ်။

နောက် ဟီရိုရှီးမားမှာ ကင်ညာကျောင်းသားနဲ့တွေ့တော့ မင်းဘာအစီအစဉ်နဲ့လာတာလဲဆိုတော့ ငါတို့အစိုးရက တစ်နှစ်ကို အယောက် ၂၀၀၀ ပညာသင်စေလွှတ်တယ် အစိုးရပိုက်ဆံနဲ့တဲ့။ နောက်မလေးရှား အစိုးရချေးငွေနဲ့ ကျောင်းတက်ကြတယ်။ ကျောင်းပြီးမှ နှစ် ၃၀လောက် အရစ်ကျပြန်ဆပ်ရတယ်တဲ့။ ပြောချင်တာက အဲ့လိုအစုလိုက်အပြုံလိုက် တိုးတတ်တဲ့နိုင်ငံစုံကိုလွှတ်ပြီး ဘက်ပေါင်းစုံကို အဆင့်မြှင်တင်နေကြတယ်။ ကဲဘယ်လို မှီအောင်လိုက်မလဲ ဝါးလုံးခေါင်းထဲလသာ၊ စဉ်းစိုးထဲ ခေါင်းနှစ်ပြီး ကုန်းအော်နေကြရင်ဖြင့်.....ဘယ်နေရာမှ အဆင့်မှီလာမှာမဟုတ်ပါဘူး။ ဒီတော့ ရသလောက်လွှတ်ပေးပါ။ တတ်နိုင်တယ်ဆိုရင် ဘယ်အသက်အရွယ်ရောက်ရောက် ဘာဘွဲ့တွေပဲရထားထား စွမ်းနိုင်တဲ့သူကို ပညာသင်ခွင့်ပေးလိုက်ကြပါ။ စဉ်ဆက်မပြတ်

သင်ယူခွင့် လေ့လာခွင့်တွေ ကိုပိုင်းဝန်းဖန်တီး ကြရအောင်ပါဗျာ။
16.9.2017

18. Knowledge Sharing တွေလုပ်ကြမယ်

****

ယခုနှစ်ပိုင်းအတွင်း Knowledge Sharing တွေလုပ်လာကြတာတွေ့ရတော့ များစွာ ဝမ်းမြောက်ပီတိဖြစ်ရပါတယ်။ မိမိလေ့လာ တတ်မြောက်ထားတာတွေကို အများသူငှာသို့ သိစေလိုခြင်း၊ အကျိုးဖြစ်ထွန်းစေလိုခြင်း၊ မိမိရင်ဆိုင် ကျော်ဖြတ်ခဲ့ရတဲ့ အခက်အခဲ အတွေ့အကြုံတွေကို နောက်လူတွေ အလွယ်တကူ ရင်ဆိုင် ဖြတ်ကျော်နိုင်ရေးအတွက် ကူညီလမ်းပြပေးတယ် ဆိုတဲ့ လုပ်ရပ်ဟာ အင်မတန် မင်္ဂလာရှိတဲ့ လုပ်ရပ်ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်တော့ ဂဏ္ဍာစုံမှာ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်အရေး နဲ့ အသိ ပညာ ဗဟုသုတတွေကို မျှဝေပေးနိုင်ရေးဟာ အလွန်ပဲ အရေးကြီးလှပါတယ်။ အထူးသဖြင့် ပညာရေး ရပ်ဝန်းမှာ ကျွမ်းကျင်ပညာရှင်များအပြင် ဆရာဆရာမ အချင်းချင်း၊ ကျောင်းသူ ကျောင်းသား အချင်းချင်း ကြားမှာပင် အသိပညာများ မျှဝေဖလှယ်နိုင်ကြမယ် ဆိုရင်တော့ ပညာရေးအရည်အသွေးကို မြှင့်တင်ဖို့အတွက် များစွာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ဒီနေရာမှာ ကိုယ်တွေ့ဖြစ်စဉ်လေး တစ်ခုပြောပြချင်ပါတယ်။ ၂၀၀၂-၀၃ မှာ B.E. ဘွဲ့ရပြီး... ထိုအချိန်က မန္တလေး အစိုးရ နည်းပညာကောလိပ်မှာ ကျွန်တော် တာဝန်ကျခဲ့ပါတယ်။
ကျောင်းဆရာ ဖြစ်ခါစလည်းဖြစ်၊ သင်ရမယ့် ဘာသာရပ်ကလည်း Video Technology ဆိုတော့ ကျောင်းတုန်းကလည်း သင်ခဲ့ရတာမဟုတ်လေတော့ အတော်ဒုက္ခများခဲ့ရတယ်။ သို့သော် တာဝန်ကျတဲ့ EC ဌာနမှာရှိတဲ့ AGTI ခေတ်က ဆရာကြီး ဦးအောင်ဝင်တို့၊ ဦးကျော်ဝင်းတို့က အပြင်မှာ TV ပြင်ဆိုင်တွေ ဖွင့်ထားလေတော့၊ စနစ်တွေအကြောင်း လက်တွေ့နဲ့ယှဉ်ပြီး ကောင်းကောင်းသိတယ်။ အဲ့ဒီဆရာ နှစ်ယောက်က TV နဲ့ ပက်သက်ပြီး မေးသမျှ အကုန်ဖြေပေးတယ် ကူညီပြသပေးတယ်။ လက်တွေ့လုပ်ချင်တာလေးတွေလည်း ကူလုပ်ပေးတယ်။ ဆရာမကြီး ဒေါ်ခင်ဝင်း(မာမီ) ကလည်းသူမှာရှိသမျှ မြန်မာလို ရေးထားသမျှ တီဗီ/ဗီဒီယိုနဲ့ဆိုင်တဲ့ စာအုပ်တွေ အကုန်ပေးတယ်။အဲ့ဒီလို ဝိုင်းဝန်း ပံ့ပိုးပေးလိုက်လို့ သင်ကြားရေး စင်မြင့်ထက်ကို ယုံကြည်မှု ရှိရှိ တက်ရောက်သင်ကြားပေးနိုင်ခဲ့သလို တပည့်လေးတွေအတွက်လည်း အကျိုးများစေခဲ့ပါတယ်။ ဒါဟာ ဌာနတွင်း ဆရာဆရာမ အချင်းချင်း Capacity Building လုပ်ခဲ့တဲ့ အတွေ့အကြုံကောင်းတစ်ခုပါ။

ဒါပေသည့် မေးခွန်း ပုဒ်စာလေးတွေရဲ့ အဖြေကို ကိုင်ထားနိုင်ရင် ဆရာကြီးဖြစ်တယ်၊ ကိုယ်ပဲလုပ်တတ်ပြီး ဘယ်သူမှမလုပ်တတ်မှ လူပုံအလည် ဆရာကြီး အတင်ခံရမယ်ဆို ပြီး သိသမျှ ကျစ်ကျစ်ပါအောင် ဖက်တွယ် ဆုပ်ကိုင်ရင်း ကိုယ်ကျိုးစီးပွားအတွက် အသုံးချခဲ့တဲ့ သူတွေလည်း များစွာ ရှိနေခဲ့ပါတယ်။ ယခုလည်းရှိနေနိုင်ပါတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ ဒီဘက် ခေတ်မှာတော့ Internet အသုံးချမှုနဲ့အတူ သင်ယူနိုင်မှု အခွင့်အလမ်း ဟာလည်း တဖြည်းဖြည်း ဘောင်ကျယ်လာခဲ့ပါတယ်။လေ့လာရင် လေ့လာသလောက်ရနိုင်တဲ့ ခေတ်ဘက်ကို ဦးတည်လာနေပါပြီ။

သို့သော် တချို့အတွေ့အကြုံများ၊ ပညာရပ်များကတော့ ကိုယ်တိုင် လေ့လာသင်ယူ ခဲ့သူဆီမှ တဆင့် ပြ
ပြန်လည်ရယူရတာတွေရှိပါတယ်။ တကယ်တော့ ပညာသင်ကြားခြင်းဆိုတာကို က အတွေ့အကြုံ
လက်ဆင့် ကမ်းခြင်းပါလို့ ဆိုခဲ့လေတော့ ယခုလို Knowledge Sharing လုပ်နေကြတာဟာ
ပညာသင်ကြားခြင်းအတွက် တိုးတက်မှုလို့ ဆိုနိုင်ပါတယ်။ ထိုသို့လုပ်ဆောင်ကြရာမှာ
တက်ရောက်နားထောင်သူတွေရဲ့ အကျိုးကို ရှေ့ရှု့ပြီး မှန်ကန်တိကျတဲ့
သတင်းအချက်အလက်များဖြစ်ရေး၊ ကိုယ်ပိုင်အတွေ့အကြုံ လေ့လာတွေ့ရှိချက်များ ဖြစ်ရေးအတွက်
အရေးကြီးသလို၊ တစ်ဖက်မှာလည်း ကိုယ်ရည်သွေးခြင်းနဲ့ ကိုယ်ကျိုးစီးပွားနဲ့ယှဉ်တဲ့
စီးပွားရေးကြော်ငြာများကဲ့သို့ မဖြစ်ရေးကတော့ Knowledge Sharing လုပ်တဲ့သူအနေနဲ့
အထူးသတိပြုရမယ့် အချက်များ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

အသိပညာ အတတ်ပညာများ ပြန်လည်မျှဝေနိုင်ကြပါစေ။
27.8.2018

အပိုင်း (၂)

သုတေသန စာတမ်းရေးသားခြင်းနှင့် ဖတ်ကြားခြင်း

19. Literature Review or Research Paper Reading ဆိုသည်မှာ

****

Ph.D. & Master တွေလို Researcher တွေအတွက် Literature Review or Paper reading ဆိုတာသိပ်ကို အရေးကြီးပါတယ်...အဲ့ဒီ အလေ့အကျင့်ကိုကျပန်တက္ကသိုလ်တွေမှာ ကောင်းကောင်းလေ့ကျင့်ပေးနေပါတယ်။

အဲ့ဒီလို Related Paper တွေကို ဖတ်တယ်ဆိုတဲ့နေရာမှာ Author တွေရဲ့တွေ့ရှိတင်ပြချက်ကို ပိုင်းပိုင်းခြားခြားနားလည်ဖို့လိုအပ်တယ်...ဘာသာပြန်ယုံ အပေါ်ယံသက်သက် မရပါဘူး....အထူးသဖြင့်

၁။ Problem statements ကဘာလဲ?
၂။ Contributions ကဘာလဲ?
၃။ ဘယ် Method ကိုသုံးပြီး ဖြေရှင်းထားသလဲ?
၄။ အဲ့ဒီ Method နဲ့ သူတို့ချဉ်းကပ်ပုံရဲ့ အားနည်းချက်/အားသာချက်တွေက ဘာလဲ?
၅။ ဘယ်လို Evaluate လုပ်ထားသလဲ?
၆။ ဘယ်လို Verify လုပ်ထားသလဲ?
၇။ Story ကိုဘယ်ရှု့ထောင့်က တင်ပြထားသလဲ?
.....
.....
.....
...စတဲ့အချက်တွေကို အသေးစိတ် Analysis လုပ်ပြီး မှတ်သား အတုယူပြီး...နောက်ဆုံး ကိုယ်လုပ်နေတာနဲ့ ဘာကွာနေလဲ....ကိုယ့်ရဲ့ Research လမ်းကြောင်းက ရှေ့ကို ဘယ်လိုဆက်သွားသင့်သလဲ ဆိုတဲ့ Research Idea ကိုပါ ဆွဲထုတ်ရပါတယ်။

အခုဂျပန်မှာ Ph.D. ကျောင်းသားတိုင်း ခုနစ်အတွင်းမှာ Related Papers (Journal + Conference) ကို တစ်ရာကျော်အနည်းဆုံးဖတ်ရတယ်...ကိုယ့် Research နဲ့ ဆိုင်တဲ့ အကောင်းဆုံးနဲ့ Latest အဖြစ်ဆုံး Related Paper တွေကို Semester တစ်ခုမှာ အနည်းဆုံး ခုကြိမ်...Professorနဲ့ Lab Members တွေရှေ့မှာ Power Point နဲ့ Conference မှာဖတ်သလို ကျကျနန Presentation ပေးရတယ်...မေးသမျှလည်းဖြေရတယ်..ဒီတော့ Citation တွေပါ မွှေဖတ်ပြီး Note ထုတ်ထားရတယ်။ Professor ကလည်း သေချာနားထောင်ပြီး အသေးစိတ်မေးတယ်။ ဒီနည်းအားဖြင့် ကျောင်းသားရဲ့ နားလည်နိုင်စွမ်းဟာ ဘယ်အတိုင်း အတာထိရှိတယ်ဆိုတာကို သိနိုင်သလို၊ Presentation Skill ပါလေ့ကျင့်ပြီးသားဖြစ်သွားတယ်။

အဲ့ဒီလိုဖတ်ပါများလာလို့ Paper Survey လုပ်တတ်လာပြီဆိုရင်...Paper Writing လုပ်တဲ့အခါမှာအများကြီး အထောက်အကူပြုပါတယ်။ ဆိုကြပါစို့ ကိုယ့်မှာရှိတဲ့ Data ကို Paper တစ်စောင်ဖြစ်အောင်ဘယ်လို ရေးမလဲ?...စိတ်ဝင်စားစရာကောင်းအောင် ခေါင်းစဉ်ကို ဘယ်လိုပေးမလဲ?...ဘယ်လို Contents တွေနဲ့ Story ချပြီးပေါ်လွင်အောင်ရေးမလဲ? ဆိုတာတွေကို စဉ်းစားရကြောင်းပါခင်ဗျာ။

(မှတ်ချက်။ ။ မိမိအတွေ့အကြုံပေါ်အခြေခံရေးသားထားသည့်အတွက် လိုအပ်သည်များကို ထောက်ပြပြောဆိုဖြည့်စွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
20.9.2017

20. Research Paper ဘယ်လိုရေး

****

တက္ကသိုလ် နဲ့ Research ဆိုတာ ခွဲခြားလို့ရကောင်းတဲ့အရာမဟုတ်ပါဘူး။ တက္ကသိုလ်ရှိရင် Research ရှိရပါမယ်။ Research ရှိရင် အဲ့ဒီ Research တွေရဲ့ တွေ့ရှိချက်တွေ အကြောင်းကို နိုင်ငံတကာက သိအောင်၊ အသုံးချလို့ရအောင် Research Paper တွေရေးသားပြီး နိုင်ငံတကာ ဂျာနယ်တွေမှာ Publish လုပ်ကြရမှာပါ။ အဲ့ဒီလို ကမ္ဘာပညာရပ် ရပ်ဝန်းက အသိအမှတ်ပြုထားတဲ့ ဂျာနယ်တွေမှာ ဖော်ပြနိုင်ရေးသည် Researcher တိုင်းရဲ့ အိပ်မက်ဖြစ်သလို တက္ကသိုလ် တစ်ခုရဲ့ အဆင့်အတန်းကို ညွှန်ပြတဲ့ ညွှန်းကိန်းတွေထဲက တစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒီလို Research Paper ရေးသားခြင်းနဲ့ ပက်သက်ပြီး ဂျပန်နိုင်ငံ Okayama University ရဲ့ Department of Electrical and Communication Engineering ဌာနမှာ လုပ်ခဲ့ရတဲ့ ကျွန်တော့် အတွေ့အကြုံလေးများကို ပြန်လည်မျှဝေချင်ပါတယ်။

ဘယ်သူတွေရေးကြသလဲ

အထူးသဖြင့် Research Paper ကို တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသားတွေကနေ M.E. နဲ့ Ph.D. ကျောင်းသားတွေ မဖြစ်မနေရေးကြရတာပါ။ ဒါ့အပြင် တက္ကသိုလ်ရဲ့ အဓိက မောင်းနှင်အားတွေ ဖြစ်တဲ့ ဆရာ/ဆရာမတွေ အပြင် သုတေသန နယ်ပါယ်က Researcher တွေရေးကြပါတယ်။

Paper ရေးဖို့ ဘာတွေလိုအပ်သလဲ

တကယ်တော့ Research Paper တစ်စောင်ရေးဖို့ဆိုတာ လုပ်နေတဲ့ Research ရှိနေဖို့က ပထမဖြစ်ပါတယ်။ နောက်တော့မှ အဲ့ဒီ Research ကရလာတဲ့ မိမိရဲ့ ကိုယ်ပိုင် ဖော်ထုတ်တွေ့ရှိချက် (New Finding) တွေကို စာအဖြစ်စီကုံးရေးဖွဲ့ တင်ပြရ ခြင်းပါ။ ဒီတော့ Paper ရေးတဲ့အခါမှာ ပထမဆုံးအနေနဲ့ အကြောင်းအရာပိုင်းဆိုင်ရာ အသားပေးတင်ပြပုံတွေ (ဥပမာ တွေ့ရှိချက်ကို ဘယ်ရှု့ထောင့်က တင်ပြမှာလဲ)၊ စလယ်ဆုံး ဖွဲ့စည်းပုံ (Structure) ကို သေသေချာချာ ကျကျနန အရှေ့အနောက် ဆီလျော်အောင် ဘယ်လိုချမလဲ ဆိုတာကို အရင်စဉ်းစားရပါတယ်။ စာဖတ်တဲ့သူတွေ စိတ်ဝင်စားမယ့် Story မျိုးဖြစ်အောင် ရေးဖွဲ့ရပါတယ်။ သို့ပေမယ့် Paper တစ်စောင်ကို စလယ်ဆုံး အစဉ်တိုင်း

အချောရေးဖို့ဆိုတာ အတော်မလွယ်တဲ့ကိစ္စပါ။

ဘာတွေ ကြိုရေးထားရမလဲ

Research တစ်ခုစလုပ်ပြီဆိုကတည်းက ကိုယ်လုပ်တဲ့ Research ရဲ့ ရည်ရွယ်ချက် ကို ဘယ်လို ရောက်အောင် သွားမလဲဆိုတဲ့ Methods တွေကို အရင်စဉ်းစားရတာပါပဲ။ အဲ့ဒီလို စဉ်းစားတဲ့နေရာမှာ ကျွမ်းကျင်ပညာရပ်နယ်က ကိုယ့်ရဲ့ Research နဲ့သက်ဆိုင်တဲ့ Researcher တွေ ဘာတွေလုပ်ခဲ့ကြသလဲ။ ဘာတွေလုပ်နေကြသလဲ။ ကိုယ့်ရဲ့ Research နဲ့ ဘယ်လို ချိတ်ဆက်မှုရှိသလဲ ဆိုတာကိုတော့ မဖြစ်မနေလေ့လာကြရမှာဖြစ်ပါတယ်။ အဲ့ဒီလို လေ့လာဖို့အတွက် Literature Review လုပ်ရင်း ကိုယ့်ရဲ့ Method ၊ ကိုယ့်ရဲ့ Approach နဲ့ သက်ဆိုင်တာတွေကို Note ထုတ်ထားဖို့လိုပါတယ်။ နောင်မှာ Related Works or Literature Review ဆိုတဲ့ ခေါင်းစဉ်နဲ့ဖြစ်ဖြစ် ၊ Introduction အပိုင်းမှာဖြစ်ဖြစ် ထည့်သွင်းရေးသားဖို့အထောက်အကူပြုမှာပါ။

နောက်ပြီး ကိုယ့်ရဲ့ Methods တွေရဲ့ အဆင့်တိုင်းကို ရှင်းရှင်းလင်းလင်း ချရေးထားဖို့လိုပါတယ်။ အကယ်၍ Experiment တွေလုပ်ရတယ်ဆိုရင်လည်း Experiment နဲ့ဆိုင်တဲ့ အချက်အလက်တွေ ဥပမာ Experiment Design တွေ၊ Experiment Setup အဆင့်ဆင့်၊ Device တွေရဲ့ Specifications တွေ၊ နောက်ဆုံး Experiment အပေါ်မှာ သက်ရောက်မှုရှိနိုင်တဲ့ အချိန်နာရီ၊ နေ့ရက်နဲ့ ပတ်ဝန်းကျင်အခြေအနေကအစ မှတ်တမ်းရေးသားထားဖို့လိုပြီး Research Paper ရဲ့ Methods အပိုင်းမှာ ထည့်သွင်းရေးသားရာမှာ အထောက်အကူပြုမှာဖြစ်ပါတယ်။

အဲ့ဒီနောက်မှာတော့ Simulation Results တွေ၊ Experiment Results တွေရလာပြီဆိုရင်၊ အဲ့ဒီ Result Data တွေကရလာတဲ့ ကိုယ့်ရဲ့ New Finding တွေကို ဘယ်လို ထင်သာမြင်သာရှိအောင်ပြမှာလဲ ဆိုတာအရေးကြီးပါတယ်။ ဒီတော့ ထွက်လာတဲ့ Result တွေ အဆိုးအကောင်း အကျိုးအကြောင်းကို Evaluation လုပ်ဖို့အတွက် ဘယ် Metrics တွေကိုသုံးပြီးပြမလဲဆိုတာစဉ်းစားရပါတယ်။အဲ့ဒီလို Evaluation လုပ်ပြီးပြီဆိုရင် ကောင်းရင်လည်း ဘာ့ကြောင့်ကောင်းတယ်၊ ဆိုးရင်လည်း ဘာ့ကြောင့်ဆိုးရတယ်ဆိုတာကို Literature နဲ့ချိန်ထိုးသုံးသပ်ပြရပါတယ်။ အဲ့ဒီလို သုံးသပ်ချက်တွေကို အသေးစိတ် မှတ်တမ်းတင်ရေးသားထားဖို့လိုအပ်ပြီး Result ၊Evaluation နဲ့ Discussion ပိုင်းတွေမှာ ထည့်သွင်းရေးသားဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်။

ဘယ်ကစရေးမလဲ

စောစောက တင်ပြခဲ့သလို Method အပိုင်းတွေ၊ Result Evaluation နဲ့ Discussion ပိုင်းတွေကို Professor နဲ့ အကြိတ်အနယ် ဆွေးနွေး ပြီးလို့ Professor ရဲ့ ကျေနပ်မှု ရပြီဆိုတော့မှ Professor က Paper စရေးဖို့ ပြောပါတယ်။ အဲ့လို ပြောလိုက်တာနဲ့ ပထမဆုံး စဉ်းစားရတာက Title၊ Abstract နဲ့ Contents ပါပဲ။ ဘာလို့လဲဆိုရင် ကိုယ့်ရဲ့တွေ့ရှိချက်ကို စာဖတ်သူတွေ စိတ်ဝင်စားအောင် Story ချဖို့ သိပ်အရေးကြီးပါတယ်။ Research Paper ရေးရခြင်းရဲ့ အရေးကြီးတဲ့ ရည်ရွယ်ချက်တွေထဲက တစ်ခုဟာ စာဖတ်သူအတွက် ဆိုတာပါပဲ။ ဒါ့ကြောင့် Title၊ Abstract နဲ့ Contents ကို Professor နဲ့ အကြိမ်ကြိမ်ပြင်ရပါတယ်။ Paperရေးနေတဲ့အချိန်မှာလည်း အဲ့ဒီအကြောင်းကို အမြဲစဉ်းစားနေရပါတယ်။ တင်ပြပုံ Presentation ဟာ သိပ်ကိုအရေးကြီးပါတယ်။ တင်ပြပုံ အရည်အသွေး မပြည့်မီခဲ့ရင်

ကိုယ်လုပ်ထားသလောက် အကျိုးမဖြစ်နိုင်သလို ကိုယ့်ရဲ့ Research ဟာ ကမ္ဘာမှာအကောင်းဆုံးတို့၊ ပထမဦးဆုံးတို့လို Over-statement တွေဟာလည်း လုပ်ထားသမျှ အကျိုးနည်းစေပါတယ်။ ဒါ့ကြောင့် တင်ပြပုံဟာ ချိန်သားကိုက်ဖို့အရေးကြီးသလို၊ Logical Order ကျဖို့ လည်းသိပ်ကို အခရာကျနေပြန်ပါတယ်။

Paper စတင်ရေးသား

အထက်မှာတင်ပြခဲ့သလို Title၊ Abstract နဲ့ Contents တွေစိတ်တိုင်းကျပြီ Professor ကလည်း ခွင့်ပြုပြီဆိုတာနဲ့ Paper ကိုစတင်ရေးပါတော့တယ်။ အဲ့လိုရေးတဲ့နေရာမှာ

1. Methods
2. Results
3. Discussion အပိုင်းတွေက အကြမ်းရေးသားပြီးဖြစ်လို့ Title နဲ့ Abstract နဲ့ ကိုက်ညီအောင်ပြန်ညှိ ပြန်ချောပါတယ်။နောက်တော့
4. Introduction အပိုင်းကို Title၊ Abstract ပေါ်မှာတည်ပြီးရေးပါတယ်။ Related Paperတွေ ကို Citation ပေးပြီး အားဖြည့်ပါတယ်။ လိုအပ်ရင် Section ခွဲပြီး သီးသန့်ရေးပါတယ်။
5. Conclusions ကိုတော့နောက်ဆုံးမှရေးပါတယ်။

အဲ့ဒီလိုရေးပြီးပြီဆိုရင်တော့ First draft ရပါပြီ။ ထပ်ပြီး အစအဆုံးဖတ် ပြန်ချော ၊ပြန်ပြင်နဲ့ စိတ်တိုင်းကျပြီဆိုရင် Lab member တွေကို Proofreading လုပ်ပေးဖို့ ပြောရပါတယ်။ အဲ့ဒီလို ပြင်ရင်းပြင်ရင်း Grammer Check၊ Spelling Check လုပ်ပြီးပြီဆိုတော့မှ Professor ဆီကို emailနဲ့ ပို့ရပါတယ်။ Professor ကပြင်လိုက် မေးလိုက် Modify လုပ်လိုက်နဲ့ စိတ်တိုင်းကျ ချောပြီးလို့ ခွင့်ပြုချက်ရပြီဆိုရင်တော့ ကိုယ်ရည်ရွယ်ထားတဲ့ ဂျာနယ်ကို Submit လုပ်လို့ရပါပြီ။

တကယ်တော့ Research Paper တစ်စောင်ရေးဖို့အတွက် Related Paper ပေါင်း များစွာဖတ်ပြီး စုတုပြုလုပ်ထားဖို့လိုအပ်သလို၊ Research Paper Writing နဲ့သက်ဆိုင်တဲ့ စာအုပ်တွေကိုလည်း ကျကျနန လေ့လာထားဖို့အရေးကြီးပါတယ်။ ဥပမာအနေနဲ့ကျွန်တော်ဖတ်တဲ့ စာအုပ်ကတော့

English for Writing Research Papers, Second Edition, Authors: Wallwork, Adrian

ဖြစ်ပါတယ်။

ယခုတင်ပြခဲ့သမျှတွေကတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတွေ့အကြုံမျှသာဖြစ်ပြီး လိုအပ်ချက်များကို ထပ်မံ ကူညီအားဖြည့်ပေးကြပါလို့လေးစားစွာ မေတ္တာရပ်ခံပါရစေ။

23.01.2018

21. Title နဲ့ Abstract ရေးတဲ့အခါ

****

ယနေ့ခေတ် B.E. ဘွဲ့အတွက် နောက်ဆုံးနှစ် ကျောင်းသားတွေအနေနဲ့ Graduation Thesis တွေရေးကြရမှာ ဖြစ်သလို M.E. နဲ့ Ph.D. ကျောင်းသားတွေအတွက်လည်း Research paper တွေ၊ Thesis တွေကိုရေးကြရမှာပါ။ အဲ့ဒီလိုရေးဖို့အတွက် ပထမအဆင့်ကတော့ သုတေသန တစ်ခုခုလုပ်ပြီး ကိုယ့်ရဲ့ ကိုယ်ပိုင် Contribution ကိုချပြရမှာပါ။ ဒီနေရာမှာ ကိုယ့်ရဲ့ Contribution ဟာ နည်းခြင်းများခြင်းထက် ကိုယ်ပိုင် Idea က ဆင်းသက်လာတဲ့ ကိုယ်ပိုင် Contribution ဖြစ်ဖို့က ပိုအရေးကြီးပါတယ်။ အဲ့ဒီ သုတေသန လုပ်တဲ့ ပထမအဆင့်ကိုကျော်ဖြတ်လာလို့ စတင်ရေးသားကြလို့ပဲဖြစ်ဖြစ်၊ မလုပ်ခင်မှာ Proposal အနေနဲ့ တင်ပြဆွေးနွေးရတာပဲ ဖြစ်ဖြစ် Title နဲ့ Abstract ကိုတော့ ကျောင်းသားတွေ စတင်ရေးသားကြရပါတယ်။ ဒီတော့ Title ကို ဘယ်လိုပေးမလဲ? Abstract ကိုဘယ်လိုရေးကြမလဲ? ဆိုတာ စတင်စဉ်းစားကြရပါတော့တယ်။

Title ဘယ်လိုပေး

Paper ပဲ ဖြစ်ဖြစ်၊ Thesis ပဲဖြစ်ဖြစ် Title ဟာသိပ်အရေးကြီးပါတယ်။ Title ကိုကြည့်ပြီး ကိုယ်လုပ်ထားတဲ့ သုတေသန နဲ့ ကိုယ့်ရဲ့ Contribution ၊ ကိုယ့်ရဲ့အားထုတ်မှုကို အကြမ်းဖြင်း သုံးသပ်ကြတာပါ။ ဒီတော့ Title ဟာ ရှေ့ကလူတွေလုပ်ထားတာတွေကို Internet ကနေ Copy ယူပြီးပေးတာမျိုးလုံးဝ မလုပ်သင့်သလို၊ ကိုယ့်ရဲ့ သုတေသန နယ်ပါယ်ထဲကလူတွေ နားလည်လွယ်တဲ့ စိတ်ဝင်စားစရာကောင်းတဲ့၊ ကိုယ့်ရဲ့ အားထုတ်ကြိုးပမ်းမှုကိုလည်း ပေါ် လွင်စေတဲ့ Title မျိုးဖြစ်ရပါမယ်။ နောက်တစ်ခုက Googling လုပ်တဲ့အခါမှာလည်း အလွယ်တကူ ရှာဖွေနိုင်တဲ့ ခေါင်းစဉ်မျိုးဖြစ်ရပါမယ်။ ဘာလို့လဲဆိုတော့ လူတိုင်းဟာ သူတို့သိချင်တဲ့ အကြောင်းအရာတွေကို ရှာဖွေတဲ့အခါမှာ ခေါင်းစဉ်အကြမ်းဖြင်း ကိုသာ Google မှာ ရိုက်ပြီးရှာတတ်ကြတာပါ။ ကိုယ်ရေးသားရတဲ့ ရည်ရွယ်ချက်ကိုကလည်း လူတွေက စိတ်ဝင်စားပြီးဖတ်စေချင်တာကိုး။ ဒါမှလည်း IEEE explore တို့လို Paper တစ်စောင် USD 30 ကျော်နဲ့ရောင်းနေတဲ့နေရာတွေမှာ ဝယ်ဖတ်ကြမှာပါ။ နောက်တစ်ခု ကျစ်ကျစ်လစ်လစ်နဲ့ ထိထိမိမိဖြစ်ဖို့လိုတဲ့အတွက် Keywords တွေကို အဓိက Highlight လုပ်ပြီး Title ပေးဖို့အရေးကြီးပါတယ်။ Complete Sentence ကြီးအဖြစ်ရေးစရာမလိုပဲ ဖတ်လို့လွယ်အောင် Grammar လည်းမှန်ကန်အောင်ရေးရပါမယ်။ တိုတိုတုတ်တုတ် ရေးရမယ်ဆိုပေမယ့် ရုပ်ရှင် ဇာတ်ကားနာမည်လို Deception(ဥပါယ်တံမျဉ်) လို Wireless ဆိုပြီးတော့လည်း တုံးတိတိ ပေးလို့မရပါဘူး။ ဒါကြောင့် ကိုယ့် Field ထဲက paper တွေ၊ Thesis တွေ ဘယ်လို Title ပေးကြသလဲဆိုတာ လေ့လာပြီး ကိုယ်ပိုင် Title (ခေါင်းစဉ်) ကိုဖန်တီးကြရမှာပါ။

Abstract ဘယ်လိုရေး

Abstract ဆိုတာ ကိုယ်ရေးတဲ့ Paper ဒါမှမဟုတ် Thesis တစ်ခုလုံးရဲ့ Summary အနှစ်ချုပ်ပါပဲ။ အနှစ်ချုပ်ဆိုမှတော့ အနှစ်သာရတွေကိုပဲ စုစည်းပြီး အကျဉ်းချုပ်ရေးရတာပါ။ ဒါ့ကြောင့် တစ်ချို့က Minipaper တို့ Mini Thesis လို့ဆိုကြတယ်။ ဒါပေမယ့် Abstract ဆိုတာ Introduction

လုံးဝမဟုတ်ဘူးဆိုတာကိုတော့ အထူး သတိပြုရမယ့်အချက်ဖြစ်ပါတယ်။ နောက်ပြီး စာဖတ်ပရိတ်သတ်တွေက Title ပြီးရင် Abstract ကိုတန်းဖတ်ကြတယ် ဒါ့ကြောင့်လည်း ပိုက်ဆံနဲ့ရောင်းတဲ့ Site တွေမှာ Title နဲ့ Abstract ပဲတင်ပေးထားတယ်။ ပြောရရင် အမြည်းပေးထားတဲ့ သဘောပေါ့။ ဒီတော့ Abstract ဟာ ရုပ်ရှင် Trailer နဲ့တူပြန်တယ်။ Trailer ကောင်းရင် လူတွေ စိတ်ဝင်စားတယ်...ရုပ်ရှင်အစအဆုံးကို ကြည့်ချင်စိတ်ပေါက်လာအောင်ဆွဲဆောင်ရသလို Abstract ဖတ်ပြီး Paper တစ်စောင်လုံး၊ Thesis တစ်အုပ်လုံးကို ဖတ်ချင်စိတ် ပေါက်လာအောင် ဆွဲဆောင်မှုရှိရမယ်။ ဒါပေမယ့် Over-statement တွေမဖြစ်ဖို့တော့သိပ်အရေးကြီးတယ်။

ဒီတော့ ဘယ်လိုစရေးမလဲ ဆိုတော့ ရုပ်ရှင် Trailer လိုပဲ ဇာတ်ကားရဲ့ နောက်ခံအခြေအနေ Background ပါရမယ်။ဆိုကြပါဆို့ Trailer စကတည်းက သတ်နေကြရင် ဘယ်သူမှ နားလည်မှာမဟုတ်ဘူး။ ဥပမာ ဥပါယ်တံမျဉ်မှာကြည့် Trailer စတော့ ဇာတ်ကောင်လေးယောက်ရဲ့ နောက်ခံအခြေအနေလေး စပြတယ်။ အဲ့ဒါ Background ပဲ။ အသေးစိတ်ပြနေစရာမလိုပဲ တိုတိုတုတ်တုတ် နားလည်ရင်တော်ပြီ။ စာနဲ့ရေးရင် စာလုံးရေ ကန့်သတ်ချက်ပေါ်ကြည့်ပြီး တစ်ကြောင်းနှစ်ကြောင်းပေါ့။ အဲ့ဒီမှာ..နောက်တစ်ကွက်ကြတော့ သူတို့ရဲ့ ပြဿနာ စပုံလေးပြတယ်။ ဒီလိုပဲ Abstract မှာလည်း လက်ရှိ သုံးနေကြတဲ့ နည်းပညာမှာ ဘယ်ဟာက Problem လဲ ဘယ်ဟာက အားနည်းချက်လဲ ဆိုတာ ချပြရမယ်။ ဒါမှ စာဖတ်ပရိတ်သတ်က အော်...ဒီလို Problem ဆိုတာနားလည်သွားမယ်။ အဲ့ဒီတော့မှာ ကိုယ်ဖြေရှင်းမယ့် Method တို့ Proposal တို့ကို ချပြရတယ်။ ပြီးတော့မှ အဲ့ဒီ Proposal ဟာ ဘယ်လို Effectiveness ဖြစ်တယ် ဆိုတာချပြရတယ်။ ဒီနေရာမှာတော့ ရုပ်ရှင် Trailer နဲ့ ကွာသွားပြီ။ ရုပ်ရှင်ထွေလာမှာက အဲ့ဒီ Proposed Method ရဲ့ Result ကိုချပြလိုက်လို့ကတော့ ဘယ်သူမှလာကြည့်မှာမဟုတ်တော့ဘူး။ သူက ပရိတ်သတ် စိတ်ဝင်စားအောင် ဇာတ်ကို ဝှက်ထားရတာ။ Abstract မှာကြတော့ Proposed Method ကထွက်လာတဲ့ Result တွေဟာ Effective ဖြစ်တယ်ဆိုတာကိုချမပြရင် ဘယ်သူမှ ဖတ်မှာမဟုတ်တော့လို့ပဲ။ ဟုတ်တယ်...ဘာမှအကျိုးမရှိဘူး ထင်သွားမှာပေါ့။ ဒါ့ကြောင့် Abstract ကိုရေးတဲ့အခါ Background Information, Problem(motivation), Proposal (method), Results တွေကို အကျဉ်းချုပ်ပြီး ရေးသားရပါကြောင်းတင်ပြလိုက်ရပါတယ်ခင်ဗျာ။

From comment:
(တကယ်လို့ သုတေသန မလုပ်ရသေးဘူး ဘာResult မှလည်း မရသေးဘူး Proposal အဆင့်နဲ့ပဲ Abstract ရေးမယ်ဆိုရင်တော့ ကိုယ့်ရဲ့ Method ကို ဘယ်လို Evaluate လုပ်မယ် ဘယ်လို Verify လုပ်မယ်ဆိုတာရေးရမယ် ...ဘာလို့ဆို သူက ဘာအလုပ်မှမလုပ်ရသေးတဲ့ Proposal အဆင့်ပဲရှိသေးတာကိုး။)

8.2.2018

22. Thesis ရေးခြင်း နှင့် Supervisor ရဲ့ အခန်း ဂဏ္ဍာ

****

အိုကာယာမ တက္ကသိုလ်မှာတော့ Professor တွေက Thesis ရေးဖို့ အချိန်ဆိုပြီး သီးသန့်မပေးသလို Format ကိုလည်း စာအုပ်အဖုံး ဒီဇိုင်းကလွဲရင် အတိအကျ သက်မှတ်ထားတာမရှိပါဘူး။ တစ်ချို့က Latex နဲ့ရေးတယ် တစ်ချို့က Word နဲ့။ Thesis ဆိုတာ ကိုယ့်ရဲ့ Journal တွေနဲ့ Conference paper တွေကို Well organized လုပ်ထားတာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် ကိုယ်Publish လုပ်ခဲ့တဲ့ paper တွေကို အစီအစဉ်ကျနအောင် စုဖွဲ့ အခန်းခွဲ၊ ပြန်စီ ချိတ်ဆက်ပြီး Thesis အဖြစ်ရေး လိုက်ကြတာပါပဲ။ ဒီတော့ Title၊ Abstract၊ Introduction နဲ့ Conclusion ကိုတော့ အားစိုက် ပြီး ချောအောင် ပြန်ရေးကြရပါတယ်။ ကျန်တဲ့အခန်းတွေကတော့ Paper တွေထဲကနေပဲ Copy လုပ်၊ Modify လုပ်ပြီးထည့်လိုက်ပါတယ်။ တစ်ချို့ တက္ကသိုလ်တွေကတော့ Own/Self plagiarism ဆိုပြီး Copy လုပ်ခွင့်မပြုဘူးလို့ ဆိုပါတယ်။ ပုံတွေကလွဲရင် အစအဆုံး အသစ်ရေးရတယ်လို့ ဆိုပါတယ်။ နောက်တစ်ခုတော့ အစအဆုံး မရေးခင်မှာ Title၊ Abstract နဲ့ Contents တွေကို Supervisor က စစ်ဆေး အကြံပြုပေးတာ ပိုအဆင်ပြေပါတယ်။ အားလုံးရေးပြီးမှ ပြန်ပြင်ရရင် အချိန်ကုန်ပါတယ်။

ဒီနေရာ ဥနှစ်တာ ကိုယ်လုပ်ခဲ့တာတွေက အစီအစဉ် မကျခဲ့ရင်တော့ အတော် ဒုက္ခများနိုင်ပါတယ်။ Thesis ရေးတဲ့အခါမှာ အခန်းခွဲ စုဖွဲ့ရာမှာ အတော် အခက်တွေ့နိုင်ပါတယ်။ ဒီတော့ အတွေ့အကြုံရှိပြီးဖြစ်တဲ့ Professor တွေရဲ့ လမ်းညွှန်မှုတွေဟာ သိပ်ကို အရေးကြီးပါတယ်။ ကျွန်တော့် Professor ကတော့ ကျောင်းသားတိုင်းနဲ့ ပက်သက်တဲ့ သုတေသန မှတ်တမ်း ကိုသေသေချာချာ ရေးမှတ်ထားတာတွေ့ရတယ်။ ဥပမာ စရောက်လာကတည်းက ဘာလုပ်တယ်၊ ဘယ်ဟာပြီးပြီ၊ ဘယ် Journal ဘယ် Conference မှာ ဘယ်အကြောင်းအရာကို Publish လုပ်ပြီးပြီ စသဖြင့် သေသေချာချာ ရေးမှတ်ထားတာ တွေ့ရတယ်။

ဒီတော့ ကျောင်းသားက ဘာလုပ်နေတယ် ဘယ်အဆင့်ရောက်နေပြီဆိုတာ အဲ့ဒီ မှတ်တမ်းကြည့်တာနဲ့ သိနိုင်ပါတယ်။ နောက်ပြီး သုတေသန လမ်းကြောင်းရဲ့ Direction ကိုပါ အတတ်နိုင်ဆုံး အစီအစဉ်ကျနအောင် Suggestion တွေ Guideline တွေချပေးနိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ကျောင်းသားတွေရဲ့ Research Progress ကို Supervisor တွေကိုယ်တိုင် မှတ်တမ်းရေးခြင်းဆိုတာ အင်မတန် ကောင်းတဲ့ အလေ့အကျင့်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

မှတ်ချက်။ ။ အတွေ့အကြုံ မျှဝေခြင်း ဖြစ်ပါသည်။
21.7.2018

23. Copy ယဉ်ကျေးမှု

****

ယနေ့ ကမ္ဘာမှာ Copy ကူးယူ ခိုးချတာနဲ့ပက်သက်ပြီး နေ့စဉ်နှင့်မျှ ဆိုသလို သတင်းတွေကြားနေရပါတယ်။ ဟိုရုပ်ရှင်က Copy ကြီး၊ ဟို သီချင်းကလည်း Copy... နောက်ဆုံး ပညာရေးနဲ့ သက်ဆိုင်တဲ့ နေရာတွေမှာတောင် Copy နေကြတာတွေ မြင်တွေ့ ကြားသိ နေရဆဲပါ။ အများသောအားဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ Copy ယဉ်ကျေးမှုဟာ ပိုထွန်းကားတယ်လို့ပြောလို့ရပါတယ်။ သို့သော် နိုင်ငံတကာအဆင့် အရည်အသွေးကို ထိန်းချုပ်ထားတဲ့နေရာတွေမှာတော့ Copy လုပ်ပြီး ခိုးယူကူးချတာကို လုံးဝ လက်မခံကြပါဘူး။ အဲ့ဒီအတွက် တရားစွဲဆိုတာ ခံရတတ်ပြီး ရှုံးရင် မြောက်များစွာသော လျော်ကြေးငွေတွေ ပေးကြရသလို...ပညာရေးနယ်ပါယ်မှာဆိုရင်လည်း ပေးအပ်ထားတဲ့ ဘွဲ့များကို ပြန်လည် သိမ်းယူသည်အထိ အရေးယူမှုတွေရှိနေပါတယ်။ အဲ့ဒါနဲ့ ပက်သက်ပြီး ဂျပန်မှာ ပညာသင်အတွေ့အကြုံလေးတွေ မျှဝေ ပေးချင်ပါတယ်။

Ph.D. ကျောင်းသားဖြစ်တဲ့ ကျွန်တော့်အတွက် သက်မှတ်ထားတဲ့ Credit များပြည့်မီအောင် Professor တွေဆီမှာ အတန်းယူရပါတယ်။ Ph.D. ဖြစ်တဲ့အတွက် Professor တွေနဲ့ One by one သင်ရပါတော့တယ်။ စရောက်တဲ့ Semester မှာပဲ Performance Evaluation of Computer Networks ကိုတက်ဖို့ Professor နဲ့တိုင်ပင်ပြီး အတန်းစတက်ပါတယ်။ Professor Yokohira Tokumi ဆိုတာ ကျွန်တော်တို့ ဌာနရဲ့ Ph.D. Defense တွေမှာ အမေးဆုံး Professor ပါ။ ဒါနဲ့ ပထမအကြိမ် တွေ့တဲ့အချိန် ဘာတွေလေ့လာခဲ့ဆိုပြီး ပေးလိုက်တယ်။ တစ်လ တစ်ကြိမ်ပဲ သူ့အတန်းက တက်ရတယ်။ နောက်လပြန်တွေ့မယ်ဆိုတော့ တစ်လကြီးတောင် အချိန်ရတာပဲဆိုပြီး ခပ်အေးအေးပဲပြင်ဆင်၊ သူပေးတဲ့ Assignment တွေလုပ်၊ Powerpoint နဲ့ Presentation လုပ်ရမှာဆိုတော့ ppt ပါပြင်ပေါ့။ သူနဲ့တွေ့ရမယ့် အချိန်က ၄:၀၀နာရီဆို ၄:၀၀နာရီတိတိမှ အခန်းကိုခေါက်ရတယ်။ ဒီတော့ ၄:၀၀နာရီက စတယ်။ နှစ်ယောက်တည်းကို အကြိတ်အနယ် မေးလိုက် ဖြေလိုက်...မေးလို့ မဖြေနိုင်ရင် ဝေ့လို့မရဘူး မသိပါဘူးလို့ပြောရတယ်...ဒါဆို မင်းဘာလေ့လာဆို ကိစ္စပြတ်တယ်...ရှောက်ဖြေလို့ကတော့ ပိုအဆူခံရတယ်။ အဲ့ဒီမှာတင် နောက်ဆုံး ပိုင်းအရောက်မှာ Presentation ကို ပိုပြီး မြင်သာအောင် Internet ကနေပုံလေး တစ်ပုံယူသုံးလိုက်မိတာ တွေ့တဲ့အချိန်ကစပြီး အဲ့ဒီ Copy အကြောင်းကို ပြောတော့တာပါပဲ။၄:၀၀နာရီကနေ စတဲ့အတန်း ၇:၀၀နာရီမှပြီးတော့တယ်။ အတော်လည်း အဆူခံလိုက်ရတယ်။ အဲ့ဒီကစပြီး ကိုယ့်ရဲ့ Technical Presentation တွေမှာ သူများပုံတွေ Copy မကူးဖို့၊ Reference လုပ်ချင်ရင်လည်း Citation ကိုသေချာပေးဖို့ သတိထားလာမိပါတော့တယ်။

နောက်ပြီး ပထမဆုံး Paper စရေးတော့လည်းဒီလိုပါပဲ။ သူများ Paper တွေထဲက English စာ Pattern လှတာလေးတွေဆို ကိုယ်က ယူသုံးမိတယ်။ မရဘူး Professor က အကုန်ပြန်ပြင်ပြစ်တယ်။ ပြီးတော့သူကပြောတယ် Technical Writing ဆိုတာ လှအောင်ရေးဖို့ထက် ရှင်းအောင် မှန်အောင်ရေးဖို့က အရေးကြီးတယ်တဲ့။ ကိုယ်ပိုင်အရေးအသားဖြစ်အောင် လေ့ကျင့်ပါဆိုပြီး သင်ပေးတယ်။ နောက်ပိုင်းတော့ Plagiarism အကြောင်းလေ့လာရပြီး စရေးပြီဆိုတာနဲ့ ကိုယ်နားလည်သလောက်ကို Logical Progress ဖြစ်အောင်

ချိတ်ဆက်မှုရှိအောင်ရေးတဲ့အကျင့်ရလာပါတော့တယ်။ စာကြောင်း တစ်ကြောင်းကိုတောင်မှ Copy မလုပ်မိဖို့ အသေအချာသင်ပေးခဲ့တာပါ။ ကူးမကူးဆိုတာလည်း Plagiarism စစ်ရင် အကုန်ပေါ်တာပါပဲ။ ဒါ့ကြောင့် ဂျပန်မှာတော့ Professor အများစုက Plagiarism စစ်တယ်၊ တစ်ချို့က ငွေကုန်ခံပြီး Professinal editing agency ဆီကိုပို့ပြီး English writing ကို Edit လုပ်တယ်၊ Proofread လုပ်ပါတယ်။ ဒါမှသာ နိုင်ငံတကာ အဆင့်အတန်းရှိတဲ့ ပညာရပ်ဝန်းက လက်ခံမှာပါ။ Copy ကတော့ No ပါ။

နောက်တစ်ခုက ဂျပန်ကျောင်းသားတွေ B.E. ဘွဲ့ အတွက် Graduation Thesis (ဘွဲ့ယူကျမ်း)ရေးတဲ့အခါပဲ ဖြစ်ဖြစ်၊ M.E. Thesis ရေးတဲ့အခါပဲဖြစ်ဖြစ် ကိုယ်တိုင်ရေးကြတာတွေ့ရပါတယ်။ သူတို့ဘာသာစကားနဲ့ ဂျပန်လိုရေးတာဆိုတော့ နားလည်မှုကို ဦးစားပေးရေးကြပါတယ်။ သူတို့လုပ်ထားတဲ့ သုတေသနကို သူတို့နားလည်သလို ရေးကြပါတယ်။ ဒါကို Professor တွေက Edit လုပ်ပေးကြပါတယ်။ Copy ကူးတာကို လုံးဝ (လုံးဝ) တားမြစ်ထားသလို၊ လုပ်တာလည်းမတွေ့ရပါဘူး။ ဒါ့ကြောင့် ပြောချင်တာကတော့ နိုင်ငံတကာကို တက်လှမ်းချင်တယ်ဆိုရင် ပညာရေးမှာ Copy လုပ်တဲ့အကျင့်တွေကိုအရင်ဖျောက်ရပါလိမ့်မယ်။ ကိုယ်တိုင် ရေးတယ်ကိုယ်တိုင်လုပ်တယ်ဆိုတဲ့ အလေ့အကျင့်တွေကို ပြုစုပျိုးထောင်ကြရမှာပါ။ အထူးသဖြင့် အဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ Page တွေမှာ ရေးတင်ထားတာတွေသည် မကော်ပီဖို့သိပ်ကို အရေးကြီးပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။
5.2.2018

24. ဆရာ Google ကိုမေးပါ

****

ကျွန်တော် ဂျပန်နိုင်ငံ Okayama University ကိုရောက်တယ် ဆိုရင်ဘဲ Professor ကထိုင်ခုံ စားပွဲနဲ့ Computer တစ်စုံ၊ Laptop တစ်လုံးပေးပြီးတာနဲ့ ...Lab အခန်းထဲရှိတဲ့ သူတွေနဲ့ မိတ်ဆက်ပေးပြီး ကဲစလို့ရပြီဆိုပြီတော့ ထားခဲ့တော့တာပဲ။ ဒီတော့ မသိတာရှိရင် ဂျပန်ကျောင်းသားလေးတွေကိုမေးရတယ်...သူတို့လည်းအကုန်သိတာတော့မဟုတ်ဘူး...မသိဘူးဆိုရင် Googling လုပ်တော့တာပဲ။ တော်တော်များများ ကိစ္စတွေကတော့ Google မှာ ရှာပြီးကြည့်ရင် တွေ့နိုင်ပါတယ်။ အဲ့ဒီမှာ မလေးတရုတ် သူငယ်ချင်းကတော့ ကျွန်တော်တစ်ခုခုမေးရင် မဖြေဘူး ...သူက Ask google Sensei လို့ပြန်ပြောတတ်တယ်။ သူအဲ့လို လေ့ကျင့်ပေးလိုက်တာနဲ့ ကျွန်တော်လည်း နောက်ဆို Googling လုပ်တတ်လာတယ်။ တစ်ခုခုဆိုမမေးတော့ဘူး ဆရာ Google ကိုပဲမေးလိုက်တော့တယ်။

တကယ်တော့ ကျွန်တော်တို့တွေ Internet ကို ကောင်းကောင်း အသုံးမချတတ်ခဲ့တာပါ။ အခုခေတ်က Information ကို Share လုပ်နေတဲ့ ခေတ်ဆိုတော့ Google မှာ ရှာကြည့်ပုံနဲ့ ကိုယ့်အတွက် အသုံးဝင်တဲ့ သတင်းအချက်အလက်တွေကိုရရှိနိုင်ပါတယ်။ ဥပမာဆိုကြပါစို့...Journal and Conference Paper တွေရေးတဲ့အခါမှာ LaTex နဲ့ရေးရတယ်...LaTex Command တွေအားလုံး မသိနိုင်သလို အကုန်အလွတ်ရနေဖို့လဲမလိုအပ်ပါဘူး..ဒီတော့ ကိုယ်လိုတဲ့အခါကျမှ လိုတဲ့အပိုင်းလေးကို Googling လုပ်လိုက်တာနဲ့ Command တွေ အများကြီးကျလာလိမ့်မယ်...ဒီတော့ စမ်းကြည့် အဆင်ပြေတာယူသုံးလိုက် ဒါပဲ...နောက်တစ်ခု Excel သုံးပြီး Data Analysis

လုပ်မယ်...ဘယ်လိုလုပ်ရမလဲမသိဘူး...YouTube မှာ တစ်ပုံကြီး ကြိုက်တာရွေးပြီး
လုပ်ကြည့်လို့ရတယ်...ဒီတော့ Software တွေ Toolတွေ နောက် Arduino၊ Raspberry Pi Project စတဲ့
ကိုယ်လုပ်ချင်တာတွေ အားလုံးဟာ Googling လုပ်ခြင်းအားဖြင့် အတိုင်းအတာတစ်ခုအထိ
သတင်းအချက်အလက်တွေရရှိနိုင်ပါတယ်။

နောက်တစ်ခု ဂျပန်စာပဲ ဖြစ်ဖြစ်၊ အင်္ဂလိပ်စာပဲဖြစ်ဖြစ် ဒါမှမဟုတ် Java/C/Python စတဲ့ Programming
တွေလေ့ကျင့်ချင်ရင်လည်း Tutorial တွေရှိပါတယ်။ အဲ့ဒါတွေကြည့်ပြီး
လေ့ကျင့်လို့ရပါတယ်။ နောက်တစ်ခု ဆိုကြပါစို့ ကိုယ်က NS3လို Network Simulator ကိုသုံးနေလို့
Problem တစ်ခုခုဖြစ်နေတယ်ဆိုရင် ကိုယ့်လိုပဲ အလားတူ အခက်တွေ့နေတဲ့ သူတွေ Groupဖွဲ့
ဆွေးနွေးထားတာတွေရှိတယ်...အဲ့ဒီအဖွဲ့ထဲ ကိုယ်တိုင်လည်း မေးလို့မြန်းလို့ရတယ်... သက်ဆိုင်ရာ
ကျွမ်းကျင်တဲ့သူတွေက အလေးပေးဖြေပေးကြတယ်ဆိုတာပါပဲ။ ဒီတော့ အခုလို Information တွေကို
Share လုပ်နေတဲ့ခေတ်မှာ ကိုယ်သိချင်တာကို ဆရာ Google ကိုမေးခြင်းဖြင့် အတိုင်းအတာ တစ်ခုထိ
အထောက်အကူဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ် ခင်ဗျာ။

(ကျောင်းသား/ကျောင်းသူလေးများ Internet ကို အကျိုးရှိစွာ အသုံးချနိုင်ရေး အတွက် ရည်ရွယ်
ရေးသားပါသည်)
24.9.2017

25. International Conference နှင့်ပက်သက်၍ သတိပြုစရာအချက်များ (၁)

****

ပညာရေး ကဏ္ဍ အဆင့်မြှင့်တင်ခြင်းနဲ့ အတူ သုတေသန နှင့် International Conference များရဲ့ အခန်း
ကဏ္ဍဟာလည်း ကျွဲကူးရေပါ ဆိုသလို လိုက်ပါလာကြစမြဲပါ။ ပညာရေး ရပ်ဝန်းမှ တက္ကသိုလ်
ဆရာ၊ဆရာမများ၊ သုတေသန ဌာနမှ သုတေသီများ၊ အထူးသဖြင့် Ph.D. ၊ M.E
ကျောင်းသား ကျောင်းသူများ ဘွဲ့ရရှိရေးအတွက် Conference တွေမှာ မဖြစ်မနေ
စာတမ်းတင်သွင်းဖတ်ကြား ကြရပါတယ်။ အဲ့ဒီ Conference တွေနဲ့ပက်သက်ပြီး အကြောင်းအရာ
တစ်ချို့ကိုတင်ပြချင်ပါတယ်။

ဂျပန် တက္ကသိုလ်တွေမှာ

ဂျပန်နိုင်ငံက တက္ကသိုလ်တွေမှာလည်း သက်ဆိုင်ရာ ဘွဲ့အသီးသီးအတွက် စတမ်းဖတ်ကြားရမယ့်
အနည်းဆုံး အစောင်အရေ အတွက်ကို သက်မှတ်ထားပါတယ်။ တက္ကသိုလ်အလိုက်၊ ဌာနအလိုက်
သက်မှတ်ချက်တွေ မတူကြပေမယ့် Ph.D. အတွက် အနည်းဆုံး သက်မှတ်ချက်ကတော့ International
Journal တစ်စောင်၊ International Conference တစ်စောင်ဖြစ်ပြီး၊ M.E. အတွက် ဂျပန်နိုင်ငံတွင်း
National Conference တစ်စောင်ရဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ International ပဲ ဖြစ်ဖြစ်၊ National
ပဲဖြစ်ဖြစ် တက္ကသိုလ်နဲ့ ဌာနက အသိအမှတ်ပြုထားတဲ့ Conference တွေ ဖြစ်ဖို့အရေးကြီးပါတယ်။

ဒီလို Conference တွေသွားရောက်ပြီး သုတေသန စာတမ်းဖတ်ကြားတဲ့အခါ တက္ကသိုလ်က Travel
Grants ပေးပါတယ်။ Okayama University မှာတော့ 2017 ခုနှစ်အထိ စာသင်နှစ်တစ်နှစ်ကို Internation

Conference အတွက် ဂျပန်နိုင်ငံတွင်းဆိုရင် ¥50000/ ၊ ဂျပန်နိုင်ငံပြင်ပဆိုရင် ¥100000/ ထောက်ပံ့ပေးခဲ့ပြီး။ ယခုနှစ်မှစပြီး ဂျပန်နိုင်ငံအတွင်းဆိုရင် ¥30000/ ၊ ဂျပန်နိုင်ငံပြင်ပဆိုရင် ¥50000/ ထောက်ပံ့ပေးနေပါတယ်။ ဒီနေရာမှာ တက္ကသိုလ်က ကြေညာထားတဲ့ List ထဲမှာ မပါသေးတဲ့ International Conference အသစ်တွေ ြ ဖစ်ခဲ့မယ်ဆိုရင် ဖတ်ကြားတဲ့ စာတမ်းအရေအတွက်၊ တက်ရောက်တဲ့ နိုင်ငံတကာ စာတမ်းဖတ်ကြားသူ အရေအတွက် ကို အထောက်အထားများနှင့်တကွ Professor ရဲ့ ထောက်ခံချက်နှင့်အတူ လျှောက်ထားကြရပါတယ်။ ထိုသို့ မဟုတ်ပါက Travel Grant လည်းမရ၊ ဘွဲ့အတွက်လည်း အကျိုးမဝင်တဲ့ စာတမ်းအဖြစ် သက်မှတ်လိုက်ပါတယ်။

ဒါ့ကြောင့် ကျောင်းသားတွေ သုတေသန စာတမ်း ဖတ်ကြားမယ့် Conference တွေကို Professor တွေကပဲ အဓိက ဆုံးဖြတ်ပေးပါတယ်။ ဘာလို့လည်းဆိုတော့ စာတမ်းမှာ Professorရဲ့နာမည်လည်းပါနေတာမို့ Professor မှာလည်း တာဝန်အပြည့်အဝရှိပါတယ်။ ဂျပန်မှာတော့ Conference တွေတော်တော်များများဟာ နိုင်ငံတကာ အသိအမှတ်ပြု အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားကြပါတယ်။ ဥပမာ ကျွန်တော်တို့နဲ့ ဆိုင်တဲ့ Conference တွေဆိုရင် IEEE ဒါမှမဟုတ် IEICE နဲ့ ချိတ်ဆက်ထားကြတာပါ။

Predatory Conference များကို သတိထား

ယခုဆိုရင် နေ့စဉ်နှင့်အမျှ International Conference တွေကို ကမ္ဘာနှင့်အဝှမ်း ကျင်းပနေကြတာတွေ့နိုင်ပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ သုတေသန စာတမ်းဖတ်ကြားဖို့ Conference ရွေးတဲ့အခါမှာ Poorly Organized ဖြစ်တဲ့ Low-quality ၊ Non-peer-reviewed conference တွေကို မရွေးချယ်မိဖို့ အထူးသတိပြုရမှာဖြစ်ပါတယ်။ အဲဒီလို Academic value တစ်စက်မျှ မရှိတဲ့ Conference တွေကိုတော့ Predatory Conference (ခေါင်းပုံဖြတ် အမြတ်ကြီးစား Conference) တွေလို့ခေါ်ကြပါတယ်။ အဲ့ဒီ conference တွေက ဒီနေ့ တင်ရင် ဒီနေ့ ဒါမှမဟုတ် မနက်ဖြန် ချက်ချင်း ဆိုသလို Acceptance ပေးတတ်ပါတယ်။ နောက်ဆုံး Full paper တောင်မဟုတ် စာလုံးရေ 100~200 လောက်ရှိတဲ့ Abstract လောက်တင်ယုံနဲ့ လက်ခံပေးကြပြီး၊ Gibberish Paper လို Meaningless paper တွေကိုတောင် လက်ခံကြပါတယ်။ တစ်ချို့ Organizer တွေဆို ဟိုတယ်တွေမှာ International Conference ဆိုပြီး ဝိုင်းသေးသေးထောင်၊ မနက်တစ်ပွဲ ညတစ်ပွဲလုပ်ပြီး အပီအပြင် လုပ်စားနေကြတာပါ။ ကမ္ဘာနဲ့အဝှမ်းမှာရှိကြပေမယ့် အာဖရိကနဲ့ အာရှမှာ ပိုများပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေ ဒေသတွင်းနိုင်ငံတွေမှာ ပိုဆိုးပါတယ်။ တစ်ချို့ ဆို သက်ဆိုင်ရာ နယ်ပါယ်က ပညာရှင်မဟုတ်တဲ့ သာမာန် လူဖြူတစ်ယောက်ကို ခေါ် ထားပြီး အဟန့်ကောင်းအောင်ရုပ်ပြထားတတ်ကြပါတယ်။

အကျိုးဆက်

Predatory Conference တွေဟာ Innocent Researcher တွေအတွက်တော့ ထောင်ချောက်ပါ။ အကျိုးဆက်အနေနဲ့ အချိန်ကုန် လူပန်း ငွေခမ်း ပါတယ်။ နောက်တော့ ကိုယ့်ရဲ့ Academic Value ကိုကျဆင်းစေပါတယ်။ အဲ့ဒီ လို Predatory Conference တွေမှာ သွားရောက်ဖတ်ကြားထားတဲ့ စာတမ်းတွေကိုမှ တက္ကသိုလ်တွေက မစိစစ်ပဲ သက်ဆိုင်ရာ WebPage တွေမှာတင်ထားမိရင်တော့

အဲ့ဒီတက္ကသိုလ်ရဲ့ Academic Value တွေပါ ထိခိုက်ကျဆင်းသွားမှာဖြစ်ပါတယ်။ Journal လည်း ထိုနည်းဂုဏ် ပါပဲ။

ဒါကြောင့် International ဆိုတိုင်း အထင်မကြီးကြဖို့ IT ခေတ်မှာ သတင်းအချက်အလက် အထောက်အထားတွေကို သေသေချာချာ စိစစ် စစ်ဆေးကြဖို့လိုပါတယ်။ ပညာရေး အဆင့်မြှင့်ချင်တယ်ဆိုရင် စာတမ်း အစောင်အရေအတွက်နောက်သာလိုက်ပြီး အရည်အသွေးကို မေ့ထားလို့ မရပါဘူး။ ဒါကြောင့် အရည်အသွေး စိစစ်အကဲဖြတ်ရေးအတွက် Fake Conference ၊ Fake Journal များရဲ့ ထောင်ချောက်ထဲ တိုးမဝင်မိစေဖို့ ၊ အလွယ်ရပြီးရော စိတ်ဖြင့် သိသိကြီး တိုးဝင်နေတာကို တားဆီးကာကွယ်ဖို့ နိုင်ငံတကာအတွေ့အကြုံရှိသော တာဝန်ရှိသူများက စိစစ်အတည်ပြု အကဲဖြတ် ပေးဖို့ သိပ်ကိုအရေးကြီးပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

Reference: AuthorAID Team, What are 'predatory' conferences and how can I avoid them? Internet: http://www.authoraid.info/en/news/details/1156/

(မိမိအတွေ့အကြုံ လေ့လာထားသည့်အပေါ် အခြေခံရေးသားထားသည့်အတွက် လိုအပ်ချက်များကို ထောက်ပြ ဖြည့်စွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ)
4.4.2018

26. International Conference နှင့်ပက်သက်၍ သတိပြုစရာအချက်များ (၂)

****

အရည်အသွေးရှိတဲ့ စာတမ်းတစ်စောင်ဖြစ်ဖို့ဆိုတာ အချိန်၊ငွေ၊ လုပ်အားနဲ့ အသိဉာဏ်တွေ ကိုရင်းပြီးမှ ရနိုင်တာမျိုးပါ။ ရင်းနိုင်ရင် ရင်းနိုင်သလောက် အရည်အသွေးကလည်း ကွာခြားနိုင်ပါတယ်။
မည်သို့ပင်ဖြစ်စေ လိုအပ်ချက်အရ ကိုယ့်စရိတ်ကိုယ်စိုက်ပြီး International Conference တွေမှာ မဖြစ်မနေ သွားဖတ်ရမယ့် သူတွေအတွက် Conference တွေကို သေသေချာချာ ရွေးချယ်မိဖို့ အရေးကြီးပါတယ်။ Conference မှာ စာတမ်းဖတ်ကြားဖို့ လုပ်ရမယ့် အခြေခံ အချက် သုံးချက်ကတော့ Think၊ Check and Submit ဖြစ်ပါတယ်။အဲ့ဒီအကြောင်းလေး တင်ပြချင်ပါတယ်။

စာတမ်း တက်ရောက်ဖတ်ကြားမယ့် Conference နဲ့ပက်သက်ပြီး ဘာတွေ စဉ်းစားရမလဲ ဆိုရင်...
• ကိုယ့်ရဲ့ Senior တွေ၊ ဆရာဆရာမတွေ သွားရောက် ဖတ်ကြားခဲ့သလား? သူတို့က Recommend ပေးရဲ့လား?
• Conference ရဲ့ Content ကရော ကိုယ့်ရဲ့ Field နဲ့ သင့်တော် ကိုက်ညီမှုရှိရဲ့လား?
• Conference Topic ကရောကိုယ့်ရဲ့ Research နဲ့ ကိုက်ညီမှုရှိရဲ့လား?
• Academic value ထက် Tourist destination ကို ဦးစားပေးထားတာမျိုးလား?
• Good quality, Truly international event တစ်ခုဖြစ်မယ်လို့ ယုံကြည်မှုရှိရဲ့ လား?
စသဖြင့် စဉ်းစားရမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကိုယ့်ရဲ့ Senior တွေ၊ နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ သူတွေနဲ့ သေသေချာချာ ဆွေးနွေးတိုင်ပင်ဖို့ အရေးကြီးပါတယ်။

အဲ့ဒီလို စဉ်းစားပြီးရင်တော့ Conference နဲ့ဆိုင်တဲ့ အချက်အလက်တွေကို

စတင်စစ်ဆေးကြရမှာဖြစ်ပါတယ်။ ဘယ်လိုစစ်ဆေးရမလဲဆိုရင်...

• Conference website ဟာ Up-to-date ဖြစ်ရဲ့လား? Technical term တွေကို မှန်မှန်ကန်ကန် စာလုံးပေါင်းထားသလား? စစ်ပါ။

• Conference မှာပါတဲ့ Speaker တွေကရော ဘယ်သူတွေလဲ? သူတို့ မည်သူမည်ဝါ ဖြစ်တယ်ဆိုတဲ့ အထောက်အထားတွေကို Googling လုပ်ပါ။စစ်ပါ။

• Conference ရဲ့ အကြိမ်အရေအတွက်ကို စစ်ပါ။ အရင်နှစ်တွေရဲ့ Report ကို စစ်ပါ။ (ပထမအကြိမ်ဆိုရင်တော့ အခြားအချက်တွေနဲ့ စစ်ပါ)

• Conference ဟာ ယုံကြည်ရတဲ့ Magazine, Journal, Website စတာတွေမှာ စာရင်းတင်ထားခြင်းရှိ၊မရှိစစ်ပါ။ (စာရင်းမတင်ထားပေးမယ့် ယုံကြည်ရတဲ့ Organizer...ဥပမာ တက္ကသိုလ်တစ်ခုခု ရဲ့ Professor ဆိုရင်လည်း အဆင်ပြေပါတယ်)

• Conference Organizer ကိုစစ်ပါ။

• University or Research Institution တစ်ခုခုက လက်ခံကျင်းပတာလား? စစ်ပါ။

• Scholarly or non-profit organization က ကြီးမှူးကျင်းပတာလား? စစ်ပါ။

• Commercial company တွေကကျင်းပတယ်ဆိုရင်လည်း ပညာရပ်နယ်ပါယ်က ဘယ် Institution တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ထားတယ် ဆိုတာ စစ်ပါ။

အဲ့ဒီလို စဉ်းစားပြီးပြီ၊ စစ်ဆေးအတည်ပြုပြီးပြီ ဆိုရင်တော့ သက်မှတ် နေ့ရက်အချိန်မတိုင်မီ Submit လုပ်နိုင်ပါပြီ ဆိုတဲ့ကြောင်း၊ International Conference တစ်ခုခုကို တက်ရောက်ပြီးရင်လည်း မိမိရဲ့အတွေ့အကြုံများကို ပြန်လည် လက်ဆင့်ကမ်းမျှဝေ ပေးကြခြင်းဖြင့် ပညာရေး အဆင့်အတန်းကို မြှင့်တင်နိုင်ကြပါစေကြောင်း မေတ္တာဖြင့်
တင်ပြလိုက်ရပါတယ်ခင်ဗျာ။

Reference: AuthorAID Team, What are 'predatory' conferences and how can I avoid them? Internet: http://www.authoraid.info/en/news/details/1156/

6.4.2018

27. Presentation ပေးကြရာဝယ်

****

တက္ကသလိုလ်၊ ကျောင်း၊ Company တွေသာမက အစိုးရ ဌာန စတဲ့ အဖွဲ့အစည်းတိုင်းမှာ မိမိတို့ရဲ့ လုပ်ဆောင်ချက်တွေကို ဆွေးနွေးတင်ပြကြ တဲ့အခါ Power Point and Poster Presentation တွေပေးကြရပါတယ်။ တက္ကသိုလ်တွေမှာတော့ Ph.D.၊ M.E. အပြင် နောက်ဆုံးနှစ်ကျောင်းသားတွေပါ မိမိလေ့လာနေတဲ့ အကြောင်းအရာတွေ၊ မိမိရဲ့ လေ့လာတွေ့ရှိချက်တွေကို Presentation တွေပေးကြရပါတယ်။ တကယ်တော့ Ph.D. တို့ M.E. တို့ဆိုတာကတော့ Researcher စာရင်းဝင်တွေပါ။ ဒီတော့ Research Presentation တွေနဲ့ ပက်သက်ပြီး ဂျပန်နိုင်ငံမှာ ကြုံတွေ့ဖြတ်သန်းနေရတဲ့ အတွေ့အကြုံ လေးတွေ ပြောပြပါရစေ။

Conference တက်ဖို့

မိမိလုပ်နေတဲ့ Research နဲ့ပက်သက်ပြီး နိုင်ငံတကာ ဂျာနယ်တွေ Public မလုပ်နိုင်ခင်မှာ မိမိသွားနေတဲ့ Research နဲ့ပက်သက်တဲ့ အကြောင်းအရာတွေကို Conference တွေမှာ ချပြဆွေးနွေး ကြရပါတယ်။ အဲ့ဒီအတွက် သက်မှတ်ထားတဲ့ Paper တွေရေးပြီးတင်ကြရတယ်။ အဲ့ဒီအခါ Reviewer တွေ ၊ ဒါမှမဟုတ် Conference မှာ တက်ရောက်လာတဲ့ Professor တွေ၊ ပညာရှင်တွေ ဆီက အဖိုးတန်တဲ့ သုံးသပ်အကြံပြုချက်တွေရတတ်ပါတယ်။ ဒါဟာ Ph.D. နဲ့ M.E. ကျောင်းသားတွေ မဖြစ်မနေလုပ်ရမယ့် အလုပ်တစ်ခုပါ။ Research ဆိုတာ ကိုယ်ထင်ရာ ကိုယ်လုပ်နေလို့မရပါဘူး။ ဒါကြောင့် တက္ကသိုလ်တွေမှာ Ph.D. နဲ့ M.E. ကျောင်းသားတွေကို Conference ဘယ်နှခု တက်ရမယ် ဆိုတာ Requirement တစ်ခုအနေနဲ့ သက်မှတ်ထားကြတာပါ။

Presentation ဘယ်လိုပြင်

Conference မှာ မိမိလုပ်နေတဲ့ Research ကို တင်ပြဆွေးနွေးခွင့်ရပြီ ဆိုရင်တော့ PowerPoint Presentation အတွက် စတင်ပြင်ဆင်ကြရပါတယ်။ ဒီလိုပြင်ဆင်တဲ့နေရာမှာ ကိုယ်ရေးတင်ထားတဲ့ Paper က လေးမျက်နှာ ငါးမျက်နှာ ခြောက်မျက်နှာ စသဖြင့် ရှိတဲ့စာတမ်းတစ်စောင်ဖြစ်ပေမယ့် Conference ကသက်မှတ်ထားတဲ့ Presentation လုပ်ရမယ့်အချိန်နဲ့ကိုက်အောင်ပြင်ဆင်ကြဖို့အင်မတန်အရေးကြီးပါတယ်။

၁၀မိနစ်၊ ၁၅မိနစ် စသဖြင့် ကန့်သတ်ထားလေတော့ အဲ့ဒီအချိန်အတွင်း ကိုယ့်ရဲ့တင်ပြချက်ကို ချိုင့်ံမိအောင် ဘယ်လို ပြင်ဆင်မလဲ ဆိုတာ စဉ်းစားရပါတယ်။

Outline ဆွဲထုတ်

ဒီတော့ Paper ကနေ Outline အရင်ဆွဲထုတ်ပြီး....ဒီအတိုင်းဆိုရင် တက်ရောက်လာတဲ့ Audience ကနားလည်နိုင်မလား သေချာစဉ်းစားရပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ တင်ပြပုံ အစီအစဉ်တွေက ကပေါက်တိ ကပေါက်ချာနဲ့ ၊ အစီအစဉ်ကျနမှုမရှိ၊ Information တွေက ပြည့်စုံမှု မရှိ၊ တစ်ခုနဲ့ တစ်ခုဟာ ချိတ်ဆက်မှု မရှိဘူးဆိုရင် Audience က ကိုယ်ဘာတွေ လုပ်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း

မသိရတဲ့အတွက် ဒီလိုအချိန်တိုအတွင်းမှာ နားလည်နိုင်ဖို့ခက်ပါတယ်။ ဒါ့ကြောင့် Outline ကိုသေချာ ချဖို့ အရေးကြီးပါတယ်။ အဲ့လို Outline ချတဲ့နေရာမှာ အကြမ်းအားဖြင့်တော့ Background ဒါမှမဟုတ်၊ Introduction ကိုအရင်ဆွေးနွေးပြီး လက်ရှိ ရင်ဆိုင်နေကြရတဲ့ Problems ကဘာလဲ ဆိုတာကို ဆွဲထုတ်ပြရပါတယ်။ ပြီးမှ အဲ့ဒီ Problem တွေကို ကိုယ်ကဘယ်လို ချဉ်းကပ်ဖြေရှင်းထားတယ်ဆိုတဲ့ ကိုယ့် Contribution ဖြစ်တဲ့ Methodologies တွေကို ချပြ၊ နောက်ဆုံး ဘယ်လို အကဲဖြတ် Evaluations လုပ်ထားတယ်၊ ဘယ်လို သက်သေပြထားတယ် Verifications လုပ်ထားတယ်ဆိုတာကို ဆွေးနွေးပါတယ်။ ဒါက ဥပမာ အကြမ်းဖျင်းပါ။

Slide ပြင်ဆင်မှု

Outline ချပြီးပြီဆိုရင် Slide တွေပြင်ရတယ်။ဒီတော့ Paper ထဲက စာတွေကို အတုံးလိုက်အတစ်လိုက် အကုန် ကူးထဲ့လို့မရပါဘူး။ အဲ့ဒီစာတွေ ကို အချိန်တိုတွင်း နားလည်နိုင်အောင်၊ ကြည့်လိုက်တာနဲ့ ထင်းကနဲ လင်းကနဲ မြင်သာသွားအောင် ပုံဖော်ကြရပါတယ်။ ဒီတော့ ပုံတွေ ဖန်တီးပြီး Animation တွေနဲ့ အားဖြည့်ရပါတယ်။ ဒါပေမယ့် Animation တွေသုံးတဲ့အခါမှာ လိုအပ်သလောက်သာ သုံးသင့်ပြီး Slide တစ်ခုလုံး မူးနောက် လည်ထွက်သွားအောင် မသုံးမိဖို့ အရေးကြီးပါတယ်။ နောက်ပြီး Audience နားလည်နိုင်မလားဆိုတာ Slide တစ်ခုပြီးတိုင်း အကြိမ်ကြိမ်ကြည့်ပါ။ သုံးသပ်ပါ။ ဒီလိုပြင်ဆင်တဲ့နေရာမှာ ကိုယ်နားလည်ဖို့ဆိုတဲ့အဆင့်ထက် Audience နားလည်နိုင်ဖို့ဆိုတဲ့ စေတနာထည့်ပြီးပြင်ဆင်ရပါတယ်။

လေ့ကျင့်မှု

ဂျပန်မှာတော့ ကိုယ့်စိတ်ကြိုက်ဖြစ်ပြီဆိုရင် Professor ကို ပြရတယ်။ Professor က Reviewer နေရာကရော Audience နေရာကပါကြည့်ပြီး အသေးစိတ် စစ်ဆေးပေးပါတယ်။ Professor ရဲ့ အကြံပြုချက်တွေ အတိုင်း ပြင်ဆင်မွန်းမံပြီးပြီ ဆိုရင်တော့ စတင်လေ့ကျင့်ရပါတယ်။ ဒီလိုလေ့ကျင့်တဲ့အခါ Slide ကိုကြည့်ပြီး စာတွေဖတ်ပြနေတာမျိုးမဟုတ်ပဲ ရှင်းလင်းတင်ပြတဲ့ ပုံစံဖြစ်ရပါမယ်။ စကားလုံးတွေကို အဖြတ်အတောက်နဲ့ ပီပီသသ ပြောထွက်နိုင်အောင်လေ့ကျင့်ရပါမယ်။ Slide တစ်ခုကတစ်ခု အပြောင်းနဲ့ Animation တွေကို အပြောနဲ့ Harmony ဖြစ်အောင် ချိန်သားကိုက် လေ့ကျင့်ရပါမယ်။ အရေးကြီးတာက Audiences ဘက်ကို မျက်နှာမူပြီး အားလုံးကို Eye Contact ရအောင် ကြိုးစားပါ။ နောက်ဆုံး တစ်ခုကတော့ ကိုယ်ဟန် လက်ဟန် သုံးပြီး ဆွဲဆောင်မှု ရှိတဲ့ Presentation တစ်ခုဖြစ်အောင် လေ့ကျင့်နိုင်ရင် အကောင်းဆုံးပါပဲ။

အမေးအဖြေ

Conclusion ပြီးပြီဆိုရင် အများစုက Thank you very much ဆိုတဲ့ Slide ကို ပြောင်းပြီးရပ်ထားတတ်ကြပါတယ်။ တကယ်တော့ Conclusion မှာရပ်ထားတာ Audiences အတွက်အကောင်းဆုံးပါ။ Conclusion ဆိုတာကတော့ ကိုယ့် Presentation တဲ့ အနှစ်ချုပ် သုံးသပ်ချက်ဆိုတော့ Audiences အတွက် မေးခွန်းတွေမေးဖို့ အစဆွဲထုတ်ဖို့ ပိုအဆင်ပြေပါတယ်။ လိုက်မှတ်ထားတဲ့သူကတော့ Slide ဘယ်လောက်ကို သွားပါလို့ပြောပြီး မေးပါလိမ့်မယ်။ မေးတဲ့သူတွေများရင်တော့ ကိုယ့်ရဲ့ Presentation ဟာစိတ်ဝင်စားစရာ

ကောင်းတယ်လို့ ထင်ရနိုင်သလို၊ သံသယဖြစ်စရာတွေရှိလို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မေးမယ့်သူ မရှိဘူးဆိုရင်တော့ ကိုယ့်ရဲ့ Presentation ဟာ စိတ်ဝင်စားစရာမကောင်းလို့၊ ဆွဲဆောင်မှုမရှိလို့၊ Information တွေမပြည့်စုံလို့၊ စတဲ့ အားနည်းချက်တွေလားဆိုတာ ပြန်လည်သုံးသပ်ပြီး နောက်တစ်ကြိမ်အတွက်ပြင်ဆင်ရမှာပါ။

မေးခွန်းတွေ၊ Comment တွေ၊ Suggestion တွေက ဘယ်လို အကျိုးပြု

ဂျပန်မှာတော့ Conference တစ်ခုတက်တိုင်း မေးခွန်းတွေ၊ Comment တွေနဲ့ Suggestion တွေကို သေသေချာရေးမှတ်ပြီး မှတ်တမ်းထားရပါတယ်။ အဲ့ဒီလို Professor တွေရဲ့ အကြံပြုချက်တွေဟာ ကိုယ့်ရဲ့ Research ကို အထောက်အကူပြုနိုင်လို့ပါပဲ။ အမေးအဖြေ ပြုလုပ်ချိန်ဟာ ၃-၅မိနစ်လောက်သာရတဲ့အတွက် Presentation ပြီးမှ Professor တွေဆီ သွားပြီး ကိုယ့်ရဲ့ သုတေသန အကြောင်း ထပ်မံရှင်းပြ မိတ်ဖွဲ့ရင်း တန်ဖိုးရှိတဲ့ အကြံဉာဏ်တွေရယူတဲ့ အလေ့အကျင့်ကတော့ ဂျပန်မှာ ထွန်းကားပါတယ်။

Poster Presentation မှာတော့ ပြင်ဆင်ထားတဲ့ Slide တွေကို သက်မှတ်ထားတဲ့ Poster Size (eg. 100cm x 140cm) အတွင်း ဝင်အောင် Design ပြုလုပ်ပြီး ပြင်ဆင်ကြရမှာပါ။ Poster Presentation တွေက အများသော အားဖြင့် 45 မိနစ်ကနေ 1:15 နာရီ အထိ ကြာပါတယ်။ ကိုယ့်ရဲ့ Poster ရှေ့ကို လာရောက် ကြည့်ရှုသူ မှန်သမျှ ကို အစအဆုံး ရှင်ပြရတာမို့ ပိုပြီး အချိန်ရပါတယ်။ ဒီတော့ Professor တွေနဲ့ ပိုပြီး ဆွေးနွေး ရှင်းပြရင်း အကြံဉာဏ် ကောင်းတွေရနိုင်သလို Presentation Skill ကိုလည်း လေ့ကျင့် ပြီးသား ဖြစ်တာမို့ Poster Presentation ပါတဲ့ Conference တွေဆိုရင် တစ်ချို့ Lab တွေက ကျောင်းသား သစ်တွေကို မဖြစ်မနေ တက်ခိုင်းလေ့ရှိပါတယ်။

အချုပ်အားဖြင့် Conference ဘာလို့ တက်ရတယ်၊ Presentation ဘာလို့ပေးရတယ်၊ ဘယ်လိုပြင်ဆင်ရတယ် ဆိုတာတွေရဲ့ အနှစ်သာရကို ကျွန်တော့ အတွေ့အကြုံတွေပေါ် အခြေခံ ရေးသားတင်ပြလိုက်ရပါတယ်ခင်ဗျာ။

လိုအပ်ချက်များ အားဖြည့်ကူညီထောက်ပြပေးကြပါလို့ မေတ္တာရပ်ခံပါရစေ။
8.17.2017

28. LaTeX အသုံးပြု၍ သုတေသန စာတမ်းများရေးသားခြင်း

****

LaTeX ဆိုတာဘာလဲ?

The LaTeX project page မှာတော့ အခုလို ဆိုထားပါတယ်

.... “LaTeX is a high-quality typesetting system; it includes features designed for the production of technical and scientific documentation. LaTeX is the de facto standard for the communication and publication of scientific documents. LaTeX is available as free software”.

ဘယ်လိုသုံးမလဲ?

ရေးချင်တဲ့ စာသား၊ Equation ၊ Figure၊ Table စတာတွေကို LaTeX code တွေနဲ့ရေးရတာပါ။ အထူးသဖြင့် IEEE, IEICE, Springer... စတဲ့ Journal နဲ့ Conference paper တွေအတွက် Manuscript Template တွေကို သက်ဆိုင်ရာ Website ကနေ Download လုပ်ပြီး ဝင်ရေးကြတာပါ။

ဘယ် OS နဲ့ သုံးလို့ရမလဲ?

OS အားလုံးနဲ့ သုံးလို့ရပါတယ်။ ဒါပေသည့် တစ်ခါတရံ Windows မှာ setup လုပ်ထားတဲ့ file ကို mac တို့ ubuntu တို့မှာ run ရင် error အနည်းငယ်တက်တတ်ပါတယ်။ Keyboard font တွေကြောင့်လည်း error တက်တတ်ပါတယ်။ ဒါကလည်း Internet မှာ Googling လုပ်ပြီး ဖြေရှင်းနိုင်ပါတယ်။

ရေးရတာ လွယ်ကူပါသလား?

အစပိုင်းမှာ အသုံးပြုပုံ အခြေခံ သဘောတရားကို သင်ပေးပြီးသွားရင်၊ နောက်ပိုင်း ကိုယ်ရေးချင်တာကို ရေးနိုင်ဖို့အတွက် Internet မှာ Sample code တွေကို ရှာဖွေနိုင်ပါတယ်။ ဥပမာ Table ဆောက်ဖို့ ဘယ်လိုရေးမယ်၊ Equation ကို ဘယ်လိုရေးမယ်၊ Mathematics Symbol တွေ Greek Letter တွေ အကုန် ရှာလို့ရနိုင်ပါတယ်။ ပုံတွေရဲ့ Size ကို လိုအပ်သလို ပြောင်းလို့ရနိုင်သလို၊ Table ကိုလည်း ချုန်လို့ ချဲ့လို့ရပါတယ်။ Run ကြည့်လို့ Error တက်ရင်ရော...Internet မှာရှာကြည့်ပါ...အလားတူ Problem တွေကို ရှင်းပြ ဆွေးနွေးထားတာတွေ ကိုတွေ့ရမှာပါ။

Format ကိစ္စ အဆင်ပြေရဲ့လား?

အထူးသဖြင့် Journal နဲ့ Conference paper တွေရေးတဲ့အခါ format ကသိပ်ကို အရေးကြီးပါတယ်။ LaTeX ကိုသုံးရင်တော့ သက်ဆိုင်ရာ Journal နဲ့ Conference တွေကပေးတဲ့ Template ကိုသုံးလိုက်တာနဲ့ Format ကို ပေတံနဲ့ တိုက်စစ်စရာ မလိုတော့ပါဘူး။ Thesis နဲ့ Dissertation တွေမှာလည်း ထိုနည်းဂင်း ပါပဲ။ သက်ဆိုင်ရာ ဌာနရဲ့ Template ထဲ ဝင်ရေးလိုက်ရင် Format ကို စစ်စရာမလိုတော့ပါဘူး။

အထူးသဖြင့် Thesis လို အခန်းတွေအများကြီး ချိတ်ဆက်ဖွဲ့စည်းထားတဲ့ စာအုပ်တွေကို ရေးတဲ့အခါမှာ အလွန်အဆင်ပြေတာ တွေ့ရပါတယ်။ List of Figures၊ List of Tables နဲ့ Contents တွေ ကို Code အနည်ငယ်ရေးပြီး အတွင်း စာသားတွေနဲ့ ချိတ်ဆက်ပြီး ဖေါ်ပြပေးနိုင်ပါတယ်။ အကယ်၍ Figure name လေး ပြင်မယ်ဆိုရင် အတွင်းက Figure ရဲ့ Caption ကို ပြင်လိုက်တာနဲ့ List of Figures မှာ ပြင်ပြီးသားဖြစ်သွားပါတယ်။ နောက်တစ်ခုက Section၊ SubSection၊SubsubSection တွေနဲ့ Figure၊ Table နံပတ်တွေကို အလိုအလျောက် တပ်ပေးတာဖြစ်လို့ အဲ့ဒီအတွက် ခေါင်းခဲစရာမလိုတော့ပါဘူး။ Paragraph နဲ့ လိုက်ရောညီထွေ ဖြစ်အောင် Figure နဲ့ Table တွေကို အလိုလျောက် နေရာချပေးတယ် ဆိုပေမယ့် ပိုပြီးအဆင်ပြေအောင်...Space တွေအများကြီးကျန်မနေအောင် ကိုယ်တိုင်လည်း code လေးတွေပြင်ပြီး စိတ်တိုင်းကျညို ယူလို့ရပါတယ်။

ဘယ်မှာသုံးကြသလဲ?

ကျွန်တော်တို့ Okayama University မှာတော့ Engineering Department တွေမှာ အသုံးများပါတယ်။ IEEE ၊ IEICE ၊ Springer စတဲ့ journal/ Conference တွေမှာ LaTeX ကိုသုံးကြလို့လည်း ဖြစ်ပါတယ်။ Medical၊ Economics နဲ့ အခြား ဌာနတွေမှာတော့ မသုံးကြပါဘူး။ သူတို့ကတော့ Paper တွေသာမက၊ Thesis ကိုလည်း Microsoft Word နဲ့ပဲရေးကြတာများပါတယ်။ တက္ကသိုလ်ရဲ့ Thesis format ကလည်း Cover လောက်သာ သက်မှတ်ပေးထားတဲ့အတွက် ကိုယ့်ဌာနရဲ့ Format နဲ့ပဲ ရေးနေကြတာတွေ့ရပါတယ်။ LaTeX ကို မသုံးမနေရ သက်မှတ်ထားတာတော့မရှိပါဘူး။

စာရေးသူရဲ့ သဘောထား?

ဂျပန်နိုင်ငံ Okayama University ရဲ့ Engineering Department အောက်မှာ ပညာသင်ကြားရမယ့် ကျွန်တော့အတွက် ရောက်ရောက်ခြင်းဆိုသလို LaTeX ရေးနည်းကို လေ့လာ လေ့ကျင့်ရပါတယ်။ နောက်ပိုင်းမှာလည်း paper တွေရေးတဲ့အခါ Supervisor နဲ့ အပြန်အလှန် ဆက်သွယ်ပြီး modify လုပ်ရတာ အဆင်ပြေပါတယ်။ နောက်ဆုံး Thesis ရေးတဲ့အခါမှာလည်း အလွန်အဆင်ပြေတဲ့အတွက် LaTeX ကို သဘောကျတယ်။ ဒါ့ကြောင့် Engineering ကျောင်းသားတွေ အထူးသဖြင့် Journal နဲ့ Conference paper တွေရေးကြရမယ့် M.E. နဲ့ Ph.D. တွေ LaTeX ကိုလေ့လာဖို့ တိုက်တွန်းသလို ပြန်လာရင်လည်း လေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာပြည်မှာ ပြုလုပ်နေတဲ့ Engineering နဲ့ သက်ဆိုင်တဲ့ International နဲ့ University Conference တွေမှာလည်း Microsoft word Template အပြင် LaTeX Template များကိုလည်း အမြန်ဆုံး အသုံးပြုနိုင်ကြစေဖို့ တိုက်တွန်းလိုက်ရပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

Reference: LaTeX – A document preparation system, https://www.latex-project.org/

23.8.2018

29. အင်တာဗျူး

****

တက္ကသိုလ်တစ်ခုရဲ့ ဆရာ/ဆရာမဝန်ထမ်းအသစ် ရွေးချယ်ခန့်ထားရေး လူတွေ့ အင်တာဗျူး တစ်ခုမှာဖြစ်သည်။ အခန်းထဲတွင် အင်တာဗျူး အဖွဲ့ဝင် မေးမြန်းမည့်သူများ မိန့်မိန့်ကြီးနေရာယူထားကြပြီး ဖြေဆိုမည့် သူတစ်ယောက်ကို ဝိုင်းမေးနေကြသည်။

မေးသူ (၁)။ ။ တက္ကသိုလ်တစ်ခုရဲ့ အရေးအကြီးဆုံး အသက်သွေးကြောဟာ ဘာလဲ။ (ဟန်ပါပါ ဆရာကြီးအထာနဲ့)

ဖြေဆိုသူ။ ။ ငွေပါ ဆရာ။ စကားလှအောင်ပြောရင်တော့ ဘက်ဂျက်တို့ ဖန်ဒီတို့ပေါ့။

မေးသူ (၁)။ ။ ဟော...သုတေသန...မဟုတ်ဘူးလားကွ။

ဖြေဆိုသူ။ ။ တကယ့်လက်တွေ့မှာ ဘက်ဂျက်ငွေမရှိရင်....လျှပ်စစ်မီးမရှိ...စာအုပ်စာတမ်းမရှိ... ကွန်ပြူတာကြီးနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ အင်တာနက်မရှိတာနဲ့...လေနဲ့ပဲ သုတေသနလို့ရမယ် ဆရာ။

မေးသူ (၂)။ ။ ကောင်းပြီလေ..မောင်ရင်ပြောသလို...ဘက်ဂျက် တွေ ဖန်ဒီတွေလည်းပေးမယ်...လျှပ်စစ်မီး စာအုပ်စာတမ်း အင်တာနက် ကအစ အကုန် ပေးမယ်ဆိုပါတော့...ကဲသုတေသန ဘယ်က စလုပ်မလဲ။

ဖြေဆိုသူ။ ။ မရသေးဘူး ဆရာ။

မေးသူ (၂)။ ။ ဟ....မင်းပြောတော့ ငွေရှိရင်ရတယ်ဆို...Facilities တွေရှိရင်ရတယ် ဆို...။

ဖြေဆိုသူ။ ။ ဟုတ်ပါတယ်။ အဲ့ဒါတွေက ငွေရှိရင် အချိန်တိုအတွင်းမှာ ဝယ်ယူဖြည့်တင်းပေးလိုက်လို့ရပေမယ့်...သုတေသန လုပ်မယ့် ဆရာ ဆရာမဝန်ထမ်းတွေရဲ့ သုတေသနနဲ့ဆိုင်တဲ့ Capacity Building ကိုလည်းလုပ်ဆောင်ပေးဖို့လိုပါတယ်။ ဥပမာ ကာလတို ကာလရှည် Training တွေလွှတ်တာတို့ ဘာတို့...(စကားမဆုံးမီ)

မေးသူ (၂)။ ။ No...No...ပစ္စည်းတွေရှိနေတာပဲ ကိုယ့်ဟာကိုယ် ရှာကြံ ကြိုးစားပြီးလုပ်ပေါ့။ စာအုပ်တွေဖတ်ပြီးလုပ်ပေါ့ကွာ။

ဖြေဆိုသူ။ ။ နည်းပညာနဲ့ နည်းစနစ်ဆိုတာ အောင်မြင်နေတဲ့သူတွေဆီက သင်ယူလို့ပဲရပါတယ်။ ဝယ်ယူလို့မရပါဘူး။ ကိုယ့်နည်း ကိုယ့်ဟန် ကိုယ့်ဘာသာ ဆိုရင်...ကျောက်ခေတ်ကကို တက်လာမှာ မဟုတ်ပါဘူး။

မေးသူ (၂)။ ။ ကြိုးစားချင်စိတ်ရှိဖို့ပဲ လိုပါတယ်ကွာ..ကြိုးစားရင် ဘုရားတောင်ဖြစ်သေးတာပဲ။

ဖြေဆိုသူ။ ။ လက်တွေ့မကျပါဘူးဆရာ...တတယ့်လက်တွေ့မှာ ငါးပါးသီလတောင်လုံဖို့မလွယ်ပါဘူး ဆရာ။

မေးသူ (၃)။ ။ဟုတ်ပါပြီ...အဲ့ဒီ ဝန်ထမ်းတွေကို သင်တန်းတွေ နှစ်ရှည်ပညာသင်တွေလွှတ် ပြီးပြီဆိုပါတော့ကွာ...မင်းသုတေသန ကြီးလုပ်လို့ရပလား။

ဖြေဆိုသူ။ ။ မရသေးပါဘူး ဆရာ။

မေးသူ (၃)။ ။ ဟော...မောင်ရင့်ဟာ မဟုတ်သေးပါဘူး။

ဖြေဆိုသူ။ ။ဟုတ်ပါတယ် ခင်ဗျ။ လွှတ်ထားတဲ့ သူတွေက Field အလိုက် ရွှည်ရွှယ်ချက်ရှိရှိ နဲ့ လွှတ်ထားသလား၊ ဒါမှမဟုတ် အခြားအဖွဲ့အစည်းတွေက Scholarship ပေးလို့လွှတ်ထားသလား ဆိုတာအရေးကြီးပါတယ်။ Research Field အလိုက် ရည်ရွှယ်ချက်ရှိရှိလွှတ်ထားတယ်ဆိုရင်တော့ သူတို့ပြန်လာရင် ရည်ရွှယ်ချက်အတိုင်း ဆက်လက်အကောင်အထည် ဖော်လို့ရပေမယ့် အခြားအဖွဲ့ အစည်းတွေက Scholarship ပေးလို့ လွှတ်ထားတာဆိုရင်တော့ Field တွေက ပြန့်ကျဲနေ နိုင်ပါတယ်။

မေးသူ (၃)။ ။ အဲ့ဒီတော့လည်း ကောင်းတာပေါ့ကွာ...Field မတူတော့ အများကြီးခွဲလုပ်လို့ရတာပေါ့...တူနေရင်တောင် တစ်ယောက်တစ်နေရာစီ နေရာချပေးလိုက်ရင်...ပိုကောင်းတာပေါ့။

ဖြေဆိုသူ။ ။ဟုတ်ကဲ့ သုတေသန ဆိုတာ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ အုပ်စုလိုက် စုဖွဲ့မှု အားကောင်းကောင်းနဲ့ လုပ်ရတာပါ။ အခုနောက်ပိုင်းဆို Integrated Researchတွေ၊ Cooperative Research တွေလုပ်နေကြတယ်။ပြည်တွင်းပြည်ပ ပညာရှင်တွေ၊ စက်ရုံအလုပ်ရုံက ပညာရှင်တွေ အားလုံး ပေါင်းပြီးဆောင်ရွက်မှ သုတေသနရဲ့ လူသားအကျိုးပြုဆိုတဲ့ ရည်ရွှယ်ချက်က ပေါက်မြောက် အောင်မြင်မှာပါ။

မေးသူ (၃)။ ။ ဟ...နှစ်ရှည်ဆိုရင် ၃နှစ်ကျော် ၄နှစ်လောက် သင်ယူလာခဲ့တာပဲ...တစ်ယောက်တည်းမလုပ်နိုင်ဘူးဆိုတော့...အတော်ညံ့လို့ပေါ့...

ဖြေဆိုသူ။ ။ ဟုတ်ကဲ့ ၃နှစ်ကျော် ၄နှစ်ဆိုတဲ့အချိန်လေး သုတေသန လုပ်ဖူးယုံနဲ့ နတ်ရေကန်ထဲ ပစ်ချလိုက်သလို သုတေသီ တစ်ဦးအဖြစ် ချက်ချင်းအသွင်ပြောင်းမသွား နိုင်ပါဘူး...တကယ်တော့ Ph.D. ဘွဲ့ရတစ်ယောက်ဖြစ်ရင်တောင် သုတေသီ ဘဝရဲ့ အစပဲရှိပါသေးတယ်....သူဆက်လက် ရှင်သန်ဖွံ့ဖြိုးနိုင်ဖို့ အများကြီး ပံ့ပိုးပေးရဦးမှာပါ ဆရာ။

မေးသူ (၄)။ ။ကောင်းပြီလေ...လိုအပ်တဲ့ ငွေကြေး၊ နည်းပညာ နဲ့ ဝန်ထမ်းအင်အား စုဖွဲ့မှုတွေ နိုင်ငံတကာ ချိတ်ဆက်မှုတွေ ရပြီဆိုရင်တော့ မောင်ရင့် ရဲ့ သုတေသနကြီးစလို့ရလောက်ပေါ့။

ဖြေဆိုသူ။ ။ ဟုတ်ကဲ့ ကျွန်တော်ဉာဏ်မှီသလောက်တော့ ရပါပြီ။

မေးသူ (၄)။ ။ ဒါဆို...ဒီလောက်ရင်းနှီးမြှုပ်နှံမှုတွေ အများကြီး လုပ်ထားပြီး ရလာမယ့် အကျိုးအမြတ်နဲ့ ထွက်လာမယ့် Result ကို ဘာနဲ့ပြမလဲ။

ဖြေဆိုသူ။ ။ ပထမအဆင့် အနေနဲ့ သုတေသန စာတမ်းတွေ၊ အရေအသွေးပြည့်မှီတဲ့ နိုင်ငံတကာ ဂျာနယ်တွေမှာ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်တဲ့ နိုင်ငံတကာ ပညာရှင်တွေရဲ့ အကဲဖြတ်တာကို ခံယူပြီး ချပြသွားမှာပါ။ နောက်တစ်ဆင့် ကတော့ လက်တွေ့ Apply လုပ်နိုင်ဖို့ ကြိုးစားရမှာပါ။

မေးသူ (၄)။ ။ အခုလဲ တို့ဆီမှာ ဂျာနယ်တွေ ထုတ်နေတာပဲလေ။ အများကြီးရင်းပြီးမှ ဒါပဲရမှာလား။

ဖြေဆိုသူ။ ။ အရည်အသွေး ပြည့်မှီတဲ့ စာတမ်းတွေ၊ ဂျာနယ်တွေရဖို့ အရေးကြီးပါတယ်။ ဒါဟာ တကယ်သိုလ် တစ်ခုရဲ့ အဆင့်အတန်း ကိုပြတဲ့ အညွှန်းကိန်းတွေထဲက အရေးကြီးတဲ့ အချက် ဆိုရင်လည်း မမှားပါဘူး။ ဒီတော့ Fake Journal တွေလို အတုအယောင်တွေ...ကွန်ပြူတာလေး တစ်လုံးနဲ့

အင်တာနက်ပေါ်ကနေ ငွေလိမ်တောင်း ဒီနေ့ Journal တင်၊ ငွေလွှဲပြီးတာနဲ့ မနက်ဖြန် Acceptance ချပေးလိုက်တဲ့ Journal တွေ၊ တစ်ချို့ဆို လျှော့ဈေးနဲ့ပေးပါတယ်ဆိုတဲ့ Journal တွေ ဆိုရင်တော့ တက္ကသိုလ်ရဲ့ ပုံရိပ်ကို အကြီးအကျယ် ထိခိုက်ပျက်စီးနိုင်သလို၊ ကြီးကြီးကျယ်ကျယ် ပြောရရင် နိုင်ငံရဲ့ ငွေတွေလည်း ဆုံးရှုံးနစ်နာနိုင်ပါတယ် ဆရာ။

အပိုင်း (၃)

တက္ကသိုလ် စာသင်ခန်း နှင့် ပညာရေး ပတ်ဝန်းကျင်

30. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၁)

****

ဂျပန် နိုင်ငံက စာသင်ခန်းလေးတွေအကြောင်းကိုကိုယ်ပိုင်အတွေ့အကြုံလေးတွေကိုပဲ အခြေခံပြီးပြောပြချင်ပါတယ်။ Ph.D. ကျောင်းသားဖြစ်တဲ့ ကျွန်တော့်အတွက် ဘာသာရပ်နဲ့ဆိုင်တဲ့ Credit တွေရအောင် သက်ဆိုင်ရာ Professor တွေဆီမှာ တက်ရပါတယ်။ ဒါပေမယ့် ကျွန်တော်လိုချင်တာက စာသင်ခန်းနဲ့ ပက်သက်တဲ့အတွေ့အကြုံပါ။ ဒါနဲ့ ကျွန်တော့ Professor က Japanese Language class နဲ့ ဌာနက ဆရာတစ်ယောက်သင်တဲ့ Programming Language အတန်းတွေကိုတတ်ခွင့်ပေးပါတယ်။ ဒီ class ကိုတတ်ဖို့ ပထမဆုံး Online registration လုပ်ရပါတယ်။ စာသင်ခန်းနဲ့ စာသင်ချိန်တွေကိုလည်း တစ်ပါတည်း ကြေငြာပေးထားပါတယ်။

ကျောင်းသား ဦးရေကိုတော့ အများဆုံး ၃၀ သတ်မှတ်ထားပါတယ်။ Lecturer ပေးမယ့်ဆရာ တစ်ယောက်နဲ့ အကူဆရာ နှစ်ယောက်က တာဝန်ယူသင်ကြားပေးပါတယ်။ Online registration လုပ်ပြီးပေမယ့် အတန်းစတဲ့ ပထမဆုံးနေ့မှာ ကိုယ်တိုင် စာရင်းထပ်ပေးပြီး Confirm လုပ်ရတယ်။ ပြီးပြီဆိုတာနဲ့ ဆရာက Class Policy နဲ့သက်ဆိုင်တဲ့ ရှင်းလင်းချက်တွေကို ပေးပြီး အသေအချာ ရှင်းပြတယ်။အဲ့ဒီမှာ Roll call ကိစ္စပါလာတယ်။ နောက်ကျပြီးမှ အတန်းထဲကိုရောက်လာတာ ၃ကြိမ်ရှိပြီဆိုရင် Absent တစ်ရက်အဖြစ် သက်မှတ်ပါတယ်။ မိနစ်၃၀ အထက် နောက်ကျပြီးမှ ရောက်လာရင် ဖြစ်စေ၊ စောပြီးထွက်သွားရင်ဖြစ်စေ Absent အဖြစ်သက်မှတ်ပါတယ်။

ခွင့်အဖြစ် သက်မှတ်ပေးနိုင်မယ့် အကြောင်းအရင်း ၃ခုလို့ အတိအလင်းပြောထားပါတယ်။
(၁) ရာသီဥတု ဆိုးရွားလွန်းနေခြင်း
(၂) မိသားစုဝင် တစ်ဦးဦး ဆုံးပါးသွားခြင်း
(၃) ကူးဆက်ရောဂါ ခံစားနေရခြင်း
တို့ဖြစ်ပါတယ်။
ကျောင်းတတ်ချိန်ကိုတော့ Must attend at least two thirds of all classes. လို့ရေးထားပါတယ်။ ကျောင်းတတ်ချိန်မပြည့်တဲ့ ကျောင်းသားကိုတော့ လုံး၀(လုံး၀) စာမေးပွဲဖြေဆိုခွင့်မပြုပါဘူး။ ဒါဟာအင်မတန် တင်းကြပ်ထားတဲ့ စည်းကမ်းချက်ပါ။ စာမေးပွဲဖြေဖို့ လုံလောက်အောင် သင်ယူမှုခံယူမထားတဲ့ ကျောင်းသားကို လုံး၀(လုံး၀) စာမေးပွဲ ဖြေဆိုခွင့်မပေးထားပါဘူး။ ဘာလို့လဲဆိုတော့ ဆရာတွေရဲ့ စွမ်းဆောင်ရည်ကိုလည်း Evaluation လုပ်မှာမို့ ဒါဟာ မျှတတဲ့ စည်းကမ်းချက်ပါ။

13.3.2017

31. ဂျပန် တက္ကသိုလ်ရဲ့ စာသင်ခန်း (၂)

****

ဂျပန် တက္ကသိုလ်တွေရဲ့ စာသင်ခန်းတွေကိုရောက်တိုင်း ဘာတွေရှိတယ် ဘယ်လိုတွေပြင်ဆင်ထားတယ်ဆိုတာလေ့လာမိတယ်။ အခုတော့ Okayama University ရဲ့ စာသင်ခန်းကို လေ့လာကြည့်ကြရအောင်။ စာသင်ခန်းဆိုတော့ Blackboard ရယ်၊ မြေဖြူရယ်၊ ထိုင်ခုံရယ် ရှိတာပေါ့။ ဒါပေမယ့် သူတို့ရဲ့ အစိမ်းရောင် Chalkboard or Blackboard မှာ ၂လက်မပတ်လည် Grid လေးတွေထည့်ထားတာဆိုတော့ သင်တဲ့ဆရာက ပုံတွေဆွဲပြတဲ့အခါဝဲဖြစ်ဖြစ်၊ စာရေးပြတဲ့အခါဝဲဖြစ်ဖြစ် အဆင်ပြေတာပေါ့။ တစ်ချို့ စာသင်ခန်းတွေမှာတော့ Chalkboardကို နှစ်ချပ်တပ်ဆင်ပေးထားတဲ့အတွက် ဆရာက စိတ်ကြိုက် ရေးလို့ရတယ်။ Chalkboard နှစ်ချပ်ကို Chain နဲ့ချိတ်ဆက်ထားတဲ့အတွက် အလွယ်တကူပဲ အပေါ်အောက်ရွှေ့လို့ရတယ်။ နောက်တစ်ခုက ရောင်စုံ မြေဖြူခဲတွေကိုထားပေးထားတယ်။ မြေဖြူတွေက ရေးကြည့်တော့ အမှုန်တွေ ထွက်တာ သိပ်မတွေ့ရဘူး။ ပြီးတော့ မြေဖြူ ဖျက်တဲ့ Chalkboard Duster ရယ်၊ Duster Cleaning Machine လေးပါထားပေးထားတော့ မြေဖြူအမှုန့်တွေကို စနစ်တကျ သန့်ရှင်းပြီးဖြစ်တာတွေ့ရတယ်။

ထိုင်ခုံတွေကလည်း လူမရှိရင် ရှေ့ကို ပြန်ငိုက်ထားလို့ရတဲ့ ရုပ်ရှင်ရုံက ထိုင်ခုံတွေလိုပဲဆိုတော့ အမြဲတမ်း သပ်သပ်ရပ်ရပ်ရှိနေတာပေါ့။ ပြီးတော့ ထိုက်ခုံတိုင်းမှာ Laptop PC အသုံးပြုနိုင်အောင်လို့ မီးပလပ်ခုံတွေကိုလည်း တပ်ဆင်ပေးထားတယ်။ အတန်းရဲ့ နောက်ဆုံးမှာ ပစ္စည်းတွေ သိမ်လို့ရအောင် Cardboard လည်းရှိတယ် (အခန်းတိုင်းတော့မရှိပါဘူး)။ တချို့ Computer room တွေဆိုရင် ဖိနပ်စင်ပါတယ်။ အခန်းထဲဝင်တာနဲ့ အဲ့ဒီစင်ပေါ်က ဝွင်းထိုးဖိနပ်ကို ပြောင်းစီးရတယ်။ တက္ကသိုလ် ဆေးခန်းသွားရင်လည်း ဒီအတိုင်းပဲ။ကျောင်းသားကဒ်ပြပြီး Laptop PC ကို အချိန်ပိုင်းနဲ့လည်း ငှားသုံးလို့ရတယ်။

ဂျပန်မှာ ရာသီဥတုက ဆောင်းတွင်းဆို အလွန်အေးပြီး နွေရာသီရောက်ရင် အလွန်ပူလေတော့ စာသင်ခန်းတိုင်း လေပူလေအေးစက်တွေ အလုံအလောက် တပ်ဆင်ပေးထားတယ်။ ကျွန်တော်တို့ Okayama ကတော့ ဆောင်းတွင်းဆို -10°C လောက်ထိ အေးတတ်ပြီး နွေဆိုရင်တော့ 38°C လောက် ပူတတ်ပါတယ်။ နောက်ပြီးတော့ Powerpoint အသုံးပြုနိုင်ဖို့ Projector ရယ် အသံအတွက် Mic နဲ့ Sound System တွေကိုလည်း တပ်ဆင်ပေးထားပါတယ်။ ဆရာတိုင်း PPT နဲ့ပဲသင်ကြပါတယ်။ တစ်ချို့ စာသင်ခန်းတွေမှာတော့ Copier Machine တွေပါ ထားပေးထားပါကြောင်း ဗဟုသုတ အလို့ငှာ တင်ပြလိုက်ရပါတယ်ခင်ဗျာ။

14.3.2018

32. ကျောင်းတက်ချိန်

****

ဂျပန်က တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ ကျောင်းတက် ရာခိုင်နှုန်း မပြည့်ရင် စာမေးပွဲဖြေဆိုခွင့်မရပါဘူး။ Attendance (roll call) ကိုလည်း စနစ်တကျ ကောက်ယူပါတယ်။ အတန်း အရွယ်အစား အနေအထားပေါ်မူတည်ပြီး တစ်ချို့အတန်းတွေက ဆရာက နာမည် အော်ခေါ်တယ်၊ တစ်ချို့အတန်းတွေက ကျောင်းသားနံပါတ်နဲ့ လက်မှတ်ထိုးရတယ်၊ တစ်ချို့ကျတော့ Attendance ကောက်တဲ့ စက်ကိုသုံးပြီး record လုပ်တယ်။ စက်နဲ့ record လုပ်ပုံကတော့ ပထမဆုံး ဆရာက သူ့ရဲ့ ID ကဒ်နဲ့ စဖွင့်တယ် ပြီးရင် ကျောင်းသားတွေ အတန်းထဲဝင်ရင် သူတို့ ID ကဒ်နဲ့ Attendance ယူတယ်။ ပြီးတာနဲ့ Excel file နဲ့ တန်းထွက်လာတယ်။ ဒါတွေကတော့ Teaching Assistant တွေဖြစ်တဲ့ Lab က Ph.D. နဲ့ M.E. ကျောင်းသားတွေက လုပ်ပေးကြတယ်။

သေချာတာ တစ်ခုကတော့ သက်မှတ် ကျောင်းတက်ရာခိုင်နှုန်းမပြည့်ရင် စာမေးပွဲ ဖြေဆိုခွင့် လုံးဝ (လုံးဝ) မပေးဘူး။ Rule and regulation တွေကို အခိုင်အမာချ ထားလို့ ဘယ်ကျောင်းသားမှ စောဒက တက်မရသလို ဘယ်ဆရာမှလည်း မျက်နှာလိုက် လို့မရပါဘူး။ အတိအကျပဲ လိုက်နာ ဆောင်ရွက်ကြရတယ်။ ဂျပန်ဘာသာစကား အတန်းမှာ ကိုယ့်ရှေ့မှာပဲ ဂျာမန် ကျောင်းသူတစ်ယောက်ကို Attendance မပြည့်လို့ ဆိုပြီး စာမေးပွဲ ဖြေခွင့်မပေးခဲ့တာ တွေ့ခဲ့ရတယ်။

ဒီနေရာမှာ ဆရာဆရာမတွေရဲ့ အရည်အသွေး ဆန်းစစ်အကဲဖြတ် အဆင့်မြှင့်တင်ရေး နဲ့ သင်ကြားရေးဆိုင်ရာ Facilities တွေကိုတော့ ကျောင်းကတာဝန်ယူထားပါတယ်။ဒါပေမယ့် ကျောင်းတက် ကျောင်းတက်ရာနှုန်းပြည့်မှီဖို့ကတော့ ကျောင်းသားကပဲ တာဝန်ယူ ရပါတယ်။ ဂျပန်က ဆရာတွေရော ကျောင်းသားတွေပါ အားလုံးနားလည်ထားတာက စည်းကမ်း ဆိုတာပဲ။ စည်းကမ်း မရှိရင်၊ စည်းကမ်း မလိုက်နာတတ်ရင် ဂျပန်မှာ survive မလုပ်နိုင်ဘူး ဆိုတာ သူတို့ ကောင်းကောင်း နားလည်ထားကြလို့ပါပဲ။

4.7.2018

33. စာသင်ခန်း ရဲ့တန်ဖိုး

****

နိုင်ငံ တစ်နိုင်ငံရဲ့ အနာဂတ်ကို သိချင်ရင် စာသင်ကျောင်းတွေနဲ့ စာသင်ခန်းတွေကို လိုက်ကြည့်ယုံနဲ့ သိနိုင်မယ်ထင်ပါတယ်။ စာသင်ခန်းတွေဆိုတာ တိုင်းပြည်ရဲ့ အနာဂတ်ကို ပိုင်စိုးမယ့် လူငယ်တွေကို ပြုစုပျိုးထောင်ရာ နေရာပါ။ နောက်တစ်ခုက ပညာရေး အဆင့်အတန်းကို သိချင်ရင်တော့ တက္ကသိုလ်တွေရဲ့ သုတေသန ဆိုင်ရာ ဆွေးနွေးပွဲ (Seminar) တွေရဲ့ အရည်အသွေးကို ကြည့်ရမှာပါ။ ဒီလိုဆို စာသင်ခန်းတွေနဲ့ Seminar တွေဟာ တနည်းအားဖြင့် တိုင်းပြည်ရဲ့ အနာဂတ် တိုင်းပြည်ရဲ့ အဆင့်အတန်းလို့ ဆိုရမှာပါ။ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံက စာသင်ခန်းတွေ၊ Seminar တွေအကြောင်းတင်ပြချင်ပါတယ်။

အချိန်ကို တန်ဖိုးထား လေးစားတယ်

ဂျပန်တွေ အချိန်နဲ့ပက်သက်ပြီး အလွန်ပဲ အလေးထားပါတယ်။ အချိန်တိကျတဲ့ နေရာမှာလည်း နာမည်ကြီးပါတယ်။ စာသင်ချိန်ကို အတိအကျ စတင်ပါတယ်။ အတိအကျပဲ နားချိန်ပေးတယ်။ အချိန်နဲ့ ပက်သက်ပြီး အတိမ်းအစောင်းမခံပါဘူး။ Seminar နဲ့ Meeting တွေမှာလည်း အတူတူပါပဲ။ တစ်ခါက နိုင်ငံခြား ကျောင်းသား တစ်ယောက် ၅မိနစ်လောက် နောက်ကျတော့ Professor ကဆူပါတယ်။ ငါတို့အားလုံး မင်းကို စောင့်နေရတယ်...ငါတို့ရဲ့အချိန်တွေကို မင်းသုံးပစ်တဲ့အတွက် အားလုံးကို တောင်းပန်ပါလို့ ခိုင်းတယ်။ အဲ့ဒီလို အချိန်ကို တန်ဖိုးထားလေးစားပါတယ်။

စည်းကမ်းကို အတိအကျ လိုက်နာတယ်

စာသင်ခန်းအတွင်းမှာ ချမှတ်ထားတဲ့ စည်းကမ်းတွေကို အပြည့်အဝ လိုက်နာရပါတယ်။ Roll call ကောက်ပါတယ်။ သက်မှတ်ချိန်မပြည့်ရင် လုံးဝ (လုံးဝ) စာမေးပွဲ ပေးမဖြေပါဘူး။ စာသင်ခန်းအတွင်း ဝင်လိုက် ထွက်လိုက် လုပ်တဲ့သူ တစ်ယောက်မှ မရှိပါဘူး။ အော်ဟစ် စကားပြော ဆူညံနေတာမျိုး မရပါဘူး။ သက်မှတ်ထားတဲ့ Assignment တွေကို
သက်မှတ်ချိန်အတွင်းပေးရပါတယ်။အချိန်ကျော်သွားရင် လုံးဝလက်မခံပါဘူး။ Computer တွေ Lab ပစ္စည်းတွေ ရှိတဲ့ စာသင်ခန်းတွေဆိုရင် အစား စားတာ၊ ရေသောက်တာမျိုး ခွင့်မပြုထားပါဘူး... စတဲ့ စည်းကမ်းတွေကို လိုက်နာကြပါတယ်။

စာသင်တဲ့အချိန် စကားမပြောကြ

ဆရာက စာသင်နေတဲ့ အချိန်မှာ စကားပြောနေတာ က သင်ကြားရေးကို နောက်ယှက်ရာ ကျတဲ့အတွက် တော်တော်များများ သတိထား ရှောင်ကျဉ်ကြပါတယ်။ ဆရာကလည်း စာသင်ချိန်တွင်း အခြားတစ်ယောက်နဲ့ စကားပြောနေတာမျိုး မရှိပါဘူး။ ထိုနည်းငင်း Seminar တွေ Meeting တွေမှာလည်း အတူတူပါပဲ။ စာသင်နေတဲ့အချိန်၊ Presentation ပေးနေတဲ့အချိန်အဲ့လို စကားပြောတဲ့လုပ်ရပ်ကို ယဉ်ကျေးမှုမရှိတာ၊ တစ်ဖက်သားကို လေးစားမှုမရှိတာ၊ အလေးထားမှုမရှိတာ၊ တန်ဖိုးထားမှု မရှိတာ....စသဖြင့် ခံယူထားကြပါတယ်။

စာသင်ခန်း အတွင်းဖုန်းမသုံးကြ

စာသင်ခန်း၊ Seminar နဲ့ Meeting တွေမှာ ဖုန်းသံ မြည်တာ တစ်ခါမှ မကြားဖူးသလို ဖုန်းပြောတာကိုလည်း မကြားဖူးပါဘူး။ ဖုန်းကိစ္စကိုတော့ လုံးဝ(လုံးဝ) တားမြစ်ထားပါတယ်။ ဆရာတွေကလည်း ဆရာဆိုပြီး ဖုန်းသုံးတာ ဖုန်းပြောတာမျိုး မရှိပါဘူး။ Seminar တွေမှာလည်း ကျောင်းသားက presentation ပေးနေပေမယ့် ဆရာက ငါဆရာပဲ ဆိုပြီး ဖုန်းပြောနေတာ၊ စကားပြောနေတာ လုံးဝ (လုံးဝ) မရှိပါဘူး။ ကျောင်းသား ရဲ့ Presentation တွေ အစအဆုံး အာရုံစိုက်နားထောင် အကဲဖြတ် Comment တွေ Suggestion တွေပေးပါတယ်။ ဂျပန်မှာ ကိုယ့်ကြောင့် တစ်ဖက်သားတွေ အနှောက်အယှက်ဖြစ်နိုင်မယ့် ကိစ္စတွေကို အထူးသတိထား ရှောင်ကျဉ်ကြပါတယ်။

အစားအသောက်များ ဖြင့်ဇည့်ခံခြင်းမရှိ

စာသင်ခန်းတွေ အထူးသဖြင့် Seminar တွေမှာ ဘာအစားအသောက်နဲ့မှ ဧည့်မခံပါဘူး။ ပြောရရင် ရေတောင် စီစဉ်ပေးစရာမလိုပါဘူး။ Defence လိုနေ့မျိုးမှာတောင် ဆရာနဲ့ ကျောင်းသားတွေ presentation ပေးမယ့် အခန်းထဲကို ၁၀မိနစ်လောက် ကြိုသွားကြပါတယ်။ ၅မိနစ်အလိုလောက်ဆို ဖိတ်ကြားထားတဲ့ ဆရာတွေ အသီးသီး ရောက်လာကြတယ်။ စပြီဆိုတာနဲ့ အကြိတ်အနယ် တင်ပြ ဆွေးနွေး မေးမြန်းတာတွေနဲ့ လက်ရှိအလုပ်မှာပဲ ၁၀၀% အာရုံထား လုပ်ဆောင်ကြပါတယ်။

အထက်မှာ တင်ပြခဲ့တာတွေကတော့ တိုးတက်နေတဲ့ ဂျပန်ပြည်မှာ လုပ်ဆောင်နေကြတာပါ။ ဒါတွေကို အတုယူ လိုက်ပါလုပ်ဆောင်ဖို့ ဘာနည်းပညာ အကူအညီမှမလိုအပ်ပါဘူး။ ဒီလို စာသင်ခန်းနဲ့ Seminar များကို တန်ဖိုးထား လေးစားခြင်းသည် ပညာရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံ အကြောင်းအရင်းများဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။
27.12.2017

34. Blue Sky Classroom in the Ruins

****

ပညာရေးသည် နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်၊ အသက်သွေးကြောဆိုတာ မှန်ပါတယ်။ ခေတ်နဲ့အညီလိုက်နိုင်ပါမှ နိုင်ငံတကာမှာ လူရာဝင်မယ်ဆိုတာလည်း အမှန်ပါပဲ။ပညာရေးကို တန်ဖိုးထားတဲ့ နိုင်ငံထိပ်တန်းရောက်မယ်။ ဒီတော့ ပညာရေးကို အဆင့်မြှင့်တင်ဖို့ အဘက်ဘက်ကနေ ကြိုးစားနေကြရမှာပါ။ သို့သော် ကိုယ့်နိုင်ငံမှာရှိတဲ့ အခြေအနေနဲ့ ပေးထားချက်တွေပေါ်မှာပဲ အခြေပြုပြီး ဘယ်လိုကောင်းအောင်လုပ်ကြမလဲ၊ ဘယ်လို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမလဲဆိုတာ စဉ်းစားအဖြေထုတ်ပြီး လက်တွေ့ကျကျ လိုက်ပါလုပ်ဆောင်ကြရမှာပါ။လက်ရှိ ပကတိ အခြေအနေကို ကြည့်ပြီး အကောင်းဆုံး ကြိုးစား အားထုတ်ဖို့ရာ အဓိကပါ။ ဒီတော့ အရင်ဆုံး နိုင်ငံကို ချမ်းသာအောင် ကဏ္ဍစုံက ကိုယ့်တာဝန် ကိုယ်ကျေအောင် အရင်လုပ်ကြရမှာပါ။ ဒီလိုဆိုရင် ပညာရေးအသုံးစရိတ်သည်လည်း နိုင်ငံက ချမ်းသာရင် ချမ်းသာသလောက် တိုးလာမှာ မလွဲဧကန်ပါပဲ။

ယနေ့ ကမ္ဘာမှာ ထိပ်တန်းရောက်နေတဲ့ ဂျပန်နိုင်ငံဟာ ဒုတိယ ကမ္ဘာစစ် အပြီး ပြာပုံကြားက ဘယ်လို ရုန်းထပျံတက်ခဲ့သလဲဆိုဒါ ပိုပြီးအားကျ အတုယူစရာ ကောင်းပါတယ်။ Blue sky classroom in the ruins ဆိုတဲ့ သမိုင်းဓါတ်ပုံက သက်သေတစ်ခုပါ။ တိုင်းပြည်တိုးတက်ချင်ရင် အနာဂတ်ကို ပဲ့ကိုင်မယ့် လူငယ်တွေ ပညာတတ်ဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာ.....

ကျွန်တော် ကိုယ်တိုင်ရိုက်ထားတဲ့ ဓါတ်ပုံပါ။

24.10.2017

35. ဂျပန်က ဆရာတွေ ကျင့်နေတဲ့ကိုယ်ကျင့် တရား

****

ကျွန်တော်ရောက်နေတဲ့ ဂျပန်နိုင်ငံက Okayama University မှာတွေ့နေမြင်နေရတဲ့ ကိုယ်ပိုင်အတွေ့အကြုံလေးပြောရရင်

ဂျပန်က ဆရာတွေ ကျင့်နေတဲ့ကိုယ်ကျင့် တရားကတော့...
(၁) တပည့်တွေရဲ့ တိုးတတ်မှုကို စဉ်ဆက်မပြတ် လေ့လာသုံးသပ် ဆန်းစစ်တယ်
(၂) တစ်ဦးချင်းကို အချိန်ပေး အလေးထား အသေအချာဆွေးနွေးတယ်
(၃) တပည့်နှင့်အတူ အသစ်သစ်တွေကို လေ့လာသင်ယူတယ်
(၄) သင်ကြား သင်ယူမှုမှာ အဂတိတရားလုံးဝမရှိဘူး၊ အထူးသဖြင့် ရိုးသားမှုရှိတယ်
(၅) ကိုယ်ပိုင် တွေးခေါ်စဉ်းစားတတ်အောင်၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နိုင်အောင် အားပေးထောက်ပံ့တယ်
(၆) တပည့်ရဲ့ အမှားကို ထောက်ပြပြီး အမှန်ရောက်နိုင်အောင် ဆွေးနွေးအကြံပေးတယ်

နောက်ဆရာတွေမလုပ်တာတွေက

(၁) တပည့်ကို တတ်အောင်မသင်ပဲ... စာမေးပွဲအတွက်ပဲဆိုပြီးဘယ်တော့မှသင်မပေးဘူး... (တတ်အောင်သင်ပေးတယ်)
(၂) စာမေးပွဲမှာပါမယ့်အပုဒ်တွေဆိုပြီးတော့လည်း ရွေးမပေးဘူး
(၃) ဒါသင်ဒါမေး စနစ်ကိုလုံးဝမကျင့်သုံးဘူး(အဲ့ဒီအတွက် ဆရာတွေကိုယ်တိုင်က Lecture Plan ကို အချိန်ပေးရေးဆွဲ ပြင်ဆင်ကြတယ်)
(၄) တက္ကသိုလ်ကဆရာတွေ အပြင်မှာ ကျူရှင်မသင်သလို ကျောင်းသားတွေတက်ရတယ်ဆိုတာလည်းမရှိဘူး(မှတ်ချက်-အထက်တန်းကျောင်းအထိတော့ အပြင်မှာ ကျူရှင်သဘောမျိုးတတ်ကြတယ်)
(၅) မေးခွန်းကို ဘယ်တော့မှ ရောင်းမစားဘူး၊ ငွေပေးလို့အမှတ်တိုးပေးတာ မရှိဘူး။

14.3.2017

36. အိုကာယာမ တက္ကသိုလ်မှာ ဒါတွေလုပ်တယ်

****

ဂျပန် တက္ကသိုလ်တွေနဲ့ ကျောင်းတွေမှာ အစဉ်မပြတ် လုပ်ဆောင်လေ့ရှိတဲ့ Activity တွေရှိပါတယ်။ အခုဒီထဲက တစ်ချို့ တဝက်ကို ပြောပြချင်ပါတယ်။

Disaster Drill

လေ့ကျင့်တယ်ဆိုတာ အလွန်ကောင်းတဲ့ အလေ့အကျင့်တစ်ခုပါ။ ယခု ကျွန်တော်နေတဲ့ Okayama မှာ ငလျင် ကြီးကြီးမားမား လှုပ်လေ့မရှိပါဘူး။ ဒါပေမယ့် တစ်နှစ်တစ်ခါ Disaster Drill လုပ်ကြရတယ်။ ဘယ်လို လေ့ကျင့်ရမယ်ဆိုတဲ့ လမ်းညွှန်ချက်ကိုလည်း ရေးပြီး ကြိုတင်ပေးပို့ထားတယ်။ ငလျင် လှုပ်တဲ့အခါ မှာလုပ်ရမယ့် Procedure တွေအတိုင်းလေ့ကျင့်ပေးပါတယ်။ ဒီတော့ တကယ်အရေးကြုံလာတဲ့အခါ ဘာလုပ်ရမယ် ဘယ်လိုရင်ဆိုင်ဖြတ်ကျော်ရမယ်ဆိုတာ နားလည်ပြီးသားဖြစ်နေတာပေါ့။ ဂျပန်ကတော့ Practice makes perfect! ဆိုတာကို လက်တွေ့လိုက်နာကျင့်သုံးနေတာတွေ့ရတယ်။ ကြိုတင်ပြင်ဆင်မှု သိပ်ကိုကောင်းတယ် ပါတယ်။

Nov 11 2016

Campus Clean

ဂျပန်တက္ကသိုလ်တွေမှာ အခါအားလျော်စွာ Campus Clean ဆိုပြီး ဆရာဆရာမတွေနဲ့ ကျောင်းသား/သူတွေအားလုံး ပျော်ပျော် ရွှင်ရွှင်နဲ့ သန့်ရှင်းရေးလုပ်ကြတယ်။ ကျွန်တော်တို့ Okayama တက္ကသိုလ်ကတော့ နှစ်လတစ်ကြိမ် မနက် 9:30-10:30 ထိ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ကြရပါတယ်။ အခါအားလျော်စွာပဲ Lab ခန်း နဲ့ ကိုယ်နေတဲ့ အဆောင် သန့်ရှင်းရေးတွေလည်း လုပ်ကြရပါတယ်။ ကြီးကြီးမားမား အားစိုက်လုပ်ရတာတော့မဟုတ်ပါဘူး သစ်ရွက်ခြောက်တွေနဲ့ ရိတ်ပြီးသား မြက်တွေ ကိုရှင်းကြရတာပါ။ အခုဒီလိုနေ့တွေဆိုရင် ပါမောက္ခကြီးတွေက ရှေ့ဆုံးကနေ အင်တိုက်အားတိုက် ရယ်ရယ် မောမောနဲ့ သန့်ရှင်းရေးလုပ်နေကြတာ ကြည်နူးစရာပါပဲ။ ကိုယ်နေထိုင်တဲ့ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ဖို့ဆိုတာ နေထိုင်သူတွေရဲ့အဓိကတာဝန်ဆိုတာကို လက်တွေ့ပြသလိုက်တာပါပဲ။သန့်ရှင်းရေးလုပ်ပြီးသွားရင်တော့ အမောပြေသောက်ရအောင် Green Tea တစ်ယောက်တစ်ဘူးဝေပေးတယ်။ အခုဒီလိုပဲ Lab မှာ fourth year ကျောင်းသား/သူတွေကိုလည်း နေ့အလိုက် သန့်ရှင်းရေးတာဝန်ခွဲပေးထားတယ်။ Lab အခန်းထဲက အမှိုက်ပုံးတွေထဲက အမှိုက်တွေရှင်းတယ် ပြီးတော့ ဖုန်စုပ်စက်နဲ့ လိုက်ရှင်းတော့တာပဲ။ တစ်ခါမှ ပျက်ကွက်တယ်ဆိုတာမရှိဘူး။ တာဝန်ယူစိတ်ရှိအောင် သန့်ရှင်းသပ်ရပ်တဲ့ ပတ်ဝန်းကျင်ကို တန်ဖိုးထားတတ်အောင် လေ့ကျင့်ပေးနေတာပေါ့ဗျာ။

29.9.2015

Lab Clean

ဂျပန်တက္ကသိုလ်တွေမှာ စာသင်နှစ် တစ်နှစ်ကုန်ဆုံးတော့မယ် ဆိုရင် Lab ခန်းသန့်ရှင်းရေးတွေ လုပ်ကြ၊ Year-end party တွေလုပ်ကြတယ်။ မကြာခင် လာတော့မယ့် ကျောင်းပိတ်ရက်တွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းကြဖို့၊ Lab ကိုမလာကြဖို့ Professor တွေကမှာကြတယ်။ တစ်ချို့ Lab တွေဆို ဘယ်သူမှ မလာနိုင်အောင် သော့ခတ်ထားတတ်ကြပါတယ်။

22.12.2017

Lab Trip

ဂျပန်တက္ကသိုလ်တွေမှာ Professor ကိုယ်တိုင်ဦးဆောင်ပြီး တစ်နှစ်တစ်ခါ Lab Trip ထွက်ကြတယ်။ တစ်ချို့ကနေ့ချင်းပြန် တစ်ချို့က နှစ်ညအိပ် သုံးညအိပ် ခရီးပေါ့။ ဌာနက ဆရာဆရာမတွေနဲ့ ကျောင်းသား၊ကျောင်းသူတွေအားလုံး လိုက်ကြတယ်။ ပျော်ပျော်ပါးပါး ရင်းရင်းနှီးနှီးပဲ။ စာသံတွေနဲ့ဝေးပြီး လွတ်လပ်ပေါ့ပါးတဲ့ နေရာတစ်ခုမှာ ဆရာနဲ့ တပည့်တွေ အတူရှိနေခွင့်ရတဲ့ ခံစားမှုက နွေးထွေးတယ်။ပျော်စရာကြီးပေါ့ဗျာ။ ကျွန်တော်လည်း မော်လမြိုင်က ကလေးတွေကို ၂၀၁၂ ခုနှစ်က ပုဂံ၊ ၂၀၁၃ ခုနှစ်က တောင်ကြီးနဲ့ ကျောက်ဆည်သင်တန်းသား/သူ တွေကို ပုဂံ စသည်ဖြင့် လိုက်ပို့ပေးခဲ့ပါတယ်။ တကယ်တော့ ဒီလိုခရီးထွက်ရင် ဘယ်လိုတွေ့ကြုံခံစားရတယ် ဆိုတာ သွားဖူးသူတိုင်းသိကြပါတယ်။ကလေးတွေအတွက် ကျောင်းတုန်းကဆိုတဲ့ အကြောင်းလေးတွေ ပြန်ပြောကြတဲ့အခါ ပြောစရာလေးတွေ ရှိအောင်လို့ပေါ့ဗျာ။Sep 28 2015

ဂျပန်နိုင်ငံရဲ့ ရှေးအကျဆုံး စာသင်ကျောင်းလေးကို သွားလေ့လာခဲ့တယ်။Shizutani School တဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ ရာလောက်က စတင်တည်ထောင်ခဲ့ပြီး အခုထက်ထိ အသုံးပြုနေဆဲပါပဲတဲ့။ ဒီProgram ရဲ့ အဓိကရည်ရွယ်ချက်က သူတို့ရဲ့ယဉ်ကျေးမှုကိုပြချင်တယ်၊ သူတို့ရဲ့ ဂျပန်ကျောင်းသား၊သူလေးတွေကို နိုင်ငံတစ်ကာက ကျောင်းသားတွေနဲ့ ထိတွေ့ဆက်ဆံစေချင်တာပါပဲ။ဒီ Program မှာ ဂျပန် High schoolက ကျောင်းသား၊သူလေးတွေနဲ့ အဖွဲ့လေးတွေဖွဲ့ပေးထားပြီး ကိုယ့်အဖွဲ့နဲ့ကိုယ် အတူတူ လေ့လာခိုင်းတယ်။

ကျွန်တော်တို့အဖွဲ့ကစုစုပေါင်း၅ယောက်မှာ မြန်မာနှစ်ယောက်၊ကျောင်းသားလေး တစ်ယောက်နဲ့ကျောင်းသူလေး နှစ်ယောက်ပါတယ်။ သူတို့ကကျွန်တော်တို့ကို သူတို့ရဲ့အမွေအနှစ်တွေ ယဉ်ကျေးမှုတွေအကြောင်းလိုက်ရှင်းပြတယ်။ ကလေးတွေနဲ့ ဓါတ်ပုံတွဲရိုက်တာရယ် ၊ ဖုန်းနံပတ် Email စတဲ့ Personal Information တွေကို မလဲလှယ်ရဘူးလို့ တားမြစ်ထားတယ်။

ကျွန်တော်ဒီနေ့ မြန်မာဝတ်စုံဝတ်ပြီးသွားရတာ ဘယ်လိုဂုဏ်ရှိမှန်းကိုးမသိဘူးဗျာ။သူတို့ဆရာတွေကလည်း ဒေါ်အောင်ဆန်းစုကြည် နဲ့ရွေးကောက်ပွဲ အကြောင်းတွေကြီးပဲမေးနေတော့တာပါပဲ။မြန်မာဖြစ်ရတာ ဂုဏ်ယူတယ်ဗျာ။

15.10.2015

Open Campus

ဒီကနေ့ Okayama University ရဲ့ Open Campus နောက်ဆုံးနေ့ပါ။ နှစ်ရက်တာ ကျင်းပနေတာဖြစ်ပြီး အထက်တန်း ကျောင်းသား၊ကျောင်းသူလေးတွေ ကျောင်းအလိုက်လာရောက် လေ့လာနေကြတာပါ။ တစ်ချို့ လည်း မိဘတွေ ကိုယ်တိုင်လိုက်လာကြတာတွေ့ရတယ်။ တာဝန်ကျတဲ့ Lab တွေက လုပ်နေတဲ့ သုတေသနတွေကို Poster များ၊ Lab ပစ္စည်းများနဲ့အတူ ရှင်းပြနေကြသလို တက္ကသိုလ်ရဲ့ အဆိုအက အတီး အမှုတ် ၊ ကရာတေး စတဲ့ ကျောင်းသားအဖွဲ့အသီးသီးကလည်း ဧည့်ခံ သရုပ်ပြလျက်ရှိပါတယ်။ တက္ကသိုလ် ကျောင်းသားကြီးများကို ကြည့်ပြီး အထက်တန်းကျောင်းသားလေးတွေကတော့ အားကျနေပုံရပါတယ်။ တက္ကသိုလ်ကြီးထဲကို
လာလေ့လာရတာကို ပျော်ရွှင်အားရကျေနပ်နေကြတာလည်းတွေ့ရပါတယ်။

ကျွန်တော်တို့ဆီမှာတော့ အထက်တန်းကျောင်းသားလေးတွေ တက္ကသိုလ်ဆိုတာကြီးထဲကို အခုလိုလေ့လာခွင့်မရကြသေးပါဘူး။ ရုပ်ရှင်ထဲပါတာနဲ့ ဆရာများပြောပြလို့သာ တက္ကသိုလ်ဆိုတာကြီးကို မှန်းပြီးစိတ်ကူးယဉ်နေကြရတုန်းပါ။ ကိုယ်တက္ကသိုလ်မှာ ဆရာ ဖြစ်တော့လည်း ကိုယ်တက်ခဲ့တုန်းက ရခဲ့တဲ့ Campus Life ဆိုတာ အထက်တန်းကျောင်းသားမပြောနဲ့ ကိုယ့်တပည့် တက္ကသိုလ်ကျောင်းသားကြီးတွေတောင် မနည်း အရုပ်ရေးပြခဲ့ရတာဆိုတော့။ ကဲပါလေ...နောက်တော့ ဒီလိုကောင်းတဲ့ အလေ့အကျင့်လေးတွေ ထွန်းကားလာအောင်ကြိုးစားကြတာပေါ့ဗျာ။

37. ကျောင်းနေပျော်၍ စာတော်ကြသည်

****

ဂျပန်နိုင်ငံရဲ့ တက္ကသိုလ်တွေမှာ ကျောင်းသားအများစု ဟာကျောင်းမှာ နေပျော်ကြတာတွေ့ရပါတယ်။ ပုံမှန် ကျောင်းဖွင့် ရက်တွေ ဆိုရင် ကျောင်းထဲမှာ ညနေ ၆နာရီဝန်းကျင်ထိ ပြည့်ညက်နေတတ်ပြီး Lab တွေမှာတော့ ညပိုင်း ၉နာရီ ၁၀နာရီကနေ ၁၂ ၊ မနက်၁နာရီ ၂နာရီထိရှိနေတတ်ကြပါတယ်။ ကျောင်းပိတ်ရက်တွေမှာတော့ အတန်းတွေမရှိလို့ လျော့နည်းသွားပေမယ့် Events and Activities တွေကြောင့် စည်ကားမြဲ စည်ကားလျက်ရှိသလို Lab တွေမှာလည်း Experiment လုပ်နေတဲ့သူတွေ လေ့လာနေတဲ့သူတွေနဲ့ ပြည့်နေတတ်ပါတယ်။ ဘာလို့ သူတို့ ကျောင်းမှာ ဒီလောက် ပျော်ရွှင်နေကြတာလဲ ဆိုတော့ အဖြေက ရှင်းပါတယ်။ Facilities နဲ့ Extracurricular Activities တွေကြောင့်ပါပဲ။

၁။ University Library

နောက်ဆုံးနှစ်ကျောင်းသားတွေသာ Lab မှာနေထိုင်လေ့လာခွင့်ရပေမယ့် ပထမနှစ်ကနေ တတိယနှစ် ကျောင်းသားတွေကတော့ စာဖတ်ဖို့အတွက် Library ကိုအထူးအားထားရပါတယ်။ Library ထဲဝင်ရောက်နိုင်မယ့် အချိန်ဇယားတွေထုတ်ပြန်ထားပြီး အများဆုံးအသုံးပြုနိုင်တဲ့ အချိန်ကတော့ 8:00-23:00ဖြစ်ပါတယ်။

၂။ Independent Study Lounge

တစ်ချို့ကျောင်းသားတွေကတော့ Independent Study Lounge မှာ တိတ်ဆိတ်ငြိမ်သက်စွာ

လေ့လာနိုင်ပြီး 8:00-20:00 အတွင်းအသုံးပြုနိုင်ပါတယ်။ ကျွန်တော် Kyoto University ကိုသွားလေ့လာတော့ ညဘ၂နာရီအထိ အသုံးပြုနိုင်တာကိုတွေ့ရပြီး ကျောင်းသားများ တိတ်ဆိတ်ငြိမ်သက်စွာ Study လုပ်နေတာကိုတွေ့ရပါတယ်။ သူတို့ဘယ်အချိန်ထိ နေကြလည်း ဆိုတာသိချင်စိတ်ကြောင့် 2:00AM မှာဝင်ကြည့်တော့ လေ့ကားနားမှာရှိတဲ့ မီးအလင်းရောင်အောက်မှာ စားပွဲတွေနဲ့ စာဖတ်နေကြတာကိုတွေ့ခဲ့ရပါတယ်။

၃။ Sport Stadium

Extracurricular Activities တွေနဲ့ ကိုယ်ဝါသနာပါရာ အားကစားတွေလုပ်နိုင်ဖို့ အားကစားရုံတွေရှိပါတယ်။ ဆိုင်ရာဆိုင်ရာ Club တွေဖွဲ့ထားပြီး လေ့ကျင့်ကြ ပြိုင်ပွဲတွေ ပါဝင် ဆင်နွှဲကြနဲ့ ပျော်စရာသိပ်ကောင်းပါတယ်။ Gym တွေ၊ ရေကူးကန်၊ ဘောလုံးကွင်း၊ ဘောလီဘော၊ ဘက်စကပ်ဘော၊ ဖူဆယ်၊ ကြက်တောင်၊ တင်းနစ်၊ အမေရိကန် Football (Soccer) အပြင် အတီးအမှုတ်အက တွေပါမကျန် စုံစုံလင်လင်ရှိပါတယ်။ Club တွေက တစ်နှစ်စာ Schedule တွေရေးဆွဲပြီး လှုပ်ရှားကြတာတွေ့ရပါတယ်။ တက္ကသိုလ်ရဲ့ လေးပုံ တစ်ပုံဟာ အားကစားဆိုင်ရာ အဆောက်အဦနဲ့ ကွင်းတွေပါ။

၄။ Student Welfare Facilities

ကျောင်းသားတွေရဲ့ နေ့စဉ်လိုအပ်ချက်တွေကို ဖြည့်စည်းပေးဖို့ cafeteria တွေ Campus Store တွေကိုထားပေးထားတယ်။အခြားအခြားသော ရထားလက်မှတ်၊ ကားလက်မှတ် ရုပ်ရှင်လက်မှတ်ဝယ်တာထိ ကူညီပေးတယ်။ ကျောင်းပိတ်ရက်မှာတော့ အချိန်အကန့်အသတ်နဲ့ ဖွင့်ပေးထားပါတယ်။ကျောင်းသားတွေအတွက် ပေးထားတဲ့ Facilities တွေအများကြီးရှိပေမယ့် စိတ်ဝင်စားတာကတော့ Certificate ထုတ်လို့ရတဲ့ စက်တွေပါပဲ။ လိုအပ်တဲ့ Certificate ကို ကိုယ့်ရဲ့ Student ID နဲ့ Password နဲ့ထုတ်ယူလို့ရပြီး ငွေပေးသွင်းစရာမလိုပါဘူး။ နောက် တစ်ခုကတော့ မိတ္တူကူးစက်တွေ၊ Printer တွေကို ကိုယ်တိုင်လိုသလို ငွေထည့်ပြီး သုံးလို့ရအောင် စီစဉ်ပေးထားပါတယ်။

၅။ Student Union

ကျောင်းသားတွေကို ကူညီဖို့ ဖွဲ့စည်းထားတာဖြစ်ပြီး ကျောင်းသားတွေရဲ့ နေရေး(အဆောင်က တစ်နှစ်ပြည့်လို့ ထွက်ရတဲ့အခါ အိမ်ခန်းကူရှာပေးတယ်) ၊ စားရေးသောက်ရေး(ကျောင်းရဲ့ Cafeteria တွေမှာ ရောင်းချနေတဲ့အစားအစာတွေကို စစ်တမ်းကောက်ပြုစု အကြံပေးတာတွေလုပ်ပေးတယ်)၊ နိုင်ငံခြားသားကျောင်းသားတွေကိုကူညီပေးတယ်၊ တစ်ခါတစ်လေ စက်ဘီးတွေ အခမဲ့ ပြုပြင်ပေးတာတောင်ပါသေးတယ်။ပြောရရင် အများကြီးပါပဲ။

၆။ Health Center

ကျန်းမာရေးအတွက် တစ်နှစ်ကို တစ်ကြိမ် မဖြစ်မနေ ဆေးစစ်ကြရပြီး လိုအပ်ပါက ကုသမှုခံယူနိုင်ရေးအတွက် အပြင်ဆေးရုံ၊ ဆေးခန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။

၇။ Transportation

တက္ကသိုလ်ကိုသွားဖို့ ရထား၊ ကား၊ အလွယ်တကူရှိပြီး စက်ဘီးနဲ့ အချိန်မရွေးသွားလာနိုင်ပါတယ်။

၈။ Safety

ဘယ်အချိန်သွားသွား ဘယ်အချိန်ပြန်ပြန် ယောကျ်ားလေး ဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် လုံခြုံစိတ်ချရပါတယ်။

၉။ Internet Access

တစ်ကျောင်းလုံး Wifi ကို High Speed နဲ့ အသုံးပြုနိုင်ပါတယ်။

စတဲ့အချက်တွေကြောင့် ဂျပန်ကျောင်းသားတွေ ကျောင်းနေပျော်ပြီး စာတော်နေကြခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျာ။

(မှတ်ချက်။ ။ဂျပန် နိုင်ငံဟာ ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်သလို ချမ်းသာကြွယ်ဝတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ဂျပန်ပြည်သူတွေအနေနဲ့ အခွန် ၈% ကိုထမ်းဆောင်ကြရပြီး၊ ပေးသွင်ရတဲ့ ကျောင်းစရိတ်ဟာလည်းမြင့်မားတယ်ဆိုတာပါပဲ)
15.6.2017

38. အိုကာယာမ တက္ကသိုလ် စာကြည့်တိုက်

****

ဂျပန် နိုင်ငံက တက္ကသိုလ်တွေရောက်တိုင်း ထင်ထင်ရှားရှား မြင်တွေ့ရမှာကတော့ တက္ကသိုလ် စာကြည့်တိုက်တွေပါပဲ။ စာကြည့်တိုက်ဆိုတာ ပညာရဲ့ အမှတ်သင်္ကေတ တစ်ခုဆိုရင် မှားမယ်မထင်ပါ။ ဂျပန်တက္ကသိုလ်တွေမှာတော့ စတုတ္ထနှစ် (B4) ရောက်မှ Lab တွေ မှာ စတင် နေထိုင်လေ့လာခွင့် ရရှိကြတာမို့ ပထမနှစ်ကနေ တတိယ နှစ်အထိ ကျောင်းသား အများစုရဲ့ ခိုကိုးရာ နေရာကတော့ စာကြည့်တိုက်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်တွေမှာ စာဖတ်ခန်းတွေကို လုံလုံလောက်လောက် လုပ်ပေးထားကြပါတယ်။ Ph.D. နဲ့ M.E. ကျောင်းသားတွေလည်း အေးအေးဆေးဆေး စာရေး စာဖတ် လုပ်ကြပါတယ်။ အိုကာယာမ တက္ကသိုလ်ရဲ့စာကြည့်တိုက်ဖွဲ့စည်းတည်ဆောက်ထားပုံနဲ့ စာအုပ် ရှာဖွေဌားရမ်း ပုံတွေကို ဗဟုသုတရစေခြင်း အလို့ငှာ တင်ပြလိုက်ပါတယ်။

စာကြည့်တိုက်ရဲ့ ဝန်ဆောင်မှု

Okayama University မှာ Main library နဲ့ တခြား Graduate School အလိုက် Library ခွဲလေးတွေဆိုပြီး ရှိပါတယ်။ Main library မှာ လိုတဲ့စာအုပ်တွေကို ငှားလို့ရပါတယ်။ အထပ်ပေါင်း ခြောက်ထပ်ရှိပြီး သူ့အထပ်အလိုက် field နယ်ပယ်အလိုက် စာအုပ်တွေ ထားပါတယ်။ အများဆုံး နှစ်ပတ် ငှားရတာ ရှိသလို တချို့စာအုပ်တွေကိုတော့ ရက်ပဲ ငှားရမ်းခွင့် ပေးပါတယ်။ အကယ်လို့ Main library မှာ ငှားရမ်းချင်တဲ့ စာအုပ်မရှိရင် Okayama University နဲ့ ချိတ်ဆက်ထားတဲ့ တခြားစာကြည့်တိုက်ကနေ ငှားလို့ရအောင် ဝန်ဆောင်မှု ပေးပါတယ်။ Data base ကိုတော့ Main library ကနေ ရှာလို့မရပါဘူး။ ဌာန စာကြည့်တိုက် Computer ကနေပဲ Data base ကို ကျောင်းရဲ့ link ထဲကနေ ဝင်ပြီး ငှားလို့ရပါတယ်။ အိမ်ကနေ ကျောင်း Website က ဝင်ရှာလို့ မရပါဘူး။ တချို့ e-book တွေလဲ ဌာန စာကြည့်တိုက်က Computer ထဲကနေပဲ သုံးပြီး ရှာလို့ရပါတယ်။ မေဂျာပေါင်းစုံ ဘာသာရပ်ပေါင်းစုံရဲ့ research articles တွေကို ရှာလို့ရပါတယ်။ တချို့စာအုပ်တွေကိုလည်း ကိုယ့်ရဲ့ Library မှာမရှိရင် တခြားကျောင်းက မှာလို့ရပါတယ်။ Data sources ကိုအဓိကအနေနဲ့ ထုတ်ပြန်ပေးထားတဲ့ Website link တွေနဲ့ တိုက်ရိုက်ချိတ်ထားတာမို့ ဒီ Sources တွေက ပေးသမျှ ဝန်ဆောင်မှုတွေကို ရနိုင်ပါတယ်။ တခါတခါ ကိုယ်ရှာတဲ့စာက Free ပေးမထားရင် ဝယ်လို့ရပါတယ်။ ဒါမှမဟုတ် copy ဆွဲချင်ရင် သက်ဆိုင်ရာ

လျောက်လွှာပုံစံမှာဖြည့်ပြီး Main library မှာ သွားမှာလို့ရပါတယ်။ ကျသင့်ငွေကို ကိုယ့်ဘာသာပေးရပြီး ၂ ရက် ၃ ရက် ကြာတတ်ပါတယ်။ လိုတဲ့စာတွေကို Free access ပေးထားတာမှန်သမျှ Download လုပ်လို့ရပေမယ့် တချို့ Sources တွေကိုတော့ ကျောင်းက လိုင်စင်ပေးဝယ်မထားရင် မရပါဘူး။ Abstract ပဲ ရပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာ Academic journal တွေကို ဝယ်ဖို့ Link ကိုတော့ ပေးထားတာမို့ မှာချင်ရင် လွယ်ကူပါတယ်။

Computerized လုပ်ထားတယ်

စာအုပ် ငှားတာပဲ ဖြစ်ဖြစ် ရှာတာပဲ ဖြစ်ဖြစ် အားလုံးကို Computerized လုပ်ထားတာမို့ အတော် အဆင်ပြေပါတယ်။ ကိုယ်လိုချင်တဲ့ စာအုပ်ကို စာအုပ်ရှာတဲ့ Computer မှာရိုက်ထည့်လိုက်တာနဲ့ ၎င်းစာအုပ်ရှိတဲ့ တည်နေရာ အထပ်၊ စာအုပ်စင်နံပါတ်နဲ့ စာအုပ် နံပါတ်ကို ပြပါတယ်။ အဲ့ဒီစာအုပ်ကိုယူပြီး ငှားတဲ့စက်မှာ Barcode ပါတဲ့ဘက်ကို အပေါ်ကထားပြီး ကိုယ့်ရဲ့ Students ID ကို စက်ထဲ ထည့်လိုက်တာနဲ့ ပုံမှာပြထားတဲ့အတိုင်း ငှားတဲ့ရက် ပြန်အပ်ရမယ့်ရက် စတဲ့ Information တွေပေါ်လာပြီး Ok ဆိုတာနဲ့ Receipt ထွက်လာပါတယ်။

သတင်းစာ ဖတ်တဲ့စက်

သတင်းထူး သတင်းဦးလေးတွေကို ကြည့်ချင်တယ်ဆိုရင်တော့ English/Japan သတင်းစာတွေကို ဖတ်လို့ရတဲ့ Press Reader လည်းထားပေးထားတယ်။ အဲ့ဒီစက်ကတော့ သတင်းထူး သတင်းဦးလေးတွေကို ဖတ်တာ ဆိုတော့ မတ်တပ်ရပ်ပြီးပဲ ဖတ်လို့ရတယ်။ ကျကျနန အချိန်ယူဖတ်ချင်ရင်တော့ သတင်းစာတန်းက သတင်းစာတွေကို ယူပြီး ထိုင်ဖတ်လို့ရပါတယ်။

Laptop Computer ငှားလို့ရတယ်

အထိုင်ချထားတဲ့ Desktop Computer တွေရှိပေမယ့်၊ နေရာမလွတ်လို့ဖြစ်စေ စာဖတ်တဲ့နေရာမှ ယူပြီး သုံးချင်လို့ဖြစ်စေ အဆင်ပြေအောင် Laptop Computer တွေကိုလည်းငှားပေးပါတယ်။

စာကြည့်ခန်းတွေ

စာကြည့်တိုက် ဆိုတဲ့အတိုင်း စာကြည့်ဖို့ နေရာတွေကို စနစ်တကျ ဖွဲ့ပေးထားပါတယ်။ ပထမထပ်မှာက စကားပြောလို့ရတယ်၊ အစားအသောက်တွေ ယူလာပြီး သုံးဆောင်လို့ရတယ်။ သီးသန့် စာကြည့် ခန်းလေးတွေလည်း အခန်းဖွဲ့ပေးထားတယ်။ နောက်တစ်ခုက သင်တန်းတိုလေးတွေ ပေးတဲ့ နေရာလည်း လုပ်ထားပေးတယ်။ ကျန်တဲ့ အထပ်တွေကတော့ စကားပြောလို့မရသလို အစားအသောက်လည်း စားသုံးခွင့်မရှိပါဘူး။ သုံးထပ်မှာတော့ Silent Area အဖြစ်သတ်မှတ်ထားပြီး ဖုန်းတွေ Computer တွေတောင် သုံးခွင့်မရှိဘဲ စာဖတ်ဖို့ သက်သက် အခန်းတွေ ဖွဲ့ပေးထားပါတယ်။

အချုပ်အားဖြင့် စာကြည့်တဲ့ တိုက်ဆိုတာ...စာအုပ်တွေ အမြောက်အများ စုစည်းထားတဲ့ တိုက်....ဦးနှောက် အဟာရကို ဖြည့်ဆည်း ပေးတဲ့ တိုက်.... ကမ္ဘာကြီးကို အကျိုးပြုဖို့ အသိဉာဏ်တွေ ထွန်းညှိပေးတဲ့ တိုက်...စာကြည့်တဲ့ တိုက်...ဒီတိုက်ကြီးကိုကြည့်ရင် စေတနာအားတွေ

ဘယ်လောက်ပါတယ် ဆိုတာ သိနိုင်ပါတယ်...ဒီလို စာကြည့်တဲ့ တိုက်ကြီးတွေ ကျောင်းတိုင်း ဌာနတိုင်း မြို့တိုင်း နယ်တိုင်း ရွာတိုင်းမှာ ရှိလာအောင် ကြိုးစားကြရင်....အသိပညာမြင့်တဲ့...စာတတ်ပေတတ် ပညာတတ်တဲ့...ဓမ္မနဲ့ အဓမ္မကို ခွဲခွဲခြားခြားသိတဲ့...လူမျိုးတွေ ဖြစ်လာမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဖြည့်စွက် ရှင်းပြပေးသော MTU မှ ဆရာ ဒေါက်တာ အောင်ကိုကိုဦး နှင့် စီးပွားရေးတက္ကသိုလ်မှ ဆရာမ ဒေါ်ခင်မာသက်တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။
6.7.2018

39. Konko Gakuen Junior & Senior High School က ပြုံပွဲ

****

ဒီကနေ့ Konko Gakuen Junior & Senior High School ကို နိုင်ငံတကာ ကျောင်းသား ၂၆ ယောက်နဲ့အတူ သွားရောက်ခဲ့ပါတယ်။ အစီအစဉ်ကတော့ ပုံမှာပြထားတဲ့အတိုင်းပါဘဲ။
ဘာတွေလေ့လာမိခဲ့သလဲ ဆိုတော့
(၁) ဂျပန်မှာ Research-based Teaching ကို Junior & Senior Hight School ကတည်းက စတင်နေပါတယ်။
(၂) ကျောင်းသားတွေကို Poster Presentation တွေ၊ Powerpoint Presentation တွေကို စနစ်တကျသင်ကြားပေး နေပါတယ်။
(၃) တက္ကသိုလ်တွေနဲ့ ချိတ်ဆက်မှု အားကောင်းပါတယ်။

ဓါတ်ပုံတွေကို ကြည့်ပြီး ဂျပန်ရဲ့ ပညာရေးဟာ မည်သို့ မည်ပုံ ဆိုတာ လေ့လာနိုင်ကြမှာပါ။

အားလုံးကို ကျေးဇူးတင်ပါတယ်။
10.3.2018

40. Korakukan High School သို့ အလည်တစ်ခေါက်

****

ဒီနေ့ Korakukan High School ကိုသွားပြီး ကျောင်းသားပွဲလေး အားပေးဖြစ်တယ်။ ကလေးတွေ ရဲ့ စိတ်ကူးပုံဖော်ထားတာလေးတွေ အနုပညာလက်ရာလေးတွေ ကြည့်ခွင့်ရတယ်...အများစု စိတ်ဝင်စားကြတာကတော့ သရဲခန်း...အဲ့ဒီမှာ နှစ်ခန်းခွဲထားတယ်...တစ်ခန်းက အရမ်းကြောက်စရာကောင်းတဲ့အခန်း...နောက်တစ်ခန်းက နည်းနည်းကြောက်စရာကောင်းတဲ့အခန်းတဲ့...ကျွန်တော်ကြည့်နေတုန်း အခန်းထဲက ကလေးတစ်ယောက်ထွက်ပြေးလာပြီး ကြောက်လွန်းလို့ငိုနေတာ...နောက်ကလိုက်လာတဲ့ သရဲလို မိတ်ကပ်ပြင်ထားတဲ့ ကလေးက အခန်းအပြင်ထိထွက်ပြီး

လိုက်ချော့နေတာတွေ့ရတော့...ကလေးတွေရဲ့ဖြူစင်မှုတွေကြည့်ပြီး ကြည်နူးမိတယ်...ဈေးတန်းမှာ ကျောင်းက ဆရာကြီးတွေကိုယ်တိုင်ပျော်ပျော်ပါးပါး ဈေးရောင်းနေတာ တွေ့ရတာလည်း ပျော်စရာကြီး

30.9.2017

41. ဂျပန်ပြည်ရဲ့ အရည်အသွေး ဆန်းစစ်အကဲဖြတ်ခြင်း အလေ့အထ

****

ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ အရည်အသွေးမြင့်မားတဲ့ အဖွဲ့အစည်းဖြစ်ဖို့၊ လုပ်ငန်းခွင်ဖြစ်ဖို့ ဆိုရင် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ပဲဖြစ်ဖြစ်၊ အဖွဲ့အစည်း တစ်ခုခုပဲဖြစ်ဖြစ် ၎င်းတို့ရဲ့ လုပ်ရပ်၊ စွမ်းဆောင်ရည်ပေါ်မှာ Evaluations လုပ်ပေးဖို့၊ တနည်း အရည်အသွေး ဆန်းစစ်ပေးဖို့လိုပါတယ်။ ဒီနေရာမှာ ဆက်စပ်အဖွဲ့စည်း၊ လူပုဂ္ဂိုလ် များနှင့် ပါဝင်ပတ်သက်နေသူများ က ဆန်းစစ် အကဲဖြတ်ပေးကြဖို့လိုအပ်သလို၊ တစ်ဦးခြင်း တစ်ယောက်ခြင်းကလည်း မိမိကိုယ်ကို မိမိ ဆန်းစစ် အကဲဖြတ်ခြင်းဆိုတဲ့ Self-evaluation ကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေဖို့လိုပါတယ်။ သို့မှသာ ရှေ့က လုပ်ဆောင်ချက်တွေရဲ့ အဆိုးအကောင်း အကျိုးအကြောင်းတွေကို လေ့လာသုံးသပ်ပြီး ပိုမိုပြည့်စုံကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီလို Evaluation နဲ့ပက်သက်ပြီး ဂျပန်နိုင်ငံက အတွေ့အကြုံများကို ပြန်လည်မျှဝေချင်ပါတယ်။

လူထုကြားက အလေ့အထ

ဂျပန်နိုင်ငံမှာ ဘာပွဲပဲလုပ်လုပ် Evaluation form လေးတွေကို ရေးဖြည့်ရတဲ့နေရာလေးတွေ လုပ်ပေးထားတတ်ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့
ပွဲကြီးလမ်းကြီးတွေကနေ ကျောင်းမှာလုပ်တဲ့ ကျောင်းသားတွေရဲ့ ဈေးရောင်းပွဲတော်၊လယ်သမားတွေရဲ့ လက်ဖက်ခူးပွဲ၊ သီးနှံခူးပွဲ တွေအပြင် အရပ်ထဲမှာ လုပ်တဲ့ ပွဲသေးသေးလေးတွေမှာတောင် Evaluation form လေးတွေဖြည့်ဖို့ ထားပေးတတ်ကြပါတယ်။ ဒီလို Evaluate လုပ်တဲ့အခါမှာလည်း အကဲဖြတ်သူက မေးထားတဲ့ မေးခွန်းတွေကို
သေသေချာချာ ဖတ်ပြီး သူတို့တွေ့ရှိချက်တွေကို မခြွင်းမချန်ရေးပါတယ်။နောက်ပြီး Other comments ဆိုတဲ့နေရာမှာလည်း သူတို့ရဲ့ အကြံပြုချက်တွေကို လေးလေးစားစား စေတနာပါပါနဲ့ ရေးပေး
ရေးပေးကြတာကိုတွေ့ရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီလိုအကဲဖြတ်ချက်တွေဟာ အဲ့ဒီအဖွဲ့အစည်းတိုးတက်ဖို့ရာအတွက် အထောက်အကူပြုနိုင်လို့ပါပဲ။
ဒီလိုကောင်းတဲ့အလေ့အကျင့်တွေကို မူလတန်းအရွယ်ကတည်းက လေ့ကျင့်ပေးထားတာပါ။ အထက်တန်းကျောင်းတစ်ကျောင်းရဲ့ ကျောင်းသားပွဲတော်ကို ကျွန်တော် သွားတက်တော့ ကျောင်းသား၊ ကျောင်းသူ တစ်ချို့ သူတို့လုပ်တဲ့ ပွဲနဲ့ပက်သက်ပြီး Evaluation Questionnaire တွေကို သေသေချာချာ ရေးဖြည့်နေကြတာတွေ့ခဲ့ရပါတယ်။

ပညာရေးအတွက် ဆရာ၊ ဆရာမများရဲ့ အရည်အသွေး ဆန်းစစ်မှု

ဂျပန်နိုင်ငံမှာတော့ မူလတန်းကနေ တက္ကသိုလ်အထိ ဆရာ၊ဆရာမများရဲ့ အရည်အသွေး ဆန်းစစ်တာကို စာသင်ချိန်နောက်ဆုံးရက်မှာ လုပ်လေ့ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေက Student Class Evaluation Questionnire တွေကို ဖြည့်ကြရပါတယ်။ ဒီလိုဖြည့်တဲ့နေရာမှာ Course title၊ Course Code တွေနဲ့ မေးထားတဲ့ မေးခွန်းတွေရဲ့အဖြေတွေကို Electronic Coding စနစ်နဲ့ ဖြည့်ကြရတာပါ။ Electronic Coding စနစ် ဆိုတာကတော့ အထူးပြုလုပ်ထားတဲ့ စာရွက်ပေါ်မှာ ကိုယ့်ရဲ့အဖြေကို ခဲသားနဲ့ ထင်ထင်ရှားရှား ခြစ်ပေးရတာပါ။ မေးခွန်းတွေအတွက် အဖြေကို Excellent ၊ Fair ၊ နဲ့ Needs improvement ဆိုတဲ့ထဲက မိမိရဲ့ အဖြေကို ရွေးပြီး ခြစ်ကြရပါတယ်။ ဒီလို Electronic Coding စနစ်ကို သုံးတဲ့အတွက် ကျောင်းသား ဦးရေဘယ်လောက်များများ စာရွက်တွေကို စက်ထဲထည့်လိုက်တာနဲ့ မိနစ်ပိုင်းအတွင်း အဲ့ဒီ ဆရာ၊ ဆရာမရဲ့ သင်ကြားရေး အရည်အသွေးနဲ့ ဆိုင်တဲ့ ကျောင်းသားတွေရဲ့ ဆန်းစစ်အကဲဖြတ် သုံးသပ်ချက်ဟာ Graph တွေ၊ Chart တွေနဲ့ တန်းထွက်လာပါတော့တယ်။ ဒါ့အပြင် Individual Comment တွေကိုတော့ သီးသန့် ရေးသားပြီး စာရွက်လိုက် ပေးရပါတယ်။ အဲ့ဒီလို Evaluation လုပ်တဲ့အခါမှာ ဆရာ၊ ဆရာမတွေက ကျောင်းသားဇ ရေးဖြည့်နေတာကို ကြည်လို့မရသလို၊ ဖြည့်ပြီးတဲ့ စာရွက်တွေကိုလည်း စာအိတ်ထဲကို တန်းထည့် ပြီး ချိတ်ပိတ်ရပါတယ်။
ဒီသုံးသပ်ချက်တွေကိုကြည့်ပြီး ကျောင်းတာဝန်ရှိသူတွေက ကျောင်းရဲ့ အရည်အသွေးနဲ့ စွမ်းဆောင်ရည်တိုးမြှင့်ဖို့အတွက် ဆက်လက်ကြိုးစားကြပါတယ်။

ဒါကြောင့် ဆရာ၊ဆရာမတွေ အနေနဲ့ Class ရဲ့ စာသင်ချိန်တွေ အတွက်Semester တစ်ဝက်ရောက်ပြီဆိုတာနဲ့ ကျောင်းသားတိုင်းကိုဖြစ်စေ၊ Assignment နဲ့ Tutorial တွေမှာ အားနည်းတဲ့ ကျောင်းသားတွေကိုဖြစ်စေ တစ်ယောက်ခြင်း တွေ့ဆုံပြီး ၎င်းရဲ့ သင်ကြားရေး၊သင်ယူရေးနဲ့ သက်ဆိုင်တဲ့ အခြေအနေတွေကို မေးမြန်းအကြံပြုတာတွေလုပ်သလို၊ ဆရာကိုယ်တိုင်ကလည်း ပိုမိုကောင်းမွန်တဲ့ သင်ကြားရေးဖြစ်အောင် ကြိုးစားလာတာ တွေ့ရပါတယ်။ စာသင်ခန်းအရည်အသွေးကို ထိန်းချုပ်ဖို့အတွက် လည်း အများဆုံး ကျောင်းသား ၃၀ပဲ သက်မှတ်ထားသလို၊ Roll Call မပြည့်မှီတဲ့ ကျောင်းသားကိုလည်း စာမေးပွဲဖြေဆိုခွင့်မပေးတဲ့အတွက် Evaluation formလည်း ဖြ ဖြည့်ခွင့်မပေးပါဘူး။ ဒါဟာ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေး အကဲဖြတ်ဖို့အတွက်လည်း မျှတမှုရှိတယ်လို့ ဆိုရမှာပါ။

ဒီလို Class Evaluation လုပ်တဲ့နေရာမှာ ဖွံ့ဖြိုးပြီးနိုင်ငံက ကျောင်းသားတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံက ကျောင်းသားတွေရဲ့ ကွာဟချက်ကိုလည်း ထင်ထင်ရှားရှား တွေ့ရပြန်ပါတယ်။ အမေရိကန်၊ အင်္ဂလန်၊ပြင်သစ်၊ဂျာမနီ နဲ့ ဂျပန် ကျောင်းသားတွေက မေးထားတဲ့ မေးခွန်းတွေကို သေချာဖတ်တယ်၊ လိုအပ်ချက်တွေကိုလည်းပွင့်ပွင့်လင်းလင်းရေးတယ်၊ မကြိုက်ရင် မကြိုက်ဘူးရေးတယ်၊ Other Comment တွေကိုလည်း ဂရုစိုက် အလေးထားပြီးရေးတယ်။ကျွန်တော် မေး မေးကြည့်တော့...ဒါမှ နောက်ကျောင်းသားတွေ အတွက် ပိုမိုကောင်းမွန်တဲ့ သင်ကြားရေးကိုရမှာဖြစ်သလို၊ ဆရာ၊ဆရာမနဲ့ ကျောင်းကို ကူညီရာလည်းရောက်တယ်လို့ဆိုကြပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံက ကျောင်းသားတွေကတော့ မေးခွန်းကို သေချာမဖတ်သလို အဖြေကိုလည်း အားလုံးကောင်းပါတယ် လုပ်တတ်ကြပြီး Other comment မှာ ဘာမှမရေးကြတာ များပါတယ်။

အချုပ်အားဖြင့် ပြောရရင်တော့ ပညာရေးမှမဟုတ်ပါဘူး မည်သည့် အဖွဲ့အစည်း၊ မည်သည့် လူပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ၎င်းရဲ့ လုပ်ဆောင်ချက်၊ စွမ်းဆောင်ရည်ကို Evaluation အရည်အသွေး ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဒါဟာ ခေတ်မီဖွံ့ဖြိုး တိုးတက်ခြင်းအတွက် အလွန်အင်မတန် ကောင်းမွန်တဲ့ လုပ်ဆောင်ချက်၊ မွေးမြူရမယ့် အလေ့အကျင့် ကောင်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်။
7.2.2018

42. Okayama University ရဲ့ Student Union ဘာတွေ လုပ်သလဲ

****

ဂျပန်နိုင်ငံ Okayama University မှာလည်း အခြားတက္ကသိုလ်များ နည်းတူ Student Union ရှိပါတယ်။ ဂျပန်ကျောင်းသား၊ ကျောင်းသူတွေဟာ တက္ကသိုလ်မှာ ပညာသင်ယူနေကြတဲ့ ကျောင်းသားများရဲ့ အကျိုးကို တစ်ဖက် တစ်လမ်းမှ သယ်ပိုးထမ်းရွက်နေကြတာပါ။ သူတို့တွေရဲ့ ဆောင်ရွက်ချက် တစ်ချို့ကို တင်ပြချင်ပါတယ်။

University Co-op

Co-op ဆိုတာကတော့ တက္ကသိုလ် ကျောင်းသားတွေ အတွက် နေ့စဉ် လိုအပ်ချက်တွေကို ဖြ ဖြည့်ဆည်းပေးနေတဲ့ အဖွဲ့ဖြစ်ပါတယ်။ ပုံမှန် ဝန်ထမ်းများ ခန့်ထားပြီး၊ ကျောင်းသားကျောင်းသူများ Part-time အနေနဲ့ အလုပ် လုပ်တဲ့သူရှိသလို Volunteer များအဖြစ်လည်း ပါဝင်ဆောင်ရွက်ကြပါတယ်။ Cafeteria တွေရဲ့ အစားအသောက်နဲ့ပက်သက်တဲ့ Menu တွေ၊ လိုအပ်တဲ့ စာအုပ်စာတမ်းနဲ့ ကျောင်းသုံးပစ္စည်းဆိုင်တွေရဲ့ လိုအပ်ချက်တွေနဲ့ ပက်သက်ပြီး စစ်တမ်းကောက်ယူတာတွေ၊ အကြံပြုဆွေးနွေးတာတွေလုပ်ပါတယ်။ ကွန်ပြူတာက စလို့...ကားလက်မှတ်၊ ရထားလက်မှတ်အပြင် ရုပ်ရှင်လက်မှတ်အထိ ရောင်းချပေးပါတယ်။ ဒါ့အပြင် နေရေးထိုင်ရေးအတွက် အိမ်ခန်းငှာရမ်းနိုင်ရေးအတွက်လည်း ကူညီရှာဖွေ ဆောင်ရွက်ပေးပါတယ်။ Semester တစ်ခုကို တစ်ကြိမ် ကျောင်းသားတွေရဲ့ စက်ဘီးတွေကို အလကားပြုပြင်ပေးပါသေးတယ်။

WAWA

WAWA (ဝါဝါ) ကတော့ နိုင်ငံတကာ ကျောင်းသားတွေကို ကူညီပေးတဲ့အဖွဲ့ပါ။ စရောက်ခါစ ကျောင်းသားတွေအတွက် ဈေးဝယ်တာ၊ ဘဏ်ကဒ် လုပ်တာတွေကအစ ကူညီပေးပါတယ်။ နိုင်ငံ တကာကျောင်းသားများ ဂျပန်စာ သင်ယူလေ့လာနိုင်ရေးအတွက်လည်း Volunteer Tutor အဖြစ် လုပ်ဆောင်ပေးကြပါတယ်။ အထူးသဖြင့် International Student Union နဲ့ တွဲဖက်ပြီး နိုင်ငံတကာ ကျောင်းသားတွေအတွက် Welcome နဲ့ Farewell ပါတီတွေကို ကျင်းပပေးပါတယ်။

Resident Assistant (RA)

အဆောင်နေကျောင်းသားများအတွက် အစစအရာရာ အဆင်ပြေရေးအတွက် RA ကျောင်းသားများက အဆောင်မန်နေဂျာနှင့် အတူ ကူညီကြပါတယ်။ အဆောင်တွင်း သန့်ရှင်းသပ်ရပ်စွာ နေထိုင်နိုင်ရေး၊ အဆောင်စည်းကမ်းလိုက်နာရေး၊ ကျောင်းသားများရဲ့ နေ့စဉ်လိုအပ်ချက်များကို ကူညီပေးနေတာပါ။ အချိန်ဇယားအတိုင်း ရုံးထိုင်ကြပြီး သူတို့ တိုက်ရိုက် မလုပ်ပေးနိုင်ပါက မန်နေဂျာထံ ဆက်လက်တင်ပြပေးကြပါတယ်။

အခြားအသင်းအဖွဲ့များ

OU မှာ အားကစား၊ စာပေနဲ့ ယဉ်ကျေးမှုစတာတွေနဲ့ သက်ဆိုင်တဲ့ အဖွဲ့ပေါင်းများစွာ ရှိပါတယ်။ သူတို့ကတော့ ကိုယ့်အဖွဲ့လိုက် တစ်နှစ်တာအချိန် ဇယားတွေ ရေးဆွဲထားပြီး အဖွဲ့လိုက် Activity များကို လုပ်ဆောင်နေကြတာပါ။

အဖွဲ့ဝင်အသစ်ဘယ်လို စည်းရုံး

အဖွဲ့ဝင်အသစ်တွေကိုတော့ Enrollment Ceremony လိုအချိန်မျိုးမှာ ခန်းမ ပြင်ကနေ တန်းစီ စောင့်ဆိုင်းပြီး စည်းရုံးကြရတာပါ။ နောက်ပြီး Student Festival မှာလည်း စည်းရုံးကြပါတယ်။ တစ်ခါတစ်လေလည်း Cafeteria ရဲ့ အပြင်ဘက်တွေမှာ ကျောင်းသားတွေ နေ့လည်စာ စားပြီးလို့ ထွက်လာတဲ့ အချိန်မှာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပြီး စည်းရုံးကြပါတယ်။

Event တွေလုပ်တဲ့အခါ

အဲ့ဒီလို သက်ဆိုင်ရာအဖွဲ့တွေက သက်ဆိုင်ရာ event တွေ လုပ်ကြတဲ့အခါ အခြားကျောင်းသားတွေကိုလည်း စည်းရုံးကြပါတယ်။ ဥပမာ ကြက်တောင်ပြိုင်ပွဲလုပ်မယ်ဆိုရင် ပါဝင်ယှဉ်ပြိုင်ကြဖို့ ဖိတ်ခေါ်တဲ့ လက်ဖြစ် Sign Board တွေ (တစ်ချို့လည်း လည်ပင်းမှာဆွဲပြီး) လုပ်ပြီး လိုက်လံ ကြော်ငြာကြပါတယ်။ လက်ကမ်းစာစောင်တွေလိုက်ဝေတယ်။ လူစည်ကားရာ Library ရှေ့နဲ့ ကျောင်းဝင်ပေါက်တွေမှာ...သူတို့ရဲ့ event တွေအကြောင်းရှင်းပြရင်း ပါဝင်ကြဖို့ အော်ခေါ်နေကြတာပါ။ အခုလို အလွန်အေးတဲ့ ရာသီမှာတောင် အပြင်မှာလိုက်အော်နေတဲ့ ကျောင်းသားတွေ တွေ့ရတတ်ပါတယ်။

စာသင်ချိန်နဲ့ စာသင်ခန်းတွေထဲ ဝင်လို့ရသလား

ဘယ်အသင်းအဖွဲ့၊ဘယ်အဖွဲ့အစည်းမှ စာသင်ချိန်အတွင်းဆောင်ရွက်ခွင့်မရှိသလို၊ စာသင်ခန်းတွေထဲလည်း ဝင်ရောက် ဟောပြောတာ၊ စည်းရုံးရေး ဆင်းတာတွေ လုပ်ခွင့်မရှိပါဘူး။ တက္ကသိုလ်ရဲ့ ပင်မအသက်သွေးကြောတွေ စတင်ရာ စာသင်ခန်း နဲ့ စာသင်ချိန်တွေကို အလွန်ပဲ အလေးထားပါတယ်။ ဆရာဆရာမတွေကလည်း စာသင်ချိန်ကို အချိန်အတိအကျ သင်ပါတယ်။ တကယ်လို့ မဖြစ်မနေ စာသင်ခန်းထဲကလူတွေကို information ပေးချင်တယ်ဆိုရင် လက်ကမ်းစာစောင်လေးတွေ ရိုက်ပြီး သက်ဆိုင်ရာ အတန်းဝင်မယ့် ဆရာမလက်ထဲ ထည့်ပေးရပါတယ်။

မည်သည့်အကြောင်းကြောင့်မျှ စာသင်ချိန်တွေကို အပွန်းအပဲ့ မခံပါဘူး။ မုန်းတိုင်းရှိလို့ စာသင်ချိန်ပျက်ခဲ့ရင်တောင် အစားပြန်သင်ပေးရပါတယ်။

ဆရာ/ဆရာမများ တက်ရောက်ပါသလား

ဂျပန် တက္ကသိုလ်က ဆရာဆရာမတွေကတော့ သူတို့ရဲ့ ကိုယ်ပိုင် သုတေသနတွေနဲ့ အချိန်ပြည့် အလုပ်ရှုပ်နေကြတာမို့ ကျောင်းသား ကျောင်းသူတွေရဲ့ မည်သည့် event တွေကိုမျှ တက်ရောက်ခြင်း မရှိကြပါဘူး။ အလွန်အရေးကြီးတဲ့ ပြိုင်ပွဲတွေ၊ event တွေ ဖြစ်ခဲ့ရင်တော့ သက်ဆိုင်ရာ တက္ကသိုလ်ရဲ့ တာဝန်ရှိသူတွေသာ တက်ရောက်ကြကြောင်းတင်ပြလိုက်ရပါတယ် ခင်ဗျာ။
25.12.2017

43. Myanmar Students' Association-Okayama University, Japan

****

Myanmar Students' Association -Okayama University (MSAOU) ကို 10.10.2015 (စနေနေ့)မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ အစောပိုင်းကာလတွေမှာတော့ ပညာသင်မြန်မာကျောင်းသား အနည်းငယ်သာရှိခဲ့တာကြောင့် ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိဘဲ 2015 ခုနှစ်အရောက်မှာတော့ ပညာသင် မြန်မာကျောင်းသား အရေအတွက် သိသိသာသာ တိုးလာခဲ့တဲ့အတွက် အသင်းဖွဲ့စည်းနိုင်ခဲ့ပြီး International Student Union-Okayama University (ISUOU) နဲ့အတူ တက္ကသလိုလ်ရဲ့ Event တွေနဲ့ Activity တွေမှာ ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ပါတယ်။

ISUOU directors' meeting ကိုတော့ Semester တစ်ခုမှာ တစ်ကြိမ်သာကျင်းပပြုလုပ်ပြီး အခါအားလျော်စွာ အရေးပေါ် အစည်းအဝေးများကိုလည်း ပြုလုပ်ကျင်းပလေ့ရှိပါတယ်။
ထိုအစည်းအဝေးများကို MSUOU မှမပျက်မကွက် တက်ရောက်ခဲ့ပြီး MSAOU ရဲ့ Semester အလိုက် ဆောင်ရွက်ချက်များ၊ ရှေ့ဆောင်ရွက်သွားမည်များကို ဆွေးနွေးတင်ပြခြင်း၊ နိုင်ငံတကာ ကျောင်းသားများအရေးနှင့် ပက်သက်သည်များကို ဆွေးနွေးအကြံပေးခြင်း၊
ပူးပေါင်းဆောင်ရွက်ခြင်းများကို အားတက်သရော် လိုက်ပါဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် Okayama University Super Global Home Coming Day လိုအရေးကြီးတဲ့ Events တွေရဲ့ Okayama University International Alumni (OUIAA) General Assembly တွေ၊
ညစာစားပွဲတွေမှာ ပါဝင်ကူညီပေးရသလို၊
သတင်းအချက်အလက်များဖြန့်ဝေခြင်းနဲ့ မြန်မာနိုင်ငံမှာပြုလုပ်ကျင်းပမယ့် Event တွေအတွက် မြန်မာဘာသာဖြင့်ရေးသားထားသော လက်ကမ်းစာစောင်များကို
စိစစ်ပေးခြင်း၊ မြန်မာဘာသာ ပြန်ဆိုပေးခြင်း၊ မြန်မာလူမျိုးများရဲ့ သဘောသဘာဝ
ကိုနားလည်အောင်ရှင်းပြပေးခြင်း၊ Okayama University သို့ Short term/Long term
ပညာသင်လာရောက် ကြသူများကို ဝိုင်းဝန်းကူညီပေးလျက်ရှိပါတယ်။

ဒါ့အပြင် ပညာသင်မြန်မာကျောင်းသား အချင်းချင်း ရိုင်းပင်းကူညီပေးခြင်း၊
အခြားနိုင်ငံများမှ ကျောင်းသားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
အခါအားလျော်စွာပြုလုပ်သည့် Event များတွင် မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ့
အနုပညာကိုပြသနိုင်ရေးအတွက် အဖွဲ့လိုက် သီဆိုကပြ ဖျော်ဖြေတင်ဆက်ခြင်း၊
အထူးဇည့်သည်တော်များ ဖိတ်ကြားပြီး မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို နှစ်စဉ် ကျင်းပပြုလုပ်ခြင်း၊
ဂျပန်နိုင်ငံ တက္ကသိုလ်များရှိ မြန်မာပညာသင် ကျောင်းသားများနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံရှိ
လိုအပ်သောနေရာများသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်း ဥပမာ Donations for Bagan
(Ks.1807000)၊ Donations for Arakan (Ks.3196000)၊ စသဖြင့် ဆောင်ရွက်ခဲ့သည့်အပြင် Meeting
with State Counsellor Daw Aung San Su Kyi (Tokyo) ကိုလည်းအဖွဲ့ဝင် ၁၂ယောက်ဖြင့်အတူကွ
သွားရောက်ဂါရဝပြု တက်ရောက်ခဲ့ပါသေးတယ်။

MSAOU ရဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် President၊ Vice-President နှင့် Executive member
များရွေးချယ်ခြင်းကို နှစ်စဉ် April လမှာ ပြုလုပ်ကျင်းပလျက်ရှိပါတယ်။ ယခုဆိုရင် Okayama University
မှ ပါရဂူဘွဲ့ရ မြန်မာကျောင်းသား ၄ဦးတိုင်ရှိခဲ့ပြီဖြစ်ပြီး Ph.D./Master တက်ရောက်ပညာသင်ယူနေဆဲ
နယ်ပယ်စုံမှ ကျောင်းသား /သူ ၂၉ ဦးထိရှိနေပြီ ဖြစ်ပါတယ်။ March 2017 မှာ ဘွဲ့ရခဲ့တဲ့ Dr. Yin Yin
Aye (မန္တလေးနည်းပညာတက္ကသိုလ်)ကတော့ Dean's Award ဆုကို ထိုက်ထိုက်တန်တန်
ရယူနိုင်ခဲ့တဲ့အတွက် မြန်မာကျောင်းသားများရဲ့ ဂုဏ်ကိုမြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အချုပ်အားဖြင့် MSAOU
ဟာ မြန်မာကျောင်းသားများရဲ့ ဆုံချက်ဖြစ်ပြီး၊ Okayama University ကိုလည်း မြန်မာနိုင်ငံနှင့်ဆိုင် တဲ့
ပညာရေးနှင့်ပက်သက်သော ကိစ္စရပ်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောက်ရွက်ပေးနေသလို မြန်မာ-
ဂျပန် ဆက်ဆံရေးအတွက်လည်း အရေးပါတဲ့ အင်အားစု တစ်ရပ်ဖြစ်ပါကြောင်း
တင်ပြလိုက်ရပါတယ်ခင်ဗျာ။

20.10.2017

44. အိုကာယာမ တက္ကသိုလ်ရဲ့ Super Global Home Coming Day

****

ဒီကနေ့ Okayama University Super Global Home Coming Day ရဲ့ ညစာစားပွဲကို Myanmar
Students' Association -Okayama University (MSUOU) ရဲ့ President အနေနဲ့
တက်ရောက်ခွင့်ရခဲ့ပါတယ်။ Okayama University ရဲ့ President နဲ့အတူ တက္ကသိုလ်ရဲ့ ထိပ်တန်း
ပါမောက္ခကြီးများ တက်ရောက်ကြပြီး Okayama University ရဲ့ နိုင်ငံတကာမှ
ကျောင်းသားဟောင်းများနဲ့အတူ ဆင်နွှဲကြတဲ့ပွဲလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ MAJA
မှ ဆရာကြီးဒေါက်တာမျိုးခင်၊ စာရေးဆရာလည်းဖြစ်တဲ့ ဒေါက်ထွေး(ဆေး/မန်း)တို့
တက်ရောက်ကြပါတယ်။

အထူးအနေနဲ့ Okayama University ရဲ့ President မှ MSUOUကို ဆက်လက်ကြိုးစားဆောင်ရွက်ပေးဖို့
တိုက်တွန်းအားပေးခဲ့ပါတယ်။ OUရဲ့ President ဟာ မြန်မာနိုင်ငံကို ဓကြိမ်ရောက်ဖူးပြီး မြ

မြန်မာနိုင်ငံမှာရိုက်ကူးထားတဲ့ ဓါတ်ပုံ စာအုပ် နှစ်အုပ်ထုတ်ဝေပြီးဖြစ်ပါတယ်။
သူ့ရဲ့ဆေးရုံကြီးကို ရောက်တဲ့အခါမှာလည်း မြန်မာပြည်က ရိုက်ခဲ့တဲ့ ဓါတ်ပုံတွေကို ဆေးရုံရဲ့
အဝင်လမ်းမှာ ခမ်းနားကြီးကျယ်စွာ ချိတ်ဆွဲထားတာတွေ့ခဲ့ဖူးပါတယ်။ Okada Sensei လို့ခေါ်တဲ့
ဆရာကြီး (အင်လေး ကဝယ်လာတဲ့ ကြာနဲ့ပြုလုပ်ထားတဲ့ ကုတ်အင်္ကျီ အဖြူ ဝတ်ထား) ကတော့
မြန်မာကို ၇၈ ကြိမ်ရောက်ဖူးပါတယ်။ မြန်မာစာကိုသင်ယူနေပြီး သူငယ်တန်းစာ
အားလုံးရနေပြီဖြစ်ပါတယ်။ ဆက်လက်သင်ယူချင်ပါတယ်ဆိုလို့ သင်ပေးဖို့ ကျွန်တော်ကြိုးစားနေပါတယ်။

ဒီနေ့ထူးထူးခြားခြားအနေနဲ့ OUရဲ့ President အမှာစကားပြောရာမှာ သူ့အနေနဲ့
မြန်မာ ရောဂါဆွဲကပ်နေပြီ ဖြစ်ကြောင်း၊ ၇၈ကြိမ်တိုင်တိုင်ရောက်ခဲ့ဖူးတဲ့ Okada Sensei အနေနဲ့
ရောဂါကြွမ်းနေပြီ ဖြစ်ကြောင်း အဲ့ဒီလိုပဲ ကျောင်းသားဟောင်းများအနေနဲ့ Okayama ရောဂါ
စွဲကပ်သွားကြပြီး Okayama နဲ့အတူ ဆက်လက်ပြီး
ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသွားခဲ့ပါတယ်...Okayama မှာတော့ မြန်မာလူမျိုးတွေ
အတွက် လသာနေပြီဖြစ်ပါကြောင်း ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

21.10.2017

45. အိုကာယာမ တက္ကသိုလ် ရဲ့ ဆုနှင်း သဘင်

****

ဂျပန်နိုင်ငံ Okayama University မှာ ကျောင်းသားတွေရဲ့ Outstanding achievements in academic, cultural activities, sports, etc တွေအတွက် ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုတဲ့အနေနဲ့ Award System အတိုင်း ဆုများ ချီးမြှင့်ပေးလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ 2017 ခုနှစ်အတွင်း Academic Society တွေက ပေးအပ်ချီးမြှင့်တဲ့ Excellent Research Award နှစ်ဆုနဲ့ Excellent Presentation Award တစ်ခု စုစုပေါင်း ဆု ၃ခုကိုရရှိခဲ့တာကြောင့် ယနေ့ 16.3.2018 ရက်နေ့တွင် ပြုလုပ်ကျင်းပသော Okayama University ရဲ့ 2017ခုနှစ်အတွက်ဆုပေးပွဲ အခမ်းအနားမှာ Academic Award ကို ထပ်မံရရှိခဲ့ပါတယ်။ မိဘ ဆရာသမား မိတ်ဆွေသူငယ်ချင်းများ
အားလုံးကို ကျေးဇူးတင်ပါတယ်။

ခမ်းအနားမှာ ကျေးဇူးတင်စကားပြောကြားခွင့်ရခဲ့တဲ့အတွက်လည်း များစွာ ကျေးဇူးတင်ရှိပါတယ်။

ကျေးဇူးတင်စကား
****

感謝祭のスピーチ
みなさんおはようございます。
私はソウともうします。岡山大学　ふなびきけんきゅうしつ、はかせ　3ねんせいです。このような賞をいただき、誠に感謝いたします。特に　たくさんのご支援をいただきましたふなびきせんせいとけんきゅうしつの　皆様に、　深くおれいもうしあげます。
私は岡山大学で研究することが好きです。わたしは、さまざまなばしょで　使われている、Wi-Fi に

かんする無線ネットワークの研究をしています。私たちは Wireless Local Area Network のために “Minimax Approach for Access point setup optimization”を提案しました。このアプローチは Wi-Fi ユーザーとネットワークデザイナーを支援します。
今年の 9 月に、私は 博士を終了し、ミャンマーに 帰国します。私は ミャンマー大学 の 先生 として、研究を継続し、日本でえた知識をミャンマー の せんせい と がくせい に伝えたいと思います。さらに、岡山大学との 共同研究 を けいぞくします。また、日本語の勉強もけいぞくします。
ご清聴ありがとうございました。

46. ဂျပန်ပြည်က ဘွဲ့နှင်းသဘင်

****

ဂျပန်တက္ကသိုလ်တွေမှာ ဘွဲ့နှင်းသဘင်ခေါ် Convocation Ceremony ကို တစ်နှစ်မှာ နှစ်ကြိမ်လုပ်ပါတယ်။ ဂျပန် ကျောင်းသားတွေ ကျောင်းကိုစဝင်တဲ့ April တန်းအတွက် March လမှာတစ်ကြိမ် (ပွဲကြီး)၊ October တန်းမှာ ဝင်တဲ့သူတွေနဲ့ အကြောင်းကြောင်းကြောင့် Extension ယူရတဲ့ M.E. နဲ့ Ph.D. ကျောင်းသားတွေ အတွက် September လမှာတစ်ကြိမ် (ပွဲသေး) ကျင်းပပါတယ်။ ပွဲကျင်းပပုံနဲ့ အပြင်အဆင်လေးတွေ ပြောပြချင်ပါတယ်။

March လမှာ ကျင်းပတဲ့ ဘွဲ့နှင်းသဘင်ကတော့ Bachelor ကျောင်းသားတွေလည်းပါတာမို့ ပွဲကကြီးပါတယ်။ ကျောင်းသား ပေါင်း ထောင်ဂဏာန်းနီးပါး ကို ဘွဲ့ပေးတာ ဆိုပေမယ့် အချိန်အားဖြင့်တော့ တစ်နာရီခွဲ သာသာပဲ ကြာမြင့်တာပါ။ ဘွဲ့နှင်းသဘင် တက်ရောက်လာတဲ့ ဆရာတွေသာ ဘွဲ့ဝတ်ရုံတွေ ဝတ်ဆင်ကြပ်တယ်။ ကျောင်းသားတွေ ဘွဲ့ရုံ ဝတ်ဆင်ထားတာမရှိပါဘူး။ တစ်ချို့ တက္ကသိုလ်တွေမှာတော့ ဝတ်ဆင်ကြတာတွေ့ရပေမယ့် အလွန် အင်မတန်နည်းပါတယ်။ ဒီတော့ ကျောင်းသားတွေက အနောက်တိုင်း ဝတ်စုံကို ဝတ်ဆင်ကြပြီး၊ ကျောင်းသူတွေကတော့ ဂျပန်ရိုးရာ ဝတ်စုံနဲ့ အခမ်းအနားကို တက်ရောက်ကြပါတယ်။ တစ်ချို့ ကျောင်းသား ကျောင်းသူတွေရဲ့ မိဘတွေလည်း တက်ရောက်ကြတာတွေ့ရပါပါတယ်။ခန်းမ ထဲမှာတော့ Convocation Ceremony ခုံတွေစီထားတာရယ်၊ နောက်ခံ စာတမ်းထိုးထားတာရယ် ကလွဲပြီး သိပ်ပြီးကြီးကြီးမားမား အလှဆင်ထားတာတွေ မတွေ့ရပါဘူး။ တက္ကသိုလ် သံစုံတီးဝိုင်းအဖွဲ့က နေရာယူထား ပြီး ဂျပန်နိုင်ငံတော် သီချင်းနဲ့ တက္ကသိုလ် သီချင်းတွေကို တီးမှုတ်ကြတာ ဟာလည်း အလွန်ပဲ ကြည်နူးဝမ်းသာစရာကောင်းပြီး မဂ်လာရှိလှပါတယ်။ ဘွဲ့နှင်းသဘင် ပြီးဆုံးလို့ ဘွဲ့ယူ မောင်မယ်တွေ ခန်းမ အပြင်ကို ထွက်လာကြပြီဆိုတာနဲ့ အပြင်မှာ အသင့်စောင့်ဆိုင်းနေကြတဲ့ သက်ဆိုင်ရာ အားကစား၊ စာပေဂီတ စတဲ့ အသင်းအဖွဲ့ အသီးသီးက အသင်းသားတွေဟာ အသင်းရဲ့ဝတ်စုံတွေကို ဝတ်ဆင်ထားပြီး သူတို့အသင်းရဲ့ ဘွဲ့ရ ကျောင်းသားကြီးကို ကြိုဆိုဂုဏ်ပြုနေကြတာလည်း ပျော်စရာ ကောင်းလှပါတယ်။

ဘွဲ့နှင်းသဘင် တက်ရောက်ဖို့ ငွေပေးသွင်းရတာမရှိပါဘူး။ နောက်တစ်ခုက Rehearsalလည်း မရှိပါဘူး။ အခမ်းအနားကျင်းပချိန်ဟာ အလွန်ပဲတိုတောင်းပါတယ်။ပထမကျောင်းသား ကျောင်းသူတွေ နေရာယူတာ နေရာယူတယ်။ အခမ်းအနားမျူးက အချက်ပေး ကြေညာလိုက်တဲ့အခါ ကျောင်းရဲ့ ပညာရေးနဲ့ စီမံခန့်ခွဲရေး အဖွဲ့ဝင်တွေဖြစ်တဲ့ President နဲ့ Professor တွေ ပုံမှန်ပဲ လမ်းလျှောက်တက်လာပြီး စင်ပေါ်မှာနေရာယူပါတယ်။ ပြီးတာနဲ့ President
ကမိန့်ခွန်းပြောပါတယ်။ နောက် ကျောင်းသား၊ ကျောင်းသူ ၅ယောက်လောက်ကိုပဲ ဘွဲ့လက်မှတ် အပ်နှင်းပြီးတာနဲ့ President နဲ့ Professor တွေပြန်လည်ထွက်ခွာပြီး အခမ်းအနား ပြီးဆုံးကြောင်း ကြေညာပါတယ်။ အဲ့ဒီနောက်မှာတော့ ဘွဲ့ရ ကျောင်းသား ကျောင်းသူ တွေအခမ်းအနားနဲ့ ဓါတ်ပုံတွေရိုက်ကြပြီး သက်ဆိုင်ရာ Lab တွေကို ပြန်ကြရပါတယ်။ Lab မှာပဲ သက်ဆိုင်ရာ Professor က တစ်ယောက်ချင်းကို ဘွဲ့အပ်နှင်းကြောင်း ကြေငြာပြီး ဘွဲ့လက်မှာကို ပေးအပ်ပါတယ်။ စုပေါင်း မှတ်တမ်းတင် ဓါတ်ပုံရိုက်ကြပါတယ်။ ပြီးတာနဲ့ Professor လည်း သူ့အခန်းသူပြန်ပြီး ပုံမှန်အတိုင်း အလုပ်ဆက်လုပ်ပါတော့တယ်။ ပြောရရင် ရုပ်ပိုင်းဆိုင်ရာ ကြီးကျယ်ခမ်းနားမှု သိပ်ကြီးကြီးမားမရှိတဲ့အတွက်ရော ဘွဲ့ဝတ်စုံလေး ဝတ်ချင်တဲ့ ကိုကိုမမများအတွက်တော့ စိတ်အလိုမပြည့်ဖြစ်ကြရပေမယ့် အချိန်ကုန် ငွေကုန် ကြေးကျ သက်သာပြီး စစ်မှန်တဲ့ ပညာရေး အရည်အသွေးသည်သာ အဓိက၊ ရုပ်ပိုင်းဆိုင်ရာ အသားပေးမှုတွေဟာ သာမည ဆိုတာကို လှစ်ဟပြတဲ့ ကမ္ဘာထိပ်တန်း တိုးတက်ပြီး နိုင်ငံတစ်နိုင်ငံက ပေးတဲ့ message ပါ။ ပေးအပ်လိုက်တဲ့ ဘွဲ့ရဲ့ အရည်အသွေးကောင်းမွန်ရေး၊ အဆင့်အတန်းမြင့်မားရေး ကိုသာ အစဉ်တစိုက် ကြိုးစားနေကြတာ ဖြ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ် ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။
10.2.2018

အပိုင်း (၄)

အတုယူစရာအလေ့အကျင့်ကောင်းများ

47. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၁)

****

ကမ္ဘာမှာ ဂျပန်ပြည်ကြီး နာမည်ကြီးတဲ့ အချက်တွေထဲမှာ သန့်ရှင်းသပ်ရပ်ခြင်းနဲ့ အချိန်ကို လေးစားတန်ဖိုးထားခြင်းပါပဲ။ ဂျပန်ပြည်ရဲ့ လမ်းကြိုလမ်းကြား အိမ်ကြိုအိမ်ကြားကအစ အမှိုက်ဆိုတာ မြမြင်ရတွေ့ရခဲပါတယ်။ အမှိုက်လာရာ ဇာတိကို အရင်းစစ်လိုက်တော့ လူတို့ပစ်တဲ့ အမှိုက်နဲ့ ပတ်ဝန်းကျင် သစ်ရွက်သစ်ခက်တွေကြောင့်ဖြစ်တဲ့အမှိုက်ဆိုပြီး အကြမ်းဖျင်းခွဲကြည့်လို့ရမယ်ထင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်တဲ့အမှိုက်တွေထက် လူတွေစွန့်ပစ်တဲ့အမှိုက်တွေက လောကကြီးကို ပိုမိုအကျည်းတန် စေသလို၊ အန္တရာယ်လည်းပြုနိုင်ပါတယ်။ ဒီတော့ အမှိုက်ကို သာ စနစ်တကျ စွန့်ပစ်နိုင်ခဲ့မယ်ဆိုရင် လောကကြီးကို အလှဆင်ရာရောက်သလို ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း အကျိုးပြုရာရောက်ပါတယ်။ ဂျပန်ပြည်ကြီးမှာတော့ အမှိုက်ကို စနစ်တကျစွန့်ပစ်တတ်အောင် ကလေးဘဝကတည်းက သင်ကြားပေးနေပါတယ်။ စည်းကမ်းမဲ့ အမှိုက်ပစ်တာဟာ မကောင်းတဲ့လုပ်ရပ်လို့ သူတို့ခံယူထားကြပါတယ်။ အဲ့ဒီလို အမှိုက်ကို စနစ်တကျစွန့်ပစ်တာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှိုက်ဆိုတာမတွေ့ရတော့ စိတ်လည်းချမ်းသာ လူလည်းကျန်းမာရပါတယ်။

အမှိုက်နဲ့ပက်သက်ပြီးအလေးထား

ဂျပန်လူမျိုးတွေဟာ အမှိုက်နဲ့ပက်သက်ပြီး သိပ်ကိုအလေးထားတဲ့ လူမျိုးဖြစ်ပြီး သက်ကြီးရွယ်အိုများ၊ မူကြိုကျောင်းမှကလေးများ၊ သဘာဝပတ်ဝန်းကျင်နဲ့ ဆိုင်တဲ့အဖွဲ့အစည်းများ အမှိုက်လိုက်ကောက်နေကြတာ မကြာမကြာ တွေ့ရတတ်ပါတယ်။ တစ်ခါတစ်လေဆို အဖိုးအို အဖွားအိုတွေ လက်တစ်ဖက်က အမှိုက်အိတ်ကိုင်၊ တစ်ဖက်က ညှပ်အရှည်ကိုကိုင်ပြီး တစ်ကိုယ်တော်အမှိုက်လိုက်ကောက် နေတာကိုလည်း တွေ့ရတတ်ပါတယ်။ တကယ်တော့ အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းတို့ အမှိုက်ကောက်ခြင်းတို့လုပ်ဖို့အတွက် ဘာနည်းပညာအကူအညီမှမလိုအပ်ပါဘူး။ မိမိနေထိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ဖို့ မိမိမှာတာဝန်ရှိတယ်ဆိုတဲ့ အသိစိတ်ကလေးပဲလိုပါတယ်။ အဲ့ဒီလိုစိတ်ထားဖြင့် အလေ့ကျင့်ကောင်းလေးတွေ ပြုကျင့်ပါများလာရင် အကျင့်ရသွားမှာပါ။

အချိန်နဲ့ပက်သက်ပြီး အလေးထား

နောက်တစ်ခုက ဂျပန်လူမျိုးတွေဟာ အချိန်နဲ့ပက်သက်ပြီး သိပ်ကို အလေးထားပါတယ်။ စာသင်ချိန်ပဲ ဖြစ်ဖြစ်၊ အလုပ်ချိန်ပဲဖြစ်ဖြစ် အလေးထားပါတယ်။ တစ်ခါက နိုင်ငံစုံက သူငယ်ချင်းတွေ နုတ်ဆက်ပွဲအတွက် ညစာစားဖို့ အချိန်းအချက် လုပ်ကြပါတယ်။ သူငယ်ချင်း တစ်ချို့ကြိုရောက်နေပြီ စီစဉ်သူ ဂျပန်သူငယ်ချင်း ရောက်မလာသေးတာနဲ့ တစ်ယောက်က ဖုန်းဆက်ဖို့အကြံပြုပါတယ်။ဒါပေမယ့် အနေကြာတဲ့ သူတွေက ရတယ်မဆက်ပါနဲ့ သူကဂျပန်ပါလို့ပြောလိုက်ပါတယ်။ တကယ်ပဲ ချိန်းဆိုထားတဲ့အချိန် မတိုင်မီ ၅မိနစ်အလိုမှာ သူရောက်လာပါတယ်။ ပြောချင်တာ အဲ့ဒီလို ကိစ္စမျိုးမှာတောင် အချိန်နဲ့ပက်သက်ရင် အလေးထားပါတယ်။ တစ်ခါက မြန်မာစာသင်ပေးဖို့ ဂျပန် Professor ကြီးဆီအသွား ၆မိနစ်လောက် နောက်ကျသွားပါတယ်။ လမ်းမှာ စက်ဘီးဒုန်းစီးပြီးသွားနေလို့ Prof. ဖုန်းကို မကိုင်လိုက်မိတာနဲ့ အိမ်ရှေ့ရောက်လို့ ပြန်ဆက်တော့ သူကထွက်သွားပါပြီ။ ၅မိနစ်ကျော် နောက်ကျလို့ မအားလို့ မလာတော့ဘူးထင်လို့တဲ့။

တစ်ခါကတော့ Junior တစ်ယောက်ရဲ့အတွေ့အကြုံပါ။ သူ့ Professor က Kurashiki ဘက် Industrial Visit သွားဖို့ တစ်နေ့တာ Schedule ကိုပေးပါတယ်။ Schedule ထဲမှာ မနက်၉နာရီ ကားထွက်မယ်လို့ရေးထားပါတယ်။ သူလည်းကြိုရောက် Professor လည်းရောက်တော့ ကားပေါ်တက်ထိုင်ကြတယ်။ သွားမှာက သူတို့နှစ်ယောက်တည်း ဒါပေမယ့် ကားကမထွက်သေးလို့ကြည့်တော့ သူProfessor က နာရီတကြည့်ကြည့်နဲ့တဲ့။ ၉နာရီ ထိုးတော့မှပဲ ကားစက်ကိုနှိုးပြီးထွက်ပါတယ်တဲ့။ ဒဲ့ကြောင့် ဂျပန်တွေနဲ့ အလုပ်လုပ်တဲ့ခါ အချိန်နဲ့ပက်သက်ရင် သိပ်ကို သတိထားရပါတယ်။ အဲ့ဒီလို အချိန်ကို လေးစားတန်ဖိုးထားခြင်းသည်ပင်လျင် တိုးတက်ခြင်းရဲ့ အကြောင်းအရင်းတစ်ခုဆိုတာ ပိုပြီးသဘောပေါက်နားလည်လာပါတယ်။ ဒီလိုအချိန်ကို တန်ဖိုးထားတတ်ဖို့ လေးစားတတ်ဖို့ဆိုတာလည်း ဘာနည်းပညာအကူအညီမှ မလိုအပ်ပါဘူး။ လုပ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ထားနဲ့ အလေ့အကျင့်လေးလုပ်ပေးယုံပါပဲ။ ဒါဆိုရင် တိုးတတ်ဖို့ လမ်းစရောက်ပြီလို့ ဆိုနိုင်ပါတယ်။ အခုတင်ပြခဲ့တဲ့အချက်နှစ်ချက်ကတော့ အတုယူစရာကောင်းသလို မည်သူမဆို လိုက်ပါလုပ်ဆောင်နိုင်ပါတယ်။

"ဘယ်သူမှမစသေးရင် သင်ကအရင်စလိုက်ပါ။"

အားလုံးကို ကျေးဇူးတင်ပါတယ်။

19.1.2018

48. ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၂)
****

ဂျပန်ပြည်မှာ နေတဲ့ ဥနှစ်အတွင်းမှာ တွေ့ရကြုံရသမျှတွေထဲက
အားကျအတုယူမိတဲ့အချက်လေးတွေကို ပြန်လည်မျှဝေချင်ပါတယ်။

စည်လုံးမှု၊ ဖွဲ့စည်းမှု အားကောင်းတယ်

ဂျပန်လူမျိုးတွေရဲ့ အဓိက အားသာချက်ကတော့ စုစည်း ဖွဲ့စည်းမှု အလွန်အားကောင်းတာပါ။ အဖွဲ့လိုက် အစုလိုက် လုပ်ရတဲ့ အလုပ်မျိုးတွေမှာ စည်းစည်းလုံးလုံးရှိတာကိုတွေ့ရတယ်။ ဒီလို အလေ့အကျင့် ကောင်းတွေကို စာသင်ခန်းတွေကတည်းက သင်ကြားပေးလိုက်တာပါ။ ဂျပန်နိုင်ငံ တက္ကသိုလ် အများစုရဲ့ Lab တွေမှာ အပတ်တိုင်း Meeting တွေရှိပါတယ်။ အဲ့ဒီထဲက Lab မှာရှိတဲ့ Professor ကနေ နောက်ဆုံးနှစ်ကျောင်းသားတွေထိ အားလုံးတက်ရတဲ့ ဇန်းတိုင်းဇမီ (Zen Tai Zemi) ကို တစ်ပတ်တစ်ခါလုပ်ပါတယ်။ အဲ့ဒီမျက်နှာ စုံညီအစည်းအဝေးမှာ Professor ကလည်း သူ့ရဲ့ တစ်ပတ်စာ လုပ်နေတာတွေနဲ့ လုပ်မယ့်အကြောင်းအရောတွေကိုပြောတယ်။ ဥပမာ ဘယ် Conference သွားမယ်၊ ဘယ်နေ့ ကျောင်းကိုပြန်ရောက်မယ် စသဖြင့်ပြောပြတယ်။ ကျန်တဲ့သူတွေကလည်း တစ်ပတ်စာ လုပ်နေတဲ့အလုပ်တွေကို အကျဉ်းချုပ်ပြီး အားလုံးရှေ့မှာတင်ပြကြရတယ်။ အဲ့ဒီ Meeting ကဘာရသလဲဆိုရင် ကိုယ့်Lab တစ်ခုလုံးရဲ့ Progress ကို သိရသလို တစ်ဦးချင်းဆီရဲ့ လုပ်နေတာတွေကိုလည်းသိရတယ်။ စိတ်ပိုင်းဆိုင်ရာ စုစည်းမှုကိုလည်းရတယ်။

အဲ့ဒီလို ကျောင်းကတည်းက လေ့ကျင့်ပေးလိုက်တော့ တစ်ခုခုလုပ်ကြမယ်ဆိုရင် ဘောလုံးပွဲမကန်ခင် ဘောလုံးသမားတွေ စုစည်းပြီး လက်ချင်းချိတ်ဆက် စည်းလုံးညီညွတ်မှု တည်ဆောက်ကြသလို အားလုံး
စက်ဝိုင်းပုံစံဝိုင်းပြီး ခေါင်းဆောင်ပြောတာကို နားထောင်ပြီး စုစည်းမှုတည်ဆောက်ကြတာ တွေ့ရပါတယ်။ ဥပမာ Party ပဲလုပ်လုပ်၊ Lab trip ပဲသွားသွား အသွားတစ်ကြိမ် အပြန်တစ်ကြိမ်လုပ်ကြတယ်။ သွားကြမယ်ဆိုပါစို့..."ဒီနေ့ ဘယ်ကိုသွားမယ်...ဘာလုပ်ကြမယ်...အားလုံးပျော်ပျော် ရွှင်ရွှင်နဲ့ သွားကြမယ်..." ပြန်လာရင်လည်း..."ဒီနေ့ ပင်ပန်းသွားကြပြီ...ဒါပေမယ့် ပျော်ရွှင်ခဲ့ကြမယ်လို့ ထင်ပါတယ်..."အဲ့ဒီလို လူစုပြောပြီးမှ အိမ်ပြန်ဖို့ လမ်းခွဲကြတယ်။ ပြောချင်တာ ဂျပန်လူမျိုးရဲ့ စုစည်းမှု ညီညွတ်မှု အားဟာ သိပ်ကို ကောင်းတယ်ဆိုတာပါပဲ။ ဒါဟာလည်း တိုးတက်ခြင်းရဲ့ အကြောင်းတရားတစ်ခုပါ။

ခေါင်းဆောင်မှုနဲ့ တာဝန်ယူမှု

ခေါင်းဆောင်မှုနဲ့ ပက်သက်ပြီးလည်း ကျောင်းသားအရွယ်ကတည်းက လေ့ကျင့်ပေးထားတာပါ။ ကျွန်တော် Sanyo စက်ရုံကို Research Collaboration အတွက် နှစ်လလောက် သွားခဲ့ရတုန်းက နေ့တိုင်း ရထားစီးပြီး ၁၀မိနစ်လောက် စက်ရုံရှိရာကို လမ်းလျှောက်သွားရတယ်။ လမ်းလျှောက်သွားရင်း လမ်းမှာတွေ့တဲ့ ကျောင်းက ကလေးတွေ ကွင်းထဲဆင်းပြီး အားကစားလုပ်ကြတဲ့အချိန်တိုင်း ရပ်ပြီးကြည့်ကြည့်မိတယ်။ ဘာလို့လဲဆိုတော့ သူတို့ အားကစားအဖွဲ့မှာ ခေါင်းဆောင်က

အမြဲတမ်းပြောင်းနေလို့ပဲ။ အတန်းစုံ အရွယ်တူမကြေပေမယ့် တခါတလေ
အတန်းငယ် ကျောင်းသားလေးက အဲ့ဒီနေ့အတွက် ခေါင်းဆောင်ဆိုရင် သူက Training ကို
ဦးဆောင်တယ်အ။ တန်းကြီးတွေက သူ့နောက်က လိုက်လုပ်ကြရတယ်။ ဒီတော့ အဲ့ဒီကလေးက
သူကိုယ်သူ ယုံကြည်မှု မြင့်မားလာသလို ခေါင်းဆောင်လုပ်ဖို့လည်း မကြောက်တော့ဘူး။ ဒီလိုပဲ Lab
မှာလဲ BBQ party လုပ်ကြတယ်ဆိုပါတော့ Professor ကအဖွဲ့
ဖွဲ့ပေးလိုက်တယ်ဆိုရင်ရပြီ။ ကျောင်းသားတွေ ပါတီအစကနေ အိုးခွက်တွေဆေးကြော
အမှိုက်သိမ်းပြီးတဲ့အထိ လှည့်ကြည့်စရာမလိုဘူး။

Lab Trip သွားတဲ့အခါလည်း ဒီအတိုင်းပဲ။ ခေါင်းဆောင်ခန့်လိုက်တဲ့ ကျောင်းသားက အကုန် အစအဆုံး
လက်မှတ်က အစ စီစဉ်ရတယ်။ စထွက်တဲ့အချိန် သူက ဘယ်ကိုသွားမယ်၊ ဘယ်အချိန်မှာ
ဘာလုပ်မယ် ပြောတဲ့အခါ Professor
ကလက်ကလေးနောက်ပစ်ပြီး ပြုံးပြုံးကြီးနားထောင်တယ်။ နေရာတစ်ခုရောက်ပြီ ဆက်ထွက်မယ်ဆို
Professor လည်း
သူပြောတဲ့နောက်လိုက်ရတာပဲ။ ပြောချင်တာ ခေါင်းဆောင်တတ်အောင် လေ့ကျင့်ပေးတာ
သင်ကြားပေးတာ။ အဲ့ဒီကလေးတွေက ခေါင်းဆောင်ဖြစ်ရင် တာဝန်ယူရမယ်ဆိုတာပါ တစ်ခါတည်း
အသိစိတ်က အသည်းဆွဲနေပြီ။ အဆင်မပြေတာ တစ်ခုခုဆိုလည်း တောင်းပန်လို့မပြီးဘူး။

တန်ဖိုးကို နာလည်ကြတယ်

တကယ်ဆို ဂျပန်ပြည်ကြီးက တိုးတတ်တယ် ချမ်းသာတယ်။ဒါပေမယ့် သူတို့က စည်းစနစ်
သိပ်ကောင်းတယ်။ ဘယ်တော့မှ ဖြုန်းတီးတာကိုမလုပ်ဘူး။ Professor
က ဘေးချင်းကပ်ရပ်က ကျောင်းသားအခန်းကို သွားတာပဲ ဖြစ်ဖြစ်၊ Toilet ဝင်တာပဲဖြစ်ဖြစ်
ခဏလေးပေမယ့် အခန်းက ထွက်တာနဲ့ မီးပိတ်တာ။ နွေရာသီ ပူလို့ Air-con
ကိုထင်တိုင်းဖွင့်တာမဟုတ်ဘူး၊ ရသလောက် အခန်းတံခါး
ခုံခုပြီးနေသေးတာ။ ဆောင်းရာသီအရမ်းအေးလို့ Heater တန်းဖွင့်မယ်မထင်လေနဲ့ ရသလောက်နေတာ။
မရတော့တဲ့အဆုံးမှ Heater ဖွင့်ခွင့်ပေးတာ။ ဒါတောင် အပူချိန်ကို 20°C ထက်မကျော်ရဘူးလုပ်တာ။
ဒီလိုတန်ဖိုးကို နာလည်တာကြောင့်လည်း သူတို့ လူမျိုးချမ်းသာတာ။

လုံခြုံမှုရှိတယ်

တစ်ရက်မှာ ဂျပန်စာ အတန်းတက်တော့ သင်တဲ့ဂျပန်လူမျိုးဆရာမက မေးခွန်းတစ်ခုမေးတယ်။
မူလတန်းအရွယ်တွေကို ကျောင်းအကြိုအပို့မလုပ်ပဲ ကလေးတွေ ကိုယ့်ဟာကိုယ်
သွားတဲ့ နိုင်ငံတွေရှိလားလို့မေးတယ်။ အမေရိကန်က No တဲ့၊ အင်္ဂလန်ကလည်း No...မြန်မာကတော့
တက္ကသိုလ် ရောက်တာတောင်လိုက်ပို့တုန်းလို့ ပြန်ဖြေလိုက်တယ်။ အဲ့ဒီနေ့ကစပြီး
လမ်းမှာကျောင်းသားလေးတွေတွေ့ရင်သတိထားကြည့်ဖြစ်တယ်။ဟုတ်တယ်... ဂျပန်မှာ
ကလေးတွေ ကျောင်းကို သူတို့ဘာသာ သူတို့သွားကြတယ်။
ကျွန်တော် Sanyo စက်ရုံကို ရထားနဲ့သွားတဲ့မနက်တိုင်း ကလေးတစ်ယောက်နဲ့ အမြဲတွေ့တယ်။
သူရထားစီးတဲ့အချိန်နဲ့ ကိုယ်ရထားစီးတဲ့အချိန်ကတူနေတာကိုး။ ရထားချိန်နီးရင်

ကလေးရောက်လာတယ်။ ကျောပိုးအိတ်ပါတယ်၊ လက်မှာ ရေဘူးတွေဘာတွေပါတဲ့ လက်ဆွဲအိတ်လေး
လက်မောင်းမှာချိတ်လို့။ ပလက်ဖောင်းပေါ် ရောက်ရင် သူ့အိမ်ကို
သူလည်ပင်းမှာဆွဲထားတဲ့ ခေါက်ဖုန်းလေးနဲ့ ဖုန်းဆက်တယ် သူရောက်ပြီပေါ့။ ပြီးရင် တန်းစီတယ်။
ရထားပေါ် တက်တယ်။ အဲ့ဒီကလေး အလွန်ဆုံးရှိရင် ၆နှစ်ပဲ။

တက္ကသိုလ်မှာလဲ ဒီလိုပဲ မြန်မာမိန်းခလေးကျောင်းသူတွေ တခါတလေ ညဘနာရီ ၂နာရီမှပြန်ကြရတယ်။
လုံလုံခြုံခြုံပဲ။ နောက်တစ်ခုက ရဲနဲ့တွေ့တဲ့ အခါတိုင်း ခံစားမှုက လုံခြုံတယ်..ငါတို့ကို
ကူညီမယ့်သူတွေလို့ခံစားမိတယ်။ ဒါကလည်း ထူးခြားတဲ့ခံစားမှုပဲ။ ဒါပေမယ့် သတိဆိုတာ
လိုတယ်မရှိဘူးလို့ ဂျပန်တွေကတော့ အမြဲသတိပေးလေ့ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဂျပန်မှာနေရတာ
လုံခြုံမှုအပြည့်ရှိတယ်လို့ ခံစားရတယ်။

စည်းကမ်းကို အလေးထားတယ်

စည်းကမ်းရှိတဲ့ တိုင်းပြည်ပါ။ ပြည်သူတွေ ကိုယ်တိုင်က လိုက်နာတယ်။ အထူးသဖြင့် မီးပွိုင့်မှာ
လမ်းအသေးလေးဖြစ်ပါစေ နီနေရင် အများစုက လမ်းဖြတ်မကူးဘူး။ တစ်ခါက မြန်မာ နှစ်ဦး
စကားတပြောပြောနဲ့ မီးနီကိုမမြင်ပဲ လမ်းဖြတ်ကူးတယ်။ ဟိုဘက်လမ်းဘက်မှာရှိတဲ့ ဂျပန်
အမေအိုကြီးတွေ့သွားတော့...သူတို့နားသွားပြီး...မင်းတို့
မီးနီနေတာဘာလို့ ဖြတ်ကူးတာလဲ....အန္တရာယ်ရှိတယ်ဆိုတာမသိဘူးလား...ဘယ်နိုင်ငံကလည်း...စသဖြ
င့်အကြီးအကျယ်ဒေါသထွက်ပြီးမေးတယ်တဲ့...တက္ကသိုလ်ကျောင်းသားတွေပါဆိုမှ နောက်မလုပ်နဲ့...အန္တရ
ာယ်ရှိတယ်ဆိုပြီး ပြောလွတ်လိုက်တယ်တဲ့။ တစ်ခါကတော့ ကျွန်တော်ပေါ့။ လမ်းမှာ
အာဖရိကကသူငယ်ချင်းကို လှမ်းနတ်ဆက်တာ အသံကျယ်သွားလို့ ဘေးနားက
ဂျပန်အဖိုးက ...ဟေ့ကောင် ဆူတယ်ကွာ..ဆိုပြီးလှမ်းငေါက်တာခံလိုက်ရတယ်။ ပြောချင်တာ
စည်းကမ်းကို အတိအကျ လိုက်နာတယ်။ စည်းကမ်းဆိုတာ တခြားသူကို အနှောက်အယှက်မဖြစ်အောင်
ချမှတ်ထားတဲ့ စည်းကမ်းတွေကိုး။ တစ်ဖက်သား အနှောက်အယှက်ဖြစ်စေမယ့် လူပုံအလည်
ဖုန်းပြောတာ၊ ရထားပေါ် ဖုန်းပြောတာတွေကအစ ရှောင်ကြတယ်၊
ထိန်းသိမ်းကြတယ်။ မြန်မာပြည်သွားမယ့် ဂျပန်တွေဆို သေချာမှာရတယ် လမ်းဖြတ်ကူးရင်
အထူးသတိထားပါ၊ ဂျပန်မှာလိုမဟုတ်ဘူး စိမ်းနေပေမယ့် ဘေးဘယ်ညာကြည့်ဖို့
လျင်ဖို့လိုတယ်လို့ ပြောထားရတယ်။
အချုပ်အားဖြင့် ပြောရရင် တိုးတက်ချင်တယ် ဆိုရင်တော့ တိုးတက်တဲ့ နိုင်ငံတွေရဲ့ ကောင်းတဲ့
အမူအကျင့်တွေကို လိုက်ပါလုပ်ဆောင်ဖို့လိုအပ်ပါတယ်။
စာလည်းရှည်သွားပြီမို့ နောက်များမှဆက်ရေးပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။
30.1.2018

ဂျပန်ပြည်မှ အတုယူစရာ အလေ့အကျင့်ကောင်းများ (၃)
****

ခေတ်မှီတိုးတက်တဲ့ နိုင်ငံတွေကိုလေ့လာကြည့်ရင် သူတို့ကျင့်သုံးနေတဲ့ စနစ်ကောင်းတွေနဲ့ နိုင်ငံသားတွေရဲ့ အလေ့အကျင့်ကောင်းတွေကိုပါ တွေ့နိုင်ပါတယ်။ သို့ပေမယ့် ယနေ့ ကမ္ဘာမှာ တိုးတက်ခြင်းနှင့်အလေ့အကျင့်ကောင်းများ ကိုအတူယှဉ်တွဲတွေ့ရတဲ့ နိုင်ငံတွေအတော်လေးနည်းနေပါသေးတယ်။ အဲ့ဒီနှစ်ခုလုံးကို ပိုင်ဆိုင်ထားတဲ့နိုင်ငံကတော့ ဂျပန်နိုင်ငံပဲဖြစ်ပါတယ်။ ဂျပန်မှာနေတဲ့ သုံးနှစ်အတွင်း ကမ္ဘာအရပ်ရပ်က လာသမျှ နိုင်ငံစုံက သူတွေကို တီးခေါက်ကြည့်ရတာတော့ အများစုက ဒီအဖြေကိုပဲပေးကြပါတယ်။ အဲ့ဒီကောင်းတဲ့အချက်တွေထဲက အလေ့အကျင့်နဲ့ ဆိုင်တဲ့အချက်တွေကို ထပ်ပြီးပြောပြချင်ပါတယ်။

ဘာလုပ်လုပ်တန်းစီတယ်

ဂျပန်နိုင်ငံမှာ လူစည်ကားတဲ့နေရာတွေ အထူးသဖြင့် ဈေးဝယ်တဲ့နေရာ၊ လက်မှတ်ဝယ်တဲ့နေရာ နောက်ဆုံး အစားအသောက်စားတဲ့နေရာတွေမှာ တန်းစီနေတဲ့ လူတန်းရှည်ကြီးတွေကို တွေ့ရတတ်ပါတယ်။ မှတ်မှတ်ရရ ဆရာကြီး ဒေါက်ထွေး(ဧဆးမန်း) ကို Hiroshima လိုက်ပို့ရင်း နာမည်ကြီးဒေသ အစားအစာဖြစ်တဲ့ Okonomiyaki ကိုစားစေချင်လို့ ဆိုင်ရှေ့မှာ နာရီဝက်လောက် တန်းစီခဲ့ရပါတယ်။ ဘယ်သူမှ တိုးဝှေ့နေတာ မတွေ့ရပါဘူး။

ဒီလိုပဲ ကျွန်တော်Running လုပ်နေကြ Multi-purpose Grounds ထဲက Citylight Stadium မှာ မြို့ခံ JLeague ဘောလုံးအသင်း Fagiano ကန်မယ့်ပွဲဆိုရင်လည်း မကန်ခင် တစ်ရက်ကတည်းက တန်းစီနေကြတာပါပဲ။ ဒါပေမယ့် သက်မှတ်ချိန်ရောက်ရင်တော့ တာဝန်ရှိသူတွေက နာမည်နဲ့နေရာလေးတွေမှတ်ပြီးစာရင်းလိုက်ကောက်လို့ပြီးရင်ပြန်ကြတာပေါ့။ ဘယ်သူမှ ခွာပြီးနေရာမရွှေ့ကြပါဘူး။ တစ်ရက်က ကျွန်တော့်ကိုစာသင်ပေးတဲ့ Professor ကြီး ချွေးတလုံးလုံးနဲ့ နေပူထဲမှာ တန်းစီနေတာတွေ့ရလို့ သွားနုတ်ဆက်တယ်။ တန်းစီရတာ သူတို့ရဲ့အလေ့အကျင့်ဖြစ်နေတာ သိပ်ကောင်းတယ် Fair ဖြစ်တယ်... နေပူတာလေး တစ်ခုပါပဲလို့ပြောပါတယ်။ Fukushima မှာငလျင်အကြီးအကျယ်လှုပ် Tsunami ထိတော့ လိုအပ်တဲ့ အစားအသောက်တွေရဖို့အတွက် တန်းစီကြတာပါပဲ။ တကယ်ဆို လူတိုင်းလိုအပ်နေတာပဲ ဒီလိုသေရေးရှင်ရေးမှာတောင် တန်းစီကြတယ်။

ရထားပေါ် ကားပေါ်မှာ

ရထားပေါ် ကားပေါ်တွေမှာ ဖုန်းလုံးဝပြောလို့မရပါဘူး။ ပြောတဲ့သူလည်း မတွေ့ရဘူး။ ပြီးတော့ Priority Seat တွေဆိုရင် လွတ်နေရင်တောင် အများစုက မထိုင်ကြဘူး။ မှတ်တိုင် နည်းနည်းခရီးတိုတို သွားတဲ့သူက တက်လာကတည်းက မတ်တပ်ရပ်ကြတာများတယ်။ ထိုင်ခုံတွေပေါ် ခြေထောက်တင်တာတွေ ဘာတွေလည်းမရှိ။ တိုးဝှေ့တက်နေ ဆင်းနေတာလည်းမတွေ့ရပါဘူး။ မြို့ကြီးပြကြီးတွေမှာ ရထားအတော်ကြပ်တဲ့ Rush Hour မှာတောင် ကျော်ခွပြီးမတက်ပါဘူး။ တန်းစီပြီးတက်တယ် နောက်ဆုံးကျန်တဲ့သူကို အဆင်ပြေနိုင်ရင် ရထားဝန်ထမ်းက တွန်းကူပြီး တံခါးပိတ်လို့ရအောင်ကူပေးပါတယ်။

Lost and Found တွေရှိတယ်

Lost and Found တွေကနေရာတိုင်းမှာရှိတယ်။ ဂျပန်လူမျိုး အများစုဟာ ပစ္စည်းကောက်ရရင် Lost and Found နေရာကို သွားပေးကြတယ်။ သာမန် ဘောပင်တို့၊ စာအုပ်တို့၊ သော့လို ပစ္စည်းတွေကိုတော့ ပြန်လာရှာရင်တွေ့နိုင်မယ့် နေရာလေးတွေမှာ တင်ပေးထားပေးတတ်ကြတယ်။ ဒါကလည်း သူများပစ္စည်းကို မခိုးရဘူး မယူရဘူး ကျနေခဲ့တာတွေ့ရင် ဘယ်နေရာကိုပို့ရမယ်ဆိုတာ ငယ်ငယ်လေးထဲက အရိုးစွဲအောင် သင်ပေး လေ့ကျင့်ပေးထားကြတာ။ ဂျပန်ကလေးတွေကို Social Experiment လုပ်ထားတဲ့ video လေးကိုကြည့်လိုက်ရင် တွေ့ရပါလိမ့်မယ်။

ကျွန်တော့်မိတ်ဆွေတွေ တိုကျို‌မြို့လည်ခေါင်မှာ ပိုက်ဆံအိတ်တွေ ကျပျောက်တာ အကြိမ်တိုင်းနည်းပါးပြန်ရတယ်။ တစ်ရက်လည်း ကျွန်တော်ကိုယ်တိုင် ဖြစ်ရပ်ကလေး တစ်ခုတွေ့ခဲ့ရတယ်။ ကျွန်တော်က စက်ဘီးနဲ့ ကျောင်းကိုအလာ မူလတန်းအရွယ် ကလေးလေးတွေ လမ်းပေါ်ကျနေတဲ့ အိတ်ကလေးတစ်လုံးတွေ့တော့ သူတို့ရှေ့က အဒေါ်ကြီးကျခဲ့တယ်ထင်ပြီး "落とした… အိုတိုရှိမတ်ရှိတရော်" ဆိုပြီးနောက်က အုပ်စုလိုက် ပြေးပြီးလိုက်ပေးကြတယ်။ အဒေါ်ကြီးက သူ့ကျခဲ့တာမဟုတ်ဘူးလို့ ပြောလိုက်တော့ ကလေးတွေ ခေါင်းချင်းဆိုင်တိုင်ပင်နေကြတာတွေ့ရတယ်။ ဒါလေးကြည့်ပြီး အတော်ကြည်နူးမိတယ်။ အချောင်လိုချင်တဲ့စိတ် မရှိအောင် ငယ်ငယ်ကတည်းက အဲ့လိုလေ့ကျင့်ပေးထားကြတာပါ။ အဲ့ဒီလို မခိုးခြင်းနှင့် မလိမ်ခြင်းဆိုတဲ့ ကိုယ်ကျင့်တရားနှစ်ခုကို ဂျပန်အများစု လက်တွေ့ကျင့်သုံးနေတယ် ဆိုတာတွေ့ရပါတယ်။ ဒါတွေဟာ တိုင်းပြည် တိုးတက်ကြီးပွားခြင်းရဲ့ အခြေခံ အကြောင်းတရားတွေပါ။စာလည်း ရှည်သွားပြီမို့ နောက်များမှ ဆက်ပြီးတင်ပြပါ့မယ်။

အချုပ်အားဖြင့် ကောင်းတဲ့ စိတ်ဓာတ်တွေ အလေ့အကျင့်တွေဆိုတာ လေ့ကျင့်ယူကြရတာပါ။ အသည်းစွဲအောင်ဆိုရင်တော့ ငယ်ငယ်ကတည်းက လေ့ကျင့်သင်ကြားပေးဖို့လိုပါတယ်။ သို့တည်းမဟုတ်ပါမူ…မှားနေမှန်းသိပါလျက်ကယ်နဲ့…မသင့်တော်မှန်း သိပါလျက်ကယ်နဲ့…မလုပ်ထိုက်မှန်းသိပါလျက်ကယ်နဲ့ပင်…မကောင်းတဲ့အကျင့်တွေကို ကျင့်ပါများလို့ အကျင့်ပါနေတာကြောင့် လုပ်ရင်းလုပ်ရင်းကနေ…ဗီဇ… ညင်အဖြစ်သို့ ကူပြောင်းလာပါလိမ့်မယ်။အဲ့ဒီ ဗီဇတို့ ညင်တို့ဆိုတာ မပြုမပြင်ပဲထားပါက သံသရာအထိ လိုက်ပါသွား တတ်ကြပါကြောင်း…ထိုကဲ့သို့ အကြိမ်ကြိမ်လေ့ကျင့်ခြင်းကို "အာသေဝန" ဟုခေါ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

တိုင်းပြည်တိုးတက်ဖို့ အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်နိုင်ကြပါစေ။

Credit to original uploader for video and Fukushima photos, Social Experiment

28.3.2018

49. ဂျပန်နိုင်ငံရဲ့ ဝန်ဆောင်မှု

****

ဂျပန်မှာ မဖြစ်မနေလိုအပ်လို့ အစိုးရရုံးတွေကိုသွားရတဲ့အခါမှာ ဝန်ဆောင်မှုက စီးပွားရေးလုပ်နေတဲ့ Company တွေရဲ့ ဝန်ဆောင်မှုနဲ့အတူတူပဲ။ ကျွန်တော်တို့လို ဘာသာစကား တစ်လုံးနှစ်လုံးလောက်လေး ပြောလိုက်တာနဲ့ ဘာလုပ်ပေးရမယ်ဆိုတာ သိနားလည်လောက်အောင် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု ရှိတယ်။ သူပြောနေတာတွေ နားမလည်တာတောင် သေချာတစ်လုံးခြင်း ပုံလေးတွေနဲ့ရှင်းပြတယ်။ E-government ကိုလက်တွေ့အသုံးချနေပြီး ကိုယ့်ရဲ့ Information တွေကို တစ်နေရာရာမှာ ပြောင်းလိုက်တာနဲ့ ဌာနတိုင်းက သိပြီးသား။ ပြီးတော့မလိုအပ်ရင်အချိန်မယူဘူး။ ဥပမာ အမျိုးသားမှတ်ပုံတင်လို အရေးကြီးတဲ့ Residence Card ပျောက်သွားလို့ပါဆိုတော့ ဓါတ်ပုံတစ်ပုံနဲ့ လျှောက်လွှာလေးရေးတင်လိုက်တာ ချက်ခြင်း Card ထွက်လာတယ်။ ဝန်ထမ်းတွေကြည့်လိုက်ရင် အမြဲတမ်း ပြုံးချိုနေပြီး ဆက်ဆံရေးကလည်း ကောင်းလွန်းလို့ ရုံးထဲကတောင်မပြန်ချင်ဘူး။

ရဲစခန်းသွားပြီး Cardတွေပျောက်သွားတယ်ဆိုတော့လည်း ချက်ခြင်း Computer နဲ့ နာမည်ရိုက်ထည့်ပြီး ကဒ်တွေကောက်ရလို့ ဘယ်စခန်းမှာ လာအပ်ထားသလဲချက်ခြင်းစစ်ပေးတယ်။ နောက်တစ်ခုက ရဲကိုတွေ့ရင်လည်း အကူအညီပေးမယ့်သူတွေလို့ ယုံကြည်အားကိုးတဲ့ စိတ်ကအလိုလိုဖြစ်လာတယ်။နိုင်ငံခြားသားဆိုရင် တော်ယုံစက်ဘီး ဥပဒေချိုးဖောက်မိတာလောက်တော့ နောက်မလုပ်နဲ့ဆိုပြီးလွှတ်ပေးတတ်ပေမယ့် သူတို့နိုင်ငံသားကတော့ Sorry ပဲအတိအကျအရေးယူတယ်။ဒီတော့ ရဲတွေရှိနေတာနဲ့ကို ပိုပြီးလုံခြုံတယ်လို့ ခံစားရတယ်။ တစ်ခုခုမသိလို့ပါဆို လမ်းမှာတွေ့တဲ့ရဲတို့ ဘူတာရုံတို့ ကားဂိတ်တို့မှာဆိုလည်း Information Center တွေမှာ ရှိတဲ့ ဝန်ထမ်းတွေက လိုရာခရီးရောက်အောင် ကူညီပေးတယ်။

တစ်ခါက ကိုယ်နေတဲ့အိမ်အောက်က ရေပိုက်တွေမကောင်းဘူးလို့ အိမ်ဖာဝန်ဆောင်မှုကို မနက်ကသွားပြောတာ ညနေကြတော့ပြင်ပြီးနေပြီ။ အဲ့လိုပဲ ကျွန်တော့် အခန်းမီတာဘောက် လေပြင်းတိုက်လို့ တံခါးနဲ့ရိုက်ကွဲတော့လည်း မနက်ပြော ညနေအသစ်ဖြစ်နေပြီ။ တစ်ခါက ဖုန်း Company မှာ ငွေဖြတ်တာများနေသလားလို့ သွားမေးမိတာ ရှင်းပြလိုက်တာ မှန်းလည်းမလည်ပဲ နားတွေကိုပူလို့။ ဒါနဲ့ရပါပြီ နားလည်ပါပြီဆိုပြီး ထွက်လာတော့ ကုန်တိုက်အပြင်ရောက်တဲ့အထိလိုက်ပို့တယ်။ ပြီးတော့ ကျွန်တော်တို့ မြင်ကွင်းက ပျောက်မသွားမခြင်း ဝန်ထမ်းနှစ်ယောက် ခါးကိုင်းပြီး အရိုအသေပေးနေတာကြောင့် မနည်းပြေးခဲ့ရတယ်။ တကယ်က ကိုယ်က နားမလည်လို့ သွားမေးမိတာ Complaint တက်တယ်ထင်လို့နေမှာပေါ့။ အားနာလိုက်သည့်ဖြစ်ခြင်း။ နောက်မှထပ်ပြောပြဦးမယ်ဗျာ။
27.7.2017

50. သန့်ရှင်းသပ်ရပ်တဲ့ ဂျပန်ပြည်

****

ဂျပန်ပြည်ကြီးက အရမ်းကို သန့်ရှင်းသပ်ရပ်ပြီး ကြည်လင်သန့်ရှင်းတဲ့ လေ
လေထု၊ ရေထုကိုပိုင်ဆိုင်ထားပါတယ်။သို့သော် အလကားနေရင်းတော့ဖြစ်မလာနိုင်။
နိုင်ငံသူ/နိုင်ငံသားတွေ ဝိုင်းဝန်း အလေးထားထိန်းသိမ်းနေကြခြင်းရဲ့ ဆုလာဘ်ပါ။
ဘယ်လိုထိန်းသိမ်းကြတယ်ဆိုတာ မြင်ရသမျှလေးတွေပြောရရင် ဒီလိုပါ။

စနစ်အတာကျ အမှိုက်ပစ်ခြင်း

ဂျပန်ကို ရောက်ရောက်ခြင်း စတင်ကြုံတွေ့ရတဲ့ အခက်ခဲက အမှိုက်ဘယ်လို ပစ်ရမလဲဆိုတာပါ။ ဂျပန်မှာ
အမှိုက်ကို ပစ်ချင်တိုင်းပစ်လို့မရပါဘူး။...အမှိုက်အမျိုးအစားခွဲပြီးမှ ပစ်ကြရပါတယ်။ ကျောင်းကိုဝင်တဲ့နေ့၊
အဆောင်ကို ဝင်တဲ့နေ့၊ အိမ်ပြောင်းတဲ့နေ့တွေမှာ အမှိုက်အမျိုးအစားဘယ်လိုခွဲရမယ်ဆိုတာရယ်၊
ပစ်ရမယ့်ရက်ရယ်ကို ပုံနဲ့တကွ အတိတကျ ရှင်းလင်း ပြသထားတဲ့
လက်ကမ်းစာစောင်တွေကိုပေးပါတယ်။ နှတ်နဲ့လည်း သေချာရှင်းပြပါတယ်။
ဘယ်လိုအမျိုးအစားခွဲရသလဲဆိုရင်....မီးလောင်နိုင်တဲ့ အမှိုက်တွေကသပ်သပ် (တစ်ပတ်နှစ်ကြိမ်)၊
တစ်လတစ်ကြိမ်ပဲ ပစ်လို့ရတဲ့ ပလပ်စတစ်ဘူးခွန်တွေ(ဖြစ်နိုင်ရင် ဆေးကြောပြီးမှ)၊ သံထည်ပစ္စည်းတွေ၊
ဘူးတွေ၊ ပုလင်းတွေက သပ်သပ် စသဖြင့်ခွဲပစ်ရပါတယ်။ တစ်ချို့ သိပ်ကိုတင်းကြပ်တဲ့ မြို့တွေမှာတော့
အမှိုက်အမျိုးအစားကို ဒီထက်မကခွဲပြီးမှပစ်ရပါတယ်။ တကယ်လို့များ အိမ်က
ပရိဘောဂပစ္စည်းတွေ၊ စောင်တွေ အဝတ်အထည်တွေ အသုံးအဆောင်တွေကိုတော့ သက်ဆိုင်ရာ City
Office မှာ Waste Disposal လျှောက်ထားပြီ ပိုက်ဆံပေးပြီးမှ ပစ်ရပါတယ်။ ဥပမာ Chair(¥400)၊
Sofa(¥2000) စသဖြင့် ပေးချေပြီးမှ ပစ်ရပါတယ်။

အချိန်တိကျတဲ့ အမှိုက်သိမ်းစနစ်

အမှိုက်သိမ်းကားတွေက သိမ်းရက်မှာ 8:00~10:00AM အတွင်း အမှိုက်လာသိမ်းကြပါတယ်။
အချိန်ကျော်သွားမှ ပစ်လို့မရပါဘူး။ နောက်တစ်ခုက သတ်မှတ်ထားတဲ့ နေရာမှာပဲ
အမှိုက်ပစ်ခွင့်ရှိပါတယ်။ အဆောင်မှာနေတဲ့သူက ရပ်ကွက်ထဲမှာ သွားပစ်လို့မရပါဘူး။ နေပူပူ မိုးရွာရွာ
အမှိုက်သိမ်းကားတွေ ပုံမှန်လာပါတယ်။

အမှိုက် ကောက်ခြင်း ယဉ်ကျေးမှု

ဂျပန်မှာ အမှိုက်ကောက်တဲ့ ယဉ်ကျေးမှုထွန်းကားနေပါတယ်။ အမှိုက်လိုက်ကောက်ရတာ
ရှက်စရာလို့မယူဆကြပါဘူး။ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းကသာရှက်စရာပါ။ မကြာခဏ ဆိုသလို
လမ်းတွေထဲမှာ အုပ်စုလိုက်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ လက်အိတ်လေးတွေစွတ်
အမှိုက်အိတ်ကလေးတွေကိုင်ပြီး ညှပ်ကလေးတွေနဲ့ အမှိုက်လိုက်ကောက်နေတဲ့ အဖိုးအို အဖွားအိုတွေကို မြ
မြင်တွေ့ရတတ်ပါတယ်။ အမှိုက်ကောက်ပြီး ပြုံးနေတဲ့ သူတို့မျက်နှာကို မြင်ရယုံနဲ့ ဒီအလုပ်ကို ဂုဏ်ယူစွာနဲ့
လုပ်နေတယ်ဆိုတာ သိနိုင်ပါတယ်။

ဒါ့အပြင် တက္ကသိုလ် ကျောင်းက ပါမောက္ခကြီးတွေ ဦးဆောင်တဲ့ အမှိုက်ကောက်ပွဲတွေကိုတော့ Semester တစ်ခုကို တစ်ကြိမ်ပြုလုပ်ကြပါတယ်။ အထက်တန်းကျောင်းက ကလေးတွေသာမက မူကြိုကျောင်းက ကလေးလေးတွေပါ တက္ကသိုလ်ထဲ လာပြီး အမှိုက်ကောက်ကြတာတွေ့ရတော့ အမှိုက်ကောက်ခြင်း ဆိုတာကို ငယ်ငယ်ကတည်းက သင်ကြားပေးနေပါလားလို့ သတိထားမိတယ်။

ကြည်လင်တဲ့ရေ

နေရာတိုင်းမှာ မြစ်ပဲဖြစ်ဖြစ် ၊ ချောင်းပဲဖြစ်ဖြစ်၊ အိမ်ကြိုအိမ်ကြားက မြောင်းပဲ ဖြစ်ဖြစ် အလွန်သန့်ရှင်းပါတယ်။ အမှိုက်သရိုက်တွေမရှိတဲ့အပြင် တချို့ဆို ရွှေငါးကြီးတွေပါ လွှတ်ထားတာကိုတွေ့ရပါတယ်။ အိမ်တိုင်းမှာရတဲ့ ရေရဲ့ အရည်အသွေးကလည်းအတူတူပါပဲ။ အိမ်သာသုံးတဲ့ရေနဲ့ သောက်တဲ့ရေ အတူတူပါပဲ။ Tap Water ပဲသောက်ကြတော့ ဟိုတယ်ပဲရောက်ရောက် ဘယ်နေရာပဲ ရောက်ရောက် ရေခွက်ပဲထားတာတွေ့ပြီး ရေသန့်ဘူးဆိုတာ မထားတတ်ကြပါဘူး။

စိမ်းမြတဲ့သစ်တော

ဘယ်နားကြည့်ကြည့် စိမ်မြနေပါတယ်။ တောင်တွေကလည်း စိမ်း၊ လမ်းတွေကလည်းစိမ်းလို့ပါ။ ဂျပန် Professor တစ်ယောက်က မင်းတို့ဆီနဲ့ ငါတို့ဆီ၊ ဘယ်ဆီကပိုပြီး သစ်တောတွေ များလည်းလို့မေးဖူးပါတယ်။ သူလေ့လာထားသလောက် တွက်ပြပြီး မင်းတို့ဆီမှာ အရင်လို စိမ်းမြမနေတော့ဘူးလို ဆိုပါတယ်။

သန့်ရှင်းတဲ့လေထု

သန့်ရှင်းတဲ့လေရဲ့အရသာကို Narita လေဆိပ်ရောက်တာနဲ့ စတင်ထိတွေ့ခွင့်ရပါတယ်။ ကြည်လင်အေးမြတဲ့ ဆောင်းနဲ့အတူ လေသန့်သန့်လေးကို ရှူရှိုက်ရတဲ့ အရသာ ဘဝင်ကိုခိုက်စေပါတယ်။ အသက်ဝဝ ရှူရတယ်လို့ ခံစားမိပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။
27.10.2017

51. သတင်းအချက်အလက်နဲ့ ညွှန်ကြားချက်တို့ စီးဆင်းဖို့

****

"သိရှိကြောင်းလက်မှတ်ရေးထိုးပါ" ဆိုတာ ကျွန်တော်တို့ ဝန်ထမ်းလောကမှာ အခုထိ ခိုက်ခိုင်မာမာ အသုံးပြုနေကြတဲ့ သက်သေယူမှုတစ်ခုပါ။ အထက်ဌာန ကနေ အောက်ခြေဝန်ထမ်းတွေအထိ လိုက်နာဆောင်ရွက်ရမယ့် ညွှန်ကြားချက်တွေ၊ အကောင်အထည်ဖော်ရမယ့် ကိစ္စရပ်တွေကို သက်ဆိုင်ရာ ကျောင်း သိုမဟုတ် အဖွဲ့အစည်းတွေ ဆီကို Fax ဒါမှမဟုတ် email တွေနဲ့ပို့လေ့ရှိပြီး။ အဲ့ဒီကမှတစ်ဆင့်ဌာနမှူးတွေဆီကို မိတ္တူကူပြီး ဖြန့်ဝေပါတယ်။ အယ်...အဲ့ဒီကမှ တစ်ဆင့် သက်ဆိုင်ရာ အောက်ခြေ ဝန်ထမ်းတွေဆီကို သတင်းနဲ့ ညွှန်ကြားချက်တွေကို ပုံစံအမျိုးမျိုးနဲ့ ဖြန့်ဝေကြပါတယ်။ တစ်ချို့ကလည်း အရေးကြီးရင်ကြီးသလို စည်းဝေးတိုင်ပင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြသလို၊ တစ်ချို့ကလည်း ရုံးတက်လက်မှတ်ထိုးတဲ့ နေရာမှာပဲ သိရှိကြောင်းလက်မှတ်ထိုးဖို့ဆိုပြီး အမိန့်ညွှန်ကြားစာတွေကို ထားပေးလေ့ရှိပါတယ်။

ဒီနေရာမှာ ဝန်ထမ်းလုပ်သူကလည်း သေသေချာချာ မှတ်သား လေ့လာပြီးမှ လက်မှတ်ထိုးတဲ့သူရှိသလို၊ ဝတ်ကျေတမ်းကျေ စာတောင်မဖတ်တော့ပဲ လက်မှတ်ထိုးသွားတဲ့သူတွေလည်းရှိပါတယ်။ တစ်ခါတစ်လေလည်း ဌာနမှူးဆိုသူတွေက သတင်းနဲ့ညွှန်ကြားချက်တွေကို ဖြန့်ဝေဖို့ မေ့လျော့ ပျက်ကွက်တတ်ကြသလို၊ Policy Maker တွေရဲ့ အရေးကြီးတဲ့ လုပ်ငန်းအကောင်အထည်ဖော်ရေး လမ်းညွှန်ချက်ဖြစ်ပါက အကြိမ်ကြိမ် ဖတ်ရှုလေ့လာသုံးသပ်ဖို့ ဝန်ထမ်းတွေမှာ မှတ်တမ်းမှတ်ရာ မရှိဖြစ်ရတတ်ပါတယ်။ နောက်တစ်ခုက အလုပ်လုပ်ခိုင်းဖို့ဆိုရင် အထက်ကလူတွေက ဂရုစိုက်တတ်ကြပေမယ့်၊ ဝန်ထမ်းတွေရဲ့ ရပိုင်ခွင့်တွေ ဥပမာ သင်တန်းတက်ဖို့၊ နိုင်ငံခြားပညာသင် လျှောက်ထားဖို့ စတဲ့ သတင်းအချက်အလက်တွေကို အလေးမထား ခေါက်သိမ်းထားတာဆိုရင်တော့ ဝန်ထမ်းတွေအတွက် နစ်နာရပါတယ်။ နောက်တစ်ခုက ဆရာတွေနဲ့ ကျောင်းသားတွေ အထူးသဖြင့် PhD နဲ့ ME တွေ တွေ့ဆုံဆက်သွယ်တဲ့နေရာမှာလဲ ဒီအတိုင်းပါပဲ။

ဒီတော့ အကောင်းဆုံး နည်းလမ်းကတော့ ဂျပန်မှာ ကျင့်သုံးနေသလို email စနစ်ကို အသုံးပြုပြီး အချိန်နဲ့တစ်ပြေးညီ ညွှန်ကြားချက်နဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေပေးဖို့ပါ။ ဝန်ထမ်းတွေအနေနဲ့လည်း မိမိရဲ့ email ကိုအမြဲတမ်း စစ်ဆေးဖတ်ရှုနေဖို့ တာဝန်ရှိပါတယ်။ ဂျပန်မှာရှိတဲ့ Professor အများစု ဖုန်းမသုံးကြပါဘူး။ email တစ်ခုကိုပဲ သုံးပါတယ်။ Professor ကဘယ်နေရာပဲရောက်ရောက် Internet ရှိတာနဲ့ ကျောင်းသားကို Instructions တွေလှမ်းလှမ်းပို့ပါတယ်။ တက္ကသိုလ်ကလည်း ကျောင်းသားတွေနဲ့သက်ဆိုင်တဲ့ သိသင့်သိထိုက်တဲ့၊ လိုက်ပါဆောင်ရွက်ရမယ့် သတင်းအချက်အလက်တွေကို အချိန်နဲ့ တစ်ပြေးညီ ပေးပို့ပါတယ်။ email မဖတ်မိလို့ပါလို့ အကြောင်းပြချက်ပေးလို့မရပါဘူး။ ဝန်ထမ်းတိုင်း ကျောင်းသားတိုင်း နေ့စဉ် email စစ်ပြီးဖတ်ရမယ့် တာဝန်ရှိပါတယ်။ဒါ့ကြောင့် တစ်နိုင်ငံလုံး e-government အဆင့်မရောက်နိုင်သေးရင်တောင် တက္ကသိုလ်တွေမှာတော့ နိုင်ငံတကာနည်းတူ email သုံးပြီး အချိန်နဲ့ တစ်ပြေးညီ သတင်းအချက်အလက်နဲ့ ညွှန်ကြားချက်များ စီးဆင်းနိုင်ပါမှ လိုရာခရီးအမြန်ရောက်နိုင်မည်ဖြစ်ကြောင်းပါခင်ဗျာ။

28.10.2017

52. အခြေခံ အတတ်ပညာ

****

ကျွန်တော်တို့ နိုင်ငံမှာ ဘာမှမလုပ်တတ်ဘူး၊ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေရတယ် ဆိုပြီး ဂုဏ်ယူနေတဲ့သူတွေအများကြီးရှိတယ်။ တစ်ချို့လည်း ကြီးကြီးတတ်ချမ်းသာကြလို့၊ တစ်ချို့လည်း အိမ်မှာ အငယ်ဆုံးမို့ ၊ အလိုလိုက်ထားလို့၊ မခိုင်းရက်လို့ စသဖြင့်ပေါ့။ ဂျပန်မှာတော့ လူတစ်ယောက် အတွက် အခြေခံအားဖြင့် မဖြစ်မနေ လုပ်တတ်ရမယ့် အတတ်ပညာတွေ အကုန်သင်ပေးတယ်။ ပိုက်ဆံ သိပ်ချမ်းသာတဲ့မိသားစုက ကလေး အချိန်းပိုင်းအလုပ်လုပ်ပြီးငွေစုတယ်။
သန့်ရှင်းရေးလား....ကျောင်းကတည်းက ဖုန်သုတ်ကြမ်းတိုက်၊ အိမ်သာဆေး အကုန်ရတယ်။ ဈေးရောင်း၊ စားပွဲထိုး၊ ပန်းကန်ဆေး အကုန်ရတယ်။
ဟင်းချက်နည်း ကျောင်းကတည်းကသင်ပေးလိုက်တယ်။ ကျောင်းသားတွေ မေးကြည့်တာ အနည်းဆုံး ၁၀မျိုးလောက်ချက်တတ်တယ်။ အခုထိလည်း ချက်စားတယ်။ သူတို့ချက်တာတွေပြတယ်။ စနစ်ကလည်း သင်ပေးတယ်၊ မိဘကလည်းသင်ပေးတယ်။ စနစ်ကလည်း လေ့ကျင့်ပေးတယ်၊
မိဘကလည်း လေ့ကျင့်ပေးတယ်။ ဂျပန်အိမ်တွေမှာ အိမ်ဖော်မရှိဘူး။ ကလေးကို တစ်ယောက်တစ်လှည့်ထိန်းတယ်။ မိန်းမ ကိုယ်ဝန်ဆောင်တာနဲ့ ယောကျ်ားက ကလေးထိန်းနည်း၊ ပြုစုနည်း သင်တန်းတက်ရတယ်။ ပြောရရင်မကုန်ဘူး...နောက်မှထပ်ပြောမယ်.
28.17.2017

53. ဂျပန်နိုင်ငံရဲ့ မျိုးဆက်သစ်

****

ဂျပန်နိုင်ငံမှာ သုံးနှစ်ခွဲ လောက်နေလာတော့ ဂျပန်နိုင်ငံနဲ့ လူမျိုးတွေအကြောင်း လက်လှမ်းမှီသလောက် လေ့လာသတိထားမိခဲ့တယ်။ အထူးသဖြင့် အချိန်တိကျတာ၊ စည်းကမ်းလိုက်နာတာ၊ အလုပ်ကြိုးစားတာအပြင် စိတ်ပါလက်ပါ ကူညီတတ်တဲ့ အလေ့အကျင့်လေးတွေကိုပါ လေ့လာသတိထားမိတယ်။ ပြည်သူနီတိနဲ့ အကျင့်စာရိတ္တပိုင်းမှာ ဆိုလည်း အတော်လေး ကောင်းမွန်တာ တွေ့ရတယ်။

ကျွန်တော်တို့လို ဂျပန်စကား ရည်ရည်လည်လည် မပြောနိုင်တဲ့ သူတွေအတွက် ဘယ်နေရာမှာပဲ ဖြစ်ဖြစ် အကူအညီတောင်းခံလို့ရှိရင် ကူညီပေးကြတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်လေးတွေရဲ့ အပြုံးအမှု အလေ့အကျင့်လေးတွေကို ကြည့်ပြီး ကိုယ်တိုင် သင်ယူခဲ့ရတာတွေ ရှိပါတယ်။ ဂျပန် ကလေးတွေနဲ့ ပက်သက်ပြီး Social Experiment တွေလုပ်ထားတာ ကို Youtube မှာကြည့်ဖူးပေမယ့် ကိုယ်တွေ့ မြင်တွေ့လိုက်ရချိန်မှာတော့ အံ့သြပီတိ ဖြစ်ခဲ့ရပါတယ်။

ဒါနဲ့ပက်သက်ပြီး အရှေ့အလယ်ပိုင်းက နိုင်ငံခြားသား မိတ်ဆွေ တစ်ယောက်ရဲ့ အဖြစ်အပျက်လေး ကို ပြောပြချင်ပါတယ်။ တစ်ရက်မှာ သူ အိမ်ခန်းငှား ဖို့လိုက်ရှာတယ်။ အဆင်မပြေလို့ သူ့ဘေးမှာရှိတဲ့ ဂျပန်ကျောင်းသားလေးကို အကူအညီတောင်းတော့ ကျောင်းသားလေးက သူ့ရဲ့

တစ်ပတ်စာအချိန်စဇယားတွေ ရေးထားတဲ့ စာအုပ်လေးကို ကြည့်ပြီး သူမအားသေးတဲ့ အကြောင်း
မနက်ဖြန် ညနေ ၅ နာရီတိတိကို သူစတင် ကူညီပေးမယ့်အကြောင်း
ပြန်ပြောသတဲ့။ နောက်တစ်နေ့ရောက်တော့ စိတ်လောနေတဲ့ အခဲ့ဒီ
နိုင်ငံခြားသားမိတ်ဆွေက နေ့လည်ပိုင်းကတည်းက အခြား ဂျပန်ကလေး တစ်ယောက်နဲ့ အိမ်ခန်းငှားဖို့
လိုက်ရှာသတဲ့။ သူကိစ္စပြီးတော့ ညနေပိုင်း ကျောင်းမလာတော့ဘဲ အဆောင်က အခန်းကိုပြန်သွားခဲ့တယ်။
မနေ့က အကူအညီတောင်းထားတဲ့ ဂျပန်ကျောင်းသားလေး သူ့ကိုမတွေ့ရင် ပြန်သွားမှာပဲလို့
သူကထင်နေခဲ့တယ်။ ဒါပေမယ့် ကျောင်းသားလေးက ညနေ ၅နာရီကနေ ၈နာရီအထိ Lab မှာ
စောင့်နေရှာသတဲ့။ အခဲ့ဒီအကြောင်းကို ပြန်သိရတဲ့ မိတ်ဆွေဟာ သေချင်လောက်အောင် ရှက်မိပြီ
အားနာမိတယ်လို့ သူဖြစ်စဉ်ကို ပြန်ပြောပြခဲ့ပါတယ်။

နောက်တစ်ခုကတော့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပါ။ ဒီကနေ့မနက် ကျွန်တော်နဲ့ ဘေးခန်းက ဆရာနဲ့ Family
Mark အပေါ်ထပ်မှာ coffee သောက်မနက်စာ စားရင်း ပစ္စည်းပို့ဖို့ စာရွက်ကလေးမှာ လိပ်စာဖြည့်ဖို့
ဘောပင်အိတ်ထဲပါမလာတာနဲ့ ဘေးခုံမှာထိုင်နေတဲ့ အထက်တန်းကျောင်းသားလေး ဆီက ငှားဖို့
လုပ်တယ်။ ကျောင်းသားလေးက ခန်းဂျီး (Chinese Character) တွေမို့ သူရေးပေးမယ် လုပ်တော့
သူကိုင်ထားတာ ခဲတံဖြစ်နေတယ်။ ဒါနဲ့ ဘောပင်နဲ့မှ ရမှာဆိုတော့ သူမှာပါမလာဘူး လို့ပြောတယ်။ ဒါနဲ့ပဲ
ကျွန်တော်တို့ နှစ်ယောက် ကိုယ့်စားပွဲ ကိုယ်ပြန်လာပြီး စကားလက်စုံကျနေတုန်း ခဏနေတော့
ကျောင်းသားလေးက သူ့လွယ်အိတ်တွေ ထားခဲ့ပြီး ထထွက်သွားတယ်။ ဒါနဲ့ ဘေးခန်းက ဆရာက
"ဟာ...ဘောပင်သွားဝယ်တာလားမသိဘူး..."ဆိုတော့...ကျွန်တော် သက်ပြင်း တစ်ချက်
ချလိုက်ပြီး ..."သေချာတာပေါ့ကွာ..." ဆိုပြီး နှစ်ယောက်သား
ဘာမှဆက်မပြောနိုင်တော့ပဲ သောက်လက်စ ကော်ဖီကို အကုန်မော့သောက်လိုက်ကြတယ်။
ခဏနေတော့ ကျောင်းသားလေး အပေါ်ထပ်ကို ပြန်တက်လာတယ် လက်ထဲမှာ ဘောပင်အသစ်လေး
တစ်ချောင်းနဲ့။ ..."ကျွန်တော် ရေးပေးမယ်နော်..."တဲ့။ ဒါဂျပန် နိုင်ငံရဲ့ ပညာရေးစနစ်က မွေးထုတ်နေတဲ့
မျိုးဆက်သစ်တွေပါ။ သူတို့နိုင်ငံ အနာဂတ်အတွက် လက်ရုံးရည်သာမက နှလုံးရည်နဲ့ ပြည့်ဝတဲ့
မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနေကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

29.8.2018

54. တိုးတက်သောဂျပန်ပြည်နှင့် ဂျပန့် ယဉ်ကျေးမှု

****

ဂျပန်ပြည်ဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အပြင် တိုးတက်မှုမှာလည်း ရှေးတန်းက ဦးဆောင်နေဆဲ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဂျပန်ပြည်ကို တစ် ကမ္ဘာလုံးက စိတ်ဝင်စားကြသလို လာရောက်လည်ပတ်လိုသူတွေလည်း ထုနဲ့ဒေးပါပဲ။ ဖွံ့ဖြိုးဆဲ နိုင်ငံကလူတွေက ဂျပန်ပြည်ရဲ့ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုကိုစိတ်ဝင်စားကြသလို၊ ဖွံ့ဖြိုးပြီးနိုင်ငံက လူတွေကလည်း ထူးခြားတဲ့ လူနေမှုဘဝပုံစံနဲ့အတူ ဂျပန့်ယဉ်ကျေးမှု၊ ဂျပန့် ဓလေ့ ထုံးတမ်းများကို ပိုမိုစိတ်ဝင်စားကြပါတယ်။ ဒါ့ကြောင့် ဂျပန်ပြည်ဟာ လာရောက်ပညာသင်ယူသူတွေ၊ အလုပ်လုပ်သူတွေ၊ လေ့လာလည်ပတ်ကြသူတွေနဲ့ ကမ္ဘာ့အလယ်မှာ ပန်းပန်လျက်ပါ။ အခုနောက်ပိုင်းဆိုရင် တရုတ်၊ ကိုရီးယား စတဲ့ အာရှ နိုင်ငံတွေကလူတွေတောင် အလည်အပတ်ခရီးအဖြစ် ဂျပန်ကို လာရောက်ကြတာ တော်တော်လေးတွေ့နေရပါတယ်။

တကယ်တော့ ဂျပန်ပြည်ဟာ နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ သူတို့ရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင်ထိန်းသိမ်းထားတဲ့တိုင်းပြည်ပါ။ ယဉ်ကျေးမှုလို့ ဆိုလိုက်တာနဲ့ ရိုးရာ လူနေထိုင်မှုပုံစံ၊ ဝတ်စားဆင်ယဉ်ထုံးဖွဲ့မှုနဲ့အတူ ရိုးရာ အစားအစာတွေလည်းပါဝင်ပါတယ်။ သူတို့ရဲ့ ရိုးရာလူနေထိုင်မှုတွေကို ပြသဖို့အတွက် ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများကို စနစ်တကျ ထိန်းသိမ်းထားကြသလို၊ ဥယျာဉ်ပန်းခြံတွေနဲ့ အထင်ကရနေရာတွေမှာ ဂျပန်ရိုးရာ အိမ်ကလေးတွေကိုလည်း ဆောက်လုပ်ပြသထားတာ တွေ့ရပါတယ်။

ရိုးရာဝတ်စား ဆင်ယင်ထုံးဖွဲ့မှုကိုလည်း တန်ဖိုးထားကြပါတယ်။ အထူးသဖြင့် "ဟာနမိ" လို ချယ်ရီပန်းကြည့်ပွဲတွေ "ဟာနဘိ" လိုမီးပန်းလွှတ်ပွဲတွေမှာ "ယုခတ္တ" လို့ခေါ်တဲ့ နွေရာသီဝတ် ဂျပန်ရိုးရာဝတ်စုံလေးတွေကို ဝတ်ဆင်ပြီး ပါဝင်ဆင်နွှဲကြပါတယ်။ ဂျပန်လူမျိုးတွေက ချယ်ရီပန်းလေးတွေပွင့်တာကို ရိုးရာဝတ်စုံလေးတွေ ဝတ်ပြီးကြည့်ရတာ သူတို့အတွက် သိပ်ကိုတန်ဖိုးကြီးလှတယ်လို့ဆိုပါတယ်။ ဒါသူတို့ ချစ်တဲ့ သူတို့တိုင်းပြည်ပါတဲ့။ နောက်ပြီး ဘွဲ့နင်းသဘင်လို၊ မင်္ဂလာဆောင်လို ဘဝအတွက်အရေးကြီးတဲ့ ပွဲတွေမှာလည်း "ကီမိုနို" ကို အမြတ်တနိုးဝတ်ဆင်ကြပါတယ်။ ဒါပေမယ့် "ကီမိုနို" က သိပ်ဈေးကြီးတော့ ငှားဝတ်ကြတာများတယ်လို့ ဆိုကြပါတယ်။ ကျွန်တော်တို့ရဲ့ ဂျပန်ဘာသာသင်တဲ့ ဆရာမကတော့ သူ့မင်္ဂလာဆောင်မှာ ကီမိုနိုက သိပ်ဈေးကြီးလွန်းလို့ ငှားဝတ်လိုက်ပါတယ်တဲ့။ သေချာတာတော့ ဂျပန်လူမျိုးတိုင်း ရိုးရာအဝတ်အစားကို ဝတ်ဖူးကြတယ်ဆိုတာပါပဲ။

နောက်တစ်ခုက အစားအစား။ ဂျပန်ကိုရောက်ရင် ဂျပန်အစားအစာတွေကို စုံအောင်စားကြည့်ကြပါတယ်။ ဥဒုန်၊ ရမာန်၊ ဆူရှီ၊ တန်ပူရာ၊ဆုခိယခိ၊ဆိုးဘ၊ယခိတိရိ၊ဆရှိမိ... စတဲ့ ရိုးရာအစားအစာတွေဟာနေရာတိုင်းမှာ ရနိုင်ပါတယ်။ ဂျပန်ရိုးရာ အစားအစာတွေကို ထိန်းသိမ်းထားတယ်ဆိုရင်လည်းမမှားပါဘူး။ နောက်တစ်ခုက ဒေသစာ၊ ရာသီစာတွေကိုလည်း လာရောက်လည်ပတ်သူတွေက မြည်းစမ်းကြည့်ကြပါတယ်။

အချုပ်အားဖြင့်ပြောရရင် ခေတ်မှီတိုးတက်ခြင်းနဲ့ ယဉ်ကျေးမှု ကိုထိန်းသိမ်းခြင်းဟာ သီးခြားစီရှိနေတယ်ဆိုတာပါပဲ။ နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ အဲ့ဒီနိုင်ငံသားတွေကပဲကြိုးစားကြရတာပါ။ ခေတ်မှီချင်သလောက်မှီ လို့ရပါတယ်...ဒါပေမယ့်

ကိုယ်ပိုင်ယဉ်ကျေးမှုတွေကိုတော့ ထိန်းသိမ်းကြရမှာပါ။ဒါမှလည်း ကမ္ဘာ့အလယ်မှာ ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးဟာ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်မှာပါ။ ကိုယ်ပိုင်ယဉ်ကျေးမှုအကြောင်းပြောကြပြီဆိုရင် ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဂုဏ်ငယ်စရာ တစ်ကွက်မှမရှိပါဘူး။ ကျွန်တော်တို့မှာ ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင် ဓလေ့ထုံးတမ်းတွေ၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုယ်ပိုင်စာပေ၊ ဂီတ နဲ့အနုပညာတွေရှိပါတယ်။ ကျွန်တော်တို့ရထားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေရဲ့ တန်ဖိုးဟာအလွန်ပဲကြီးမားလွန်းပါတယ်။ သို့ပေမယ့် ဆက်လက်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာက စိတ်ဝင်စားအောင် လာရောက်လေ့လာချင်အောင် ဆွဲဆောင်နိုင်ဖို့လိုအပ်ပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။
23.2.2018

55. ဂျပန်ပြည်က Taxi

****

ကျွန်တော် ဂျပန်ကိုရောက်တဲ့မနက်မှာပဲ နှစ်ရှည် သင်တန်းနဲ့ပက်သက်ပြီး Orientations လုပ်မယ့် Hiroshima မြို့မှာရှိတဲ့ JICA Chugoku International Center ကိုသွားခဲ့ရပါတယ်။ JICA ရဲ့ အစီအစဉ်အရ Hiroshima Airport ကနေ အဲ့ဒီကို ၂၈မိနစ်ကြာ Taxi စီးပြီးသွားရမှာပါ။ဒီလိုနဲ့ လေဆိပ်ကထွက်တော့ Taxi နှစ်စီးက Standby ရောက်ရှိနေပါပြီ။ အင်မတန် တောက်ပြောင်နေတဲ့ အနက်ရောင်ကားတွေကို အဖြူရောင် ထိုင်ခုံစွပ်တွေနဲ့ဆိုတော့ ကြည့်ရတာနဲ့တင် စီးချင်စရာပါ။ ကားရဲ့ဘေးမှာတော့ အသင့်စောင့်ကြိုနေတဲ့ ယာဉ်မောင်းကြီးတွေကို ကြည့်လိုက်တော့လည်း ကုတ်အင်္ကျီ၊ ဗိုလ်ဦးထုပ်၊ ဖြူစွတ်စွတ်လက်အိတ် အဖြူနဲ့ ဦးထုပ်လေးကိုမ ခါးကိုင်းပြီး ကြိုဆိုလိုက်တယ်ဆိုရင်ပဲ ဘဝင်တောင် ခပ်မြင့်မြင့်ဖြစ်သွားမိတာ အမှန်ပါ။

ဒီလိုနဲ့ ပစ္စည်းတွေတင်ပြီး ကားစထွက်တယ် ဆိုရင်ပဲ
ဂျပန်ရိုးရာအိမ်ကလေးတွေစတွေ့ရတယ်။ တောလမ်းလေးကိုဖြတ်သွားတော့လည်း ဘေးဘယ်ညာက စိမ်းစိုနေတဲ့ သစ်တောတွေတွေ့ရပြီး စိတ်ကိုအတော်အေးချမ်းနေတာပါ။ ယာဉ်မောင်းကြီးကို ကြည့်လိုက်တော့လည်း မှန်မှန်လေး စနစ်တကျမောင်းနေတာကိုတွေ့ရတယ်။ ယာဉ်မောင်းရဲ့ ထိုင်ခုံနောက်တည့်တည့်မှာ
သူ့ကိုအနောက်အယှက်ပြုလို့မရအောင် ကော်ပြားအကြည်နဲ့ကာထားတာကိုလည်း သတိပြုမိတယ်။ ပြီးတော့ ကားပေါ်တက်ပြီး စထွက်မယ်ဆိုကတည်းက မီတာစက်ကို နှိပ်လိုက်တာနဲ့ အခြေခံ ဂျပန်ငွေ ¥500 ကနေစမှတ်ပါတယ်။ ပြီးရင်တော့ ကိုယ်သွားရင် သွားသလောက် မီတာမှာ အကွာအဝေးနဲ့ ပေးရမယ့်ငွေ တစ်ခါတည်း တန်းပေါ်ပါတယ်။ ငွေရှင်းတဲ့အခါလည်း အတိအကျပဲ။ ဂျပန်မှာ ပြားစေ့ကအစ သုံးနေတုန်းဆိုတော့ ယာဉ်မောင်းကြီးမှာအကြွေအားလုံးရှိတယ်။ အတိအကျပြန်အမ်းနိုင်သလို စလစ်ပါ တစ်ခါတည်းထုတ်ပေးပါတယ်။ ပြောရရင် မီတာစနစ်ကို သုံးတာမို့
ဘယ်လောက်ကျသလဲဆိုပြီးစျေးစစ်စရာမလိုပါဘူး။ ပြီးတော့ GPS စနစ်ကို သုံးတဲ့အတွက် လိပ်စာမှားပြီးပို့စရာအကြောင်းမရှိပါဘူး။ ကိုယ်ပေးတဲ့လိပ်စာမှန်ဖို့ပဲလိုပါတယ်။

တစ်ခါကတော့ ကျွန်တော် Nagoya မှာ စာတမ်းဖတ်ဖို့ Conference တစ်ခုသွားတက်ခဲ့ရပါတယ်။ ဂျပန်ရောက်တာလည်း တစ်နှစ်ခွဲလောက်ရှိပြီဆိုတော့ ဂျပန်လိပ်စာတွေကို ဖုန်းကနေ Google map သုံးပြီးရှာတတ်နေပါပြီ။ ဒီတစ်ခါ တစ်ယောက်တည်းသွားရပေမယ့် ဘာမှစိုးရိမ်စိတ်မရှိဘဲ မနက်စောစော ရှင်းကန်းဆန်နဲ့ ထွက်လာခဲ့ပါတယ်။ သွားရမယ့် Nagoya Institute of Technology ဆိုတာက ဘူတာရုံကထွက်တာနဲ့ လမ်းလျှောက်ရင် ၁၀မိနစ်ပဲကြာမယ်ဆိုပေမယ့် ကျွန်တော်လည်ထွက်နေပါတော့တယ်။ ဖြစ်ချင်တော့ ကျွန်တော့ ဖုန်းက ပြတဲ့ Google Map က ဘယ်လိုကြောင့်မသိဘူး နေရာလွဲနေပါတယ်။ တောင်ဘက်လျှောက်လိုက် မြောက်ဘက်လျှောက်လိုက်နဲ့။ ဝတ်ထားတဲ့ ကုတ်အင်္ကျီကြားက ချွေးတွေကလည်း ရေချိုးထားသလိုရွှဲစိုနေပါပြီ။ တကယ်လို့ Presentation ပေးရမယ့်အချိန်ကျော်လွန်သွားရင် ဒုက္ခရောက်တော့မှာမို့ ပိုပြာလာပါတယ်။ ကြိုတင်ပြင်ဆင်မှု အားနည်းခြင်း၊ ပေါ့လျော့ခြင်း၊ ယုံကြည်မှုလွန်ကဲခြင်းနဲ့အတူ Professor ရဲ့ဒေါသကိုလည်း မြင်ယောင်မိပြီး ပိုပြာလာပါတော့တယ်။

ဒါနဲ့နောက်ဆုံး Taxi တစ်စီးကိုတားလိုက်ပါတယ်။ ယာဉ်မောင်း ဂျပန်အဖိုးအိုက ဘယ်သွားမလဲမေးတော့ ကျွန်တော်သွားမယ့် တက္ကသိုလ် နာမည်ပြောလိုက်တယ်ဆိုရင်ပဲ GPS မှာရိုက်ထည့်ပြီးရှာပါတယ်။ သူလည်းဇဝေဖဝါနဲ့ အခြားလူကို ဖုန်းဆက်မေးတယ်။ နောက်တော့ သူလိုက်ပို့တဲ့နေရာတွေက ကျွန်တော်သွားခဲ့တဲ့နေရာတွေဖြစ်နေတယ်။ ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် မြို့ထဲမှာ လည်ထွက်နေတယ်။ ယာဉ်မောင်းအဖိုးက အတော် ဒေါကန်နေပြီ။ နောက်ဆုံး တော့ အဲ့ဒီတက္ကသိုလ်ရဲ့ ပုံကို သေချာပြပြီးဂျပန်လို ရေးထားတဲ့ တက္ကသိုလ်နာမည်ကို လိုက်ရှာတော့မှအဆင်ပြေသွားတယ်။ ငွေရှင်းမယ်လုပ်တော့ အဖိုးက ပတ်ရှာနေရကတည်း မီတာကိုပိတ်ထားတာတွေ့ရတယ်။ ပြီးတော့ ကျွန်တော် စစီးတဲ့နေရာကနေ အခုရောက်တဲ့ တကယ့်အကွာအဝေးလောက်ကိုပဲ ¥980 ရှင်းလိုက်ရတယ်။ ကျွန်တော့်စိတ်ထဲ အဖိုးကိုကြည့်ပြီး အရမ်း အားနာသွားတယ် ။ စိတ်မကောင်းဖြစ်ပြီးဝမ်းလည်း နည်းမိတယ်။ ကျွန်တော်တို့သွားခဲ့တာ အဝေးကြီးပါ လို့ပြောတော့ လက်ကာပြပြီး ပြုံးပြတယ်...ပြီးတော့..." ..ခိအိုစုခဲတဲ့ နယ်....ဂမ်ဘတ်တဲ့နယ်..."..နောက်ကို ဂရုစိုက်ပါနော်...ကြိုးစားနော်...တဲ့။ အချိန်ကလည်း အရမ်းကိုနီးနေပြီးမို့ ကျွန်တော်လည်း နတ်ဆက်ပြီး ကျောင်းထဲကို ဒုန်းစိုင်းပြေးခဲ့ရပါတော့တယ်။ အဲ့ဒီအဖြစ်ကို တွေးမိလေတိုင်း ကျွန်တော်တို့ နိုင်ငံမှာလည်း ဒီလိုသာဆိုရင် ဆိုပြီး အားကျစိတ်တွေ ဖြ ဖြစ်မိတာတော့အမှန်ပါပဲ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

Credit: photos from Internet

2.2.2018

56. ဂျပန်ပြည်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှု

****

ဂျပန်နိုင်ငံမှာ နေထိုင်သူအားလုံး Health Insurance ကျန်းမာရေး အာမခံ ထားကြရပါတယ်။ အခဲ့ဒီအတွက် လစဉ် ¥2100 (Ks. 26000) ပေးသွင်းကြရပြီး သက်မှတ်ထားတဲ့ ကျန်းမာရေး ကုသစရိတ်အတွက် ၇၀% ကို Cover ဖြစ်တဲ့ အတွက် ကျန်တဲ့ ၃၀% ကိုပဲ ငွေပေးချေကြရပါတယ်။ JICA ရဲ့ Scholarship ရတဲ့သူတွေအတွက်ကတော့ Medical Care Certificate ကို ပညာသင်ကာလအတွင်း အသုံးပြုနိုင်ဖို့ တပါတည်း ထည့်ပေးလိုက်တာကြောင့် ကျန်တဲ့ ၃၀% ကိုပါ Cover ဖြစ်တဲ့အတွက် ကုန်ကျစရိတ် အားလုံး ၁၀၀% ကင်းလွတ်ခွင့်ရပါတယ်။ ကျွန်တော် လည်ချောင်းခွဲစိတ်မှုလုပ်ခဲ့ရတုန်းက စုစုပေါင်းကုန်ကျငွေ မြန်မာကျပ် သိန်း ၆၀ လောက်ကို တစ်ပြားမှမပေးခဲ့ရပါဘူး။ ခွဲစိတ်မှုလည်း အောင်မြင်ပါတယ်။

နောက်ပြီး တက္ကသိုလ်မှာ တစ်နှစ်တစ်ကြိမ် Semester အစမှာ ကျောင်းသား၊ ကျောင်းသူတွေ အားလုံး ဆေးစစ်ကြရပါတယ်။ ဆီး၊ သွေး၊ ဓါတ်မှန် အပြင် မျက်လုံးနဲ့ သွား ခံတွင်းကအစ အကုန်စစ်ရပါတယ်။ ကိုယ့်ရဲ့ ကျန်းမာရေး ဆေးစစ်ချက်မှတ်တမ်းကိုလည်း တက္ကသိုလ် Webpage မှာ ကိုယ့်ရဲ့ အကောင့်နဲ့ ကြည့်ရှုနိုင်ပြီး ထပ်မှန် စစ်ဆေးဖို့ ကုသမှုခံယူဖို့ လိုအပ်တယ်ဆိုပါက email ကတစ်ဆင့်ထပ်မှန်အကြောင်းကြားပါတယ်။ အခဲ့ဒီအခါမှာတော့ တက္ကသိုလ်ဆေးရုံက လမ်းညွှန်တဲ့ ဆေးရုံကြီးတွေကိုသွားရောက် စစ်ဆေးကုသမှုခံယူကြရပါတယ်။

တက္ကသိုလ် ဆေးရုံကတော့ သာမာန်ဖျားတာနာတာလောက်ကိုသာ ကုသပေးပြီး အထူးကုသမှုခံယူရန်လိုအပ်ပါက သူတို့နဲ့ချိတ်ဆက်ထားတဲ့ ဆေးခန်းတွေကို လမ်းညွှန်ပေးတာကြောင့် ဆေးခန်းလိုက်ရှာနေစရာမလိုတဲ့အတွက် အလွန်ပဲအဆင်ပြေပါတယ်။ နောက်တစ်ခုကတော့ Japanese Red Cross Society ကနေ မကြာခဏ သွေးအလှူခံလေ့ရှိပါတယ်။ ဂျပန်လူမျိုးတွေသာ လှူဒါန်းလို့ရပြီး နိုင်ငံခြားသားများကတော့ လှူဒါန်းလို့မရပါဘူး။ သွေးလှူဒါန်းတဲ့ အလေ့အထက ဂျပန်မှာလည်း ထွန်းကားတယ်လို့ ပြောရမှာပါ။ ကျွန်တော့်မိတ်ဆွေ အီနိုအုအဲ ကတော့ သွေးလှူတာ ၆၉ကြိမ်ရှိကြောင်း သူ့ကတ်ကလေးကို ထုတ်ပြပါတယ်။ အခုတင်ပြခဲ့တာတွေကတော့ ဂျပန်ပြည်ရဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေပဲဖြစ်ပြီး ဂျပန်မှာ ကျန်းမာရေးအတွက် စိတ်အေးရတယ် ဆိုတာပါပဲ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

3.2.2018

57. ဂျပန်နိုင်ငံရဲ့ ဆေးရုံ၊ ဆေးခန်း၊ဆေးအရောင်းဆိုင်များ

****

ဂျပန်နိုင်ငံ တက္ကသိုလ်တွေမှာ ကျောင်းသားတိုင်း တစ်နှစ်တစ်ခါ ဆေးစစ်ကြရပါတယ်။ ဆေးစစ်ချက် အဖြေထွက်လို့ အထူးစစ်ဆေး ကုသမှုခံယူဖို့ လိုအပ်တယ်ဆိုရင်တော့ သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းတွေကို သွားကြရပါတယ်။ အဲ့ဒီလို သွားဖို့ရာအတွက်လည်း တက္ကသိုလ် ဆေးခန်းနဲ့ ချိတ်ဆက်ထားတဲ့ ဒါမှမဟုတ် ထောက်ခံချက်ပေးတဲ့ ဆေးရုံဆေးခန်းတွေကိုပဲ သွားကြရတယ်။ သွားမယ့် ကျောင်းသားနဲ့အတူ လွှဲစာပါတပါတည်းထည့်ပေးလိုက်ပါတယ်။

ဆေးရုံ ဆေးခန်းတွေရောက်ပြီဆိုရင်တော့ ဂျပန်ဘာသာစကား မတတ်တဲ့ ကျွန်တော်တို့လို ကျောင်းသားတွေအတွက် အင်္ဂလိပ်လို ပြောနိုင်မယ့် ဆရာဝန်နဲ့ အတတ်နိုင်ဆုံး ချိတ်ဆက်ပေးထားတတ်ပါတယ်။ ဒါမှလည်း အဆင်ပြေမှာပါ။ လုပ်ရမယ့် စာရွက်စာတမ်းကိစ္စတွေကတော့ ဂျပန်နိုင်ငံရဲ့ ဘယ်ဌာနမှာပဲ ဖြစ်ဖြစ် လွယ်ကူအောင် စီစဉ်ပေးထားပါတယ်။ ဆေးရုံထဲ ရောက်တာနဲ့ reception ကိုသွား လွှဲစာလေး ပေးလိုက်တာနဲ့ လုပ်ရမယ့်အဆင့်လေးတွေကို အဆင့်အတိုင်း လုပ်ဆောင်သွားရပါတယ်။ မလုပ်တတ်လို့ ယောင်လည်လည်ဖြစ်နေရင်လည်း စိတ်ပူစရာမရှိပါဘူး၊ ဘေးက အကူတစ်ယောက်က လိုက်ပြီး ကူညီပေးပါတယ်။

ဘယ်ဆေးရုံ၊ ဆေးခန်းပဲသွားသွား ကိုယ့်နာမည်နဲ့ Smart Card Account တစ်ခုလုပ်ပေးပါတယ်။ နောက်အကြိမ်တွေသွားတဲ့အခါ မည်သည့် form မှဖြည့်စရာမလိုဘဲ ကိုယ့်ရဲ့ ကုသမှုဆိုင်ရာ၊ ဆေးစစ်ချက်ဆိုင်ရာ သတင်းအချက်အလက်အားလုံးကို Computerized လုပ်ထားတာတွေ့ရပါတယ်။ ဒီတော့ ဆရာဝန်တွေကလည်း လူနာရဲ့ ကုသမှုဆိုင်ရာ History ကို Computer ထဲ နာမည်ရိုက်ထည့်လိုက်ရုံနဲ့ ရနိုင်တာမို့ ကြိုတင်လေ့လာထားလို့ရပါတယ်။

ဆေးရုံ၊ ဆေးခန်းပြပြီးလို့ ဆရာဝန်က ဝယ်ယူရမယ့် ဆေးတွေကိုညွှန်ကြားတဲ့အခါမှာလည်း သေသေချာချာနားလည်အောင်ရှင်းပြတယ်။ ပြီးရင်တော့ ဝယ်ဖို့ စာရင်းနဲ့ လွှဲစာကို ရေးပေးလိုက်တယ်။ ဆေးဆိုင်ကိုရောက်ရင်လည်းထုံးစံအတိုင်း လွှဲစာပေးပြီး Form တွေထပ်ဖြည့်ရတယ်၊ မတည့်တဲ့ဆေး ရှိသလား၊ ပထမဆုံးအကြိမ်လား စသဖြင့်ပေါ့။ ဂျပန်မှာ ဆရာဝန်ဆီက လွှဲစာမပါရင် ကိုယ့်သဘောနဲ့ ကိုယ်ဆေးဝယ်လို့မရပါဘူး။ ဒါ့အပြင် ဆေးခန်းဒီနေ့ပြလို့ နောက်တစ်ရက်နှစ်ရက်နေမှ ဆေးသွားဝယ်ရင်လည်း မရောင်းပါဘူး၊ ဆရာဝန်ဆီ ပြန်လွှတ်ပါတယ်။ အဲ့ဒီလို ကျန်းမာရေး ဝန်ဆောင်မှုတွေပေးပြီး ပြည်သူရဲ့ ကျန်းမာရေးကို ကြပ်ကြပ်မတ်မတ် တန်ဖိုးထား စောင့်ရှောက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

24.8.2018

58. အသံပါဝါ ကောင်းကောင်းဖြင့်

****

ကျွန်တော် စကားပြောရင် အမြဲတမ်းလိုလို အားရပါးရပြောတတ်သလို စာသင်ရင်လည်း အင်တိုက်အားတိုက် အသံအားကောင်းကောင်းဖြင့် သင်လိုက်ရမှ အားရသည်။ အကျင့်ပါနေလို့ မလိုအပ်ပဲ အသံအားတွေကို သုံးခဲ့တာလည်း အတော်ကြာနေခဲ့ပြီ။ ထိုမျှ အသုံးပြုခဲ့ရသော အသံပါဝါကို ၂၀၁၃-၁၄ လောက်အရောက်မှာတော့ ကြာရှည် အသုံးပြုခွင့်မရတော့။ အမြဲတမ်းလိုလို အသံဝင်လာသလို သီချင်းတစ်ပုဒ်ပင် ပြီးမြောက်အောင် မဆိုနိုင်တော့။ ထိုအခြေအနေရောက်မှ တွေ့ဆုံခင်မင်ရတဲ့မိတ်ဆွေတွေကပင် အသံပြာပြာနဲ့ ဆရာတစ်ယောက်အဖြစ် သိလာကြပြီး ထိုအသံပြာပြာကြီးကိုပင် ကျွန်တော်ရဲ့ ပင်ကိုအသံအဖြစ် မှတ်ယူလာကြတော့သည်။

ဒီလိုနဲ့ ဂျပန်နိုင်ငံမှာ Ph.D. တက်နေတော့ ပိုပိုဆိုးဆိုးလာသည်။ ငယ်စဉ် ကျောင်းသားဘဝကတည်းက သိခဲ့တဲ့ ညီငယ်က ...အသံရဲ့ အခြေအနေက ဆိုးဆိုးလာနေကြောင်း...စစ်ဆေးကြည့်ဖို့ လိုနေပြီဖြစ်ကြောင်း မကြာခဏ တိုက်တွန်းနေပေမယ့် ကျွန်တော့်မှာလည်း ကျောင်းရောက်ခါစကလည်း ဖြစ်၊ အချိန်တွေကလည်း အလွန်မအားမလပ်ဖြစ်နေလေတော့ ဒီအတိုင်းထားလိုက်မိခဲ့၏။ တစ်ရက်မှာတော့ ကျွန်တော် Presentation ပေးရင်း အသံက ထွက်မလာတော့၊ Professor နဲ့လည်း အပြန်အလှန် ဆွေးနွေးရခက်လာသလို အားထည့်ပြောနေရတဲ့အတွက် Confidence level ကလည်းကျကျလာသည်။ ဒီလိုနဲ့ ဆေးစစ်ကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

ဆေးခန်းရောက်လို့ ဆေးစစ်ကြည့်တော့ အသံအိုးမှာ ထိခိုက်နေသည့်အတွက် Minor Operations လုပ်ဖို့လိုအပ်ကြောင်း ဆရာဝန်မကြီးက ပြောလာသည်။ ထိုအတွက် ဆေးရုံတက်ရမည် ဆိုသည့်အတွက် ကျွန်တော်အခြေအနေ ကျွန်တော်တွေးရင်း ခေါင်းအတွင်တွင်ခါရင်း ဆေးရုံမတက်နိုင်ကြောင်း ပြောပြီး ပြန်လာခဲ့မိ၏။ ဒါပေသည့် မရ၊ အသံက ထွက်မလာတော့။ နောက်ဆုံးတော့ ဆေးရုံတက်ဖို့ ဆေးရုံကိုသွား ကျန်းမာရေး ဆေးစစ်ချက်တွေယူပြီး ခွဲမည့်အချိန်ကို ညှိပြီး ပြန်လာခဲ့သည်။

ခွဲမည့်ရက် မတိုင်မီ တစ်ပတ်အလိုမှာ Professor ကို အကျိုးအကြောင်းပြောပြတဲ့အခါ ဆရာက သိပ်သဘောမတွေ့လှ...ဘယ်နေ့ခွဲမှာလဲ? ဘယ်နှစ်ရက် ဆေးရုံ တက်ရမှာလဲ? စသဖြင့်မေးသည်။ ကျွန်တော့်အတွက် အချိန်ဟာသိပ်ကို ရှားပါးလွန်းနေမှန်းသိပေမယ့် ဘယ်လိုမှ အဆင်မပြေတော့လို့ ခွဲဖို့ စီစဉ်လိုက်ရတာဖြစ်ကြောင်း ရှင်းပြရင်း June 8/9/10 သုံးရက်တည်းဖြစ်ကြောင်း ပြောပြသည်။ Professor တစ်ချက် စဉ်းစားဟန်ပြုလိုက်ပြီး..."ကောင်းပြီလေ...June 11/12 က Saturday/Sunday ဆိုတော့ 13/6/2016 ရက်နေ့ကို ကျောင်းပြန်တက်ပါ"....ဆိုပြီး ခွင့်ပြုပေးခဲ့လေသည်။

ဒီလိုနဲ့ Okayama Saiseikai General Hospital ရှိရာဆီသို့ ကျွန်တော်တစ်ယောက်တည်း တဖြေးဖြေးချင်း လမ်းလျှောက်လာခဲ့လိုက်သည်။ ဆေးရုံဝ ရောက်တော့ ကျွန်တော့ သူငယ်ချင်းတွေနဲ့ တပည့်လေးကို ဖုန်းဆက်ပြီး အားယူလိုက်သည်။ မိဘဆွေမျိုးများ သိလျှင် စိတ်ပူနေမည် ဆိုးသည့်အတွက် မည်သူ့ကိုမျှမပြောပြခဲ့။ ဆေးရုံရောက်တော့ Reception မှာ register လုပ်ပြီး ယူဆောင်လာရမည့် ပစ္စည်းစာရင်းကို စစ်ဆေးသည်။ ပြီးနောက် ကျွန်တော် နေရမည့် ၄

ယောက်ခန်းရှိရာဆီကို ပို့ဆောင်နေရာချပေးခဲ့ပြီး တာဝန်ကျ ဆရာဝန်နဲ့ သူနာပြုဆရာမလေးများမှ လိုအပ်သည်များကို ရှင်းပြပေး၏။ဆေးရုံမှာနေရမယ့် ဥရက်တာ အချိန်ဇယားကိုယူလာပြီး ပေးထားသည်။ ဂျပန်စကားမပြောနိုင်သူမို့ အင်္ဂလိပ်လို ကြိုးစားပြီး ရှင်းပြနေတာကိုက ချစ်စရာကောင်းလွန်းလှသည်။

ဆေးရုံဝင်းထဲ ဝင်လိုက်တာနဲ့ သန့်ရှင်းသပ်ရပ်ပြီး ဘာအနံ့အသက်မှမရတဲ့အတွက် ဟိုတည်ကြီးအလားပင်ထင်မိသည်။ Reception ကစလို့ သန့်ရှင်းရေး၊ သူနာပြု၊ ဆရာဝန်များအဆုံး ယဉ်ကျေးပျူငှာ အပြုံးချိုချိုလေးတွေကြောင့်လည်း ကိုယ့်မြေ ကိုယ်ရေ မဟုတ်ပေမယ့် အားငယ်စိတ်တောင် မဝင်မိခဲ့။ အစာစားချိန်၊ ရေနွေးပေးချိန်၊ သွေးပေါင်ချိန်တိုင်းချိန် အကုန်းလုံး အချိန်အတိုအကျ၊ စနစ်တကျ ရှိလွန်းလှ၏။ သဘောအတွေ့ဆုံးကတော့ ဆေးရုံတက်မည့် လူနာရဲ့ လက်မှာ Barcode ပါလက်ပတ်လေး ဝတ်ပေးထားပြီး ဆေးပေးတာပဲ ဖြစ်ဖြစ်၊ သွေးပေါင်ချိန်တာပဲ ဖြစ်ဖြစ် Barcode reader နဲ့ တာဝန်ကျ ဆရာ/ဆရာမက သူ့ရဲ့ Code ကိုအရင်ဖတ်တယ် ပြီးမှ လူနာရဲ့ Code ကိုအရင်ဖတ်တယ်။ အဲ့ဒီနည်းဖြင့် ကုသမှုဆိုင်ရာ မှတ်တမ်းများကို Computerized လုပ်ထားတာကလည်း အမှားအယွင်းကင်းစေလို့ လူနာအတွက် စိတ်အေးစေတာတော့အမှန်ပင်။

ခွဲစိတ်မှုတွေ ပြုလုပ်မည့် နေ့မှာတော့ အရေးပေါ်အတွက်ဂျပန်စကားပြောတတ်သူလိုတယ်ဆိုလို့ ကျွန်တော့်ရဲ့ ဂျပန်ဦးလေးကို လာနေပေးဖို့ ခေ
ခေါ်ထားလိုက်ရသည်။ ကျောင်းဖွင့်ရက်ဖြစ်လို့ ကျောင်းသားတွေလည်း Lab Schedule နဲ့ပြည့်နေတာမို့ ခဏလောက်သာ လာတွေ့နိုင်ကြ၏။ ကျွန်တော့်အကိုကြီး ဒေါက်တာသန်းထွန်းနိုင် (ကိုညီကြီး) ကတော့ ခွဲစိတ်မှု အစအဆုံးနေပြီး စောင့်ရှောက်ပေးရှာသည်။ ခွဲစိတ်ခန်း ဝင်ရတော့မည့် အချိန်မှာတော့ သူနာပြု ဆရာမလေး နှစ်ယောက်ရောက်လာပြီး ဝတ်စုံလဲပေးတဲ့အပြင် ဒူးအထိဖုံးတဲ့ ခြေအိပ်အဖြူကို ကိုယ်တိုင်ကိုယ်ကျ ဝတ်ပေးနေလို့ အားနာလိုက်သည့်အဖြစ်။ နောက်တော့ တွန်းလှည်းပေါ်ကို တက်စေပြီး ခွဲခန်းရှိရာကို တွန်းပို့လိုက်တော့သည်။

ခွဲခန်းထဲရောက်တော့ ဆရာဝန်များအပါအဝင် အကူဆရာမတွေရော စုစုပေါင်း ၆ယောက်လောက် ကအသင့်အနေအထား။ အားလုံးက ပြီးပြီးရွှင်ရွှင် ရယ်ရယ်မောမောဖြင့် ကြိုဆိုနေကြလေရဲ့။ ဘာမှစိတ်ပူစရာမရှိကြောင်း အားလုံးအဆင်ပြေသွားမှာဖြစ်ကြောင်း မကြာခင် မေ့ဆေးပေးတော့မှာဖြစ်ကြောင်း ပြောပြသည်။ ကျွန်တော့်ဘဝမှာ မေ့ဆေးတစ်ခါမှ အပေးမခံရဖူးသလို တစ်ခါမှလည်း မမေ့ဖူး။ အိပ်တယ်ဆိုတာ ဝီထီ စိတ်နဲ့ နေတယ်ဆိုတာသိပေမယ့် မေ့တယ်ဆိုတာ ကျွန်တော်မလေ့လာမိခဲ့။ ဒီလိုနဲ့ စိတ်တည်ငြိမ်မှုရအောင်ရယ် မေ့သွားတဲ့ စိတ်အစဉ်ကို လေ့လာချင်တာကြောင့် ဝင်လေ/ထွက်လေ အာနပါန မှတ်ရင် စောင့်ကြည့်နေခဲ့သည်။ ဒါပေသည့် မေ့ဆေး စသွင်းပြီးဆိုကတည်းက သူနာပြုဆရာမလေးက လက်ဖျံကို သူ့လက်ကလေးနဲ့ သာသာလေးပွတ်ပေးနေလေတော့ စိတ်က အဲ့ဒီဘက်ကိုအရောက်...ရင်ဘက်တစ်ခုလုံး ရဲတက်လာပြီး မှောင်ကျသွားတော့သည်။ ကျွန်တော် မေ့သွားလေပြီ။ ဘာမှမသိတော့။ လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားခဲ့လေပြီ။

"ကျော်စံ....ကျော်စံ..."ဆရာဝန်က နာမည်ခေါ်ရင်း ပါးကို သာသာလေးရိုက်တော့ ကျွန်တော်သတိရလာသည်။ အားလုံး အဆင်ပြေတဲ့အကြောင်း၊ ကျော်စံရော နေရတာအဆ နေရတာအဆင်ပြေလားမေးသည်။ ကျွန်တော် ခေါင်းငြိမ့်ပြလိုက်တယ်ဆိုရင်ပဲ အောက်စီဂျင်ပိုက်ကို စဖြုတ်ဖို့ လုပ်တော့၏။ ထိုအခိုက် အသက်ရှူမရဖြစ်ပြီး ခန္ဓာကိုယ်ကြီးက ဆန့်ငင်ဆန့်ငင်ဖြစ်နေတာနဲ့

အောက်စီဂျင်ပိုက်ကိုပြန်တပ်ပေးလိုက်လေသည်။ Operation ကတော့ ပြီးပြီ။ သို့သော် နေ နေရထိုင်ရအတော်ခက်နေပြီး ခဏခဏ ပျို့အန်နေမှ ၂၄နာရီ အစာမစားရဘူးဆိုတာကို သဘောပေါက်သွားတော့သည်။

ညပိုင်းရောက်တော့ ဆန်ပြုတ်ကလေး လာပို့ပေးတဲ့အတွက် လူနာတစ်ယောက်ချင်းကို ဂရုစိုက်ကုသပေးနေတာ သိသာလွန်းလှ၏။ဒီလိုနဲ့ နောက်တစ်ရက်မှာ ရှင်ရှင်လန်းလန်း ဆေးရုံဆင်း၊ နောက်တစ်ပတ်မှာ Operations အောင်မြင်ကြောင်း စစ်ဆေးသက်သေပြပြီး စိတ်ကျေနပ်သည်အထိ ရှင်းပြခဲ့သည်။ ကုန်ကျငွေ တွက်ချက်မှုအရ မြန်မာကျပ်ငွေ သိန်း(၆၀)ကျော်လောက်ကုန်ကျခဲ့သည်။ ဒါပေသည့် ဂျပန်နိုင်ငံရဲ့ နိုင်ငံတွင်းနေထိုင်သူတိုင်း ထားရတဲ့ ကျန်းမာရေး အာမခံကြောင့် 70% နဲ့ လက်ကျန် 30% ကို JICA က Cover လုပ်ပေးထားတဲ့အတွက် ကျွန်တော့် အိပ်ထဲက တစ်ပြားမှ မကုန်ကျခဲ့။ ကျွန်တော် ကံကောင်းလွန်းခဲ့သည်။ ကိုယ့်မြေကိုယ့်ရေမှာဆို ကျွန်တော် ဘယ့်နယ့်လုပ်ရ။ မတွေးရဲ။

အတွေးစကိုဖြတ် နှတ်ဆက်စကားဆိုပြီး ပြန်ခါနီးမှာ ဆရာဝန်မလေးက ...ဒီလိုအဖြစ်မျိုးဟာ အဆိုတော်တွေ၊ ဘော်လုံးပွဲ ကြေငြာသူနဲ့ ကျောင်းဆရာတွေမှာ အဖြစ်များကြောင်း...ကျော်စံက ကျောင်းဆရာဆိုတော့ နောက်ကို အသံပါဝါကို ချွေချွေတာတာ သုံးဖို့လိုအပ်ကြောင်း မှာကြားလိုက်၏။ ကျွန်တော်ကတော့ စာသင်ခန်းများ ပြန်ရောက်ရင် အသံကြည်ကြည်လင်လင်နဲ့ ပြန်လည် သင်ကြားပေးနိုင်တော့မယ်ဆိုတဲ့အသိနဲ့ ကြည်နူးဝမ်းသာ ဖြစ်ရင်း စာသင်ခန်းများရှိရာဆီသို့သာ မှန်းမျော် မြင်ယောင်မိနေပါတော့သည်။

အားလုံးကို ကျေးဇူးတင်ပါသည်။
24.8.2018

59. ဂျပန်ပြည်က Valentine's Day

****

ကမ္ဘာ့နိုင်ငံများ နည်းတူ ဂျပန်နိုင်ငံမှာလည်း ချစ်သူများနေ့လို့ ဆိုတဲ့ Valentine's Day ကို ကျင်းပကြပါတယ်။ ဒါပေမယ့် ထူးခြားတာက ဂျပန်ဟာရှင်းဖြစ်တဲ့ Japanese Valentine's Day ပါ။ ဂျပန်မှာ Feb 14 ရောက်ရင် ဂျပန်အမျိုးသမီးတွေက အမျိုးသားတွေကို Chocolate တွေလက်ဆောင်ပေးကြပါတယ်။ အဲ့ဒီလို ပေးတဲ့နေရာမှာ Chocolate ကို "Giri-choco" နဲ့ "Honmei-choco" ဆိုပြီး အမျိုးအစားနှစ်မျိုးခွဲထားပါတယ်။ "Giri-choco" ကို Obligation chocolate လို့ဆိုကြပြီး အမျိုးသား သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေနဲ့ ကိုယ့်အထက်လူကြီးတွေကို ပေးကြတာပါ။ ဂျပန်လို 義理 [ぎり (giri)] ဆိုတာ social obligation လို့ဆိုတဲ့အတွက် အချစ်လို့ သက်ရောက်ခြင်း မရှိစေရလို့ ဆိုနိုင်ပါတယ်။ဒါ့ကြောင့် chocolate ရောင်းတဲ့ ဆိုင်တွေမှာ အရက်ထည့်ထားတဲ့ chocolate တွေကိုတောင် တွေ့ရတတ်ပါတယ်။ အဲ့ဒါတွေကို ဝယ်ပြီး ချစ်သူကောင်မလေးကို ပေးမိတဲ့ ဂျပန်မဟုတ်တဲ့ ကောင်လေးတွေတော့ ဒုက္ခရောက်မှာ သေချာတယ်။

နောက်တစ်မျိုးဖြစ်တဲ့ "Honmei-choco" ကတော့ ချစ်သူ ရည်စား နဲ့ အိမ်ရှင် ယောကျ်ားကို ပေးကြပေးကြတာပါ။ဂျပန်လို 本命 [ほんめい (honmei)] ဆိုတာကတော့ စစ်မှန်တဲ့ချစ်ချင်မေတ္တာတွေနဲ့ နှောင်ဖွဲ့ထားတဲ့ သဘောပါ။ ပြောရရင် romantic feeling တွေပါတဲ့ chocolate ပေါ့။ ဒီတော့ ဆိုင်ကနေ ready made chocolate တွေကိုဝယ်ပြီး ပေးရင် ဒါဟာ True love အချစ်စစ်မဟုတ်ဘူးလို့ ယူဆတဲ့အတွက် "Honmei-choco" ကို ကိုယ်တိုင် လုပ်ကြပါတယ်။ သူတို့ရဲ့ ကိုယ်ပိုင် စိတ်ကူး စိတ်သန်းတွေနဲ့ အချစ်ရဲ့သင်္ကေတ တွေကို ပုံဖော်ကြပါတယ်။ ဒါကြောင့် Valentine's Day မရောက်ခင် ရက်ပိုင်းတွေမှာကတည်းက chocolate တွေနဲ့ အတူ cooking tool တွေကိုလည်း ခင်းကျင်း ရောင်းချပေးကြပါတယ်။ ဒါကတော့ ဂျပန်ဟာရှင်းဖြစ်တဲ့ Japanese Valentine's Day ပါ။

နောက်တစ်ခု ထူးခြားတာက Valentine's Day ရဲ့ နောက်တစ်လအကြာ March 14 မှာ "White Day" ဆိုတာ ရှိပါတယ်။ အဲ့ဒီနေ့မှာတော့ အမျိုးသားတွေက သူတို့ကို Chocolate ပေးထားတဲ့ အမျိုးသမီးတွေကို အဖြူရောင်chocolate တွေလက်ဆောင် ပြန်ပေးကြတာပါ။ chocolate နဲ့အတူ ပန်းတွေ၊ သကြားလုံးတွေနဲ့ အခြားလက်ဆောင်တွေလည်းပေးတတ်ကြပါတယ်။ "White Day" က မိန်းခလေးတွေအတွက် သိပ်အရေးကြီးတာမို့ အဲ့ဒီနေ့မတိုင်ခင် မှာအမျိုးသားတွေ အမှတ်ရအောင် ဆိုင်တွေမှာ chocolate နဲ့ လက်ဆောင် ပစ္စည်းတွေကို ခင်းကျင်း ရောင်းချကြပါတယ်။

ကျွန်တော်ဂျပန်မှာ နေတဲ့ ဥနှစ်အတွင်းမှာတော့ Valentine's Day ဆိုပြီး လျှောက်လည်နေကြတာတွေ သိပ်မတွေ့ရပါဘူး။ လူစည်ကားတဲ့ အထူးအစီအစဉ်တွေရှိတဲ့ ဆိုင်ကြီးတွေမှာတော့ ချစ်သူစုံတွဲများကိုတွေ့ရတတ်ပါတယ်။ နောက်တစ်ခုက ဂျပန်လူမျိုး အများစုဟာ အလွန်ပဲရှက်တတ်ကြတဲ့အတွက် လူမြင်ကွင်းမှာ လက်ချင်းချိတ်ပြီး သွားတာတောင် တွေ့ရခဲပါတယ်။ ဒါ့ကြောင့် ပုခုံးဖက်ပြီးသွားတာတို့ ဘာတို့ကတော့ ပြောစရာတောင်မလိုတော့ပါဘူး။အဝတ်အစားဝတ်ရာမှာလည်း မိန်းခလေးတွေဆိုရင် အတိုအပြတ်တွေ လည်ဟိုက်တွေ ဗိုက်ဖော်တွေ ဝတ်တာ အတော်ရှားပါတယ်။ ဝတ်ခဲ့ရင်တောင် အသားကပ် ခြေအိတ်အရှည်တွေ ခံဝတ်ကြပါတယ်။ ဂျပန် တစ်ချို့ပြောတာတော့ Valentine's Day မှာ ကောင်မလေးတွေက သူတို့ကြိုက်တဲ့ ကောင်လေးတွေကို "Honmei-choco" ပေးတယ်...ကောင်လေးက

သူကိုပြန်ပြီး ချစ်တယ်ဆိုရင် "White Day"မှာ White chocolate ကို ပြန်ပေးတတ်ကြတဲ့အတွက် "White Day"ဟာ မိန်းခလေးတွေအတွက် သိပ်ကိုအရေးကြီးတယ်လို့ ဆိုကြပါကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ....။

အားလုံးကို ကျေးဇူးတင်ပါတယ်။

Ref: VALENTINE'S DAY & WHITE DAY IN JAPAN, http://us.jnto.go.jp/blog/valentines-day-white-day-in-japan/

14.2.2018

60. ဂျပန်ခွေးလေးတွေ

****

"Soe San ခွေးလေးတွေထဲမှာ မြန်မာခွေးလေးတွေ နဲ့ ဂျပန်ခွေးလေးတွေ၊
ဘယ်ခွေးလေးတွေကိုပိုသဘောကျ သလဲ" ဂျပန်စာသင်တဲ့ ဆရာမက ကျွန်တော့်ကို
ရုတ်တရက်လှမ်း မေးလိုက်ပါတယ်။ " မြန်မာခွေးလေးတွေကို အရမ်းကို
သဘောကျပါတယ်"...ကျွန်တော်ချက်ချင်းပဲပြန်အဖြေပေးလိုက်ပါတယ်။
ထိုအခိုက်ကျွန်တော့် အတွေးတွေကတော့ စာသင်ခန်းနဲ့ဝေးရာ သို့ပြေးထွက်သွားကြပါတော့တယ်။
ဂျပန်ခွေးလေးတွေရဲ့ဘဝက အလွန်ကံကောင်းကြတယ်။ နေစရာ၊စားစရာနဲ့ နေမကောင်းရင် ဆရာဝန်နဲ့
သူတို့သခင်တွေက သိပ်ကိုကရုစိုက်ကြတယ်။ သူတို့ရေချိုးတဲ့စက်တစ်လုံးကိုတောင် မြန်မာငွေ
သိန်းခု၀/၄၀ ။ သန့်ရှင်းသပ်ရပ်ပြီး၊ မြင်ရသမျှ လိုချင်နှစ်သက်ဖွယ်။သူတို့ကိုကြည့်လိုက်ရင် Confidence
အပြည့်နဲ့ ဘယ်သူ့ကိုမှ ရန်မလုပ်၊ တည်တည်ကြည်ကြည်ပဲ။
ကျွန်တော်တို့ မြန်မာခွေးလေးတွေကတော့ အများစုက ပိုင်ရှင်မဲ့၊ လမ်းဘေးမှာ နေ၊ လမ်းဘေးမှာအိပ်၊
စားစရာမရှိလို့ ဟိုဆွဲသည်ဆွဲ။ ရေချိုးပေးမယ့်သူမရှိ၊ အမြဲတမ်းပေရေနေပြီး သိမ်ငယ်နေတတ်တဲ့ပုံနဲ့
သူတို့ကိုများ ရန်ပြုလေမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ မထင်ရင်မထင်သလို ဟောင်တတ်တယ်။
ဒါပေမယ့် သိပ်ကိုကျေးဇူးသိတတ်တယ်။ သူတို့ကို အစာလေးများ ကျွေးတဲ့အိမ်ဆို ခြံဝင်းထဲကို
ဝင်ခွင့်မရရင်တောင် ခြံပြင်ကနေ စောင့်ရှောက်တယ်။တစ်ချို့ခွေးလေးတွေဆို အိမ်ရှင်အတွက်
အသက်ပေးသွားကြတာတောင်ရှိတယ်။ ဆရာမ မေးလိုက်တဲ့အချိန်မှာ ကျွန်တော် အောင်နက်တို့၊
ရန်လုံတို့ စတဲ့နာမည်လေးတွေနဲ့ ကျွန်တော်တို့မြန်မာ ခွေးလေးတွေ ကိုမြင်ယောင်မိတယ်။
ကျွန်တော်သူတို့ကို ပစ်ဟယ်ပြီး သိပ်ကို နှစ်လိုဖွယ်ရာကောင်းပါတယ်ဆိုတဲ့ ဂျပန်ခွေးလေးတွေကို
သဘောမကျနိုင်ပါ။ ကျွန်တော်တို့ ဟာ ကျွန်တော်တို့မှာ ရှိတဲ့ အရှိတရားတွေကို
တန်ဖိုးထားမြတ်နိုးတတ်ရမယ်၊ ကျွန်တော်တို့ ခွေးလေးတွေရဲ့ ဘဝကို
သူတို့ခွေးလေးတွေလိုဖြစ်အောင်ကြိုးစားကြရမယ်၊နောက်ဆုံး မလုံခြုံတဲ့ ကျွန်တော်တို့နိုင်ငံကို သူတို့လို
လုံခြုံတဲ့ နိုင်ငံဖြစ်အောင် ကြိုးစားရမယ်၊ အစစအရာရာနိမ့်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံကို သူတို့လို
အစစအရာရာမြင့်မားတဲ့နိုင်ငံဖြစ်အောင်ကြိုးစားရမယ် ဆိုတဲ့ခံယူချက်တွေလည်း ကျွန်တော့် နှလုံးသားထဲ
ပြေးလွှားခုန်ပေါက်ပြီး ဝင်လာကြပါတော့တယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။ 6.3.201

61. လမ်းပြ ခွေးကလေး

****

ကျောင်းကို သွားတိုင်း ခွေးလေးတစ်ကောင်နဲ့လမ်းလျှောက်ထွက်တဲ့ အမယ်အိုကြီးကို အမြဲလိုလို လမ်းမှာတွေ့တယ်။ ဂျပန်မှာ လမ်းတွေတော်တော် များများမှာ အမြင်အာရုံ ချို့တဲ့သူတွေသွားလာနိုင်ရေး အတွက် အထူးအစီအမံလေးတွေ လုပ်ပေးထားတာတွေရှိတယ်။ ဥပမာ Tactile paving လိုအာရုံခံ လမ်းအမှတ်အသားတွေ၊ Traffic တွေမှာ အသံပြု အမှတ်အသားတွေ နဲ့စီမံပေးထားတာတွေ့ရတယ်။ မြေပေါ် မြေအောက်ရထားလမ်း၊ သဘော်ဆိပ်တွေမှာတောင် တွေ့ရတာပါပဲ။ ဒါတင်ဘယ်ကမလဲ Wheelchair နဲ့သွားရတဲ့သူတွေအတွက်လည်း အဆောက်အဦ တော်တော်များများမှာ စီမံပေးထားတယ်။အထူးသဖြင့် Public area တွေမှာပေါ့။

ရထားဆိုလို့ Wheelchair နဲ့လူတစ်ယောက် ရထားစီးဖို့ လာပြီဆိုရင် ဘေးနားမှာ ရထားဝန်ထမ်းတစ်ယောက်ယောက်ပါလာတယ်...။ သူစီးမယ့်ရထား ရောက်ပြီဆိုတာနဲ့ အသင့်ပါလာတဲ့ အခင်းပြားတစ်ချပ်ကို ရထားနဲ့ ပလက်ဖောင်း ဘောင်ပေါ် တင်ပြီး Wheelchair ကိုတွန်း ရထားပေါ် ရောက်အောင်တင်ပေးလိုက်တယ်။ ပြီးတာနဲ့ အခဲ့ဒီအခင်းပြားလေးဖယ်ပြီး ခါးကိုင်းအောင်နှတ်ဆက်ပြီး ထွက်သွားတယ်။ ရထားစက်ခေါင်းမောင်းကလည်း ဒါကို လှမ်းကြည့်နေတယ်။ အယ်...သူဆင်းမယ့်ဘူတာရောက်ပြီဆိုတော့လည်း ရထားပေါ် ကချပေးမယ့် ဝန်ထမ်းက
အသင့်စောင့်နေတယ်ဗျာ...ဘယ်အတွဲမှာပါလာတယ်ဆိုတာကြိုတင်သတင်းပေးပြီးသား...ကိုင်း...ဘယ် လောက် လူကိုလူလို ထားသလဲ စဉ်းစားကြည့်တော့ဗျာ...။

ဒါပေမယ့် လုံးဝ မျက်စိမမြင်ရတဲ့ သူတွေကတော့ Guide dog လို သေသေချာချာ လေ့ကျင့်ပေးထားတဲ့ ခွေးလေးတွေနဲ့သွားကြသဗျ။ စောစောက အမယ်အိုကြီးကအခဲ့လို assistance dog လေးနဲ့ မနက်တိုင်း လမ်းလျှောက်ထွက်တယ်။ အရင်ကတော့ လမ်းမှာ ဆုံနေကြပေမယ့် အခုတော့ ကျောင်းသွားတဲ့လမ်းပေါ်က Seven eleven 7/11 မှာ။ အမယ်အိုက ခွေးလေးနဲ့ ဈေးဝယ်ပြီးလို့ seven eleven ကထွက်လာတော့ ဆြာကျော်က ဆိုင်အပြင်မှာ ကော်ဖီသောက်နေတယ်။ အပေါက်ဝ ကထွက်ပြီး ခွေးလေးက ဆက်မသွားတော့ဘူး...ရပ်နေတယ်။

ဒါနဲ့ အမယ်အိုက ....ဒီဘက်သွားရမှာလား...ဟိုဘက်လား စသဖြင့် ခွေးလေးကိုမေးနေတာ...ဘေးကရပ်နေတဲ့ဆြာကျော်က မနေတတ်မထိုင်တတ် ဝင်ပြီး လျှာရှည်လိုက်တယ်....ရတယ်သွားပေါ့...ဒီတော့ ခွေးလေးက ဆြာကျော့်ကိုလှမ်းကြည့်တယ်...အရေးမလုပ်တဲ့ပုံနဲ့ ခပ်တည်တည်ပဲဆက်ပြီးရပ်နေတယ်...ဘာဖြစ်လို့ပါလိမ့် စဉ်းစားရင်း ကိုယ်လည်းဆက်ကြည့်နေခိုက်...ခပ်လှမ်းလှမ်းမှာ ကားတစ်စီးက Parking ထိုးနေတာ...ခွေးလေးက သေချာကြည့်ပြီး ကားက စက်ရပ်သွားပြီး နောက်မီးတွေ မှိတ်သွားပြီဆိုတော့မှ သူသခင်ကိုခေါ်ပြီးထွက်သွားတယ်...အခဲ့ဒီကြမှ ....သြော်...ခင်ဗျား ဘာမှနားမလည်ဘဲ...ဆရာဝင်မလုပ်ပါနဲ့...ကျုပ်အလုပ် ကျုပ်သိပါတယ်...ဆိုတဲ့ အကြည့်နဲ့ ငဲ့ကို ကြည့်သွားပါလားလို့တွေးမိရင်း ပါးစပ်အဟောင်းသားနဲ့ ကျန်ရစ်ခဲ့တော့တာပါပဲဗျာ....။

28.4.2017

62. Stone/Scissor/Paper ကစားကြမယ်

****

ဒီနေ့ဗျာ အတန်းထဲမှာ ဆရာမက အတန်းသားတွေ ရင်းနှီးမှုရအောင်ဆိုပြီး ချိုချင် သုံးလုံးစီပေးပြီး ကစားခိုင်းတယ်။ ဂျပန်မှာ တစ်ခုခုဆို တာဝန်ချတာပဲဖြစ်ဖြစ် ဘောလုံးကစားလို့ စပေးဘောရတာပဲဖြစ်ဖြစ် ကစားပြီးလို့ Marker အကျီတွေ လျှော်ရတာပဲ ဖြစ်ဖြစ် ဒီကစားနည်းနဲ့ပဲ အဆုံးအဖြတ်ယူကြတယ်။ Stone/Scissor/Paper ဆိုပြီး ကြိုက်တာကိုရွေး...Stone က Scissor ကိုနိုင်တယ်...Scissor က Paper ကိုနိုင်တယ်...Paper ကတော့ Stone ကိုနိုင်တယ်.....ပေါ့။

ဒါနဲ့ Soe san တို့ မြန်မာမှာရောတဲ့ မေးရော....ပထမဆုံးမေးတာဆိုတော့ ကိုယ်တွေလည်း ကိုယ်ကစားခဲ့ရတာပြောရတာပဲလေ....တို့ဆီမတော့ ဗိုလ်....ကျား...သေနတ်ပဲရှိတယ်လို့....ဗိုလ်ကို သေနတ်နဲ့ပစ်ရင် ပစ်တဲ့ကောင်ရှုံး...ကျားဆိုရင်တော့....ဗိုလ် အစားခံရမယ်....အယ်....သေနတ်နဲ့အပစ်ခံရရင်တော့...ကျားသေမှာပဲလို့ ခပ်တည်တည်ပဲ ရှင်းပြလိုက်တယ်....။

နောက်တော့တစ်ယောက်ပြီးတစ်ယောက်မေးတယ်...ဩစတေးလျ...ပြင်သစ်...အမေရိကား...အီတလီ... အင်္ဂလန်...ကမ္ဘောဒီယား...ရုရှ...ကိုးရီးယား...တရုတ်...စုံနေအောင်ပဲ...။ သူတို့အားလုံးက သူတို့ဆီလည်း ဒါပဲတဲ့ ....Stone/Scissor/Paper တဲ့...
အဲ့ဒီကျမှ ဒီကကောင် ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားတယ်...ဘယ့်နှဲ့ ငါ့တိုင်းပြည်က သင်ပေးလိုက်တဲ့ ကစားနည်းက ဗိုလ်လုပ်မယ် သေနတ်ပစ်မယ် ကျားစားမယ်ဆိုတာကြီးပဲ...ဘယ်သူကထွင်ပြီး ဘယ်ကရတယ်မသိဘူး...အကုန်လုံး သတ်မယ် စားမယ် ဗိုလ်လုပ်ချင်တဲ့ သူတွေကြီးပဲ ...

4.12.2017

63. တောင်သူလယ်သမားနေ့
****

ကမ္ဘာနဲ့ အဝှမ်းမှာ တောင်သူလယ်သမားကြီးတွေရဲ့ ကျေးဇူးကို
ဂုဏ်ပြုတဲ့အနေနဲ့ တောင်သူလယ်သမားနေ့ (Farmers' Day/Peasants' Day) ဆိုပြီး National holiday
အဖြစ် နိုင်ငံအလိုက် သတ်မှတ်ခဲ့ကြပါတယ်။ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ၁၉၆၂ ကနေစတင်ပြီး
မတ်လ ၂ရက်နေ့ကို တောင်သူလယ်သမားနေ့ (Myanmar Peasants' Day) အဖြစ် သတ်မှတ်ပြီး
ဂုဏ်ပြုခဲ့ကြပါတယ်။ ကျွန်တော်တို့ငယ်ငယ် စာသင်ကျောင်းကို မရောက်ခင်ကတည်းကပင်
မိဘဖိုးဖွားများက မိသားစုထမင်းဝိုင်းတွေမှာ အစားအစာကို တန်ဖိုးထားဖို့၊ ကြီးတဲ့သူကို ဦးချဖို့၊
ထမင်းလုံးတွေ မဖိတ်မစင်အောင်စားဖို့၊ ကိုယ်စားနိုင်သလောက်သာထည့်စားဖို့ စသဖြင့်
သွန်သင်ဆုံးမခဲ့ကြပါတယ်။ စာသင်ကျောင်းတွေရောက်တော့လည်း တောင်သူလယ်သမား ဦးကြီးများဟာ
မိမိတို့ရဲ့ ကျေးဇူးရှင်ကြီးများဖြစ်ကြောင်း ထပ်ဆင့်သင်ကြားပေးခဲ့ကြပြန်ပါတယ်။သို့ပေမယ့်
ကျွန်တော်တို့တကယ် ကျေးဇူးရှင်လို့ သတ်မှတ်ခဲ့ကြရဲ့လား၊
အသိအမှတ်ပြုခဲ့ကြရဲ့လား၊လေးလေးစားစားဂုဏ်ပြုခဲ့ကြရဲ့လား...ဆိုတာကတော့
မေးစရာမလိုလောက်အောင် အားလုံးအသိပဲဖြစ်ပါတယ်။

ယနေ့ခေတ် မြို့ပြဖွံ့ဖြိုးမှုနဲ့အတူ တောင်သူလယ်သမားဦးကြီးများရဲ့ ကျေးဇူးကို အသိအမှတ်ပြုမှုဟာလည်း
ပိုပိုပြီး လျော့နည်းပျောက်ကွယ်လို့လာနေပါတယ်။ဒါ့ကြောင့်
နိုင်ငံတကာမှာ တောင်သူလယ်သမားကြီးတွေရဲ့ ကျေးဇူးကိုအသိအမှတ်ပြုဖို့ နိုးဆော်စာတွေ၊ကာတွန်းတွေ၊
ဇာတ်လမ်းတိုတွေနဲ့ အသိပေးဂုဏ်ပြုနေကြတာလည်းတွေ့နေရပါတယ်။ ကျွန်တော်ကြည့်ဖူးတဲ့
ပညာပေးဇာတ်လမ်းလေး တစ်ခုကတော့ ကြည့်တဲ့သူကို အတော်လေး စိတ်ထဲကိုညှိသွားအောင်
လုပ်နိုင်ပါတယ်။ စစချင်း ကြွေပန်းကန်အကြီးကြီးတစ်ချပ်၊ နောက်တောင်သူလယ်သမားတွေက
နှဖူးကချွေးခြေမကျအောင်ရုန်းကန် ထွန်ယက် စိုက်ပျိုးလို့ရတဲ့ အစားအစာတွေကို ပန်းကန်ကြီးထဲကိုထည့်၊
အဲ့ဒီမှာ လက်ကြီးနဲ့ ပန်းကန်ထဲကအစားအစာတွေကို ယူယူစားတာကို သူတို့ကကြည့်နေတယ်။
ခဏနေတော့ လက်ကြီးက ရပ်သွားတယ် ပန်းကန်ထဲမှာ အစားအစာတွေကကျန်နေသေးတယ်။
ဒီတော့ တောင်သူလယ်သမားကြီးတွေက နှဖူးကချွေးလေးတွေသုတ်ရင်း မျက်နှာငယ်လေးနဲ့
အပေါ်ကိုမော့ကြည့်ပြီး "ဒါလေးတွေ...ပစ်ရတော့မှာလား...ငါတို့ဒီလောက်ပင်ပင်ပန်းပန်း
လုပ်ထားတာလေ....မင်းမစားတော့ဘူးလား..."ဆိုပြီးကြည့်နေတယ်...အဲ့ဒီအချိန်မှာပဲ လက်ကြီးက
ပန်းကန်ထဲက ကျန်တဲ့အစားအစာတွေကို
ယူစားလိုက်တယ်ဆိုရင်ပဲ....တောင်သူလယ်သမားကြီးတွေ ပျော်ရွှင်သွားကြတော့တယ်။

အဲ့လိုတောင်သူလယ်သမားကြီးတွေရဲ့ ကျေးဇူးကို အသိအမှတ်ပြု အလေးထားတဲ့နေရာမှာ
ဂျပန်လူမျိုးတွေဟာ အတုယူစရာသိပ်ကောင်းတယ်။ တစ်ခါက မြန်မာမုန့်ဟင်းခါးနဲ့ ဇည့်ခံကျွေးတော့
ထုံးစံအတိုင်း ပန်းကန်အပြည့်ထည့်ပေးလိုက်တယ်။ သူတို့စားနေကျအစားအစာ မဟုတ်တော့
မကြိုက်ပေမယ့် ကြိတ်မှိတ်စားတယ်။ အမျိုးသားကကုန်သွားတယ်...ဒါပေမယ့် သူ့အမျိုးသမီးကတော့
ဘယ်လိုမှမစားနိုင်တော့ဘူး...ဒီတော့ အမျိုးသားလုပ်တဲ့သူက အဲ့ဒီပန်းကန်ကိုယူပြီးကုန်တဲ့အထိစားတာ
မျက်ရည်ပါကျရှာတယ် မစားဖို့တားတာလည်း ဘယ်လိုမှမရဘူး...ကျွန်တော်တို့အတော်
စိတ်မကောင်းဖြစ်ရတယ်။ နောက်ပြီး သူတို့ ဘာပဲစားစား စစားတော့မယ်ဆိုရင်"..အိတဒါးခိမတ်စု..." လို့

လက်အုပ်လေးချီပြီးပြောတယ်..."စားပြီးရင်လည်း.."....ဂေါ်ချိစိုးစမဒတ်ရှိတ..."လို့ပြောပြန်တယ်...အဓိပ္ပာယ်က အစားအစာအတွက် တောင်သူလယ်သမားဦးကြီးတွေကို ကျေးဇူးတင်ပါတယ်လို့ ပြောတာပါ။
စားတဲ့နေရာမှာလည်း ကုန်အောင်စားတယ်၊ ပြောင်နေအောင်ကိုစားတယ်၊ အစားအစာကို သိပ်တန်ဖိုးထားကြတယ်။ သိပ်ကိုတိုးတတ်ပြီး ရှေးတန်းရောက်နေတဲ့ တိုင်းပြည်က သူတွေ အစားအစာကို တလေးတစား တန်ဖိုးထားတာ အတုယူစရာပါပဲ။

ကျွန်တော်တို့တွေလည်း ကျွန်တော်တို့ရဲ့ ဘိုးဘွားတွေ မိဘဆရာသမားတွေက သင်ကြားပေးလိုက်တာပါပဲ။ ဆုံးမသြဝါဒ အများဆုံးရှိတဲ့ တိုင်းပြည်ကလည်း ကျွန်တော်တို့ တိုင်းပြည်ပါပဲ။ ဒါပေမယ့် လိုက်နာကျင့်သုံးမှုအားအနည်းဆုံး ဟာလည်း ကျွန်တော်တို့တိုင်းပြည်ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့နောက်မကျသေးပါဘူး
တောင်သူလယ်သမားဦးကြီးဒေါ်ကြီးများကို လေးစားသောအားဖြင့် ကျေးဇူးကိုသိတတ်သောအားဖြင့် မိမိတို့ရဲ့ အစားအစာများကို လေးလေးစားစား တန်ဖိုးထား စားသုံးခြင်းဖြင့် ကျေးဇူးဆပ်ကြရအောင်လားဗျာ...။

အားလုံးကိုကျေးဇူးတင်ပါတယ်။

3.3.2017

64. စက်ဘီး

******

ကျွန်တော် စက်ဘီး စစီးတတ်တော့ တတိယတန်း ၈ နှစ်သားကအရွယ်။ အိမ်မှာရှိတဲ့ အမေ့ရဲ့ မိန်းမစီးလေးနဲ့ သင်ခဲ့ရတာပေါ့။ရှေးရှေး စီနီယာ ကြီးများ ပြောပြချက်အရ ဒူးပြဲမှ စက်ဘီးစီး တတ်တာ ဆိုလို့ လဲလိုက် ပြုလိုက်နဲ့ နောက်ဆုံးတော့ ခြေထောက်နဲ့ ဒူးမှာ ဒဏ်ရာ အနာရွတ် ပရပွနဲ့ စက်ဘီးစီး တတ်ခဲ့ရတယ်။ အခါသင့်တိုင်း စက်ဘီးစီးဖို့ ချောင်းနေတတ်ပြီး လမ်းထိပ်က ဈေးဆိုင်သွားလည်း စက်ဘီးနဲ့ ဟိုနားဒီနားသွားလည်း စက်ဘီးနဲ့။ နောက်တော့ တစ်ဆင့်တတ်ပြီး အဖေ့ ယောကျ်ားစီးဘီးကြီး တတ်ခွတယ်။ တတ်ခွတယ်သာပြောရတာ ဘောင်တန်းကြီးနဲ့မို့ ခြေထောက်ကို လှျို့ပြီး စီးခဲ့ရတာပါ။ စတုတ္ထတန်း ကျောင်းသားကြီး ဖြစ်လာတော့ အဆင့်တက်လာပြီး တစ်ခါတစ်လေ ကျောင်းကို စက်ဘီးစီးသွားတယ်။ ဖင်ထိုင်ခုံကို မမှီလို့ မတ်တပ်ရပ်ပြီးစီးခဲ့ရသည့်တိုင် အန္တရာယ်ဆိုတာမတွေးတတ်သလို ကားတွေဘာတွေ လည်းသိပ်မကြောက်ခဲ့။ အဲ့ဒီအချိန်က နာမည်ကြီးနေတဲ့ BMX လို့ခေါ်တဲ့ စက်ဘီးသေးသေးလေးကို လိုချင်လွန်းလို့ စိတ်ကူးယဉ်ရတာလည်းအကြိမ်ကြိမ်။ အမေ့ကို ထီပေါက်ရင် ဝယ်ပေးဖို့ ပြောရတာလည်း အခါခါ။

ဒီလိုနဲ့ ၅တန်းနှစ်ရောက်တော့ ကိုယ်ပိုင်စက်ဘီး အဟောင်းလေးပိုင်ဆိုင်လာတယ်။ ရှေ့ဘီးသေးနောက်ဘီး အကြီးနဲ့ ဆိုတော့ ပုံလေးက ဆန်းသလို စီးလို့လည်းကောင်းတယ်ဗျ။ မန်းလေးက ဦးလေးက တစ်နှစ်ကို တစ်ခါဆေးရောင်ပြောင်းမှုတ်ပေးတော့ ပိုလို့ပျော်တာပေါ့။ မန်းလေးရောက်တော့ ၉တန်း၊၁၀တန်းမှာ အမေဝယ်ပေးတဲ့ တရုတ်စက်ဘီးလေးနဲ့ ကျူရှင်လေးတွေ အပြေးအလွှား တက်ခဲ့ရတယ်။ နောက်ပိုင်း တက္ကသိုလ် ရောက်တော့ စက်ဘီးအသစ် မဝယ်နိုင်လို့ သူငယ်ချင်းဘီးတွေ ကပ်စီးခဲ့ရတာပေါ့။ အဲ့ဒီတော့ အတန်းချိန်တူရင် အတူသွား မတူရင် လမ်းလျှောက်။ တစ်ခါတစ်လေ သူငယ်ချင်းနဲ့ စိတ်ဆိုးရင်လည်း လမ်းလျှောက်ပေါ့ဗျာ။ ဒီလိုနဲ့ ကျောင်းသာပြီးသွားတယ် ကိုယ်ပိုင်စက်ဘီးလေးနဲ့ ကျောင်းမတက်ခဲ့ရပြန်ဘူး။

ဒီလိုနဲ့သိပ် မကြာခင်မှာပဲ တရုတ် ဆိုင်ကယ်တွေ စပေါ်လာတော့ စက်ဘီးမြို့တော်လို့ တင်စားခေါ်ဝေါ်ရတဲ့ မန်းလေးမြို့ကြီးမှာ စက်ဘီးတွေ အစား ဆိုင်ကယ်တွေ နေရာယူလာကြတယ်။ မကြာခင် စက်ဘီးတွေ ပြတိုက်ထဲရောက်တော့မယ်လို့ ကျွန်တော်တွေးမိတယ်။ ကျွန်တော် ကိုယ်တိုင်လည်း စက်ဘီးလှလှလေးအစား ဆိုင်ကယ်အဟောင်းလေးဘက်ကို ပြောင်းပြီး စိတ်ကူးယဉ်တတ်နေပြီကိုးဗျ။ ဒီလိုနဲ့ ဟိုနေရာလည်း ဆိုင်ကယ် ဒီနေရာလည်းဆိုင်ကယ် ...နေရာတိုင်းမှာ ဆိုင်ကယ်တွေဖြစ်ကုန်ပါတယ်။တစ်ချိန်က နာမည်ကြီးခဲ့တဲ့ "စက်ဘီးကလေးကိုစီးပြီး...အချစ်ကလေးကို တင်ရင်း...ကိုသွားရတာလေ ပျော်စရာ...ဒါကိုယ်တို့နှစ်ဦးရဲ့အချစ်ဗိမ္မာန်..."..."လာပါကွယ် ကျောင်းအားတဲ့ တစ်နေ့မယ်...တစ်နေကုန်အောင်..စက်ဘီးစီးရင်း..လျှောက်လည်မယ်..."ဆိုတဲ့ သီချင်းလေးတွေလည်း အသက်မပါတော့။ ဒီလိုနဲ့ ကျွန်တော်ကိုယ်တိုင်လည်း စက်ဘီးမစီးဖြစ်တော့ပါ။

သို့ပေမယ့် ကျွန်တော်ထင်ထားသမျှတွေအားလုံး ဂျပန်ကိုရောက်တဲ့အချိန်မှာ တစ်လွဲဖြစ်ကုန်ပါတယ်။ ဂျပန်မှာ စက်ဘီးကို တွင်တွင်ကျယ်ကျယ်ကြီး သုံးနေလို့ပါပဲ။ ကျောင်းသား သောင်းဂဏန်း ဝန်းကျင်ရှိတဲ့ ကျောင်းကြီးမှာ စက်ဘီးတွေနဲ့ ပြည့်ညက်လို့နေပါတယ်။ ပါမောက္ခကြီးတွေလည်း စက်ဘီးလေးတွေနဲ့ပါ။ ကျွန်တော်ထင်ခဲ့သလို စက်ဘီးသေးသေးလေးတွေဟာ ကလေးတွေအတွက်တင်မဟုတ်ပဲလူကြီးတွေလည်း စီးလို့ရတယ်ဆိုတာပါ။ ဒါတင်မက တစ်နာရီ

ယမ်းတစ်ရာနဲ့ ငှားစီးလို့ရတဲ့ စက်ဘီးသေးသေးလေးတွေလည်းရှိသေးတယ်။ လမ်းတိုင်းမှာလည်း စက်ဘီးလမ်းတွေ သီးသန့်ရှိပါတယ်။

နောက်တစ်ခုက ဂျပန်မှာ စက်ဘီး ဝယ်ရင် Registration လုပ်ရပြီး နံပတ်လေးပါကပ်ပေးလိုက်ပါတယ်။ သက်မှတ်စည်းကမ်း ချိုးဖောက်ရင်တော့ ရဲက အဲဒီ နံပတ်လေးကို စစ်ပြီး သူတို့စက်မှာ ရိုက်ထည့်လိုက်တာနဲ့ ကိုယ့်ရဲ့ အချက်အလက်တွေမှတ်တမ်းတင်ထားပြီးသားဖြစ်ပါတယ်။ ဒဏ်ကြေးနဲ့ ပြ ပြစ်ဒဏ်ကလည်းမြင့်ပါတယ်။ ဂျပန်လို ဖွံ့ဖြိုးပြီး နိုင်ငံမှာတောင် စက်ဘီးကို တွင်တွင်ကျယ်ကျယ်ကြီး သုံးနေကြပြီး အကျိုးဆက်အနေနဲ့ကတော့ ကျန်းမာခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်းနဲ့ ကမ္ဘာကြီးပူနွေးလာခြင်းမှ ကာကွယ်နိုင်ခြင်းဆိုတာ တွေကတော့ ဆုလာဘ်အဖြစ် ရရှိနေမှာ အမှန်ပါ။ ကျွန်တော့်အနေနဲ့ကတော့ စက်ဘီးလေး စီးပြီးကျောင်းတက်ရတဲ့အရသာကို အတော်သဘောတွေ့နေကြောင်းပါခင်ဗျာ။

14.7.2017

အပိုင်း (၅)

ကြုံဆုံခဲ့ရလေသမျှ

65. နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် အမေဒေါ် အောင်ဆန်းစုကြည် တွေ့ဆုံပွဲ

****

နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ် အမေဒေါ် အောင်ဆန်းစုကြည် ဂျပန်နိုင်ငံကို
လာရောက်မယ်၊ မြန်မာနိုင်ငံသားတွေနဲ့ တွေ့ဆုံမယ် ဆိုတဲ့ သတင်းကြားကြားချင်း
အလွန်ပဲ ပျော်ရွှင်မိတယ်။ ကျွန်တော် ပထမဆုံးအကြိမ် အပြင်မှာ တွေ့ဖူးတာက မော်လမြိုင်
ကျိုက်မရောအထွက်က ဘောလုံးကွင်းသေးသေးလေးမှာ။ အဲ့ဒီတုန်းက အမေစုကို ကြိုဆိုဖို့
တံတားနားအထိ သွားခဲ့ပြီး ဟောပြောမယ့် ကွင်းထဲကို လိုက်ပါခဲ့တယ်။ ယခုအကြိမ် မှာတော့
ကျွန်တော်လက်ရှိပညာသင်ယူနေတဲ့ ဂျပန်နိုင်ငံကို လာရောက်မှာဆိုတော့ တွေ့ချင်ဆုံချင် အမေ့ရဲ့
စကားသံတွေကို ထပ်ပြီး နားထောင်ချင်တယ်။ အဲ့ဒါကြောင့်ပဲ အိုကာယာမမှာ
အတူတူကျောင်းတက်နေကြတဲ့ မြန်မာကျောင်းသားတွေကို စုစည်းပြီး
တိုက်ျိုမြို့တော်ကြီးဆီ မော်တော်ကားကြီး စီးလို့ ချီတက်ခဲ့ကြတယ်။
တိုက်ျိုရောက်တော့ မနက်စာလေး ဖြစ်သလို အမြန်စားပြီး တွေ့ဆုံပွဲရှိရာ နေရာကို အပြေးအလွှာ
သွားခဲ့တာပေါ့။ ဟိုတယ်ရောက်တယ်ဆိုရင်ဘဲ အောက်ထပ်မှာတင် လူအုပ်ကြီးက အုံခဲနေပြီ။ သံရုံးကို
နာမည်စာရင်းနှင့်တကွ ကြိုတင် အကြောင်းကြားထားပေမယ့် စိတ်ပူမိတာတော့အမှန်ပဲ။ဒါပေမယ့်
ပွဲစီစဉ်သူတွေ ပါဝင်ကူညီပေးကြသူတွေကြောင့် အစဉ်ပြေ ချောမွေ့စွာပဲ
ခန်းမထဲကို ရောက်ခဲ့ပါတော့တယ်။
အမေစု ဆင်မြင့်အထက်ကို ရောက်လာတော့ ခေါင်းလေးတွေ တထောင်ထောင်နဲ့ အမေ့ကိုကြည့်ပြီး
ကြည်နူးရ ဝမ်းသာရ၊ မြန်မာဖြစ်ရတာ ဂုဏ်ယူရနဲ့။ ပွဲပြီးလို့ အမေစု ထွက်ခွာသွားတဲ့အထိ
စိတ်ထဲကြည်နူးပြီး ကျန်ရစ်ခဲ့တယ်။ စိတ်ခွန်အားတွေလည်း တက်လာတယ်။ ဒီလိုနဲ့ပဲ အာရုံထဲ
စီးကျလာတဲ့ စလုံးလေးတွေ ကောက်စီမိတယ်....

သစ္စာ ပန်းတွေ
ဖူးပွင့်ကြ မြိုင်မြိုင်
မေတ္တာ ရနံ့တွေ
သင်းပျံ့ ကြိုင်လှိုင်
မြန်မြည်သစ်ကို
လှမ်းကြစို့ အပြိုင်အဆိုင်။

2.11.2016

66. ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် တွေ့ဆုံခြင်း

****

ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုး ၊မင်းသိန်း နှင့်အစိုးရအဖွဲ့ ဂျပန်ကိုလာတော့ ဒေါ် အောင်ဆန်းစုကြည် တစ်နှစ်တာ သုတေသနလုပ်ခဲ့တဲ့ Kyoto University (ကျိုတိုတက္ကသိုလ်)၊ Center of South East Asia Studies ကို လာရင်း မြန်မာပညာကျောင်းသားများနဲ့ တွေ့ ဆုံ ဖို့ အချိန်ပေးခဲ့ပါတယ်။ ပွင့်ပွင့်လင်းလင်း စကားပြောဆို ဆွေးနွေးခွင့် ရခဲ့ကြတာမို့ ဟိတ်ဟန်မပါတဲ့ စကားခွင်ကောင်းတစ်ခု ဖြစ်ခဲ့တဲ့အတွက်လည်း ကျေနပ်ပီတိ ဖြစ်စရာကောင်းလှပါတယ်။ လူလတ်ပိုင်း ခေါင်းဆောင်တစ်ယောက်ပီပီ သွက်သွက်လက်လက် ထက်ထက်မြက်မြက်နဲ့ စကားစပျိုးရင်း လက်ရှိ ရောက်နေတဲ့ အခြေအနေတွေကနေ ပြောင်းလဲနိုင်ဖို့ ပြင်ဆင်ထားတဲ့ လုပ်ငန်းအစီအစဉ်တွေကို အကြမ်းဖျင်းပြောပြပါတယ်။ အဓိကအနေနဲ့ သူရဲ့ လုပ်ပိုင်ခွင့်တွေကို ပြည်တွင်း နဲ့ နိုင်ငံတကာမှာ ရောက်ရှိနေတဲ့ နိုင်ငံကောင်းကျိုး ဦးစားပေးလုပ်လိုတဲ့ လူငယ်တွေ ပညာတတ်တွေကို ခွဲဝေပေးပြီး စနစ်ကျ ခေတ်မီတဲ့ Greater Yangon- မဟာရန်ကုန် စီမံကိန်းမှာ ကိုယ်စွမ်းတဲ့ဖက်က ပါဝင်စေလိုကြောင်း ပြောပါတယ်။ စွမ်းအင်၊ မြို့ပြရဲ့ အမှိုက်(Solid Waste) နဲ့ Sanitation System၊ Traffic condition တွေ ပြေလည်စေဖို့ လုပ်ဆောင်နေပုံတွေကို ပြောပြပါတယ်။

မြန်မာကျောင်းသားတွေ လက်ရှိ လေ့လာနေကြတာကလည်း ဒီနယ်ပယ်တွေ ဖြစ်နေတာ တွေ့ရလို့ လူထု အမြန် လိုချင်နေတဲ့ အခြေအနေရောက်ဖို့ ကြိုးစားသင်ယူကြစေလိုပါတယ်လို့ ဆိုပါတယ်။ အဲ့ဒီနောက်မှာတော့ ဆရာကိုမျိုးမင်းဝင်းက မြို့ပြအမှိုက် နဲ့ စီမံခန့် ခွဲမှု (Waste Management-Treatment) နဲ့ စွမ်းအင် (Energy) ဆိုင်ရာ နည်းပညာအသုံးချပုံ၊ တက္ကသိုလ်-မြို့ ပြစည်ပင်နဲ့ အဖွဲ့ အစည်းများ အတွက် Data အချက်အလက် ပိုင်းဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ကြပုံများ (The way to share University-Municipal Waste Management Bareau-Industry) ကို ဆွေးနွေးပါတယ်။

ဆရာကိုကျော်စိုးလွင်ကလည်း ရှေ့ လျောက် လူငယ်တို့ အတွက် တက္ကသိုလ် ဝန်းကျင်ကောင်းများ ရအောင်ဖန်တီးနိုင်ရေး နဲ့ တက္ကသိုလ်ရဲ့ သုတေသနတွေ လက်တွေ့အကျိုးပြု ဖြစ်လာဖို့ စက်ရုံတွေနဲ့ ဘယ်လို လေ့လာဆွဲဆောင်ချိတ်ဆက်ကြမလဲ ဆိုတာရယ်၊ လူငယ်နှင့် အားကစား၊ မူးယစ်ဆေးဝါး အန္တရာယ် စတဲ့အကြောင်းအရာတွေကို ဂျပန်နိုင်ငံမှာတွေ့ကြုံနေရ တာတွေနှင့်ဆက်ဆက်ပြီး ဆွေးနွေးပါတယ်။

ဆရာကိုမျိုးမြင့်က သူလက်ရှိသင်ယူနေတဲ့ Robot Technology အပြင် လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့ ဆရာဆရာမတွေအနေနဲ့ သုတေသန အလေ့အထ ဘယ်လိုထူထောင်ကြလဲ ဆိုတာ လေ့လာဖြစ်ကြောင်း ဆွေးနွေးပါတယ်။

ဒီလိုတွေ့ဆုံဆွေးနွေးနိုင်ဖို့ တိုကျိုတက္ကသိုလ်မှာ ပညာသင်ကြားလျက်ရှိတဲ့ ဒေါက်တာမျိုးမင်းဝင်း ကပဲ ဦးဆောင် သီစဉ်တာဖြစ်ပြီး။ ကျွန်တော်နဲ့ ဆရာမျိုးမြင့်ကတော့ Okayama ကနေ Professor တွေဆီခွင့်ပြုချက်ယူပြီး လာရောက်ခဲ့ကြတာပါ။ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရသစ်ရဲ့ ဝန်ကြီးချုပ် အသစ်ဆက်ဆက်နဲ့ အစိုးရအဖွဲ့ကို အခုလိုဆွေးနွေး

ခွင့်ရတာ၊ ပြည်သူတစ်ယောက်ရဲ့ အသံကို ပေးသိခွင့်ရတာ အနာဂတ် အမိနိုင်ငံတော်အတွက် အားတက်မိတာတော့ အမှန်ပါ။

Reference: From Shwebo Tharr facebook account (Dr. Myo Min Win (YTU))

10.9.2016

67. ဂျပန်လူမျိုး မိတ်ဆွေ (၁)

****

ဂျပန် စရောက်ခါစ ဂျပန်လူမျိုး မိတ်ဆွေ တွေနဲ့ တွေ့ တိုင်း ကိုယ့်နိုင်ငံ အကြောင်း ပြောပြချင်ကြတဲ့အထဲ ဆရာကျော်တို့ ထိပ်ဆုံးက ပါမယ်ထင်ပါတယ်။ ဆရာကျော်နဲ့ အင်မတန် ရင်းနှီးတဲ့ ဂျပန်မိတ်ဆွေကြီးနဲ့ကတော့ တစ်လတစ်ခါလောက်ဆုံ ဖြစ်ကြပါတယ်။
ထုံးစံအတိုင်း မြန်မာအကြောင်းတွေ သူ့ကို ပြောပြောပြရင် ပြီးပြီးကြီးနဲ့ နားထောင်နေလေ့ ရှိတယ်။ အတော်အတန် ရင်းနှီးလာကြပြီး တစ်ရက် ဆရာကျော်တို့ အိမ်ဘေးက ဘကြီးမျိုးရယ် အဲ့ဒီဂျပန် မိတ်ဆွေကြီးရယ် သုံးယောက်သား ကော်ဖီဆိုင်လေးမှာ ကော်ဖီသောက်ရင်း လေပန်းကြတယ် ဆိုပါတော့။ ထုံးစံအတိုင်း ရွှေမြန်မာ အကြောင်းရောက်သွားပြန်ရော...ဒါနဲ့ ဂျပန်ကြီးက " အေးဗျ....တကယ်တော့ မြန်မာကို ကျုပ်...သုံးခေါက်ရောက်ဖူးတယ်" ....ဆိုတော့ဘေးက ဘကြီးမျိုးက ဂျပန်စတိုင် အရမ်းအံ့သြသွားတဲ့ စတိုင်နဲ့.."...ဟင်....တကယ်ကြီးလား..." "ဟုတ်တယ်...ထိုင်းကနေ သွားတာ...."..."...ဒါ...ဒါဆို... ပုဂံ ကိုရော ရောက်ခဲ့သေးလား..."အားရဝမ်းသာနဲ့ဆရာကျော် ဝင်မေးလိုက်တယ်။..."ရောက်ခဲ့တာပေါ့....ဘယ်တော့မှ မမေ့ဘူး..."ဆိုလာပြန်တော့ အားရဝမ်းသာ မာန်တတ်သွားတဲ့ အထွာနဲ့ ဘေးက မျက်နှာကြီးတွေ ပြီးဖြီးနေတာ ဆရာကျော်နဲ့ ဘကြီးမျိုး။
ဒါနဲ့သူကဆက်ပြောတယ်..."အဲ့ဒီကိုသွားဖို့ ..@#%*..အဖွဲ့ကမြန်မာတစ်ယောက်က ကူညီပေးရှာပါတယ်...ရထားလက်မှတ်လည်း သူပဲဝယ်ပေးတယ်...ဒါနဲ့ သူ့ကိုတောင် အကောင်းစား SHARP အမျိုးအစား Calculator တစ်လုံး လက်ဆောင်ပေးလိုက်သေးတယ်..." ဆိုတော့ ကူညီတတ်တဲ့ လူမျိုးဆိုပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မာန်ထပ်တတ်ကြပြန်ရော။

ဒီလိုနဲ့ ဂျပန်ကြီးကဆက်ပြောတယ်..."ဒါပေမယ့်ဗျာ....သူ့ကို ဝယ်ခိုင်းတာ အထက်တန်း လက်မှတ်...ဝယ်ပေးလိုက်တာ...ရိုးရိုးတန်းဗျာ....အတော် ဒုက္ခရောက်တယ်.....ရထားဘူတာမှာ ရောက်တော့လည်း...အားပါးပါး...ပလက်ဖောင်းပေါ် လူတွေ အိပ်နေတာမှခြေချစရာတောင်မရှိဘူး....သူတို့ကို မနည်း ကျော်ခွပြီးသွားရတယ်.... ရထားပေါ်ရောက်တော့လည်း....လူတွေက ပြည့်ညက် နေတာပဲ လူသွားလမ်းတောင်မရှိဘူး...ထိုင်ခုံအောက်တွေမှာရောပြည့်လို့....ခြေထောက်ချစရာ တစ်နေရာပဲရတယ်...ဒီကြားထဲ...ကြက်ခြင်းကြီးက ဘေးနားမှာ တစ်လမ်းလုံး ကြက်တွေအော်လို့ ဆူညံနေတာ..ကြက်ချေးနံ့တွေကလည်း နံစော်နေတာပဲ.. စားသောက်တွဲကမပါ... ရေ ရေအတော်ငတ်တယ်ဗျ...ဒါပေမယ့်.ရှေ့ မှာထိုင်တဲ့ အမျိုးသမီးကြီးက သူဖျော်လာတဲ့ လဖက်ရည် တိုက်တယ်....ချိုလိုက်တာ

မနည်းမျိုချရတယ်....လဖက်ရည်သောက် ရေသောက်တော့ သေးကပေါက်ချင်တာနဲ့ တိုးဝှေ့ပြီး
အိမ်သာသွားတယ်...အိမ်သာရှေ့မှာလည်း လူတွေအပြည့်...တိုးပြီးအထဲဝင်လို့
ဟုတ်ပြီထင်တာ...အောင်မြလေးလေး...အထဲမှာ အိမ်သာက အပေါက်ကြီး အောက်က သံလမ်းကို
အတိုင်းသားမြင်နေရတယ်...ဒီလိုနဲ့ပဲ ပုဂံကိုရောက်ခဲ့တယ်ဗျာ..."ဆိုပြီး အမူအရာ အမျိုးမျိုးနဲ့
ပြောပြနေတော့ ဘေးက ဆရာကျော်နဲ့ ဘကြီးမျိုးတို့
ကလည်း..."..ဟာ...ဟင်...အို...သွားပဟ..."မျက်နှာအမူအရာ မျိုးစုံနဲ့ ပေါ့ဗျာ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး
တံတွေမျိုချသံတောင်..."..ဂလုခနဲ.."မြည်သွားတယ်။ စောစောကလို မာန်မတတ်နိုင်တော့ပဲ
အသံတိုးတိုးလေးနဲ့ "အဲ့ဒါ ဘယ်တုန်းကသွားခဲ့တာလဲဟင်..."ဆိုပြီးမေးလိုက်တော့"အင်း....လွန်ခဲ့တဲ့
အနှစ် ၄၀ကျော်က" တဲ့။

ဒါနဲ့ ဆက်ပြောသေးတယ်...စိုးစံတို့ပြန်ရောက်ရင် လာလည်မယ်တဲ့။ အဲ့လိုမျိုး ပလက်ဖောင်းပေါ်
အိပ်နေတဲ့သူတွေ ရှိလောက်တော့ပါဘူးနော်တဲ့....။ ဘကြီးမျိုးနဲ့ ဆရာကျော် တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်ပြီး သက်ပြင်းချသံလေးနဲ့အတူ မြန်မာလို
ပြိုင်တူဖြေလိုက်ကြတယ်..."ဟင့်....အင်းးးးးးး"

စာကြွင်း.....

(ဆက်ပြောရရင်...သူ့ရှေ့မှာ ထိုင်တဲ့ အဒေါ်ကြီးက..သူတို့ကို တြိဂံ ပုံ အကြော်(စမူဆာ)
ကျွေးလိုက်သေးတယ် ဆိုပဲ...ဒါနဲ့ ကျေးဇူးတင်လို့ဆိုပြီး ရွာကို လိုက်သွားသေးတယ်တဲ့ ဟိုရောက်တော့
မိသားစုနဲ့ အမှတ်တရ ဓါတ်ပုံ ရိုက်မယ်ဆိုတော့ လူတွေလိုက်ခေါ်တာ
တစ်ရွာလုံးထွက်လာကြသတဲ့ဗျာ....အယ်...အဲ့ဒီ အကြောင်းတွေကိုတော့ ...သူက ပြောခွင့်
ပါပစ်ရသွားသည့် နယ် ဂျပန်မိတ်ဆွေ အသစ်တွေနဲ့ ကျွန်တော်တွေ့တိုင်း
ပြောပြနေတော့တာပါပဲ...အဲ့ဒီအခါမလဲ သူက အားရပါးရပြောလိုက်...နားထောင်တဲ့ ဂျပန် ဦးလေးကြီးတွေ
အဒေါ်ကြီးတွေက အံ့သြပြလိုက်...ပြီးရင် ဆရာကျော်ဘက်ကို လှည့်ကြည့်လိုက်ကြနဲ့...မျက်စိထဲတာ
မြင်ယောင် ကြည့်ကြပါတော့ဗျာ...)
18.11.2017

68. ဂျပန်လူမျိုး မိတ်ဆွေ (၂)

****

နိပွန်ပြည်ကိုရောက်တာ နှစ်နှစ်ကျော်လောက် ရှိလာပြီဆိုတော့ ဂျပန်မိတ်ဆွေတွေနဲ့လည်း ထိတွေ့ခွင့်
ရလာတယ်။ တွေ့ကြဆုံကြလို့ မိတ်ဖွဲ့ရတဲ့အခါတိုင်း
ဘယ်ကလာလဲမေးရင်...မြန်မာကလို့ပြန်ဖြေလေ့ရှိပေမယ့်...တဖက်လူက မသိဘူးဆိုရင်...ဘိရှမာ...
လို့ဖြေကြည့်တယ်...ဒါမှ မသိသေးဘူးဆိုရင်တော့...စုကြည်စံရဲ့ နိုင်ငံပါလို့ ပြောမှ
အဆင်ပြေသွားလေ့ရှိတယ်။ ဒါကလည်း အသက် ၄၀ကျော်
တန်းတွေပါ...လူငယ်တွေကတော့သိပ်မသိကြပါဘူး။သူတို့အသိများတာ၊ စိတ်ဝင်စားတာကတော့ ထိုင်းပါ။

မြန်မာအကြောင်းကိုသိတဲ့ဂျပန်တွေက ကျွန်တော်တို့နဲ့တွေ့တိုင်း သိချင်နေတဲ့အကြောင်းလေးတွေ၊
ရှင်းပြချင်နေတဲ့အကြောင်းလေးတွေရှိတယ်။ ကျွန်တော့် Lab က ဆရာတွေကတော့ မြ
မြန်မာအကြောင်း လေ့လာထားကြတယ်။ အကြောင်းအားဖြင့်တိုက်ဆိုင်လို့
သမိုင်းအကြောင်းပြောဖြစ်တယ်ဆိုရင်တော့ အနော်ရထာကနေစလိုက်တာ...နောက်ဆုံး
ကုန်းဘောင်...အဲ့ဒီကနေ...ပြိတိသျှ...အဲ့ဒီကနေ
ဂျပန်ရောက်လာပြီဆိုရင်...အဲ့ဒီအပိုင်းလေး ကျော်လိုက်ပါ...ငါတို့သိတယ်လို့
အားတုန့်အားနာပြောလေ့ရှိတယ်။ကျွန်တော်နဲ့ သိတဲ့
ဂျပန်ဦးလေးကြီးတစ်ယောက်ကတော့..."ငါတို့...လုပ်ခဲ့တာတွေအတွက်..စိတ်မကောင်းပါဘူး...
တောင်းပန်ပါတယ်..."တဲ့။

ဂျပန်မိတ်ဆွေတွေထဲက တစ်ယောက်ကတော့ အထက်တန်းကျောင်းတစ်ကျောင်းရဲ့ Vice President
ပေါ့။ သူက ဂျပန်စစ်တပ်မှာ အရာရှိတစ်ယောက်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပြင်သစ်နဲ့ UN
အခြေစိုက်တပ်တွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်လို့ဆိုတယ်။ တစ်ရက်မှာတော့ သူနဲ့အတူ
နေ့လည်စာစားရင်း စကားတွေ ပြောကြတော့....သူသိတဲ့
မြန်မာအကြောင်းသူပြောတယ်...ဗိုလ်ချုပ်အောင်ဆန်း...အင်ဖားတိုက်ပွဲတွေအကြောင်းလည်းပါတယ်။ ပြ
ပင်သစ်မှာ ၅နှစ်လောက်နေလာတော့ ဝိုင်သိပ်ကြိုက်တယ်ဆိုပြီး တစ်ခွက်ပြီး
တစ်ခွက်မော့....ပြောရင်းပြောရင်း ဂျပန်စစ်ဗိုလ်ရုပ်လုံးလည်း ပုံပေါ်လာတယ်...စကားသံတွေကမာလာပြီး
အံကြိတ်ကြိတ်ပြီးပြောတယ်။ နောက်ဆုံး
သူသိချင်တာလေး မေးပါရစေတဲ့..."အဲ့ဒီတုန်းက...ဗမာတွေ...ဂျပန်တွေကို မုန်းခဲ့လား...ဂျပန်တွေက
ဆိုးတယ်လို့ ပြောကြလား...?????"
ကျွန်တော်လည်း ဖြေးဖြေးဆေးဆေးပဲပြန်ပြောလိုက်ပါတယ်..."ဟုတ်တယ်....အရမ်းကို
မုန်းခဲ့တယ်...အတော်ကို ဆိုးခဲ့တယ်"....သူအခဏ ငြိမ်သွားတယ်...စားပွဲပေါ်လက်နှစ်ဖက် ထောက်ပြီး
ပြောင်နေတဲ့ နဖူးနဲ့ စားပွဲကို ထိပြီး..."တောင်းပန်ပါတယ်..."တဲ့။

အဲ့လိုသူတို့တွေ တောင်းပန်ပါတယ်ပြောတိုင်း..."အခုကတော့ ပြောင်းလဲနေပါပြီ....ဂျပန်ကလည်း
အကူအညီတွေပေးနေပါတယ်...ဂျပန်-မြန်မာ ဆက်ဆံရေးကို
ဒီထက်ကောင်းအောင်ကြိုးစားကြတာပေါ့..."လို့ပြောရင်း အနာဂတ်ကို မျက်နှာမူပြီး
အပြုံးများဖလှယ်လေ့ရှိပါတယ်။ တကယ်တော့ သမိုင်းဆိုတာ သင်ခန်းစာယူဖို့ပါ အချိန်ပြည့်

နာကြည်းမုန်းတီးနေဖို့မဟုတ်ပါဘူး။ အတိတ်သမိုင်းတွေကို သင်ယူရင်း အနာဂတ် သမိုင်းတွေအတွက် လှုပ်ပြည့်စုံအောင် ကြိုးစားကြရမှာပါ။

19.5.2017

69. နိုင်ငံခြားသား ကျွန်တော့် မိတ်ဆွေများ

****

ကျွန်တော် Okayama University ကိုရောက်တဲ့ ဥနှစ်အတွင်းမှာ နိုင်ငံခြားသား သူငယ်ချင်းတွေ အများကြီး ရလိုက်ပါတယ်။ အဲ့ဒီထဲမှာ ဘာသာမတူတဲ့ သူတွေလည်း အများကြီးပါပါတယ်။ Lab ကိုစရောက်တော့ ကျွန်တော် သုတေသန လုပ်မယ့် Field က Senior အကြီးဆုံးက မွတ်စလင်ဘာသာဝင်ဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားပါ။ သူက အေးဆေးတည်ငြိမ်တဲ့ သူဖြစ်ပြီး စိတ်ကောင်းရှိတဲ့အပြင် ကျွန်တော်သိလို သမျှကို သူသိသလောက် တတ်အားသ၍ ကူညီပံ့ပိုးပေးခဲ့တဲ့အပြင် Professor ရဲ့ လက်အောက်မှာ ၅နှစ်ကျော်ကြာ အရင်နေခဲ့ပြီးဖြစ်တာကြောင့် Professor နဲ့ ဆက်ဆံရေး ကောင်းမွန်အောင် ဘယ်လိုနေထိုင်သွားဖို့ပါ လမ်းပြ ကူညီပေးခဲ့သူပါ။ သူတို့အိမ်ကို မကြာခဏ ထမင်းဖိတ်ကျွေး တတ်ပါတယ်။ သူဘွဲ့ရပြီးလို့ ပြန်သွားတော့ ဘင်္ဂလားဒေ့ရှ်ကပဲ မွတ်စလင်ဘာသာဝင် တစ်ယောက်၊ အိန္ဒိယဘာသာဝင် တစ်ယောက်ထပ်ရောက်လာပါတယ်။ သူတို့နဲ့လည်း ကောင်းမွန်တဲ့ဆက်ဆံရေးရှိတဲ့အပြင် အေးအတူ ပူအမျှ Professor ရဲ့ ဂျပန်စံတွေ Training တွေနောက်ကို မနည်းလိုက်နေကြရပါတယ်။

နောက်တော့ ခရစ်ယာန် ဖြစ်တဲ့ ကင်ညာနိုင်ငံသားရောက်လာပါတယ်။ ဒီအခါလည်း ဖေးမကူညီ ပြီး အတူကြိုးစားကြ၊ အောင်မြင်မှုရရင် တစ်ဦးကို တစ်ဦး ဂုဏ်ပြုကြနဲ့ လူအဖွဲ့အစည်းလေးဟာ ပျော်စရာလည်းကောင်းသလို ကျေနပ်စရာလည်းကောင်းနေပါ။ အဲ့ဒီထဲမှာ အင်ဒိုနီးရှား နိုင်ငံသား ၊မလေးရှာနိုင်ငံသား မွတ်စလင်ဘာသာ ဝင်တွေနဲ့လည်း အလွန်ခင်မင်ကြပါတယ်။ အားလုံးထဲမှာတော့ အင်ဒိုတွေက သူတို့ဘာသာကို အရမ်းအလေးထားတာတွေ့ရပြီး နေရာလွတ်ကလေးတွေမှာ တစ်နေ့ကို သူတို့ဝတ်ပြုတာ ၄ကြိမ်လောက်တွေ့ရပါတယ်။ နောက်ပြီး Okayama University ရဲ့ အနောက်ဘက်မှာ ဆိတ်သား၊ ကြက်သား၊ ပဲဟင်းနဲ့ လက်ဖက်ရည် အဝစားဆိုင်ဖွင့် ရောင်းတဲ့ မလေးနိုင်ငံသူ အဒေါ်ကြီးကလည်း ခင်ပါတယ်။ ကျွန်တော်တို့သွားစားနေကြဖြစ်ပြီး မွတ်စလင်ဘာသာဝင်တွေ သောကြာနေ့ ဝတ်ပြုပြီးရင် လာရောက်သုံးဆောင်ကြတဲ့ဆိုင်ပါ။

ဒီလိုနဲ့ ရခိုင်အရေးဖြစ်တော့ အခြား Lab ကလူတွေ Strong ဖြစ်တဲ့ အရှေ့အလယ်ပိုင်းသားတွေ ပူညံပူညံလုပ်သံကြားရပေမယ့်။ ကိုယ့်ပတ်ဝန်းကျင်က လူတွေကတော့ ကိုယ့်ကို အားနာသလို ရှိသလို ပိုပြီးဂရုစိုက်တာကိုလည်းတွေ့ရတယ်ဗျ။ ကျွန်တော်တို့ကလည်း စားနေကျ မလေးသူ အဒေါ်ကြီး ဆိုင်တောင်မသွားတော့ပါဘူး။ တစ်ချို့ အရမ်းခင်တဲ့သူတွေက မနေနိုင်လွန်းလို့ မေးတာတွေရှိတယ်...သူများပြောတာထက် စိုးစံ ပြောတာနားထောင်ချင်တယ်လို့ ဆိုပါတယ်။ နောက် ၅လလောက်ကြာပြီး နောက်မှာ မလေးသူ အဒေါ်ကြီး ဆိုင်ကို သွားစားကြတော့

ကျွန်တော်ဘွဲ့ရသွားလို့ ပြန်သွားပြီ မှတ်နေတာ ဆိုပြီးပြောပါတယ်။ ဒီနေ့ သောကြာနေ့ဆိုတော့ ဆိတ်သား ဟင်းဆိုင် သွားစားတော့ အဒေါ်ကြီး ခါသီးဂျား က စိုးစံ ဘယ်တော့ ပြန်မလဲထပ်မေးပါတယ်။ မလေးသူ မွတ်စလင်ဘာသာဝင် ဖီဇာစံကလည်း သူ့ Ph.D. Defense ပြီးသွားလို့ ဆိုပြီး ကျွန်တော်တို့စားတာ အားလုံးကို ရှင်းသွားပါတယ်။ အင်္ဂလန်သူကလည်း ကျွန်တော့ လက်မောင်းလေးကို ကိုင်ပြီး စိုးစံ ကြိုးစားပါ အကောင်းဆုံးလုပ်နိုင်ပါစေလို့ ဆုတောင်းပေးသွားပြန်ပါတယ်။

ကျွန်တော့ ပတ်ဝန်းကျင်ကလူတွေကို လေ့လာကြည့်လိုက်တော့ ပညာတတ်တယ်၊ အဆင့်မြင့်တဲ့ အတွေးအခေါ် အယူအဆတွေရှိတယ်။ အိမ်ရှင်ဂျပန်က အများစုကို ငွေရေးကြေးရေး နေရေးထိုင်ရေး ကျန်းမာရေးကစ အားလုံးကို စောင့်ရှောက်ထားတယ်။ ဒီတော့ ကျွန်တော်စဉ်းစားမိတယ်။ လူတွေဟာ ကိုယ့်အကျိုးစီးပွားနဲ့ ပက်သက် ဆက်နွယ်မှုမရှိဘူးဆိုရင် ဘယ်နိုင်ငံ ဘယ်ဘာသာဝင်ပဲ ဖြစ်ဖြစ် ပေါင်းသင်းဆက်ဆံတဲ့ နေရာမှာ တစ်ဦးအပေါ် တစ်ဦး ကောင်းကြတယ်။ ပူပေါင်းဆောင်ရွက် နိုင်ကြတယ်။ တကယ်လို့ ကိုယ့်ရဲ့ ကိုယ်ကျိုးစီးပွားနဲ့ ဆက်နွယ်ပက်သက်လာပြီဆိုရင်တော့ နိုင်ငံသား အချင်းချင်းဖြစ်စေ၊ လူမျိုးတူသူအချင်းချင်းပင် ဖြစ်လင့်ကစား တစ်ဦးကို တစ်ဦး တိုက်ခိုက် နေတတ်ကြပါလား ဆိုတာပါပဲ။ ဒါဟာ ဘဝက ပေးတဲ့ သင်ခန်းစာပါ။

အားလုံးကို ကျေးဇူးတင်ပါတယ်။
9.2.2018

70. ဖွံ့ဖြိုးဆဲ နိုင်ငံက ကျောင်းဆရာ/ဝန်ထမ်းတွေ

****

ဂျပန်ပြည်ကြီးမှာ ပညာသင်ယူနေကြတဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံက ကျောင်းဆရာ/ဝန်ထမ်းတွေ ဆုံကြတော့....

ဗီယက်နမ်။ ငါတော့ဘွဲ့ရပြီဆိုတော့ ပြန်တော့မယ်...ငါ့တိုင်းပြည်မှာပဲ ဆက်ပြီးအလုပ်လုပ်မယ်။

ကင်ညာ-ဘ။ ဟာ...မင်းတို့ ဗီယက်နမ်က ဟိုနှစ်ယောက်တော့ ဂျပန်မှာ အလုပ်ရသွားပြီ...လစာအတော်ကောင်းတယ်ပြောတယ်...ဗီယက်နမ်က အလုပ်ကိုတော့ နုတ်ထွက်လိုက်ကြပြီ...

ဗီယက်နမ်။ ငွေကအရေးမကြီးပါဘူးကွာ...ငါကတက္ကသိုလ်မှာ အလုပ်လုပ်ရတာပဲကြိုက်တယ်...ငါတို့ တက္ကသိုလ်တွေလည်း ကမ္ဘာ့အဆင့်မှီအောင်ကြိုးစားနေကြပြီလေ...

ကင်ညာ-ဂ။ အေးဟုတ်တယ်ကွ...company အလုပ်ဆိုတာ အတော်ပျင်းစရာကောင်းတယ်...ငါတက္ကသိုလ်မှာ အလုပ်မလုပ်ခင်က Company မှာ တစ်နှစ်လုပ်ဖူးတယ်...ဒါတွေကြီးပဲ လုပ်နေရတော့ ငြီးငွေ့လာတယ်...ငါလည်း တက္ကသိုလ်မှာ ဆရာပဲလုပ်မယ်...

တရုတ်။ ဟုတ်တယ် University life ကိုပိုပြီးသဘောကျတယ်...ဒီမှာ ပညာသင် ၄နှစ်ပြီးရင် ပြ ပြန်မယ်...တရုတ်မှာပဲ အလုပ်လုပ်မယ်...

ထိုင်း။ ငါတို့ တက္ကသိုလ်တွေလည်း ကြိုးစားနေပြီဆိုတော့ ဟိုမှာပြန်ပြီး အလုပ်လုပ်တာပိုအဆင်ပြေတယ် မိသားစုနဲ့လည်းအတူနေရတယ်...

ဘင်္ဂလားဒေ့ရှ်။ ငါတို့နိုင်ငံမှာ အစိုးရအလုပ်တစ်ခုရဖို့လွယ်တာမဟုတ်ဘူး...ဂျပန်က စက်ရုပ်လူသားတွေလို တော့်မနေချင်ဘူးပြန်မယ်...

မြန်မာ။ အေးကွ... အခုအဖွဲ့ထဲမှာ လစာနည်းပါတယ်ဆိုတဲ့ ဘင်္ဂလားဒေ့ရှ်တောင် ဒေါ်လာ ၆၀၀ကျော်ရတယ်...မနှစ်ကဘွဲ့ရပြီးပြန်သွားတဲ့ ဘင်္ဂလားဒေ့ရှ်က သူငယ်ချင်း Assistant Professor ကသူရတဲ့ အိမ်ခန်းပြတယ် အတော်ကျယ်တယ်...မင်းလာလည်ရင်ငှါအိမ်မှာ တည်းပါလို့ပြောတယ်... ငါတို့ဆီမှာတော့...ငါက Professor ဆိုပေမယ့် လစာက ဒေါ်လာ၃၀၀မပြည့်ဘူး...နေစရာအိမ်ရဖို့ကလည်း မသေချာဘူး...မင်းတို့လို Research Fund တွေရဖို့လည်းမသေချာဘူး...ဒါပေမယ့် ဂျပန် Company ကအလုပ်ပေးမယ်ဆိုရင်တောင် ငါမနေဘူး...ပြန်မယ်...ငှါတိုင်းပြည်မှာပဲ အလုပ်လုပ်မယ်...

ထိုအခိုက် အားလုံး ခဏငြိမ်သက်သွားပြီး ပါးစပ်အဟောင်းသားနဲ့ သနားတဲ့အကြည့်တွေနဲ့ မြန်မာ ကျောင်းဆရာလေးကို ဝိုင်းကြည့်နေကြလေရဲ့....

မနေ့ကဖြစ်သည်။

29.9.2017

71. နိုင်ငံတကာ ဘောလုံးပွဲ

****

ဆရာကျော် ဘောလုံးကစားရတာ အလွန်ပဲနှစ်သက်ပါတယ်။ အခုထိလည်း ကစားပါတယ်။ အရင်လို ကြမ်းကြမ်းတမ်းတမ်း မာန်ပါပါ မကစားနိုင်တော့ပေမယ့် တလူပ်လူပ်နဲ့ နိုင်သလောက်တော့ ကစားနေတာပါ။ဘောလုံး နဲ့ပက်သက်တဲ့ အမှတ်တရတွေကလည်း ဘဝစာမျက်နှာထဲက ကိုထုတ်မရအောင် စွဲထင်နေတုန်းပါပဲ။ အရင်က ဆို ဘောလုံးပွဲတွေကို ကြည့်ဖြစ်အားပေးဖြစ်ပေမယ့် အခုတော့ မြန်မာအသင်းနဲ့ ကမ္ဘာ့ဖလားကလွဲပြီး စိတ်မဝင်စားသလောက်ပါပဲ။ ဂျပန်မှာ သူငယ်ချင်းတွေက ချန်ပီယံလိဒ် ကြည့်ဖို့ခေါ်ရင်တောင် မလိုက်ဖြစ်ခဲ့ပါဘူး။

ဒါပေမယ့် နိုင်ငံတကာ ဘောလုံးသမားတွေနဲ့တော့ Sunday တိုင်းကစားဖြစ်တယ်။နိုင်ငံတကာဆိုတော့ အော်ဇီ၊ အင်္ဂလန်၊ အမေရိကန်၊ ကင်ညာ၊ အာဖရိက၊ဂျပန်၊ ကိုရီးယား၊တရုတ်၊ ထိုင်း၊ မလေး၊ ဗီယက်နမ်၊ကန်ပူးချား...အစုံပေါ့ဗျာ။ ကစားတဲ့အခါ နှစ်သင်းခွဲတော့ ကိုယ့်ဘက်ကျတဲ့သူက ကိုယ့်အသင်းသားပေါ့။ ဒီတော့ ဘောလုံး ပေးတာပဲ ဖြစ်ဖြစ်၊ တောင်းတာပဲဖြစ်ဖြစ် နာမည်အော်ရတယ်။ အနောက်ကကောင်တွေဆိုရင်...ဟေး...ဂျွန်တို့၊ မိုက်ကယ်တို့ပေါ့...အာဖရိကကကောင်တွေဆို...အော်စကာတို့၊ ဂျဖရီတို့ပေါ့...ဂျပန်ကကောင်တွေဆိုရင်...ရော့စကဲတို့...ဟီရူကတို့၊နောက်တော့ ဇန်၊ဖန်၊ သွန်၊အမာရူ၊အွန်၊ စုံနေတာပါပဲ။

ဒါတင်ဘယ်ကမလဲ တစ်ခုခုဆို အာမေနိတ်သံတွေကလည်း မျိုးစုံ။ ကစားကွက်ဖော်တာကလည်း ဘာသာစကားမျိုးစုံ။ကွင်းလည်ကိုပို့ဟာဆိုရင် ဂျပန်က...မန်းနခ၊ ဂိုးထဲကန်ဟာဆို.... ရှူးတို၊ ဘောလုံးကို passing လုပ်ပါဆိုရင် တရုတ်က..... ပျပျ၊ ကန်လိုက်လို့လွဲသွားရင် ဝမ်ထောင်းးးးဆိုတော့ ကစားတာကြာလာတော့ ဆရာကျော်လည်း...ဟေး.....မန်းနခ၊....
ပျပျ...ရှူးတို...ရှူးတို....ဝမ်ထောင်းးးး....။

10.12.2017

72. အရှေ့နဲ့အနောက်

****

ဆရာကျော် တစ်ယောက် မကြီးမငယ်နဲ့ ကျောင်းတက်နေရတာ ပျော်စရာတော့အကောင်းသားဗျ။ အထူးသဖြင့် ဂျပန်ဘာသာစကားသင်တဲ့ အတန်းကတော့ အတော်လေး အတွေ့အကြုံရတယ်...နိုင်ငံ စုံကလူတွေနဲ့ ထိတွေ့ စကားပြောခွင့်ရတာကိုးဗျ။တစ်ခါက ဂျာမနီ မှာကျောင်း တက်နေတဲ့ သူငယ်ချင်း တစ်ယောက်က ပြောဖူးတယ်..."...အရှေ့စံတွေနဲ့ အနောက်နဲ့ကမတူဘူးကွ...အရှေ့ဟာ အရှေ့...အနောက်ကအနောက်ပဲ..."တဲ့။ သူပြောတာအခုမှ ကိုယ်ကပိုသဘောပေါက်လာတယ်...တစ်ပတ်လေးရက်၊ တစ်ရက် နှစ်နာရီလောက် သူတို့နဲ့ ပြောခွင့်ဆိုခွင့် အယူအစတွေ ဖလှယ်ခွင့်ရနေတာဆိုတော့လေ။

အနောက်ကလူတွေက ပြောစရာရှိရင်
ပွင့်ပွင့်လင်းလင်းပြောတယ်...ကြိုက်ရင်ကြိုက်တယ်...မကြိုက်ရင်မကြိုက်ဘူး...ဒဲ့ပဲ။ အရှေ့က လူတွေက နည်းနည်းဝေ့တယ်...ကြိုက်တာလိုလို
မကြိုက်တာလိုလို...????လိုလို...???လိုလို...တွေအမြဲလုပ်တယ်။တစ်ရက်က ဂျပန်စာသင်တဲ့ ဆရာမက မေးတယ် ကျောင်းပိတ်ရက်မှာ ဘာတွေလုပ်ခဲ့သလဲပေါ့...ဒီတော့ အနောက်ကလူက သူဂျပန်လိုရေးထားတဲ့ စာအုပ်ကလေး တစ်အုပ်ဖတ်ဖြစ်ခဲ့တယ်ပေါ့...ဒီတော့ ဆရာမ...ဟယ်...ဟုတ်လား..တကယ်....ဆိုပြီး ဂျပန်ထုံးစံအတိုင်း ကမ္ဘာပျက်မတတ် အရမ်းအံ့သြတဲ့ပုံလုပ်ပြတော့.....ဟိုလူက...နေပါဦး...ဒီစာအုပ်လေးဖတ်တာ..ဘာများအရမ်းအံ့သြစရာ ကောင်းလို့လဲလို့... ခပ်တည်တည်ပဲ ပြန်မေးတော့...ဂျပန်ဆရာမ ဘာပြောရမှန်းမသိဖြစ်သွားတယ်။

တစ်ရက်ကလည်း အင်္ဂလိပ်စာတန်းတက်နေတဲ့ ဂျပန်ကျောင်းသားတွေနဲ့ Joint Lecturer တက်ရတယ်။အဖွဲ့တွေဖွဲ့ပေးထားပြီး ဂျပန်တွေက အင်္ဂလိပ်လိုပြော ဆရာကျော်တို့က ဂျပန်လိုပြောပေါ့။ဒါနဲ့ ဆရာကျော့်အဖွဲ့မှာ ဂျပန်ကျောင်းသားလေးယောက်၊ ဂျာမနီကျောင်းသူရယ် အတူကျတယ်။ဂျပန်ကျောင်းသားတွေ ဆွေးနွေးချင်တာက နိုင်ငံရပ်ခြား ကျောင်းတက်ရတဲ့ အကြောင်း???။
ဆရာကျော်လည်းပြောတာပေါ့...အဆောင်နေကျောင်းသားဘဝကဘယ်လိုပျော်စရာကောင်း ကြောင်း၊ ကြောင်း၊သူငယ်ချင်းတွေအများကြီးရကြောင်း၊ မတူညီတဲ့ ယဉ်ကျေးမှု လူနေထိုင်မှုအခြေအနေတွေကို လေ့လာသင့်တယ်ဆိုတဲ့အကြောင်းပေါ့....နောက်...ဂျာမန်ကျောင်းသူအလှည့်ရောက်တော့...သူက

အဆောင်နေတာမကြိုက်ကြောင်း
လူတွေအများကြီးကိုနေ့တိုင်းမတွေ့ချင်ကြောင်း...သူငယ်ချင်းတွေအများကြီး
မလိုချင်ကြောင်း...အာရုံနောက်တဲ့အကြောင်း...ဘားကိုသွား ဘီယာသောက်ပြီး
ကရတာပျော်ဖို့ကောင်းကြောင်း...ဆန့်ကျင်ဘက်တွေကြီးပဲ... ဆရာကျော်မျက်နှာလည်း
ရည်းစားကကျွေးလို့ မရမ်းသီးဝါးထားရတဲ့အတိုင်း...သို့ပေသည့် သဘောကျသဗျ...ဘာမှညှိမနေဘူး
သူကြိုက်တာသူပြောတာပဲလေ..အဲ့ဒီကျမှ ဩော်.... အရှေ့ဟာ အရှေ့ အနောက်ဟာ
အနောက်ပါပဲကလားဆိုတာ....ကိုယ်တိုင်ကြုံတွေ့ခဲ့ရတော့တာပါပဲကွယ်ရှိ့။

30.4.2017

73. ဂျပန် အိမ်သာ

****

နာမည်ကိုက အိမ်သာတဲ့။ ဟုတ်တယ်လေ နေရာတိုင်း အိမ်တိုင်းမှာ သူရှိမှ သာသာယာယာ ရှိတာ။
သူမရှိပဲ တစ်မနက်လောက် နေကြည့်ပါလား...အိမ်ကလူတွေ မသာမယာဖြစ်ကုန်ကြရော။ ဒါ့ကြောင့်
သူ့ကို အိမ်...သာ လို့ နာမည်ပေးထားတယ်ထင်ပါ့ဗျာ။ အယ်...အဲ့ဒီအိမ်သာတွေ များထဲမတော့
ဂျပန်ပြည်က အိမ်သာများကတော့ နာမည်ကြီးသဗျ...။

နာမည်ကြီးဆို သူကထူးထူးခြားခြား ကို စီမံထားကြပါရောလား..။ခလုပ်တွေမှ
စုံလို့ဗျာ။ ဆေးကြောသန့်စင်ရေးအတွက် အလိုအလျောက် ဆေးပေးတဲ့ ရေပန်းလေးပါသဗျ။ ရေရဲ့ ရေရဲ့
ပြင်းအားကို လိုသလို အတိုးအလျော့ လုပ်လို့လည်း ရသဗျ...နောက်ပြီး ရေပူရေအေး
စနစ်ကပါသေး...သိတဲ့အတိုင်းပဲ နိပွန်ပြည်ဆောင်းက အလွန်အေးဆိုတော့ ထိုင်ခုံလေးပါ နွေးနေအောင်
အပူပေးထားလို့ရတယ်ဗျ...ဒါတင်ဘယ်ကမလည်း...ရှက်တတ်တဲ့ ကိုကိုမမတွေအတွက် Music
လေးလည်းဖွင့်ထားလို့ရပ့ါ။

ဒါပေသည့် ခလုပ်တွေမှာ ရေးထားတဲ့စာတွေက ဂျပန်လိုကြီးဖြစ်နေလေတော့...ဘုမသိဘမသိ
ယမ်းယောင်ပြီး လျှောက်မနှိပ်မိအောင်လည်း သတိထားရတယ်...တော်ကြာ
အရေးပေါ်ခလုပ်တွေ လျှောက်နှိပ်မိလို့ လုံခြုံရေးတွေ ကယ်ဆယ်ရေးတွေ အိမ်သာတံခါး အတင်းဖွင့်ကြလို့
ဒုက္ခများမှာလည်း ပူရသေးသဗျ...။

ဒီလောက်နဲ့ ဘယ်ကမလဲ ဘူတာရုံလို၊ ဈေးဝယ်စင်တာကြီးတွေမှာရှိတဲ့ အိမ်သာတွေဆို
ကလေးအဖေတွေ၊ အမေတွေနဲ့ ၊ မသန်စွမ်းသူတွေအတွက် သီးသန့်စီမံထားကြတယ်၊ ဂျပန်မှာရှိတဲ့
သန့်စင်ခန်းတွေဆိုတာ ဘယ်နေရာဖြစ်ဖြစ် သန့်လို့ရှင်းလို့ဗျာ။လက်ဆေး
ဆပ်ပြာဆိုတာလည်း နေရာတိုင်းလိုလိုမှာ ထားပေးထားတယ်။

ကျုပ်တို့ ရွာက ဘကြီးတွေကတော့ ဂျပန်အိမ်သာတွေ အလွန်ကြိုက်ဆိုပဲ။ အိုဆာကာက ကမ္ဘာ့အမြင့်ဆုံး
အဆောက်အဦပေါ် ရောက်တော့ အမှတ်တရ ဘာလုပ်ကြမလဲဟော့ဆိုတော့....အကုန်လုံး
သန့်စင်ခန်းထဲ ပြေးဝင်ကြတယ်...ဟုတ်တော့လည်း အဟုတ်သား...နောက်ကျောဘက်နံရံတွေက
မှန်တွေနဲ့ဆိုတော့ အတော်အထွာကြသဗျို့...ဒီလိုနဲ့ လူစုံရင် မေးကြည့်ဖြစ်တယ်...ဂျပန်က ပြန်ရင်

ဘာတွေအမှတ်ရနေမလဲဟေ့..ဆိုတော့.."ဟီး..ဟီး...ရေပန်းလေး.."လို့ ဆိုကြသဗျ...ကိုင်း မိတ်ဆွေတို့လည်း အလျင်းသင့်လို့ ရောက်ဖြစ်ရင် ဝင်ဖြစ်အောင် ဝင်ခဲ့ကြပေတော့ဗျို့....။

24.11.2017

74. အရောင်းစက် (Vending Machine)

****

ဂျပန် နိုင်ငံက စားသောက်ဆိုင်တွေမှာစက်ထဲငွေထည့်ပြီး ကြိုက်နှစ်သက်ရာ အစားအစာကို ခလုပ်နှိပ်ပြီး မှာလို့ရတဲ့ ဆိုင်တွေ အများကြီးရှိပါတယ်။ အဲ့လို အော်ဒါမှာပြီးရင် ပြန်အမ်းငွေနဲ့ မှာယူထားတဲ့ လက်မှတ်ကလေး စက်ထဲကနေ ထွက်လာ တာကိုယူပြီး နေရာလွတ်မှာ ထိုင်လိုက်တာနဲ့ ဆိုင်ကလူက လက်မှတ်ယူပြီး ခဏကြာရင် စားစရာလာချပေးပါတယ်။ ဈေးဝယ်ရင်လည်း အဲ့လိုပါပဲ ဝယ်ယူတဲ့ ပစ္စည်းကို ဆိုင်ဝန်ထမ်းက Barcode နဲ့ဖတ်ပြီး ကျသင့်ငွေကိုတော့ စက်မှာ ကိုယ်တိုင် သွားရှင်းရတာပါ။

ဆေးရုံကြီးတွေမှာလည်း ထိုနည်းဂင်းပါပဲ။ မိမိရဲ့ Smart Card ကို စက်ထဲ ထည့်လိုက်တာနဲ့ ကျသင့်ငွေကို မော်နီတာမှာ ပြတယ်ဆိုရင် ငွေထည့်ရှင်းလိုက်ယုံပါပဲ။ အဝတ်အစား ဆိုင် တစ်ဆိုင်မှာတော့ ဝယ်ပြီး အဝတ်အစားတွေကို စက်ထဲ ထည့်လိုက်တာနဲ့ ကျသင့်ငွေကို တွက်ထုတ်ပေးပါတယ်။ သူကတော့ အတော်လေး အဆင့်မြင့်ပါတယ်။ ဂျပန်နိုင်ငံမှာတော့ အဲ့ဒီလို ဝယ်ယူသူကိုယ်တိုင်က စက်မှာ ငွေရှင်းရတဲ့စနစ်ကို သုံးနေကြပါတယ်။

နောက်တစ်ခုက ဂျပန်နိုင်ငံရဲ့ နေရာတိုင်းမှာ Vending Machine တွေကိုတွေ့ရတတ်ပြီး အပူအအေးလိုရာကို အချိန်မရွေး ဝယ်ယူသုံးဆောင်နိုင်ပါတယ်။ အဲ့ဒီထဲကမှ ထူးထူးခြားခြား လေးကတော့ Myanmar-Japan Collaboration အတွက် ရည်ရွယ်ပြီး ရောင်းချပေးနေတဲ့ Vending Machine လေးပဲဖြစ်ပါတယ်။ ရရှိတဲ့ အမြတ်အစွန်းတွေကို မြန်မာနိုင်ငံအတွက်အသုံးပြုနေတာဖြစ်ပြီး တစ်နိုင်ငံလုံးမှာ ရှစ်ခု ရှိတယ်လို့ ဆိုပါတယ်။ တွေ့ရင် အားပေးလိုက်ကြပါဦးနော်။

30.7.2017

အပိုင်း (၆)

စိတ်အားဖြည့် ဘဝအတွေ့အကြုံ

75. မြန်မာတွေ မည့်ကြပါ သို့သော်

****

မြန်မာ အများစုရဲ့ ဉာဏ်ရည် ဉာဏ်သွေး၊ လုံ့လဝီရိယ၊ ကြိုးစားအားထုတ်မှု နဲ့ ပက်သက်ပြီး မည့်ဘူးဆိုတာကို ဂျပန် တက္ကသိုလ် ပညာသင်ကာလ နှစ်နှစ် ကျော်မှာ ရဲရဲကြီး ယုံကြည်လာတယ်။ ပထမ အနေနဲ့ ဂျပန်ဘာသာ စကား "ဝ" လုံးတန်းကို စတက်တော့ နိုင်ငံစုံက ကျောင်းသားတွေနဲ့ ထိတွေ့ခွင့်ရတယ်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမဏီ၊ ဥရောပ၊ အာရှ နိုင်ငံ စုံက ကျောင်းသားတွေပါ။ သူလည်း Zero၊ ကိုယ်လည်း Zero ကစရတာဆိုတော့ လိုက်နိုင်တယ်။ နောက်တော့ Lab ထဲမှာ တရုတ်အပါအဝင် နိုင်ငံခြား ကျောင်းသားတွေနဲ့ Research လုပ်ရတဲ့အခါ သူလည်း Zero ကိုယ်လည်း Zero က စရတာဆို Ok။

ဒါပေမယ့် အရင်က ရှိခဲ့တဲ့ အရည်အသွေးကို အခြေပြုရတော့မယ် ဆိုရင်တော့ မလိုက်နိုင်တော့ဘူး။ ဒါကျတော့ နေ့ချင်းရအောင် လုပ်လို့ရတာ မဟုတ်တော့ အတော်ရုန်းကန်ပြီးမှရတယ်။ သို့ပေသည့် တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်ဆိုရင်တော့ အတော်အသင့် လိုက်မှီလာကြသလို လေ့လာသင်ယူမှုလည်း မြန်တာကိုတွေ့ရတယ်။

သို့သော် အများစုက ဖွဲလို့ ခေါ်တဲ့ ကြာရှည်ခံတဲ့ သတ္တိတော့ အားနည်းတာတွေ့ရတယ်။ အပြောများ၍ အကြွားလည်း သန်ကြတယ်။ကိုယ်ဘယ်လောက် ပြန်လုပ်ပေးနိုင်တယ်ဆိုတာကိုယ့ဉာဉ်ပြိုင်ရမယ့်အစား၊ ကိုယ်ဘယ်လောက် တော်ကြောင်းကိုသာပြချင်ကြတယ်။ အကြွေးဆပ်တာကို ပေးဆပ်တယ်လို့ ထင်နေတတ်ကြတယ်။ ၂ယောက်ရှိရင် ၃ဖွဲ့ကွဲတယ်။ အနှစ်ထက် အပြစ်ကိုသာ မြင်လေ့ရှိတယ်။ တဖက်သားကို လိုအပ်တာထက် ပိုပြီးစိတ်ဝင်စားလေ့ရှိပြီး ဝင်ရောက်စွက်ဖက် တတ်တဲ့ အကျင့်ရှိတယ်။ အဓိကထက် သာမင်းညတွေကိုသာ ဦးစားပေးလုပ်တတ်ကြတယ်။ပြောရရင်တော့အများကြီးပါ။ ၂၀၁၈ မှာ အဲ့ဒါတွေစပြင်ကြရင်ဖြင့် မကြာမီ အမျိုးတွေ ဂုဏ်တက်လာမှာတော့ အမှန်ပဲ။

မှတ်ချက်။...။ ကျွန်တော် လည်းပြင်နေပါတယ်။

2.1.2018

76. ကျွန်တော့်ရဲ့စာပေ သူရဲကောင်းကြီး ဦးအောင်သင်း

****

စာရေးဆရာ ဆရာကြီး ဦးအောင်သင်း ဟာ မြန်မာစာပေလောကရဲ့
စာပေလူကြမ်း၊ဝေဖန်ရေးသမားကြီး၊မြန်မာလူငယ်ထုရဲ့ အဖိုးမဖြတ်နိုင်သော
လမ်းပြကြယ်တံခွန်ကြီး၊ကျွန်တော့ဘဝရဲ့ စာပေသူရဲကောင်းကြီး၊ဘဝလမ်းညွှန်ကြီးဖြစ်ပါတယ်။ ဆရာကြီး
က လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပညာရေးအပေါ် တန်ဖိုးထားတတ်အောင်
စာတွေရေးခဲ့၊ဟောခဲ့ပြောခဲ့သူပါ။ ကျွန်တော် တက္ကသိုလ် စရောက်တော့ စာဖတ်ခြင်းဆို တာကို
အပြည့်အဝ နားမလည်ခဲ့ပါဘူး။ ဘယ်လိုစာပေတွေကို ဘယ်လိုဖတ်ရမှာလဲ? ဘယ်လိုအသုံးချရမှာလဲ?
ဘာအတွက်ဖတ်ရမှာလဲ? အခုငါ့်ကိုသင်နေတဲ့စာတွေနဲ့မပြည့်စုံသေးဘူးလား စသဖြင့်
လားပေါင်းများစွာနဲ့ မေးခွန်းတွေထုတ်ခဲ့ဖူးပါတယ်။ ဒီလိုနဲ့
သူငယ်ချင်းတစ်ယောက်ရဲ့ကောင်းမှုနဲ့ ဆရာကြီးရဲ့ဟောပြောပွဲ တိတ်ခွေကို သူငယ်ချင်းတွေနဲ့အတူ
နားထောင်ခွင့်ရခဲ့ပါတယ်။

အဲ့ဒီကတည်းက" ပညာမတတ်လို့ အင်္ဂလိပ်ကိုစစ်ရှုံးရတာ၊
သူ့ကျွန်ဖြစ်ရတယ်ဆိုပြီးတာပဲလေ...ဝန်ခံလိုက်ပေါ့ ...လက်နက်အင်အားချင်း လူအင်အားချင်းမမျှ၍
စစ်ရှုံးခဲ့ရပါသည် ဆိုပြီး သမိုင်းကို ကြံဖန်ပြီး
မလှလှအောင်ရေးနေတယ်"..."နောက်လယ်သမားတွေ...ကျုပ်တို့က ဖင်ထဲကို ရှဲ့
တစ်ခွဲသားလောက်ဝင်မှ...ထမင်းနပ်မှန်တာဘာညာနဲ့ ...ဝင်ပေါ့ ပညာမှမတတ်တာ"....
"ကိုယ်ကဖင်ခုထိုင်ထားတဲ့ရေနံတောင် ကိုယ့်ဟာ ကိုယ်မတူးတတ်ဘူး...ကိုယ့်မြေမှာ ဘာအပင်စိုက်လို့
ဘာအပင်ပေါက်မှန်းတောင်မသိဘူး"...."ရှေ့ကလူတွေက
မစားပဲစွန့်သွားကြလို့....နောက်လူတွေက့ မစွန့်ပဲစားနေကြတာ"
"ဒီမယ်လူငယ်တွေ...အရှေ့ကနေဝန်းထွက်သည့်ပမာပါ့...မင်းတို့ ခေတ်ကိုရောက်ရမည်မှာမလွဲပါ...ဆိုတာ
ယုံလိုက်စမ်းပါ"..."ငယ်ငယ်မှာ ကိုယ့်ကိုယ်ကိုခိုင်းပါ ...ဒီလိုမှမဟုတ်ရင်...ကြီးလာရင်
သူများခိုင်းတာခံရတတ်တယ်..." ..." ကျုပ်တို့မြန်မာတွေက သူများအသက်ကို
သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဆိုတဲ့စာရိတ္တကုသိုလ်တော့ကောင်းကြတယ်.....ဆေးရုံကိုအလှူငွေထည့်ဖို့
ဆိုတဲ့ ဝါရိတ္တကုသိုလ်တော့
အားနည်းကြတယ်.....သူများဥစ္စာခိုးယူခြင်းမှရှောင်ကြဉ်ကြတယ်.....ခိုးနေတဲ့သူကိုတားဖို့ဆိုတဲ့ဝါရိတ္တ
သတ္တိတော့အားနည်းကြတယ်..." ကြာရှည်ခံတဲ့သတ္တိကို
ဇွဲဟုခေါ်ပါသည်တဲ့....စစ်ကားတွေထဲမှာ.....ခွေးမသားတွေဘာညာဆိုပြီးထပစ်တဲ့ကောင်သတ္တိကောင်
ကောင်းတာမဟုတ်ဘူး...အဲ့ဒါသတ္တိကုန်သွားတာ..."....." ဗိုလ်ချုပ်အောင်ဆန်းက.....ငါ၏လူပျိုဘဝကို
ငါအိမ်ထောင်ပြုတဲ့နေ့မှစွန့်မယ်တဲ့ ..ဒီလို စာရိတ္တသတ္တိကောင်းတာ"...."တောကမိသားစုတစ်စု
အခြားအသုံးစရိတ်တွေကိုချွေတာပြီး ကိုယ့်ကလေးကိုပညာတတ်အောင်မြို့
ပို့ပြီးပညာသင်ပေးရတယ်...ဒီလိုပဲ ...နိုင်ငံရပ်ခြားကို
ကိုယ့်နိုင်ငံအသုံးစရိတ်ချွေတာပြီး ...ပညာတော်သင်တွေများများလွှတ်ကြစမ်းပါ..."\"ကလေးလေးတွေအ
အတွက်...အားကစားကွင်းတွေ...စာကြည့်တိုက်တွေများများလုပ်ပေးကြပါ..အခုတော့
လူကြီးတွေဆော့ဖို့ပဲဂေါက်ကွင်းတွေလောက်လုပ်နေကြတယ်..."..."တိုင်းပြည်ရဲ့ အနာဂတ်ဟာ
လူငယ်တွေရဲ့ လက်ထဲမှာပဲရှိတယ်...လူကြီးတွေ...ကြိုက်ကြိုက်

မကြိုက်ကြိုက်...တစ်နေ့လူငယ်တွေရဲ့လက်ထဲကို တိုင်ပြည်ကိုထားခဲ့ရမှာပဲ....."စသဖြင့်
ဆရာကြီးရဲ့ဟောချက်ပြောချက်ရေးချက်တွေဟာ အခုထိကြားယောင်နေဆဲမြင်ယောင်နေဆဲ
အမှတ်ရနေဆဲပါ။

ကျွန်တော်စာရှုည်သွားမည်ဆိုး၍ ဒီလောက်ပဲဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ဆရာကြီးရဲ့ကျေးဇူးတွေ
ကျွန်တော့်အပေါ် အများကြီးပါ။ ကျွန်တော်ဆရာကြီးအိမ်ကို ကိုယ်တိုင်ကိုယ်ကျ
သွားရောက်ဂါရဝပြုချင်ခဲ့တာလည်းကျွန်တော်ရဲ့ပြင်းပြတဲ့ ဆန္ဒတစ်ခုပါပဲ။ဒါပေမယ့် ၂၀၁၃ခုနှစ်မော်လမြိုင်
စာပေဟောပြောပွဲ မှာဆရာကြီးလာမယ်ဆိုလို့ ကျွန်တော်အားရဝမ်းသာ
ဆရာကြီးကိုကန်တော့ဖို့ပုဆိုးတစ်ထည် စီစဉ်ထားလိုက်ပါတယ်။ ဒီလိုနဲ့အဲ့ဒီနေ့က
ဆရာကြီးဟောပြောလို့အပြီးလူရှင်းအောင်စောင့်ပြီး ဆရာကြီးအနားကို
ရောက်တယ်ဆိုရင်ပဲမြေကြီးပေါ်ဒူးထောက်လက်အုပ်ချီလျက်ကန်တော့ခဲ့ပါတယ်။ ဆရာကြီးက မေးလို့
ကျွန်တော်ကျောင်းဆရာပါ ဆိုတော့" အေး....လောကမှာကျောင်းဆရာအလုပ်ဟာ
ငါအကြိုက်ဆုံးအလုပ်ပဲ.....မင်းကန်တော့တဲ့ပုဆိုးကိုဒီကပြန်တာနဲ့ဝတ်ဖြစ်အောင်ဝတ်မယ်....." တဲ့။
ထိုနေ့အဖို့ နှစ်ပေါင်းများစွာကစိတ်ကူးလေးအထမြောက်ခဲ့လို့ ကြည်နူး မဆုံး ဝမ်းသာမဆုံးပေါ့ဗျာ။
ဒီနေ့တော့ ကျွန်တော်သင်တန်းတတ်နေတုန်း သတင်းဆိုးတစ်ခုက ကျွန်တော်မခေါ်ပဲ
ရောက်လာခဲ့တယ်။ ဆရာကြီးဦးအောင်သင်းဆုံးပြီတဲ့။နေ့လည်၁၁နာရီလောက်ကတဲ့လေ။ ကျွန်တော်
ပစ္စုပ္ပန်လောကကြီးနဲ့အဆက်ပြတ်သွားခဲ့ပါတယ်။ အတိတ်ကထူးထူးခြားခြား သားရေဂျာကင်
ဆင်တူဝတ်ထားကြတဲ့ ဆရာကြီးနဲ့ကျွန်တော် ရဲ့ စကားပြော ဇတ်ဝင်ခန်း အနေးပြကွက်ဆီသို့သာ။
ဆရာကြီးကောင်းရာသုကတိလားပါစေ။
ဆရာကြီးဖြစ်စေချင်တဲ့အတိုင်းကျောင်းဆရာကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားလျက်
ဆရာကြီးရဲ့ တပည့်
10:33PM
25.10.2014

From Comment
(ကျနော်ရေးပြခဲ့တာတွေကမှတ်မိသလောက်သာရေးခဲ့ရလို့ ဆရာကြီးရဲ့
အာဘော်အတိုင်းမဖြစ်ခဲ့တာကိုခွင့်လွှတ်ပါ။လယ်သမားကိစ္စကလည်းရှေ့မှာပြောခဲ့တဲ့စကားအခံတွေရှိပါတာ
တွေရှိပါတယ် လယ်သမားတွေကိုအပြစ်တင်တာမဟုတ်ပါဘူး ပညာတတ်အောင် စက်မှုလယ်ယာ
အဖြစ်ပြောင်းနိုင်အောင် အစိုးရကိုတွန်းအားပေးတဲ့စကားပါ။ကျွန်တော့်ဖော်ပြချက်များသည် Abstraction
သာဖြစ်သည့်အတွက်ဖြည့်စွက်နားလည်ပေးစေလိုပါတယ်။ကျေးဇူးတင်ပါတယ်။)

77. ကိုယ့်အိမ် ကိုယ်ပြန်ကြတဲ့အခါ

****

ANA Japan လေကြောင်းလိုင်းမှ လေယာဉ်ကြီး တိုကျိုမြို့ရှိ နာရီတာ (Narita) လေဆိပ်ကြီးကို ညင်သာ ချောမွေ့စွာ ဆိုက်ရောက်လာခဲ့သည်။ မောင်ကျော်တို့ တစ်သိုက် လှပ ယဉ်ကျေးလှတဲ့ အပြုံး ချီချို လေယာဉ်မယ်လေးတွေကို နှုတ်ဆက်ရင်း အထုပ်လေးတွေပိုက်ကာ ဆင်းခဲ့ကြတယ်ဆိုရင်ပဲ အေးစက်သန့်ရှင်းတဲ့ လေကို တစ်ဝကြီးရှူရှိုက်လိုက်ရသည်။ ဒီလို လေကောင်းလေသန့်မျိုးဆိုတာ မောင်ကျော်တို့ ဆီမှာ ခပ်ရှားရှားရယ်မို့ စိတ်ကို အလွန်ပဲ ကြည်လင်လန်းဆန်းပြီး သန့်ရှင်းသောလေကို အရသာခံ ရှူရှိုက်မိနေလေရဲ့။

နိပွန်မြေကို ခြေစချမိချိန်မှာတော့ ရင်ခုန်မိတာ အမှန်။ ဒါတို့ပြည် ဒါငါတို့ပြည် မဟုတ်ဘူး ဆိုတဲ့အသိနဲ့အတူ အားငယ်စိတ်က ဝင်မိသလို ဘာတွေ့တွေ့ ပြူးပြူးပဲပဲ လိုက်ကြည့်မိနေမိသည်။ လိုအပ်တဲ့ စာရွက်စာတမ်းများဖြည့်စွက်ပြီးချိန်မှာတော့ နိပွန်ပြည်မှာ နေထိုင်ဖို့ ကိုယ့်ခါတ်ပုံနဲ့ Resident Card ရခဲ့ပြီး ကိုယ့်အထုပ်လေးတွေ ကိုယ်ရွေးကာ နာရီတာ လေဆိပ်ကြီးမှသည် ပညာသင်ယူကြမည့် သက်ဆိုင်ရာ တက္ကသိုလ အသီးသီးရှိရာ သို့ လမ်းခွဲထွက်ခွာလာခဲ့ကြသည်။

ဝန်ထမ်းများရဲ့ အင်မတန် ကောင်းမွန်ချောမွေ့တဲ့ ဝန်ဆောင်မှုနဲ့အတူ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းတွေကြောင့် စိတ်ထဲပျော်နေမိတာတော့အမှန်။ မြင်မြင်သမျှ လေ့လာကြ လေ့လာကြည့်ရှုမှတ်သားရတာတွေကလည်း မကုန်နိုင်။ ကိုယ့်တိုင်းပြည်မှာ တစ်ခါမှ ကိုယ့်ကို ဆက်ဆံခံရဖူးတဲ့ အလေးပေးဆက်ဆံ မှုတွေကြောင့် ဘဝင်ကလေးပင် ခပ်မြင့်မြင့်ဖြစ်လာသည့်နယ်။ ပတ်ဝန်းကျင်ကြည့်တော့လည်း စိမ်းလို့စိုလို့။

ဒီလိုနဲ့ ခဏတာ တည်းခိုမယ့် နေရာရောက်လို့ အခန်းတွေကြည့်လိုက်တော့လည်း ဟိုတယ်တမျှ ခမ်းနားပြည့်စုံလှသည်။ ရောက်ပါပြီဆိုကတည်းက ငွေကြေးလည်း အပြည့်အစုံပေးထားလေတော့ စိတ်ပူပန်စရာဆိုတာ စိုးစဉ်းမျှမရှိ။ ပေးထားတဲ့ ယန်းငွေများကို တစ်ဆယ်နဲ့ မြှောက်မြှောက်ကြည့်ပြီး တစ်ယောက်တည်း ပြုံးပြုံးမိနေတာလည်း ခဏခဏ။ နေရာတိုင်း လုပ်ငန်းစဉ်တိုင်းမှာ ကိုယ်မစဉ်းစားမိတာတွေတောင် အသေးစိတ်စဉ်းစားပြီးလုပ်ထားလေတော့ အံ့သြခြင်းနဲ့အတူ ဒါမျိုးတွေရှိတယ်ဆိုတာ ငါတို့တစ်ခါမှ မသိခဲ့ရပါလား ဆိုတဲ့စိတ်နဲ့အတူ ဝမ်းနည်းမိပြန်။ ကိုယ့်ဆီက သူတွေကိုလည်း မြင်စေချင်လိုက်တာ၊ ကိုယ့်ဆီမှာလည်း ဒါမျိုးလေးတွေ ဖြစ်စေချင်လိုက်တာဆိုပြီး စိတ်ကူးယဉ်မိတာလည်း အကြိမ်ကြိမ်။ ဘယ်တော့များမှ ဖြစ်လာလေမလဲလို့ တွေးပူမိတာလည်း ခဏခဏ။

ဒီလိုနဲ့ မောင်ကျော်တို့ နေလာတာ နှစ်နှစ်လောက်ကြာတဲ့အခါမှာတော့ နိပွန်ပြည်ကြီးနဲ့ အတော်ကို နေ နေသားတကျဖြစ်လာကြသည်။ တစ်ခါများမှာတော့ မောင်ကျော်တို့တိုင်းပြည်က ဒိတ်ဒိတ်ကျဲ လူကြီးတွေရောက်လာတော့ အခွင့်အရေးကြုံတုန်း မောင်ကျော်တို့ရဲ့ အတွေ့အကြုံတွေကို ပြောပြချင်တာကြောင့် သမိုင်းကြီးတဲ့ တက္ကသိုလာကြီးဆီချိတက်ခဲ့ကြလေသည်။ တွေ့ကြဆုံကြတဲ့အခါမှာတော့ လူကြီးရဲ့ ဘာအခက်အခဲရှိပါသလဲဆိုတဲ့ အမေးထက် မောင်ကျော်တို့ရဲ့

အတွေ့အကြုံတွေကိုသာ တွန်းပြောနေမိကြသည်။ နိပွန် တက္ကသိလတွေရဲ့သုတေသန ဆိုင်ရာတွေ၊ စက်ရုံအလုပ်ရုံတွေနဲ့ လက်တွေ့ကျကျ ချိတ်ဆက်ဆောင်ရွက်နေမှုတွေအပြင် ကျောင်းသားနဲ့ အားကစား၊ မူးယစ်ဆေးဝါ၊ ကောင်းမွန်တဲ့ ပညာရေး ပတ်ဝန်းကျင်ကောင်းတွေနဲ့ ဤသို့ဤပုံ လုပ်ဆောင်နေကြကြောင်းတွေပေါ့။

ထိုအခါ ကိုယ့်တိုင်းပြည်က လာတဲ့ အသစ်စက်စက်လူကြီးကသေသေချာချာ နားထောင်ပေးနေခိုက် နိပွန်ပြည်မှာရှိတဲ့ လူကြီးက..." မင်းတို့...အဲ့ဒါတွေကို အားကျမနေနဲ့ အရေးကြီးတာ Hardware တွေမဟုတ်ဘူး Software တွေ ကိုယူကြ..."ဆိုပြီး ဘလိုင်းကြီးထအော်ပါလေရော...မောင်ကျော်တို့ တစ်သိုက်လည်း ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိကြလေရဲ့။ ထိုလူ သုတေသနဆိုတာတွေ၊ တိုင်းပြည်အတွက် ပညာရေး ဘယ်လောက်အရေးကြီးတယ်ဆိုတာတွေ ကို မသိလေရော့သလားထင်မိသည်။ နိပွန်ပြည်ကို အားကျလားလို့မေးလာတိုင်း ရိုးရိုးသားသားအားကျပါတယ်...လို့ဖြေပါသည်။ ထိုမှတဆင့် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် လုပ်ချင်ကိုင်ချင်စိတ်ဆိုသည်မှာ ဖြစ်လာကြသည်မဟုတ်ပါလော။ ထိုအရာကို အားမကျနဲ့ဆိုတော့ ခက်ချေပြီ။

ထိုအချိန်... အော် ငါတို့ဆီက လူတွေများ လူငယ်ပြောတာဆိုရင် နားထောင်တတ်လေ့မရှိ... ဟော ဟောက်မယ်ငမ်းမယ် ဆရာကြီးလုပ်မယ်ဆိုတဲ့ သူတွေ တယ်များပါကောလားလို့ အသိကပြန်ဝင်လာခဲ့လေသည်။ နေလာတဲ့ နှစ်နှစ်အတွင်း ထိုသို့ ပြန်လည်ဆက်ဆံခံရသဖြင့် တအံ့နွေးနွေးနဲ့ ခံစားမိနေကြလေရဲ့။ တကယ်ဆိုရင် ဒီလူငယ်တွေ ဒါတွေလေ့လာနေကြပြီ၊ ဒါတွေ သိနေကြပြီ၊ ဒီလို Point out လုပ်တတ်လာကြပြီ၊ ဒါဟာ တိုင်းပြည်တိုးတက်ရေးအတွက် အင်အားတွေဘဲ...ငါတို့ တတ်နိုင်သမျှ ကူညီမယ် ပံ့ပိုးမယ်...စသဖြင့် ဤသို့ဤပုံဖြစ်သင့်သည်။ အခုတော့ ထိုသို့မဟုတ်ပြီ။

ဒီလိုနှင့် ပညာသင် ၃နှစ်ကာလပြီးဆုံးလို့ တစ်ချို့တစ်ဝက် ပြည်တော်ပြန်ကြလေသည်။ ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်တိုင်းပြည်ကို ရောက်ကြလေပြီ။ သို့ပေမယ့် အလာတုန်းကနဲ့ အပြန်ခရီးက အင်မတန်မှ ခြားနားခဲ့လေပြီ။ ကိုယ့်မြေ ကိုယ့်ရေပေမယ့် ကျောတစ်ခင်းစာ နေစရာမျှမရှိ။ တစ်ချို့က အမျိုးအိမ်တွေသွားကြ၊ တစ်ချို့က သူငယ်ချင်းအိမ်တွေ၊ အဆောင်တွေ ကပ်နေကြရပြီ။

ပိုဆိုးတာက ငွေရေးကြေးရေး။ အများထင်သလို နိပွန်သွားတိုင်း ငွေမျိုးမျိုးမြုတ်မြုတ် ရခဲ့ကြသည်တော့မဟုတ်။ ဒီတော့အရင်က ငွေကိစ္စ စဉ်းစားစရာ မလိုခဲ့ပေမယ့် အခုတော့ တစ်လ သုံးသိန်းကျော်ဖြင့်ဘယ်ပုံ ဘယ်နည်း ခရီးဆက်ရမည်ကို အကြီးအကျယ် တွက်ချက်နေကြရသည်။ ဝန်ထမ်းဖြစ်ပေမယ့် အိပ်စရာ ကျောတစ်ခင်းစာမျှ မရှိလေတော့ ငှားရမ်းနေထိုင်ကြရသည်။ တစ်ချို့လည်း တစ်လ နှစ်သိန်း၊ တစ်ချို့လည်း တစ်လခုနှစ်သောင်းပေးနေကြရတယ် ဆိုတော့ လစာရဲ့ သုံးချိုးတစ်ချိုးမကလှ။ ကျန်းမာရေးဖြစ်ရင် နိပွန်မှာလို ၇၀%နှုန်းလည်း Free မရတော့။ ဒီကြားထဲ တစ်ရက်တစ်ရက် လိုင်းကားပေါ် အချိန်ကုန်။ ဆိုင်ကယ်စီးရင်လည်း အန္တရာယ်က မကင်း။မီးစိမ်းပြတိုင်း လမ်းဖြတ်ကူဖို့တောင် စိတ်မချရ။ အသံဗလံတွေကလည်း ဆူလို့ညံလို့။

ပတ်ဝန်ကျင်ဆိုတာလည်း အမှိုက်သရိုက်တွေနဲ့အပြည့်။ ပိုင်ရှင်မဲ့ ခွေးတွေကလည်း တစီစီ။ မီးကပြတ်
ခြင်ကကိုက်၊ အင်တာနက်ကမရ၊ သန့်စင်ခန်းများကလည်း နာမည်နဲ့ဆန့်ကျင်ဘက် မသန့်စင်ခန်းတွေ။
မြောင်းပုပ်နံ့ အညှော်နံ့တွေကလည်း တထောင်းထောင်း။ စျေးဝယ်တော့လည်း
ရသလောက်ရိုက်မည်ဆိုတဲ့သူတွေကခပ်များများ။ စျေးမှန်ဆိုတာ စျေးမှာရှိတဲ့
မှန်ကိုဆိုကြလေသလားထင့်။ ဝန်ဆောင်မှုပေးတဲ့သူတွေကလည်း သူတို့ကျေးထားရတဲ့အတိုင်း။
တာဝန်အရ လုပ်ပေးရမှာတွေကိုလည်း စေတနာနဲ့ သနားလို့လုပ်ပေးလိုက်ရတဲ့အထာမျိုး ပြောကြ ဆိုကြ။
ပစ္စည်များကျန်ခဲ့ရင်လည်း ပြန်ရဖို့ဆိုတာ ဖြစ်တောင့်ဖြစ်ခဲ။

ဤသို့ဖြင့် ပြည်တော်ပြန်ကြီးများ အလူးအလဲခံကြရတော့သည်။
ဘဝင်မြင့်သွားလေရော့သလားဟုဆိုလာရင် ပြောလာသူလည်း ထိုသို့ဖြစ်မည်မှာအမှန်။ သာမာန်
ပုထုစဉ်တွေရဲ့ သဘောသဘာဝမျှဖြစ်သည်။ ခေတ်မှီ ဖွံ့ဖြိုးပါတယ် ဆိုတဲ့ ထိပ်တန်းနိုင်ငံတစ်ခုမှာ
အနေကြာလာလေတော့ ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေကို ပြုန်းကနဲ ရင်ဆိုင်လိုက်ရချိန်မှာ
ပိုပြီးခံစားမိလာကြမည်။ ငါတို့လူမျိုးတွေ သနားစရာသိပ်ကောင်းပါလားလို့ ခံစားမိရင်း.... အော် ငါလည်း
ထို့အတူပါပဲလားဆိုတာ သိလာကြမည်။ လုပ်ဖော်ကိုင်ဖက်တွေကို ပိုပြီး အားနာမိလာမည်။တကယ်တော့
ကိုယ့်ဘဝ ကို ကိုယ်ပြန်ရခြင်းမျှသာဖြစ်သည်။ ကိုယ့်အိမ်ကိုယ်ပြန်ရခြင်းဖြစ်သည်။
ကြိုက်ကြိုက်မကြိုက်ကြိုက် အရှိတရားကို လက်ခံကြရတော့မည်။

အိမ်ဆိုတော့လည်း နွေးထွေးတဲ့ မိသားစုလေး ရှိသည်။ ဘဝတူ သူငယ်ချင်းတွေရှိသည်။ သူတို့နဲ့အတူတူ
ဖြတ်သန်းပြီး သူများတိုင်းပြည်မှာ လုပ်ခဲ့ရသလို့ ငါတို့ တိုင်းပြည်မှာလည်း ဖြစ်အောင်လုပ်မည်ဆိုတဲ့ စိတ်နဲ့
ကြိုးစားကြမည်။ သိသမျှ တတ်လာသမျှလေးတွေမျှဝေကြမည်။ အတူလက်တွဲ လုပ်ဆောင်ကြမည်။
အရင်ကထက် အဆတိုးပြီး လုပ်ပေးကြမည်။ ကိုယ့်အိပ်မက်တွေကို
ဆက်လက်အကောင်အထည်ဖော်ကြမည် ဆိုရင်ဖြင့် ရွှေပြည်တော် မျှော်လေတိုင်းမဝေးတော့ပြီ။
သို့ပေမယ့် အပြောလွယ်သလောက် အလုပ်ခက်လှသည်။ ဆင့်ကဲဆင့်ကဲတိုးတက်မှုကို
ရှာနိုင်ပါမှ ရေရှည်ခံပြီး အကျိုးများမည်။ လူမှန်နေရာမှန်ဖြင့် ရေတိုရေရှည် Plan ကောင်းကောင်းနဲ့
လုပ်နိုင်မှ ဖြစ်ထွန်းမည်။ မည်သို့ပင်ဆိုစေကာမူ ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်မည်။
ကိုယ့်နိုင်ငံသားတွေအတွက် ကြိုးစားချင်သည်။ လောလောဆည်တော့ စိတ်ကူးအိပ်မက်များ
လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ကြပါစေကြောင်းသာ ဆုမွန်ကောင်းတောင်းလိုက်ချင်သည်။
မောင်ကျော် ခဏနေပြန်လာတော့မည်။
20.5.2018

78. အပြေးပြိုင်ပွဲ

****

တစ်ခါတလေ ဘေးလူတွေရဲ့ သိမ်ဖျင်း ညံ့ဖျင်းတဲ့ ပြောစကားတွေကြောင့် ကိုယ့်ရဲ့ ကောင်းမွန်တဲ့ ရည်မှန်းချက်တွေ၊ ရပ်တည်ချက်တွေ၊ ဦးတည်ချက်တွေဟာ ဝဝါး ပျောက်ဆုံး သွားတတ်ပါတယ်။ ဘေးလူတွေက ဖြစ်မှာမဟုတ်ပါဘူး၊ သူမှာ အဲ့လောက် အရည်အချင်းမရှိပါဘူး စသဖြင့် ကဲ့ရဲ့ ပြစ်တင်လာတဲ့ အခါတိုင်း တစ်ချိန်က သင်တန်းတစ်ခုမှာ အသက် ၇၀အရွယ် ဖီလစ်ပီနို ဆရာမကြီး ပြောပြခဲ့တဲ့ The Frogs' Race ဆိုတဲ့ ပုံပြင်လေးကို သတိရမိတယ်။

.....

တစ်ရက်မှာ ဖားလေးတွေ စုပြီး အပြေး ပြိုင်ပွဲလေးတစ်ခု လုပ်ကြသတဲ့။ အတော်လေး မြင့်တဲ့ တာဝါတိုင် ထိပ်ကို အရောက် တက်ကြရမယ်ပေါ့။ လာရောက်ကြည့်ရှု့ အားပေးကြတဲ့ သူတွေကလည်း ပြေးလမ်းဘေးမှာ အပြည့်။ ဒီလိုနဲ့ ပြိုင်ပွဲလေး စယုံပဲရှိသေးတယ်..." ...ဟာ ဒီလို ခုန်စွ ခုန်စွနဲ့တော့ တာဝါတိုင် ထိပ်ကို မင်းတို့ ရောက်မှာ
မဟုတ်ပါဘူး...မဖြစ်နိုင်ပါဘူး...တော်ပါပြီကွာ...လက်လျှော့လိုက်ပါတော့...ဘယ်တော့မှ ရောက်မှာ မဟုတ်ပါဘူးကွာ...."ဆိုတဲ့ အသံတွေ ထွက်လာတယ် ဆိုရင်ဘဲ ဖားလေး တွေ တစ်ကောင်ပြီး တစ်ကောင် လက်လျှော့လိုက်ကြသတဲ့။

ဒါပေမယ့် ဖားလေး တစ်ကောင်ကတော့ သူ ဘယ်လောက်ပဲ ခက်ခဲ ခက်ခဲ၊ ဘယ်လောက်ပဲ နာကျင်ခံစားရ ခံစားရ၊ မလျှော့သော ဇွဲ သတ္တိနဲ့ ဆက်လက် ပြိုင်ပွဲဝင်ရင်း နောက်ဆုံးမှာတော့ သူ့ရဲ့ ပန်းတိုင် ဖြစ်တဲ့ တာဝါတိုင်ထိပ်ကို အရောက် တက်ပြနိုင်ခဲ့ပါတယ်။ အဲ့ဒီအခါမှာ အခြားဖားလေးတွေက သူ့ဆီအပြေးအလွှား သွားပြီး၊ အခက်အခဲတွေကို ဘယ်လို ကျော်ဖြတ်ခဲ့သလဲ၊ အောင်မြင်မှုရဲ့ လှို့ဝှက်ချက်က ဘာလဲ စသဖြင့် မေးကြတာပေါ့။ သူတို့မေးတာတွေကို [ပန်မဖြေပဲ ဖားလေးက ပြုံးပြီးကြည့်နေလေရဲ့။ နောက်ဆုံးမှာတော့.... မေးတဲ့ဖားလေးတွေ ကိုယ်တိုင် သိခဲ့ရတာက အောင်မြင်တဲ့ ဖားလေး ဟာ နားမကြားရဘူး ဆိုတာပါပဲ..."

ဒီတော့ ကလေးတို့လည်း ဘဝမှာ အောင်မြင်ချင်တယ်၊ ကောင်းမွန် မှန်ကန်တဲ့ ကိုယ့်ရဲ့ ရည်မှန်းချက်တွေ ပြည့်မြောက် ချင်တယ်ဆိုရင် ဘေးလူတွေရဲ့ မကောင်းပြောတာတွေ ကို နားမထောင်မိအောင် ကြိုးစားပါ။ နားမကြားရသော သူကဲ့သို့ ကျင့်ပါ။ ကိုယ့်ရည်မှန်းချက်တွေကို တစိုက်မတ်မတ် ဇွဲသန်သန်နဲ့ ကြိုးစား အကောင်အထည်ဖော် ကြပါလို့ တိုက်တွန်းလိုက်ပါရစေ...။ ပုံပြင်ကလေးကတော့ ဒါပါပဲ....။

Ref: Dulce Rodrigues, The Frogs' Race, http://www.shortkidstories.com/story/frogs-race/

6.11.2018

79. ဟော့ ဒီကောင်လေး ထူးပြီ

****

၂၀၁၅ နောက်ပိုင်းမှာ မြန်မာပြည်ကို နိုင်ငံခြားမှာ အနေကြာပြီး အခြေကျနေတဲ့ အသိပညာရှင် အတတ်ပညာရှင် တစ်ချို့ ပြန်လာကြတယ်။ သူတို့ရဲ့ အတွေ့အကြုံတွေနဲ့ တိုင်းပြည် တည်ဆောက်ရေးအတွက် ကူညီမယ် ဆိုတဲ့ အိပ်မက်တွေနဲ့ပေါ့။ ဒါပေမယ့် များမကြာခင်မှာပဲ....ပြန်ပါပြီ...ထားရစ်ခဲ့ပြီ...နေရစ်လေဦးတော့ ဆိုပြီး ခံစားချက် တပွေ့တစ်ပိုက်နဲ့ ပြန်သွားကြတာ မကြာခဏတွေ့ရပါတယ်။ လက်ရှိပကတိ အရှိတရားတွေအရ အဓိက ရင်ဆိုင်ရတဲ့ အခက်အခဲတွေက သူတို့ရဲ့ ရည်မှန်းချက် တွေကို အရောက်သွားနိုင်ဖို့အတွက် အဟန့်အတားတွေ အများကြီးရှိနေတာပါ။ အထူးသဖြင့် မပြည့်စုံ မခိုင်မာသေးတဲ့ ဥပဒေတွေ၊ အကန့်အသတ်နဲ့သာ ရနိုင်တဲ့ အရင်းအမြစ်တွေနဲ့ လက်ရှိ run နေတဲ့ player တွေရဲ့ ပေးမကစားတဲ့ ပြဿနာတွေက အဓိက အတားအစီးတွေဖြစ်နေပါတယ်။ နောက်ဆုံးတော့ သည်းခံ နိုင်တဲ့စိတ် လျော့ကျ ကုန်ဆုံးသွားပြီး စိတ်ခံစားချက်တွေနဲ့အတူ ပြန်သွားကြတော့တာပါပဲ။

တကယ်တော့ ဒီပြဿနာတွေဟာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ အဖြစ်များတဲ့ ဖြစ်ရိုးဖြစ်စဉ် လို့ပဲ ယူဆပါတယ်။ ကျွန်တော့ မိတ်ဆွေ ...အင်ဒို၊ မလေး၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အန္ဒိယ၊ အာဖဂန်နဲ့ အာဖရိက နိုင်ငံက ဂျပန်မှာ ကျောင်းလာတက် နေတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ၊ ကျောင်းဆရာတွေ နဲ့ ပြောကြတိုင်း ဒီလို ဖြစ်စဉ်တွေကို သူတို့လည်း ရင်ဆိုင်နေရကြောင်း ပြောပါတယ်။

အချုပ်ကတော့ ပြုပြင်ပြောင်းလဲရေးဟာ နေ့ချင်းညချင်း ဖြစ်မလာဘူးဆိုတာရယ်၊ ခေါက်ရိုးကျိုးနေတဲ့ အတွေးအခေါ် အယူအဆ တွေနဲ့ လုပ်ထုံးလုပ်နည်းတွေကို ပြောင်းလဲဖို့ အားလုံးကြိုးစားမှ ရမယ်ဆိုတာရယ်၊ အိပ်မက်အကြီးကြီးတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ သေးသေးလေးတွေက စတင်နိုင်ရမယ်ဆိုတာပါပဲ။ အပြောလွယ်သလောက် အလုပ်ခက်ပေမယ့် ဘာမှမလုပ်ပဲ ထားခဲ့တာထက် စာရင် The Starfish Story ထဲက ကောင်လေးလို..."I made a difference to that one" လို့ ပြောပြီး ဂုဏ်ယူဝင့်ကြွားစွာ အကျိုးပြုနိုင်ကြပါစေ။

Ref: Peter Straube, The Starfish Story: one step towards changing the world, Internet: https://eventsforchange.wordpress.com/2011/06/05/the-starfish-story-one-step-towards-changing-the-world/

အမှန်တကယ် အကျိုးပြုနေသူများအားလုံးကို လေးစားဂုဏ်ယူလျက်....
21.6.2018

80. စိတ်ဖိစီးမှုများနဲ့ အတူ နေထိုင်ခြင်း

****

အင်မတန် ရှုပ်ထွေးပွေလီလှတဲ့ လောကကြီးထဲမှာ လူတိုင်းလူတိုင်း နေ့စဉ်နဲ့အမျှ မတူညီတဲ့ စိတ်ဖိစီးမှုများနဲ့တူ နေထိုင်နေကြရပါတယ်။ ဒါကို လောကဓံ တရား၊ ဒုက္ခသစ္စာ လို့လည်း ဆိုနိုင်ပါတယ်။ အဲ့ဒီ စိတ်ဖိစီးမှုတွေကို ရင်ဆိုင်ကျော်လွှား ခြင်းကိုတော့ ရှင်သန်ခြင်းလို့ ဆိုနိုင်ပါတယ်။ ဒီတော့ ရှင်သန်မှုအတွက် ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ ရောက်လာတတ်တဲ့ အဲ့ဒီ စိတ်ဖိစီးမှုတွေကို ဘယ်လို ရင်ဆိုင်ကြမလဲ ဆိုတာကို အဖြေထုတ်ပုံကတော့ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ကြပါဘူး။ ဥပမာ အနေနဲ့ တိုင်းတစ်ပါးမှာ ပညာသင်ယူနေတဲ့ သူတွေအတွက်တော့ စိတ်ဖိစီးမှုတွေက ဘွဲ့ယူကျမ်း တင်ပြီးသည်အထိ ရှိနေတတ်ပါတယ်။ တစ်ရက်နှစ်ရက်မဟုတ်သလို တစ်လနှစ်လလည်း မဟုတ်ပါဘူး။ ၂နှစ် သုံးနှစ်ပါ။

အထူးသဖြင့် ကြုံတွေ့ရတတ်တဲ့ စိတ်ဖိစီးမှုတွေက... မိသားစု၊ ကိုယ့်ရေကိုယ့်မြေ၊ အစားအသောက်တွေကို သတိရလွမ်းဆွတ်တဲ့ စိတ်၊ နိစ္စဓူဝ တွေ့ကြုံ ဖြတ်သန်းနေရတဲ့ လူနေမှုဘဝ၊ သက်မှတ်ထားတဲ့ Requirements တွေကို အချိန်မှီ ပြီးစီးအောင် လိုက်ပါ ဆောင်ရွက်ရတဲ့ကိစ္စ၊ လိုအပ်နေတဲ့ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရခြင်းကိစ္စ၊ နေ့စဉ်နဲ့အမျှ ကိုယ်လုပ်နေတဲ့ Research အတွက် လေ့လာသင်ယူ idea ထုတ်နေရတဲ့ ကိစ္စ ...စသဖြင့် မြောက်များလှစွာသော ဖိအားတွေရှိနေတတ်ပါတယ်။ ဒီလို ဖိအားတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ထွက်ပေါက်လေးတွေ ရှာကြရပါတယ်။ ဒါဟာ မူမှန်တဲ့ လုပ်ရပ်ပါ။ ဒီလိုမှ မဟုတ်ပဲ ကြိတ်မှိတ်ခံတဲ့သူတွေကတော့ အခန်းအောင်ပြီး Depression အကြီးကြီးမိနေတတ်ကြသလို...တစ်ချို့လည်း ပြည်တော်ပြန်၊ တစ်ချို့လည်း သက်သေသွားတဲ့အထိ ဖြ ဖြစ်ခဲ့တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ဒီတော့ သူငယ်ချင်းတွေကို ရင်ဖွင့်တာ၊ ဂီတာတီး သီချင်းဆိုတာ၊ သီချင်းနားထောင်တာ၊ ရုပ်ရှင်ကြည့်တာ၊ စျေးဝယ်ထွက်တာ၊ facebook ပေါ် စာတိုပေစလေးတွေ ရေးပြီး အားယူတာ စသဖြင့်အမျိုးမျိုးပါပဲ...တစ်ခါတစ်လေလည်း ရုပ်ရှင်ထဲကလို ရေပန်းကြီးဖွင့်ပြီး အကြာကြီး ထိုင်နေတာမျိုးတွေပေါ့...ပုံစံအမျိုးမျိုးနဲ့ ဖိအားတွေ လျော့ကျသွားအောင် နည်းလမ်း ရှာဖွေကြရတာပါပဲ။

အဲ့ဒီလို စိတ်အပန်းဖြေတဲ့နေရာမှာ facebook ကိုလည်း အတော်လေးသုံးဖြစ်ကြပါတယ်။ ဒီတော့ စာတိုပေစလေးတွေ ရေးကြ။ ခါတ်ပုံ လှလှလေးတွေ ရိုက်ပြီးတင်ကြ။ ဒါပေသည့် ကျန်တဲ့အချိန်တွေမှာတော့ တကုတ်ကုတ်နဲ့ လုပ်နေကြရတာပါ။ ကျွန်တော်တို့ Okayama University ကို တစ်လသင်တန်းလာတက်တဲ့ သူတွေ၊ ကျွန်တော်တို့ရဲ့ နေ့စဉ် ဘဝတွေကို တွေ့ပြီး စိတ်မသက်သာ ဖြစ်ကြတယ်။ နေ့တိုင်းလိုလို Lab ကိုသွားတယ်။ ဘောင်ဘီပွပွ၊ အင်္ကျီပွပွ၊ ဘိုသီဘတ်သီဝတ်။စားတဲ့သောက်တဲ့ခါလည်း ငူငူငေါင်ငေါင်ကြီး စဉ်းစားနေတတ်ကြတယ်။ မြန်မာပြည်မှာတုန်းကတော့ မီးပူထိုးထားတဲ့ စတစ်ကော်လာလေး ဝတ်၊ ဆံပင်လေး ဖီးလိမ်းပြီး ကျော့ကျော့လေး နေတဲ့သူတွေက ဒီလိုကြီးဆိုတာတွေ့လိုက်တော့...နည်းနည်းပါးပါးလေးတော့ ရှိုင်းကြပါဦးလို့တောင် ပြောယူရတယ်။ ဒီတော့ ဘယ်အချိန်တွေ လန်းကြသလဲ ဆိုတော့...Conference သွားတက်တဲ့အခါ၊ ပါတီလုပ်တဲ့အခါ၊ ဒါမှမဟုတ် ကျောင်းပိတ်ရက်ရှည် မှာ လူစုပြီး ခရီးထွက်တဲ့အခါတွေမှာ အပြတ်လန်းကြတာပေါ့။ ဒီတော့

FB မှာ ပုံလှလှလေးတွေ တွေ့တိုင်းသာယာနေတယ်လို့ မထင်လိုက်ကြပါနဲ့၊ FB မှာစာလေးတွေ ရေးနေလို့ သိပ်အားနေတယ်လို့ မထင်လိုက်ကြပါနဲ့ ဒါလေးတွေ က အဝေးမှာ နေရသူတွေအတွက် အားဆေးလေးတွေပါ။ ကိုယ့်ရဲ့ စုတ်ပြတ်သတ်နေတဲ့ နိစ္စဓူဝ ဖြတ်သန်းမှုတွေ၊ နေ့စဉ်နဲ့အမျှ ခံစားနေရတဲ့ စိတ်ဖိစီးမှုတွေ၊ သောကတွေကို နည်းလမ်းရှာဖွေ ဖြေဖျောက်နေကြရင်ကြောင်းပါ ခင်ဗျာ။

23.12.2017

81. ဖိအားများကို ရင်ဆိုင်မယ်

****

ဖိထားတယ် ဆိုတော့ မကြွနိုင်ဘူးပေါ့။ များများဖိလေ ပိုမကြွနိုင်လေပဲ။ အဓိကကတော့ လုပ်ချင်ကိုင်ချင်စိတ်တွေ Motivation တွေ လျော့ကျ ပျောက်ဆုံးသွားပြီး ငါမလုပ်နိုင်တော့ဘူး၊ ငှါကအသုံးမဝင်တော့ဘူး၊ ငါဟာ ဘာမှ မဟုတ်တော့ဘူး ဆိုပြီး သိမ်ငယ်လာမယ်။ Self Confidence တွေ လျော့ကျသွားမယ်။ အဲ့လိုအချိန်မျိုးမှာ ဘာမှမဟုတ်တဲ့ အသေးအဖွဲ ကိစ္စလေးတွေတောင် သူ့အတွက် အကြီးကြီးတွေ ဖြစ်လာတတ်တယ်။

အဲ့ဒီအချိန် ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတော့ ငှက်တောင်မွေးလေးတွေကို ဒုတ်ချောင်းကလေးတွေပေါ်မှာတင်ပြီး Balance လုပ်နေရတဲ့သူလိုပဲ။ စိတ်ကိုတည်တည် ငြိမ်ငြိမ်ထားပြီး ဟန်ချက်ကို ထိန်းထားရမယ်။ ဘာလို့လဲဆိုတော့ သာမာန်ဆိုရင် ဘာမှမပြောပလောက်တဲ့ အင်မတန် ပေါ့ပါးတဲ့ ငှက်တောင်မွှေးလေးကတောင် အဲ့ဒီလိုအချိန်မှာ သူ့အပေါ် ဖိအား အကြီးကြီးသက်ရောက် နိုင်ပြီး ဘဝတစ်ခုလုံး Balance ပျက်ပြီး ပြုကျသွားနိုင်လို့ပါပဲ။

အဲ့လိုချိန်အခါမျိုးကို မရောက်အောင် ထိန်းရမယ်။ ရောက်ခဲ့ရင်လည်း အချိန်တိုအတွင်း ပြန်လည်တည်ဆောက်ရမယ်။ ကျွန်တော်ကတော့ ၁)အနည်းဆုံး 5Km ပြေးတယ်၊ များများဖိရင် အားများများထဲ့ပြေးတယ်၊ ပြေးတယ်ဆိုတော့ လျင်မြန်ခြင်း သွက်လက်ခြင်း အပြင် ငါလုပ်နိုင်တယ်ဆိုတဲ့ စိတ်ခွန်အားတွေ တက်လာတယ်။ ပြီးရင် I can do it ဆိုပြီ Self-motivation လုပ်သေးတယ်။ ၂) ဘောလုံးကစားတယ်၊ များများဖိရင် များများဖိကန်တယ်၊ အားရပါးရ ကန်ထုတ်လိုက်ရရင် စိတ်ထဲပေါ့သွားတယ်၊ ၃) အချက်တော့ တရားနာတယ်၊ တရားနာတော့ ဓမ္မသာဝန ကုသိုလ် စိတ်ကြောင့် စိတ်ငြိမ်းချမ်းတယ်၊ တရားမှတ်လို့ရရင် မှတ်တယ်၊ မှတ်လို့မရတဲ့ စိတ်အခြေအနေမှာ ဆိုရင်တော့ ပရိတ်ကြီးရွတ်တယ်၊ ပရိတ်ရွတ်တော့ လုံခြုံတယ်လို့ ခံစားလာရတယ်။ ဒါတွေကို ငါကျော်လွှားနိုင်ဖို့အတွက် ကံတွေကောင်းလာမှာဆိုပြီး စိတ်ခွန်အားတွေ တက်လာတယ်။ နောက်ဆုံး ဘုရားဂုဏ်တော်ရွတ်တယ်။ အထူးသဖြင့် အရဟံ ဂုဏ်တော် ကို လောဘ ဒေါသ မောဟ ကင်းစင်တော်မူ သောမြတ်စွာ ဘုရားဆိုပြီး နာနာရွတ်ပြီး ပွားများလိုက်တော့ ကိုယ့်ရဲ့ အပူမီး လောဘ ဒေါသ မောဟတွေ လျော့ကျ အေးချမ်းသွားတယ်။ အဲ့ဒီနည်းတွေနဲ့ ဖိအားတွေကို ရင်ဆိုင်တယ် တွန်းလှန်ဖယ်ရှားပြစ်တယ်။

ဖိအားများ ကိုရင်ဆိုင် တွန်းလှန်နိုင်ကြပါစေ။

18.7.2018

82. နိုင်ငံခြား ပညာတော်သင် အိပ်မက်

****

ကျွန်တော် တက္ကသိုလ် စတက်တဲ့အချိန်ထိ နိုင်ငံခြားပညာတော်သင် ဆိုတဲ့အိပ်မက်ကို မက်ခဲ့ဖူးသူ မဟုတ်သလို စာအရမ်းကြိုးစားတယ်ဆိုတဲ့ အထဲမှာလည်း ကျွန်တော်မပါ။ အတန်းမှန်မှန် တက်၊ ဘောလုံးကန်၊ ပရဟိတတွေ လုပ်ပြီး ပျော်ပျော်ကြီး ကျောင်းတက်ခဲ့တဲ့ ကျောင်းပျော်ကြီးတစ်ယောက်ပေါ့။2003 နှစ်ဦးပိုင်းလောက်မှာ B.E ဘွဲ့ရပြီးလို့ မန္တလေး အစိုးရနည်းပညာ ကောလိပ်ကို အလုပ် တာဝန်ကျတော့လည်း ကျောင်းဆရာ တစ်ယောက်အဖြစ် ပျော်ပျော်ကြီး စာသင်နေခဲ့တယ်။ ဒီလိုနဲ့ ၂၀၁၃ ဩဂုတ်လ ၂၉ (သောကြာ) ရက်နေ့မှာတော့ ကျောင်းအုပ်ဆရာကြီး ဦးစန်းငွေက ရုံးခန်းခဏလာခဲ့ဖို့ ခေါ်လို့အသွား ရုံးခန်းရောက်တယ်ဆိုရင်ဘဲ..."ဆရာလေး...ဂျာမနီ ပညာသင်သွားဖို့ အရွေးခံရတယ်..."ဆိုလိုက်တော့ အတိုင်းမသိအောင် ဝမ်းသာသွားတယ်။ ဒါ ကျွန်တော် စတင် မက်ခွင့်ရခဲ့သော နိုင်ငံခြား ပညာတော်သင်အိပ်မက်ပါ။

ဒီလိုနဲ့ ရန်ကုန် နတ်မောက်လမ်းက DTVE ရုံးချုပ် ကိုသွား သတင်းပို့ ပြီး လိုအပ်တဲ့ စာရွက် စာတမ်းတွေ ပြင်ဆင်ရတော့တာပေါ့။ အယ်....အဲ့ဒီမှာ စတွေ့တော့တာပါပဲ ပညာသင်လျှောက်ထားသူတစ်ယောက် လုပ်ဆောင်ရမယ့် ကိစ္စတွေ၊ ရုံးတွေသွားရ၊ စာမေးပွဲတွေ ဖြေရ ဖြေရနဲ့ပေါ့၊ အဆိုးဆုံးကတော့ Research proposal ရေးရတဲ့ ကိစ္စပါပဲ။ ကျောင်းပြီးခါစကလည်း ဖြစ်၊ ကူညီလမ်းပြပေးသူကလည်း မရှိ ရေးရမှာက TVET အကြောင်းဆိုတော့ ဂွမ်းတော့တာပေါ့။ ဂျာမနီလို နိုင်ငံမှာ Master သွားတက်မယ့် သူရဲ့ Research proposal က B.E ဘွဲ့ရ ကျောင်းသားတစ်ယောက်ရဲ့ အတွေး အရေးလေးတွေနဲ့ ဆိုတော့ အဆင်မပြေလှပါဘူး။ ဒါပေမယ့် ကိုယ့်ရှိတာလေးနဲ့ပဲ တင်ခဲ့လိုက်ပါတော့တယ်။ ရန်ကုန် မြို့ကြီးရောက်တော့လည်း တည်းစရာခိုစရာမရှိလို့ ဒူးယားဆောင်က သူငယ်ချင်းအချို့နဲ့ ကပ်နေရတယ်။ ခြင်ထောင်မရှိ ဖျာမရှိ ပုဆိုးခြုံ ကွေးခဲ့ရတာပါပဲ။ ဒီကြားထဲ မိုးတွေ ခဏခဏ မိလို့ အတော်ဖျားလိုက်သေးတယ်။

ဒီလိုနဲ့ လအတန်ငယ်ကြာတော့ Result ထွက်လာတယ်။ အရွေးအချယ်မခံရပါဘူးတဲ့။ အခေါက်ခေါက်အခါအခါ တောင်ပြေးမြောက်ပြေးပြေးလွှားခဲ့ရလို့ ချေးငှားခဲ့ရတဲ့ အကြွေးလေးတွေတောင် မကျေသေးဘူး ဆိုတော့ ကြေကွဲတာပေါ့ဗျာ။ စိတ်ကူးလေး ယဉ်ဖို့ကလည်း အခုခေတ်လို အင်တာနက်ကြီးက တွင်တွင်ကျယ်ကျယ် မသုံးနိုင်သေးတော့ စိတ်ကူးယဉ်ဖို့ကို စဉ်းစားတုန်း ဆိုတော့ ဝမ်းနည်းတာပေါ့။ အဖြေပေးမလို လုပ်ပြီးမှ ဖြတ်စာအပို့ခံရသူလို ဆွေးတမြေ့မြေ့ပါပဲ။

ဘာပဲဖြစ်ဖြစ် နိုင်ငံခြားပညာတော်သင် အိပ်မက်ကလေးကိုတော့ ကျွန်တော် စတင် မက်ခွင့်ရခဲ့ပါတယ်။ ဒီလိုနဲ့ နောက်ပိုင်း ပညာသင်စာမေးပွဲတွေ ဝင်ဖြေပါတယ်။ ဖြေတိုင်းအောင်ပါတယ်။ ရေးဖြေအဆင့်၊ နတ်ဖြေအဆင့်၊ သံရုံး အင်တာဗျူး၊ သက်ဆိုင်ရာ တက္ကသိုလ်မှ ပါမောက္ခကြီးတွေရဲ့ အင်တာဗျူး စသဖြင့် အမျိုးမျိုး ဖြတ်ကျော်ခဲ့ရပါတယ်။ ၂၀၁၆ မှာ ဂျာမနီ ကို ပါရဂူဘွဲ့အတွက်၊ ၂၀၁၇ မှာ ဂျပန်ကို ပါရဂူဘွဲ့ အတွက် စသဖြင့် အဆင့်အားလုံးကို ကျော်ဖြတ်ခဲ့ရတာပါ။ ဒါပေမယ့် နောက်ဆုံး ရောက်ရှိလာတဲ့ email တွေမှာတော့ Unfortunately ဆိုတဲ့ စာသားလေးတွေနဲ့ အတူ အပါယ်ခံခဲ့ရသူပါ။ အဲ့ဒီအချိန်တွေတုန်းက email ဖွင့်ကြည့်ရမှာကို သိပ်ကြောက်နေခဲ့မိသူတစ်ယောက်ပေါ့။

ယုံကြည်ချက်တွေလည်း လျော့ကျ၊ ပြည်တွင်းက အင်တာဗျူးတဲ့ ဆရာကြီးတွေ ဆရာမကြီးတွေလည်း ခဏခဏတွေ့နေရလို့ အခုချိန်ထိ မသွားရသေးဘူးလား လို့တောင် မေးကြတယ်။

ဒီလိုနဲ့ ၂၀၀၇ မှာ မြန်မာပြည်က Ph.D. ဘွဲ့ကို ရခဲ့တဲ့နောက်ပိုင်းမှာတော့ နိုင်ငံခြားပညာတော်သင် အိပ်မက်ဟာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ဆိုပြီး စိတ်လျှော့ခဲ့ရပါတော့တယ်။ ဒါပေသည့် ကံအားလျော်စွာနဲ့ ၂၀၁၄မှာ ဂျပန်နိုင်ငံ ပညာသင် ဆုအတွက် လျှောက်ထားဖို့ ခေါ်စာရပါတယ်။ ဖြေမယ် မဖြေဘူး အတော် စဉ်းစားခဲ့ရတယ်။ ညီးနွမ်း ခြောက်သွေ့နေတဲ့ အိပ်မက်ကလေးက ခေါင်းထောင်ပြီးကြည့်တယ်။ နောက်ဆုံး ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်တယ်...ဖြေမယ်။

ငယ်တုန်းရွယ်တုန်းကတောင် နိုင်ငံခြား ပညာတော်သင် စာမေးပွဲတွေ အကြိမ်ကြိမ် နွှဲခဲ့၊ ကြိုးပမ်းခဲ့သမျှ မအောင်မြင် ခဲ့လေတော့ အသက် ၃၅ လောက်ရောက်မှ ထပ်ဖြေရမယ် ဆိုတော့လည်း ပိုပြီးအားထည့်ရတယ်။ အလုပ်တစ်ဖက်နဲ့ ဆိုပေမယ့် စာကြည့်ဖို့ အချိန်ပေးပြီး ပြင်ဆင်ခဲ့တယ်။ တစ်ချို့ကမေးတယ်...ဝင်ဖြေမှာလား?...စာကြည့်နေပြီလားဆိုရင်...ဖြေမယ်...စာကြည့်နေပြီလို့ပဲ ဖြေတ ဖြေတယ်။ အလုပ်မအားလို့ စာမကြည့်နိုင်လို့ ရမလားလို့ ဖြေကြည့်မယ်ဆိုတာ မျိုးမဟုတ်ပဲ...စိတ်ထည့်ပြီးမှ ပြင်ဆင်ခဲ့တာပါ။

ဒီလိုနဲ့ MTU မှာ ရေးဖြေ၊ နုတ်ဖြေ အားလုံး အောင်ပြီးလို့....ရန်ကုန်မှာ JICA အင်တာဗျူး ဖြေပြီးလို့ အောင်ပြီဆိုမှ Professor နဲ့ ချိတ်ဆက် ပြီးဆောင်ရွက်ခဲ့ရတယ်။ Research Proposal ရေးတော့လည်း သုတေသနမှာ အတွေ့အကြုံ ရှိတဲ့ ကျွန်တော်တို့ ဆရာ ဒေါက်တာ ဆန်းမော် နဲ့ သူငယ်ချင်း ဒေါက်တာ မျိုးသီတာဆီက comment တွေ Suggestion တွေ ယူခဲ့ရတယ်။ ဘာလို့လဲဆိုတော့ Research ဆိုတာ စာဖတ်ပြီး သိနိုင်ဖို့ သိပ်ခက်ခဲလွန်းပါတယ်။ အမှန်တကယ်လုပ်ခဲ့တဲ့ သူတွေ ဆီကနေ အကြံဉာဏ် ယူကိုယူသင့်တယ်။ Research Proposal ကိုလည်း သေချာပြင်ဆင်ပြီး တင်ခဲ့တယ်။

ဒီလိုနဲ့ ၂၀၁၅ မတ်လ ၂၉ ရက်နေ့မှာတော့ ဂျပန်နိုင်ငံ အိုကာယာမ တက္ကသိုလ်ကို ပါရဂူဘွဲ့အတွက် ပညာသင်ကြားဖို့ ရောက်ရှိလာခဲ့ပါတော့တယ်။ ၂၀၁၃ ဩဂုတ်လ ၂၉ ရက်နေ့က စတင် မက်ခဲ့ရတဲ့ နိုင်ငံခြား ပညာတော်သင် အိပ်မက်ဟာ ၁၂ နှစ်နီးပါး ကြာမှ အမှန်တကယ် ဖြစ်လာပါတော့တယ်။ ကျွန်တော့်အတွက် တန်ဖိုးကြီးမားလွန်းတာကြောင့် ရသမျှ သေသေချာချာ သင်ယူပါတယ်၊ မျှဝေပါတယ်။ အခုဆိုရင် final defense လည်း အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီမို့ ၂၀၁၈ စက်တင်ဘာလ ၂၇ ရက်နေ့မှာ ပါရဂူဘွဲ့ကို ရယူနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံခြားပညာတော်သင် စာမေးပွဲ လေးကြိမ် (ဂျာမနီ နှစ်ကြိမ်၊ ဂျပန် နှစ်ကြိမ်) ဖြေဆိုအားထုတ်ခဲ့ပြီး ၁၂နှစ် ကြာမက်ခဲ့ရတဲ့ အိပ်မက်၊ ၁၅ နှစ်နီးပါးအကြာမှာမှ ဆွတ်ခူးနိုင်တဲ့ ဆုလာဒ် တစ်ခုဖြစ်ပါတယ်။

အိပ်မက်တွေ အကောင်အထည် ဖော်နိုင်ကြပါစေ။
18.8.2018